# ပျူး

## တို့တွေပွင့်လင်းလိုက်ကြရအောင်



Cover : Mg Kyaw Oo

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျူး

## တို့တွေပွင့်လင်းလိုက်ကြရအောင်

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၂၂၀၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၃၀၄၀၃၁၁ |
| အဖုံးဒီဇိုင်း | - **Idea Kyaw** |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း။<br>အုံဖြိုးနယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - ၂၀၁၁ ခုနှစ်၊ မေလ။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဗျူး

တို့တွေပွင့်လင်းလိုက်ကြရအောင်/ ဗျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁

၃၀၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) တို့တွေပွင့်လင်းလိုက်ကြရအောင်

## အခန်း (၁)

"ငါ နှင့်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ ဖြိမ့်"

သွေးစကားကြောင့် တီဗွီကို နစ်မျောကြည့်နေမိသည့် ဖြိမ့် ခေါင်းလေးမော့ကာ ကြည့်မိသည်။ သွေးက နက်စ်ပလိန်း နှစ်ခွက် ဖျော်ယူလာသော လင်ပန်းလေးကို စားပွဲပေါ်တင်ကာ ဖြိမ့်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်သည်။

"ပြောလေ သွေး။ ဘာအကူအညီလဲ၊ ဖြိမ့် ကူညီဖို့ အသင့်ပါပဲ"

"အလွယ်တကူ ကတိမပေးနဲ့ဦး။ ငါတောင်းတဲ့အကူအညီကို နှင်ပေးနိုင်မလား အရင်စဉ်းစားဦး"

စိုးမိုးစာပေ

သွေးစကားကြောင့် ငြိမ့် မျက်မှောင်လေးတွန့်ကုတ်သွားသည်။ ဒီလိုစကား ပြောစရာလား။ သွေးသစ္စာအတွက်ဆို ငြိမ့် ဘယ်လိုအကူအညီမျိုးပဲဖြစ်ဖြစ် ပေးဖို့ အသင့်ပဲလေ။

"ဘာလို့ မပေးနိုင်ရမှာလဲ သွေးရဲ့၊ နင်နဲ့ငါကြားမှာ ဒီစကားတောင် မေးစရာမလိုဘူး"

"ခဏနေဦး ငြိမ့်၊ ငါတောင်းတဲ့အကူအညီက ဘာမှန်းနင် မသိသေးဘူးလေ"

"သိစရာကိုမလိုတာ၊ သွေးလိုအပ်လို့ တောင်းတဲ့အကူအညီပဲဥစ္စာ၊ ဘို့က ဘာလို့မပေးနိုင်ရမှာလဲ"

ငြိမ့်ရဲ့ တစ်ဖွတ်ထိုးစကားကြောင့် သွေး ပြုံးသည်။ အပြုံးတွေ ဖျော့ဖျော့လေးဖြစ်ကာ တစ်ခဏလေးပဲ နှုတ်ခမ်းဖူးဖူးလေးမှာ အရိပ်ထင်သွားတာမျိုး။

လင်ပန်းလေးထဲက နက်စ်တစ်ခွက်ကို ငြိမ့်ရှေ့ချပေးပြီး ကျန်တစ်ခွက်ကို ယူကာ တစ်ငုံမော့သောက်သည်။

သွေးမျက်နှာရိပ်ကို အကဲခတ်ကြည့်နေရင်း ငြိမ့် နက်စ်ခွက်ကိုလည်း အာရုံမရောက်၊ ဖွင့်ထားဆဲ တီဗွီကိုလည်း စိတ်မဝင်စားတော့ပါ။ သွေးစကားတွေကိုပဲ နားထောင်နေလိုက်သည်။

"ငါ့အတွက်ဆို နင် ကူညီပေးမှာ ငါသိပါတယ် ငြိမ့်၊ အမှန်တော့ ဒီကိစ္စက ငါ့အရေးကိစ္စ သက်သက်ပါ၊ ဒါပေမဲ့ ငါ သွားလို့





မဖြစ်လို့"

လိုရင်းကို မပြောသေးဘဲ သွေးဆိုင်းနေတော့ ငြိမ့် ဝါဝင်ဆိတ်စွာပဲ နားထောင်နေလိုက်သည်။ သွေးဆိုသော သူငယ်ချင်းမလေး သွေးသစ္စာအကြောင်းကို ငြိမ့်အသိဆုံးဖြစ်သည်။

အမှန်ဝန်ခံရလျှင် သွေးသည် အစစအရာရာ ငြိမ့်ထက် အလွန်ထက်မြက်သူတစ်ယောက်ပဲ ဖြစ်သည်။ ငြိမ့်က မိဘအရိပ်အဝါဖြင့် ငြိမ့်ငြိမ့်ကလေး နေထိုင်ခဲ့ရသူ။ သွေးကတော့ ကိုယ့်ဒူးကိုယ်ချဘဝဖြင့် ကြိုးစားရင်း ထိပ်ဆုံးရောက်နေသူ။

ဒီအချက်တွေနှင့်ပဲ သွေးကို ငြိမ့် လေးစားအထင်ကြီးသည်။ အခုလည်း တကယ်လိုအပ်လို့ သွေး စကားတွေ အရှည်ကြီးပြောနေတာပဲ ဖြစ်လိမ့်မည်။

"နင်ရှင်းအောင် ပြောရရင် ပဲခူးဘက်က ငါ့အဒေါ်ဝမ်းကွဲတွေ တောင်းလာတဲ့ အကူအညီဟာ၊ ငါ့ကို သူတို့အိမ်မှာ တစ်လခွဲ၊ နှစ်လလောက် လာနေစေချင်တာလေ၊ အဲဒါ ငါက ငါ့ကိုယ်စား နင့်ကို သွားခိုင်းမလို့"

ငြိမ့် တွန့်ခနဲတော့ ဖြစ်သွားတာအမှန်။ သွေးတောင်းမှာ ဒီလိုအကူအညီမျိုးဟု မျှော်လင့်မထားခဲ့ပါ။

"ဖြစ် ဖြစ်ပါ့မလား သွေးရယ်၊ နင့်အဒေါ်တွေကို ငါ တစ်ခါမှတောင် မြင်ဖူးတာမဟုတ်ဘူး၊ ဟို အဲဒီလောက် အကြာကြီးသွားနေရ

မှာဆိုတော့ ဘာဖြစ်လို့လဲဟင်''

''အဓိက,က ဒေါ်လေးတို့အမေ ငါ့အဘွားရဲ့ကျန်းမာရေးကြောင့်ပဲ၊ အဘွားက ဆေးရုံကဆင်းလာတာ မကြာသေးဘူး၊ သွေးတိုးနဲ့ဆီးချိုရောဂါကြောင့်ပေါ့ဟာ၊ အဲဒါ အဘွားကိုပြုစုပေးဖို့ အဖော်လိုနေတာ''

သွေး တောင်းဆိုလာသော အကူအညီက ခက်ခဲလှတာတော့ မဟုတ်ပါ။ ပြောရလျှင် ဆေးဝါးကျွမ်းကျင်နှင့် ကျောင်းပြီးထားသော ခြိမ့်အတွက် အဆင်ပြေပါသည်။ ဒါပေမဲ့ ခြိမ့် စိုးရွံ့နေတာ ဘစ်ခါမှမမြင်ဖူးသော သူစိမ်းတွေအိမ်မှာ နေရမှာကိုပဲ ဖြစ်သည်။

ခြိမ့်အကြောင်းကို သိနေသော သွေးကလည်း ခြိမ့်စိတ်ကို မြင်သိနေသလို စိုက်ကြည့်နေရင်း –

''သူစိမ်းတွေထဲ သွားနေရမှာမို့ နင် ဘာမှမစိုးရိမ်နဲ့ ခြိမ့်၊ ဒေါ်လေးတို့က ငါ့ကိုယုံတယ်၊ ငါလွှတ်တဲ့သူဆို လက်ခံမှာ သေချာတယ်''

''ဟို နင်က ဘာလို့မသွားတာလဲဟင်''

ခြိမ့်မေးတော့ သွေး ပင့်သက်မှုဉ်းမှုဉ်းလေးချကာ ဆိုဖာမှာ ကျောမှီထိုင်လိုက်၏။

''ထက်ရှားကြောင့်ပေါ့ဟာ၊ သူက ဒီကိစ္စကို သဘောမတူဘူး၊ ဘာလို့လဲဆိုတော့ ငါ့ဒေါ်လေးရဲ့တူနှစ်ယောက် ရှိနေလို့ပေါ့''





''ဟင် နင့်အဒေါ်ရဲ့တူဆိုတော့ နင်နဲ့ မောင်နှမတော်တာပဲဟာ၊ နင့်လူကလည်း သဝန်တိုစရာမရှိ တိုနေပြန်ပြီ''

''ငါ့မောင်တွေနဲ့က မောင်နှမဆိုပေမယ့် စပ်မှတော်တာလေ၊ ဘာလို့လဲဆိုတော့ ငါ့ပထွေးရဲ့ဘက်ကတော်တဲ့ အမျိုးတွေမို့ပေါ့''

သွေး ရှင်းပြမှပဲ ခြိမ့် သဘောပေါက်လက်ခံမိတော့သည်။ အလယ်တန်းကျောင်းသူဘဝကတည်းက ပေါင်းလာသူချင်းမို့ သွေးရဲ့ မိသားစုအတွင်းရေးတွေကို ခြိမ့် အသိဆုံး။

အခုပြဿနာက သွေးတို့မိခင်ရဲ့နောက်ယောကျ်ားဘက်က အမျိုးတွေကိစ္စမို့ သွေးချစ်သူ မင်းထက်ရှားက သဝန်တိုနေတာဖြစ်မည်။

''ငါ သဘောပေါက်ပြီ သွေး၊ ဟိုလေ ငါ နင့်ကို ကူညီချင်ပါတယ်၊ ဒါပေမဲ့ အဆင်မပြေမှာပဲ ကြောက်နေတာ''

''ခြိမ့်ရယ် အဲဒါ နင် ကြိုတွေးပြီး စိုးရိမ်နေတာ သက်သက်ပဲ၊ ကိုယ်နဲ့မသိတဲ့ သူစိမ်းတွေနဲ့ ရင်ဆိုင်ရမှာကို နင်ကြောက်နေတာ၊ မကြာခင်ပဲ နင် လုပ်ငန်းခွင်ထဲ ဝင်ရတော့မှာပဲဟာ၊ အဲဒီကျရင်လည်း မသိတဲ့သူတွေနဲ့ ရင်ဆိုင်ရမယ်၊ နောက်တော့ မိတ်ဆွေအပေါင်းအသင်းတွေ ဖြစ်သွားကြမှာပဲ၊ မဟုတ်ဘူးလား''

သွေးပြောတာကို ခြိမ့် သဘောပေါက်သည်။ ကိုယ်မသိသော သူစိမ်းတွေနှင့် ပေါင်းသင်းဆက်ဆံရမှာ ကြောက်တတ်သော ခြိမ့်စိတ်

က ဒီအရွယ် ဒီအချိန်ထိ ရှိနေတာမကောင်း။

တစ်ခါတစ်ရံမှာ ခြိမ့်ကိုယ်ခြိမ့် အားမရဖြစ်မိတာလည်း အမှန်။ သွေးလိုပဲ ရဲရင့်သောစိတ်မျိုး ရှိချင်မိ၏။

"ဘယ်လိုလဲ ခြိမ့်၊ နင် ကူညီနိုင်မှာလား"

သွေး အသေအချာမေးလာတော့ ခြိမ့် ခေါင်းလေးညိတ်ပြမိ၏။ သွေးအတွက်ဆိုလျှင် ခြိမ့် ကူညီသင့်တာလည်း အမှန်ပဲလေ။

"ကူညီပေးပါဟာ၊ သိပ်အကြာကြီးမှ မဟုတ်တာ၊ ပြီးတော့ ပဲခူးနဲ့ရန်ကုန်ဆိုတာလည်း ဘာမှမဝေးပါဘူး၊ တစ်ပတ်တစ်ရက် တနင်္ဂနွေတော့ နင် ပြန်လို့ရတယ်၊ ငါလည်း မကြာမကြာရောက်မှာပါ၊ အမြဲတမ်းနေဖို့မဖြစ်တာ ငါ့အလုပ်ကိစ္စနဲ့ ထက်ရှားကြောင့်ပါ"

"အင်းပါဟာ၊ ငါ ကူညီပါ့မယ်"

"ကျေးဇူးတင်တယ် ခြိမ့်၊ နင်ကူညီမှာ သေချာပြီဆိုရင် အဲဒီမိသားစုရဲ့အကြောင်းတွေတော့ ငါပြောပြထားမှဖြစ်မယ်၊ နင်သိထားတော့ ပိုကောင်းတာပေါ့၊ စိတ်ဝင်စားတယ် မဟုတ်လား"

ကိုယ်သွားရမည့်အိမ်က မိသားစုအကြောင်းသိထားလျှင် ကောင်းတာမို့ ခြိမ့် ခေါင်းလေးညိတ်ပြမိသည်။

"ဒေါ်လေးတို့အကြောင်း ပြောရမယ်ဆိုရင် နင်သိထားသင့်တာ ဒေါ်လေးတို့ရဲ့မောင် ဦးမောင်မောင်ဆက်အကြောင်းက စမှဖြစ်မယ်၊ အခုလက်ရှိ အဲဒီအိမ်ကြီးမှာရှိနေတဲ့ ငါ့မောင်တွေရဲ့အဖေ





ဦးမောင်မောင်ဆက်အကြောင်းက စိတ်ဝင်စားစရာကောင်းပါတယ်၊ နင် နားထောင်"

စကားဖြတ်ပြီး သွေး နက်စ်ကော်ဖီကို မော့သောက်သည်။ ခြိမ့် ဘယ်သူမှ အာရုံမရှိသော တီဗွီခလုတ်ကို ရီမုဒ်လေးနှင့် ပိတ်ပစ်လိုက်သည်။

ပြီးတော့ သွေးပြောပြသောအကြောင်းတွေကို နက်စ်ကော်ဖီလေး တစိမ့်စိမ့်သောက်ရင်း နားထောင်နေမိတော့၏။

သွေး ကြိုတင်ကြေညာထားသလို စိတ်ဝင်စားစရာကောင်းသော ဦးမောင်မောင်ဆက်ဇာတ်လမ်းလေးက ခြိမ့်ကို နစ်မျောသွားစေခဲ့သည်။

✿ ✿ ✿

## အခန်း (၂)

''ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စကို ပြောနေတာပဲ မောင်မောင်၊ ဒီကိစ္စက မောင်လေးထင်သလို လွယ်လွယ်နဲ့ပြီးသွားမယ် မထင်နဲ့နော်''

အကျိုးအကြောင်း အသိပေးလိုက်ရုံနှင့် မနှင်း ခေါင်းတခါခါ ဖြစ်သွားခဲ့သည်။ ဒီကိစ္စမှာ တစ်မိသားစုလုံးက သူ့ဘက်မှာ မရှိမှန်း သူသိသည်။ ဒါပေမဲ့ သူ့ဘက်ကလည်း အားလုံးကို ဆန့်ကျင်ဖို့ ဆုံးဖြတ်ပြီးသား။

''မနှင်းကလည်းဗျာ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး၊ အခုကိစ္စမှာ ကျွန်တော် နိုင်အောင် ရှင်းနိုင်ပါတယ်''





''မဟုတ်သေးဘူး မောင်မောင်''

''ဘာလို့မဟုတ်ရမှာလဲ မနှင်းရာ၊ မနှင်း လက်မခံချင်လို့ ဖွတ်ခေါင်းခါနေတာ ကျွန်တော် သိတယ်၊ မနှင်းကလည်း ကျွန်တော့် ဘက်မှာ မရှိဘူး''

''မောင်မောင် နင် မှန်နေပြီနော်''

မနှင်း စိတ်မရှည်တော့တဲ့ ခပ်နာနာ ဝေဖန်လာသည်။ ဒါပေမဲ့ သူ မနာနိုင်ဘဲ နှုတ်ခမ်းတွေ တွန့်ပြုံးသည်။ ပြီးတော့မှ ကော်ဖီပန်းကန်ကို တစ်ကျိုက်တည်း မော့သောက်လိုက်ရင်း –

''မနှင်း ကြိုက်သလိုဝေဖန်ပါ၊ ကျွန်တော့်ဘက်ကတော့ ဘာမှပြင်ဆင်ဖို့ စိတ်ကူးမရှိတော့ဘူး၊ ယိမ်းက အရမ်းသနားစရာကောင်းပါတယ်၊ သူ့ခမျာ မတရားအစွပ်စွဲခံရပြီး တရားရင်ဆိုင်နေရရှာတာ''

သူ့စကားကြောင့် မနှင်းမျက်နှာ မဲ့ကျသွားခဲ့သည်။

''မောင်လေးရယ် နင်မို့ ဒီလို ရှုပ်ရှုပ်ထွေးထွေးမိန်းကလေးကို ရဲရဲဝံ့ဝံ့ လက်ထပ်ချင်နေတယ်၊ စဉ်းစားကြည့်ပါဦး၊ ဥပဒေနဲ့ မကင်းတဲ့ မိန်းကလေးဆိုကတည်းက ဘယ်မှာကောင်းတော့မှာလဲ ဟယ်''

''ဒါတော့ မနှင်းထင်မြင်ချက်ကိုး၊ ကျွန်တော်ကတော့ ယိမ်းကို တကယ်ချစ်မြတ်နိုးတာ၊ သူ ဒုက္ခရောက်နေတာကို စွန့်ပစ်သွားမှာ

မဟုတ်ဘူး၊ အခုကိစ္စမှာ ယိမ်းဘက်က ကျွန်တော်ရှိမယ်၊ အစွမ်းကုန် ကူညီမယ်၊ ဒါ ကျွန်တော့်ဆုံးဖြတ်ချက်ပဲ''

''နင် အချစ်ကြောင့် အမြင်ကွယ်နေတာကိုး မောင်မောင်၊ နင့်လောက် ဦးနှောက်မဲ့တဲ့လူ ငါတို့အသိုင်းအဝန်းထဲမှာ မရှိဘူး၊ အခု နင်သာ အဲဒီမိန်းမကို လက်ထပ်လိုက်ရင် အိုး ငါတို့တစ်ဆွေတစ်မျိုးလုံး ခေါင်းဖော်ရဲတော့မှာ မဟုတ်ဘူး၊ သိပ်ရှက်စရာကောင်းတဲ့ လုပ်ရပ်ပဲ''

နှင်းနှင်းဆက် ပြောရင်း မျက်နှာကြီးနီရဲလာသည်။ သူကိုယ်တိုင်လည်း စိတ်ပျက်ညည်းညူစွာ ပင့်သက်မောကို ရှိုက်မိ၏။

အတ္တနဲ့မာန်မာန၊ ဂုဏ်သိက္ခာနဲ့ပကာသန။ ဒါတွေကိုပဲ ဦးထိပ်ထားနေတဲ့ အသိုင်းအဝန်းထဲမှာ ခင်နွဲ့ယိမ်းဆိုသော မိန်းကလေးကို မလိုလားကြမှာ သူ အစောကြီးကတည်းက သဘောပေါက်သည်။

ဒါကြောင့်လည်း သူနှင့်ယိမ်းတို့ရဲ့ကိစ္စတွေကို သူ သိုဝှက်ထားခဲ့သည်။ အခုတော့ ဘယ်လိုမှ မပြောမဖြစ်သည့် အခြေအနေမို့ သူပြောရတာဖြစ်၏။

နဂိုကမှ လက်ခံဖို့ ခက်ခဲသည့်ကြားထဲမှာ အပြစ်အနာအဆာ တစ်ခု ထပ်တိုးပြီဆိုတော့ –

''မောင်မောင်''

မနှင်းခေါ်သံကြောင့် သူမော့ကြည့်မိ၏။ စူးစူးနစ်နစ်ကြည့်နေ





သော မနှင်းမျက်ဝန်းထဲမှာ စိတ်ညစ်ရှုပ်ထွေးနိုတွယ်နေဆဲ။

''ပြောပါ မနှင်း''

''ဒီကိစ္စကို မယ်မယ်သိရင် နင် ဘယ်လိုလုပ်မလဲ''

ဖြေစရာမလိုသောမေးခွန်းကို မနှင်းမေးနေတာပဲ ဖြစ်သည်။ မယ်မယ်နှင့်မမိုးတို့နှစ်ယောက်ထက်စာလျှင် မနှင်းက သူ့ကို နားလည်နိုင်သူ။ စိတ်ပျော့ပျောင်းသူတစ်ယောက်မို့ သူ အရင်ဆုံး ဖွင့်ပြောတာ ဖြစ်သည်။

မနှင်းတောင် ဒီလောက်ခါးသီးနေလျှင်တော့ ဘာပြောစရာ လိုတော့မည်နည်း။ ဘာပဲဖြစ်ဖြစ် ယိမ်းကို သူကတော့ မရ,ရအောင် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားပဲဖြစ်၏။

''မယ်မယ့်ကို ကျွန်တော့်ဘက်က ရဲရဲဝံ့ဝံ့ တင်ပြရမှာပဲပေါ့၊ မယ်မယ်က လက်မခံဘူးဆိုရင်လည်း ရွှေဘုံပေါ်မှာ အချစ်မရှိဘဲ စံနေရမှာထက်စာရင် ချစ်သူနဲ့ အေးအတူပူအမျှ တဲအိမ်လေးမှာ ကျွန်တော် နေဝံ့တယ်''

''ကြည့်စမ်း ကြည့်စမ်း၊ ဒီလောက်အထိတောင် နင် သတ္တိတွေ ရှိနေပြီပေါ့လေ''

နှင်းနှင်းဆက် အသားတွေ တုန်ယင်လာသည်အထိ ဒေါသတွေ ဖြစ်လာသည်။ ဒီမောင်လေးကို သူမတို့မိသားစုအားလုံး အကြီးအကျယ် မျှော်လင့်ခဲ့ကြသည်။ အချစ်ပို အလိုလိုက်ခဲ့ကြသည်။

မဟုဂ် မောင်လေးကလည်း လိမ်မာခဲ့သည်။ အငယ်ဆုံးပေမယ့် ဂ်ားစုစီးပွားရေးမှာ မျက်နှာလွှဲရလောက်အောင် မောင်လေးက းကိုးရသည်။

နိ မောင်နှမသုံးယောက်မှာ တစ်ယောက်တည်းပါသော ယောက်ျားလေးမို့ မောင်မောင် မျက်နှာညိုတိုင်း အားလုံး မနေတတ် ထိုင်တတ်ဖြစ်ကာ ပျာယာခတ်ခဲ့ကြသည်။ ဒါကို သိနေတာကြောင့် သည်း မောင်မောင်က သူလိုချင်တာ၊ ဖြစ်ချင်တာကို ရဲရဲဝံ့ဝံ့ တောင်းဆို ဘတ်တာ မဆန်းပါ။

ဒါပေမဲ့ အခုလို ဘဝနှင့်ချီလာသောကိစ္စကိုတော့ မနှင်း မလိုက်လျောနိုင်တာ အမှန်။

"မင်းစဉ်းစားဦး မောင်မောင်၊ ဒါက တစ်ဘဝလုံးနဲ့ဆိုင်တာ နော်၊ မင်းရဲ့မိန်းကလေးက စာရိတ္တမကောင်းရင် မင်းပဲ တစ်သက်လုံး စိတ်ဆင်းရဲရမှာ၊ အိမ်ထောင်မှုကိစ္စဆိုတာ ပြင်လို့ ဖျက်လို့ လွယ်တာ မဟုတ်ဘူး"

နှင်းနှင်းဆက် ဘယ်လိုပဲ တားမြစ်ဆုံးမပါစေ မောင်မောင် ကတော့ စိတ်ခံတတ်နိုင်မာစွာနှင့် ခေါင်းခါမြဲ။

"ကျွန်တော်ကလည်း ဆုံးဖြတ်ပြီးပြီ၊ ကျွန်တော် ရွေးချယ် တဲ့လမ်းကို ဆိုးဆိုးကောင်းကောင်း ကျွန်တော် ခံယူမယ်"

"မောင်မောင်ရယ် မင်း ပြောလေဆိုးလေပါပဲလား၊ အိမ်





ထောင်မှုကိစ္စတစ်ခုမှာ အချစ်တစ်ခုနဲ့ ပြည့်စုံမယ် မင်းထင်နေသလား"

"ယုံကြည်တာပါ မနှင်း၊ ဘာကြောင့်လဲဆိုတော့ သူလိုသမျှ ကျွန်တော် ဖြည့်ဆည်းပေးတယ်၊ ဒီအတွက် ယိမ်းဘက်က မေတ္တာ တရားကို ပြန်ပေးတယ်၊ ကျွန်တော်လိုချင်တာ ယိမ်းရဲ့အချစ်, ယိမ်းရဲ့ မေတ္တာပဲ၊ အဲဒါရရင် ကျွန်တော့်ဘဝ ပြည့်စုံပြီ၊ ဘာမှကို မလိုအပ် တော့တာ"

"ဟင်း ခက်လိုက်တာ မောင်မောင်ရယ်"

နှင်းနှင်းဆက် မချင့်မရဲ ရေရွတ်တော့ မောင်မောင် ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ ကော်ဖီပိုင်းက ထထွက်သွားခဲ့သည်။

ကရုဏာဒေါသတွေနှင့် ကျန်ရစ်ခဲ့သည့် နှင်းနှင်းဆက်မှာ သာ။

✿ ✿ ✿

## အခန်း (၃)

"အဲဒါပါပဲ မယ်မယ်ရယ်၊ မောင်လေးက ဘယ်လိုမှ ပြောလို့ မရတော့ဘူး"

ကိုယ်တိုင် ဘယ်လိုမှ တားမရသောကိစ္စကြီးဆိုတော့ နှင်း နှင်းဆက် မိခင်ဖြစ်သူကိုပဲ အသိပေးတိုင်တန်းရတော့သည်။

"ဟင်း ခက်လိုက်တာကွယ်၊ အိမ်ထောင်ရေးကိစ္စကို သာ ဘာလို့ မျက်စိစုံမှိတ်ပြီး ဆုံးဖြတ်ချင်ရတာလဲ"

ဒေါ်မိုးမြင့်ဆက် ညည်းညည်းညူညူလေးပြောပြီး လက်ထဲ က စိပ်ပုတီးကို ချသည်။ ပြီးတော့ ဖြည်းဖြည်းချင်းထကာ ပြတင်း ပေါက်တံခါးအနားမှာ သွားရပ်သည်။





"မိန်းကလေးရဲ့မိဘမျိုးရိုးကို ပြောပြစမ်းပါဦး သမီး"

"အဲဒီမိန်းကလေးမှာ အမေမရှိတော့ဘူး မယ်မယ်၊ အဖေက နောက်အိမ်ထောင်နဲ့ပါ၊ အဲဒီနောက်အိမ်ထောင်မှာက သားကြီးသမီးကြီး နှစ်ယောက်တောင် ပါတယ်တဲ့၊ ဒီတော့ ကောင်မလေးအဖြစ်က မိထွေးရဲ့သားသမီးတွေနဲ့ အဆင်မပြေဘူးပေါ့၊ အဖေကလည်း မိန်းမနဲ့မယားပါ သားသမီးတွေကိုပဲ ဂရုစိုက်အလေးထားတယ်ဆိုတော့ အဲဒီမိန်းကလေးဘဝက ကံဆိုးတယ်ပဲပြောရမယ်"

"အင်း ဆက်ပါဦး သမီး"

ပြတင်းတံခါးအပြင်ကို ငေးကြည့်နေရာမှ လှည့်ကြည့်ရင်း ဒေါ်မိုးမြင့် ဆက်မေးလာသည်။ မျက်နှာက အလိုမကျမှုတွေကြောင့် ညှိုညစ်မှိုင်းမှုန်နေခဲ့သည်။

နှင်းနှင်းဆက်ကတော့ သူသိထားသမျှကို ဆက်ပြောနေခဲ့၏။

"မောင်လေးက အဲဒီမိန်းကလေးဘဝကို စာနာသနားပြီး ပတ်သက်သံယောဇဉ်တွယ်သွားတာတဲ့ မယ်မယ်"

ဒေါ်မိုးမြင့်ဆက်ရင်ထဲ နင့်ခနဲဖြစ်သွားခဲ့သည်။ တစ်သက်လုံး မိန်းမကိစ္စကင်းရှင်းခဲ့သော သားလေးအဖြစ်က တွေ့မယ့်တွေ့တော့လည်း အဆင့်အတန်းနိမ့်ကျကင်းမဲ့လွန်းတဲ့ အသိုင်းအဝန်းက မိန်းကလေးဖြစ်နေသည်။

သမီးငယ် မနှင်း ပြောပြပုံအရဆိုလျှင်ပဲ ဒီကောင်မလေး ဖခင်ရဲ့ သမိုင်းအစဉ်အလာက နှစ်သက်စရာ မရှိပါ။ ဂုဏ်သိက္ခာပိုင်းမှာ ဆိုးနေတာကပဲ နှာခေါင်းရှုံ့ချင်စရာ ဖြစ်လို့နေသည်။

''ကောင်မလေးကို နှိပ်ကွပ်ဖိနှိပ်ထားတော့ ကောင်မလေးက လည်း ပြန်တုံ့ပြန်တယ် မယ်မယ်၊ သူ့အဖေရဲ့ငွေတွေကို သူတို့သိအောင်လည်း ယူတယ်၊ မသိအောင်လည်း ယူတယ်တဲ့၊ အခု ပြဿနာတက်နေတာက ကောင်မလေးက သူ့မိထွေးကို စိန်ပွဲစားတစ်ယောက်လာပြထားတဲ့ စိန်နားကပ်တစ်ရံကိုယူပြီး ပေါင်သုံးပစ်လိုက်တာတဲ့''

''ဟင်''

''မိထွေးကလည်း နဂိုကတည်းက မကြည်လင်တော့ အမှုဖွင့်တိုင်တယ်၊ အခု အဲဒီပြဿနာကို မောင်လေးက လိုက်ရှင်းပေးတယ်တဲ့''

သမီးစကားတွေ နားထောင်ပြီး ဒေါ်မိုးမြင့်ဆက် ထိတ်လန့်သွား၏။

''ဘုရား ဘုရား ကြည့်စမ်း၊ စာရိတ္တတွေက အဲဒီလောက်တောင် အကျင့်ပျက်ဆိုးရွားနေပြီလား၊ ဒီလိုမိန်းကလေးကို ဘယ်လိုလုပ်ပြီး ငါတို့အသိုင်းအဝန်းထဲ ဆွဲသွင်းရမှာလဲ''

မယ်မယ် မျက်စိမျက်နှာပျက် ထိတ်လန့်ချောက်ချားသွားတာကြည့်ရင်း နှင်းနှင်းဆက်မျက်နှာက ပိုပြီး မှိုင်းညို့သွားသည်။ မောင်





လေးအရေးကိစ္စကို ဘယ်သူမှ လက်မခံနိုင်မှာ ကြိုသိပြီးသား။

မောင်လေးကလည်း ဒါကိုသိသည်။ မယ်မယ်တို့ကို ကိုယ်တိုင်မပြောရဲတာကြောင့် သူမကို အရင်ဆုံး အသိပေးတာဖြစ်သည်။ ခက်တာက သူမကိုယ်တိုင်တောင် လက်မခံလိုသည့်ကိစ္စကြီးကို မောင်လေးက ခိုင်ခိုင်မာမာဖြစ်နေသည်။

''နှင်းလည်း လက်မခံချင်ပါဘူး မယ်မယ်၊ ဒါပေမဲ့ မယ်မယ်ရဲ့သားက သူမှသူ ဖြစ်နေတာခက်တယ်''

''နေပါဦး၊ သူက အမှုဖြစ်နေတဲ့မိန်းကလေးကို ဘယ်လိုလက်ထပ်မှာတဲ့လဲ သမီး''

''အမှုပိတ်လို့ရအောင် သူ့ဘက်က စိုက်လျော်ပေးလိုက်ပြီ မယ်မယ်၊ ဒါကြောင့် အခု လက်ထပ်ဖို့ စီစဉ်နေတာတဲ့''

မယ်မယ့်မျက်နှာ တင်းခနဲဖြစ်သွားသည်။ ရွှေကိုင်းမျက်မှန်ထဲမှ မျက်ဝန်းတွေမှာ ဒေါသစိတ်တို့ကို ချုပ်တီးထားတာ သိသာ၏။

''သင်းက လူကြီးတွေကိုတောင် အသိမပေးဘဲ ကျိတ်လှုပ်ရှားစီစဉ်နေတာကိုး''

''ဟုတ်တယ် မယ်မယ်၊ အခုချိန်မှာ မောင်လေးမျက်လုံးတွေက ဘာကိုမှ မမြင်နိုင်အောင်ဖြစ်နေတာ၊ ဟိုမိန်းကလေးကိုပဲ သူ့အာရုံထဲမှာ မြင်နေတာ''

''တောက်၊ တော်တော်မွေးရကျိုးနပ်မယ့် သားပဲ၊ နေပါဦး

မိန်းကလေးနာမည်က ဘယ်သူတဲ့လဲ''

''ယိမ်းတဲ့ မယ်မယ်၊ ခင်နွဲ့ယိမ်းတဲ့''

''ဟင်း နာမည်ကအစ တည်ငြိမ်မှုမရှိပါလား''

ဒေါ်မိုးမြင့်ဆက်မျက်နှာ မသာမယာနှင့် မှတ်ချက်ချကာ ကျောမှီကုလားထိုင်မှာ စိတ်မောလူမော ထိုင်ချသည်။ ဒါပေမဲ့ နားက စိန်နားကပ်နှင့်အပြိုင် တဖျပ်ဖျပ်လက်နေသော မျက်ဝန်းများရဲ့စူးရှ တောက်ပမှုကတော့ မှိန်ဖျော့မသွားခဲ့ပါ။

''ငါ့သားကို ဒီလိုနာမည်ဆိုးရှိတဲ့ မိန်းကလေးနဲ့ လုံးဝသဘော မတူနိုင်ဘူး၊ တစ်နည်းနည်းနဲ့ကို ဖျက်ရမှာပဲ၊ ဒါနဲ့ မိနှင်း သမီးအစ်မ မိမိုးက ဘယ်တော့ပြန်လာမှာလဲ''

မယ်မယ့်အမေးစကားကြောင့် နှင်းနှင်းစက် ခေါင်းလေးမော့ ကြည့်ရင်း –

''ဒီတစ်ပတ်ထဲမှာ ပြန်လာမယ်ပြောတာပဲ မယ်မယ်''

''အေး သမီးမိမိုး ပြန်လာရင် မောင်မောင့်ကိစ္စကို ဖျက်ခိုင်း ရမယ်၊ ဘယ်လိုမှ လက်ခံစရာအကြောင်းမရှိတဲ့ကိစ္စကြီးလေ''

မယ်မယ်ကတော့ သမီးကြီးမိုးမိုးဆက်ကို သတိရတမ်းတ သလို ဆိုနေ၏။ နှင်းနှင်းဆက်ကလည်း သတိတရနှင့် အားတက်သွား မိတာ အမှန်ပဲဖြစ်သည်။

မောင်နှမသုံးယောက်ထဲမှာ အစ်မအကြီးဆုံး မိုးမိုးဆက်က





တော့ အားလုံးအပေါ် ဩဇာညောင်းသည်။ အားလုံးကလည်း ကြောက်ရသည်။

မိခင်ဖြစ်သူကလွဲပြီး ဘယ်သူ့ကိုမှ မကြောက်တတ်သော မောင်မောင်ကလည်း အစ်မကြီးမမိုးကိုတော့ ရိုနိုပ်ပါသည်။ ပြောရရင် မယ်မယ်ထက်တောင် အစ်မကြီးကို ရွံ့ကြောက် ကြောက်သည်။

မမိုးအိမ်မှာရှိလျှင် မျက်နှာချင်းတောင် ဆိုင်ရဲတာမဟုတ်ခဲ့။ အစ်မကြီးမမိုး နိုင်ငံခြားကို ပညာတော်သင်သွားရမည်ဆိုတော့ မောင် တစ်ယောက် ကဆုန်ပေါက်ပြီး ပျော်နေတာကို အခုချိန်ထိ မှတ်မိပါသေးသည်။

''ဟား ဝမ်းသာလိုက်တာဗျာ၊ အခုမှပဲ အသက်ဝဝရှူနိုင်တော့ တယ်၊ မမိုး အကြာကြီးနေပါစေဗျာ''

''ကြည့်စမ်း၊ မောင်လေးနော်၊ ကိုယ့်အစ်မ ရေခြားမြေခြား သွားရမှာ သတိရ မလွမ်းဘဲ ပျော်နေရသလား''

''အာ မနှင်းကလည်း လွမ်းတာ, သတိရတာက သတ်သတ်ပဲ လေ၊ မမိုးရှိရင် မလွတ်လပ်ဘူးဗျ၊ မျက်စိဒေါက်ထောက်ကြည့်ပြော နေတာ''

''ဒါဆို မောင်လေးက မမိုးပဲ ကြောက်တာပေါ့၊ မနှင်းကို တော့ မကြောက်ဘူး၊ ဂရုမစိုက်ဘူးပေါ့လေ၊ ဒီသဘောလား''

''အာ ဒီသဘောမဟုတ်ပါဘူး မနှင်းကလည်း ဟဲ ဟဲ၊

ကိုယ့်အစ်မတွေပဲညစ္စာ ကြောက်ချစ်ရှိသေပါတယ်ဗျ''

သူမအပေါ်မှာတော့ မောင်မောင်က အမြဲတမ်း အနိုင်ယူတတ်သည်။ သူမ,စိတ်က ပျော့တာသိတာကြောင့် မမိုးလောက်မကြောက်ပါ။

မမိုးမရှိတော့ သူ့ကို ဆူပူမည့်သူ မရှိတာကြောင့်လည်း စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားတာ ဖြစ်မည်။ အခု မမိုးပြန်ရောက်လာလျှင်တော့ မောင်မောင့်ပြဿနာက ဘာတွေဆက်ဖြစ်လာမည်မသိ။

မောင်မောင်ရဲ့အခြေအနေတွေက မမိုးလည်း လက်ခံနိုင်စရာမရှိတာ သေချာသည်။ ဒါပေမဲ့ အချစ်အတွက် မှုန်ထူနေသော မောင်မောင့်ကို မမိုး ဘယ်လိုထိန်းချုပ်မည်မသိပါ။

စဉ်းစားရင်း သူမကတော့ ပင့်သက်တွေသာ အခါခါ ချမိဆဲ။

✿ ✿ ✿



## အခန်း (၄)

''မယ်မယ် နင့်ကို မျှော်နေတယ် မောင်လေး၊ ပြောစရာရှိလို့တဲ့၊ အခြေအနေကတော့ သိပ်မကောင်းနိုင်ဘူး။ နင်တို့ကိစ္စကို မယ်မယ် လုံးဝသဘောမတူနိုင်ဘူးဆိုတာ နင် တွေးမိမှာပါ''

ယိမ်းဆီက ပြန်လာလာချင်း ဆီးကြိုပြောလာသော မနှင်းစကားကြောင့် ရင်ထဲမှာ မောသွားမိသည်။

''မနှင်း မယ်မယ့်ကို အသိပေးပြောလိုက်ပြီပေါ့''

''ဟဲ့ မပြောလို့မှ မဖြစ်တဲ့ကိစ္စကို ပြောရတာပေါ့''

မနှင်းစကားကို သူ လေးပင်စွာပဲ ခေါင်းညိတ်လိုက်ပါသည်။ မနှင်းကို အသိပေးကတည်းက မယ်မယ်သိမှာတော့ သူ သိပါသည်။

မဖြစ်မနေ ရင်ဆိုင်ရမည့်ကိစ္စအတွက်တော့ သူ ရင်ဆိုင်ရမှာပဲ ဖြစ်သည်။

ဆုံးဖြတ်ပြီးပြီဆိုပေမယ့် မယ်မယ့်ကိုတော့ သူ လန့်ပါသည်။ မယ်မယ်က စကားပြောခဲသလို ပြောလိုက်လျှင်လည်း ဘယ်တော့မှ နားဝင်မချိုတတ်ပါ။

ပြီးတော့ ဘယ်လိုမှ မခန့်မှန်းနိုင်လောက်သည့် စိတ်ဓာတ်ကိုလည်း ပိုင်ဆိုင်ထားသေးသည်။

မယ်မယ်က သူ့ခင်ပွန်းဆုံးပြီးကတည်းက အပေါ်ထပ်မှ အောက်ထပ်ကိုတောင် တော်ရုံဖြင့် မဆင်းတတ်ပါ။ ဘယ်သူ့ကိုမှလည်း ဟက်ဟက်ပက်ပက် စကားပြောဆိုတာမျိုး မရှိတော့ပါ။

သားသမီးတွေကိုတော့ မယ်မယ်က ပုံသွင်းနိုင်သည်ဆိုရမည်။ ထက်မြက်လွန်းသော မမိုးကို စီးပွားရေးလောကမှာ အောင်မြင်အောင် အကြိုပေးပုံသွင်းနိုင်ရုံမက နိုင်ငံရပ်ခြားအထိ စီးပွားရေးဒီပလိုမာဘွဲ့တွေယူနိုင်အောင် အားပေးခဲ့၏။

မနှင်းကတော့ ရိုးရိုးအေးအေးနေတတ်သူမို့ အိမ်မှာပဲ အိမ်မှုကိစ္စတွေနှင့် မယ်မယ်ရဲ့ဝေယျာဝစ္စတွေ တာဝန်ယူစေသည်။ သူ့ကိုတော့ အနားမှာရှိစေ၍ စီးပွားရေးလုပ်ငန်းထဲမှာ နေသားကျအောင် သင်ကြားပေးခဲ့သည်။

အတွေးစတွေက လှေကားထစ်တွေအဆုံး အခန်းကြီးရှေ့





ရောက်တော့ ရပ်ဆိုင်းကုန်သည်။ မယ်မယ်ရဲ့အခန်းရှေ့မှာရပ်ရင်း တံခါးကိုခေါက်ဖို့ လက်တို့ တွန့်နေသေး၏။ ပြီးမှ –

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

မယ်မယ့်အသံ ခပ်ပြတ်ပြတ်ကိုကြားတော့ သူ တည်ငြိမ်သောအသံနှင့်ပဲ ပြန်ခွန်းတုံ့ပြန်ရ၏။

"ကျွန်တော်ပါ မယ်မယ်"

"အေး ဝင်ခဲ့"

တံခါးတွန်းဖွင့်ပြီး သူဝင်ခဲ့တော့ ဒရင်းဘက်မှာလှဲပြီး တရားစာအုပ်ဖတ်နေသော မယ်မယ် စာအုပ်ကို ပိတ်ချလိုက်ရင်း ဒရင်းဘက်ရှေ့ကခုံပုလေးကို လက်ညှိုးညွှန်ပြရင်း –

"ထိုင် မောင်မောင်"

မယ်မယ် လက်ညှိုးညွှန်ပြသောထိုင်ခုံမှာ ဝင်ထိုင်လိုက်ရသည့်ခဏမှာပဲ လူက စိတ်တွေ ကျဉ်းကျပ်သွားခဲ့သည်။ မယ်မယ့်မျက်နှာကို မော့မကြည့်ပေမယ့် စူးစိုက်ကြည့်နေမည့် မယ်မယ့်မျက်ဝန်းတွေကိုတော့ ကြိုသိနေခဲ့၏။

ရင်ဆိုင်ဖို့ ကြိုတင်အားမွေးထားပေမယ့် တကယ်တမ်းကျတော့ ရင်ဆိုင်ဖို့ ကြောက်စိတ်က စိုးမိုးနေသည်။

"မောင်မောင်"

"ဗျာ မယ်မယ်"

"လူက လှုပ်လှုပ်ရွရွနဲ့ ဘာဖြစ်နေတာလဲ၊ မယ်မယ်ကြည့်ရတာ တစ်စက်လေးမှ အဆင်မပြေဘူး"

စပါပြီ။ အရင်ဆုံး သူ့ကို အကဲခတ်ကြည့်ပြီး မယ်မယ် အပြစ်တင်စကားဆိုသည်။ ထို့ထက်ပိုမိုသော ပြစ်တင်ရှုတ်ချမှုတွေကို သူ ထပ်ရင်ဆိုင်ရမှာကိုလည်း သိနေသည်။

စိတ်ကိုတင်းရင်း အာရုံထဲမှာ ယိမ်းမျက်နှာလေး မြင်လာသည်။ ယိမ်းအတွက် အားလုံးကို သူ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီပဲ။

"မင်းမျက်လုံးတွေ ဂနာမငြိမ်ဖြစ်နေပါလား မောင်မောင်၊ ဘာတွေများ ပူပန်ကြောင့်ကြဖြစ်နေတာလဲ"

"ခင်ဗျာ၊ ဟို ဘာမှမဖြစ်ပါဘူး မယ်မယ်"

"ငါ့ကို မညာနဲ့ မောင်မောင်၊ ဘာလဲ မတော်ရသေးတဲ့ မိန်းမကို ထောက်ပံ့ရှင်းလင်းရမယ့် ပြဿနာတွေနဲ့ ရှုပ်ထွေးနေတာလား"

"မဟုတ်ပါဘူး မယ်မယ်၊ ခုဟာက"

ဖြေရှင်းဖို့မော့ကြည့်မှ မယ်မယ့်မျက်ဝန်းတွေထဲက ဒေါသတွေက သူ့နှုတ်ကို ဆွံ့အ,စေပြန်သည်။

"ပြောလေ မောင်မောင်၊ မင်း ဘယ်လိုဆင်ခြေတွေ ပေးမလို့လဲဆိုတာ မယ်မယ် နားထောင်ချင်တယ်"





"ဟုတ်ကဲ့ သားပြောမှာပါ မယ်မယ်၊ အခုဟာက အလုပ်ကိစ္စတွေ ရှုပ်ထွေးနေလို့ပါ၊ အလုပ်တွေကလည်း အိမ်အလုပ်တွေပါ မယ်မယ်၊ မယ်မယ် မယုံရင် မနှင်းကို ခေါ်မေးကြည့်လို့ရပါတယ်"

အခုချိန်မှာ အားကိုးနိုင်တာ မနှင်းပဲရှိတော့တာမို့ သူ ထွက်ပေါက်ရှာမိသည်။ အနားမှာ မနှင်းရှိနေလျှင် သူ တအားတော့ ရှိသည်။ ဒါပေမဲ့ မယ်မယ်က ခေါင်းကို ခါယမ်းပစ်ရင်း –

"ဘာမှမေးစရာမလိုဘူး မောင်မောင်၊ သားသမီးတွေ ခြေရှုပ်ပွေနေတာကို မျက်ရည်တစမ်းစမ်းနဲ့ လိုက်စုံစမ်းနေတဲ့ မိဘတွေထဲမှာ ကျုပ်မပါဘူး"

မယ်မယ်ရဲ့ဒေါသတွေ တရိပ်ရိပ်တိုးလာတာကို သူ သတိပြုမိသည်။ အခုချိန်မှာ မနှင်းကိုလည်း သူ အားကိုးမရတော့တာ သိနေပြီမို့ –

"သား ရှုပ်ပွေနေတာ မဟုတ်ပါဘူး မယ်မယ်၊ မိန်းကလေးတစ်ယောက်ကို သား မေတ္တာရှိတယ်၊ အဲဒီမိန်းကလေးကို လက်ထပ်ဖို့ ကြိုးစားနေတာပါ"

"တိတ်စမ်း သား"

မယ်မယ့်အသံက မာကျောခက်ထန်စွာ ဟိန်းထွက်သွားသည်။ သူ ထင်မှတ်ထားသည်ထက်တောင် မယ်မယ် ပေါက်ကွဲနေသည်ပဲ။

ဒါပေမဲ့ သူ့ဘက်ကလည်း ခံယူချက်ကို ပြောပြမှဖြစ်တော့မည်။

"ကျွန်တော့်အရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပါပြီ မယ်မယ်၊ ကျွန်တော် ကလေးလေး မဟုတ်တော့ပါဘူး"

"ဪ ဒါကြောင့် မင်းထင်ရာ လုပ်တော့မယ်၊ တွေ့ကရာ မိန်းမကို ကောက်ယူမယ်ပေါ့၊ ဟုတ်လား မောင်မောင်ဆက်"

"မဟုတ်ပါဘူး မယ်မယ်၊ သား ယိမ်းကို အခုချစ် အခု လက်ထပ်တာ မဟုတ်ပါဘူး၊ သားတို့ချင်း ဆုံခဲ့ကြတာ ခြောက်လ ကျော်နေပါပြီ"

"တော် တော်တော့ မောင်မောင်၊ မင်းက ပြောရဲပေမယ့် နားထောင်ရတဲ့ ငါ နားမခံနိုင်ဘူး၊ ဒီမိန်းကလေးရဲ့ အကျင့်စရိုက်နဲ့ မိသားစုအသိုင်းအဝန်းက ဘယ်လိုမှ လက်ခံနိုင်စရာမှမရှိဘဲ"

"ကျွန်တော်"

"နေဦး သား၊ မယ်မယ် စကားမဆုံးသေးဘူး"

သူ့စကားတွေကို လက်ခံနားထောင်ဖို့တောင် မယ်မယ့်မှာ ခံနိုင်ရည်မရှိတော့တာလား။ ဒရင်းဘက်ပေါ်က ထထိုင်ကာ မယ်မယ် ထ,ရပ်သည်။ ပြီးတော့ သူ့ကိုစိုက်ကြည့်ကာ ဒေါသတွေ မျိုသိပ်ထိန်းချုပ်နေခဲ့၏။

အတန်ကြာမှ –





"မင်းခံယူချက်တွေ မယ်မယ် မကြားချင်တော့ဘူး သား၊ မိနစ်း ပြောပြပြီးပြီ၊ ဒီတော့ မယ်မယ် တစ်ခုပဲ မင်းကိုမေးမယ်"

"မေးပါ မယ်မယ်"

"အစားထိုးမရတဲ့ ဆုံးရှုံးမှုက ဘာတွေလဲ မင်းသိလား"

သူ နှုတ်ဆိတ်စွာပဲ ခေါင်းငုံ့နေပစ်လိုက်၏။ မယ်မယ်ကပဲ ဆက်ဖြေကာ ပြောသည်။

"မသိရင်မှတ်ထား မောင်မောင်၊ မိဘနဲ့ အချိန်ပဲ၊ စီးပွားရေး၊ လူမှုရေး၊ အချစ်ရေးဆိုတာတွေက အမျိုးမျိုး ပြင်ဆင်ဖာထေးလို့ရတယ်၊ မိဘနဲ့အချိန်ကတော့ ဘယ်တော့မှ အစားထိုးလို့မရဘူး"

မယ်မယ့်စကားတွေကို သူ မငြင်းဆန်နိုင်ပါ။ ဒါပေမဲ့လည်း မယ်မယ့်ဘက်က အမြင်နှင့် သူ့အမြင်မှာ မတူညီတာတော့ အမှန်ပဲဖြစ်သည်။

"မောင်မောင်"

"သား နားထောင်နေပါတယ် မယ်မယ်"

"မယ်မယ်ပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် မယ်မယ်"

"ဒါဆို မင်း ဘယ်လိုသဘောရသလဲ သား၊ သားအမှားကို သား သိပြီလား"

"သား နောက်ဆုတ်ဖို့ခက်နေလို့ မယ်မယ်၊ ဖြစ်နိုင်မယ်

ဆိုရင် သားစကားတွေကို မယ်မယ် နားထောင်ပေးစေချင်တယ်''

''ဘာကို နားထောင်ပေးရမှာလဲ မောင်မောင်၊ မင်းနဲ့ပတ်သက်နေတဲ့ ကောင်မလေးကို လက်ထပ်ခွင့်တောင်းဆိုမှာကိုလား''

''ကျွန်တော် ယိမ်းကိုလက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ မယ်မယ်''

''ဘာ၊ ကြည့်စမ်း။ မိဘက ဒီလောက်ပြောနေတာကိုတောင် မင်းက ဖွတ်တိုးချင်နေသေးတယ်၊ မင်း ငါ့သားမဟုတ်တဲ့ကောင်ပဲ''

မယ်မယ် ရင့်ရင့်သီးသီးပြောလိုက်ပေမယ့် သူ မနာနိုင်ဘဲ ရင်ဆိုင်မော့ကြည့်လိုက်ရင်း –

''လူတိုင်းအတွက် အရေးကြီးဆုံးက အိမ်ထောင်ရေးသာယာဖို့ပါ မယ်မယ်၊ ကျွန်တော့်ဘဝအတွက် ဒီတစ်ခါတော့ စိတ်ကြိုက်ရွေးချယ်ခွင့်ပြုပါ''

''ဘယ်လိုမှ လက်မခံနိုင်ဘူး မောင်မောင်ဆက်၊ မင်းလုပ်ရပ်က မိသားစုရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်၊ ပြီးတော့ မင်းအတွက်ပါ ဘယ်လိုမှ မကောင်းနိုင်တဲ့ကိစ္စဆိုတာ မင်းနားလည်''

''ကျွန်တော်ရွေးချယ်ကဲ့လမ်းကို ကျွန်တော်မှားခဲ့လည်း ခံနိုင်ပါတယ် မယ်မယ်''

''မောင်မောင်ဆက် မင်း သွားတော့၊ ငါ့အခန်းထဲက ထွက်သွားတော့''

မယ်မယ့်မျက်နှာပေါ်က ဒေါသတွေကို ဒီလို တစ်ခါမှ သူ





မမြင်ဖူးခဲ့ပါ။ နီမြန်းနေသောမျက်နှာပေါ်က နှုတ်ခမ်းပါးလှပ်လှပ်လေးတွေတောင် တဆတ်ဆတ်တုန်ခါနေခဲ့သည်။

မယ်မယ်နှင့်သူ့ကြားမှာ ထပ်ဆွေးနွေးညှိနှိုင်းဖို့ဆိုတာ မလွယ်တော့မှန်း သူ သိလိုက်ပါသည်။ အခုချိန်မှာ သူ ခေါင်းငုံ့ပြီး ထွက်ခဲ့တာသာ အကောင်းဆုံးဟု သိနေသည်။

မယ်မယ့်အခန်းတံခါးကို တွန်းဖွင့်ထွက်ခဲ့တော့ အခန်းအပြင်မှာ ရပ်နေသော မနှင်းနှင့် ဆုံသည်။

''မောင်လေး''

ငိုတော့မယောင်မျက်ဝန်းတွေနှင့်ကြည့်ကာ မနှင်း သူ့ကို တောင်းပန်နှစ်သိမ့်ဦးမှာ နားလည်နေ၏။

မနှင်းကိုလည်း ခွန်းတုံ့မပြန်ဘဲ ကျောခိုင်းလှည့်ထွက်ခဲ့သည်။ နောက်မဆုတ်တော့ဟု ဆုံးဖြတ်ပြီးသော ခြေလှမ်းတိုင်းမှာ ယိမ်းရဲ့မျက်နှာလေးက အင်အားတစ်ရပ်အဖြစ်သာ မြင်ယောင်နေဆဲ။

အချစ်အတွက် အရာရာကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာ သူ မှားသလား။

✿ ✿ ✿

## အခန်း (၅)

ယိမ်းကို လက်ထပ်ဖို့အတွက် တစ်အိမ်လုံးရဲ့ ခါးသီးပြင်းပယ်မှုတွေနှင့် သူ ရင်ဆိုင်ရသည်။

မယ်မယ်က သူ့ကို မျက်နှာချင်းဆိုင်ဖို့တောင် မကြိုးစားတော့ပါ။ အရင်ကဆို ကော်ဖီဝိုင်းမှာဖြစ်ဖြစ်၊ ထမင်းဝိုင်းမှာဖြစ်ဖြစ် ဆုံတတ်သည်။ အခုတော့ မယ်မယ် တမင်ရှောင်နေတာ သိသာလွန်းသည်။

"မောင်မောင်ရယ် မယ်မယ်စိတ်ချမ်းသာအောင် နေပေးလိုက်ပါကွယ်"

မနှင်းကတော့ လေပြေကလေးနှင့် သူ့ကို ချော့မော့သည်။





ဒါပေမဲ့ သူ့ဘက်ကတော့ ပြတ်သားစွာပဲ ခေါင်းမာပြခဲ့၏။

"မယ်မယ်စိတ်ဆင်းရဲအောင် ကျွန်တော်လုပ်နေတာ မဟုတ်ဘူး မနှင်း။ မယ်မယ်ကသာ ကျွန်တော့်ခံစားချက်တွေကို နားလည်မပေးနိုင်တာပါ။ ယိမ်းက မနှင်းတို့ဆိုသလို ဆိုးတဲ့ကောင်မလေးပဲ ထားဦး။ ကျွန်တော်ချစ်တဲ့သူလေ၊ ဒါကို မနှင်းတို့ နားလည်ပေးသင့်တယ်"

"နားလည်ပေးချင်တယ် မောင်လေး။ ဒါပေမဲ့ ဒါ မောင်လေးရဲ့ဘဝတစ်ခုလုံးအတွက်လေ၊ ဒါကြောင့် မနှင်းတို့ တားနေရတာပေါ့"

"တော်ပါတော့ မနှင်းရယ်၊ မနှင်းတို့ဘက်က ကြည့်တော့ အမြင်ကတစ်မျိုး။ ကျွန်တော့်ဘက်က တစ်မျိုးလေ၊ ယိမ်းက ကျွန်တော့်ရဲ့မေတ္တာနဲ့အချစ်ကို နားလည်ပါတယ်၊ အဲဒါကလွဲရင် ဘာများလိုလို့လဲ၊ ကဲ ပြောပါဦး"

မနှင်း ပင့်သက်ရှိုက်ကာ နှုတ်ဆိတ်သွားခဲ့သည်။ ဘယ်လိုမှ တားမရသောသူကို ဥပေက္ခာပြုလိုက်ကြတာဟု နားလည်သည်။ ဒါပေမဲ့ မမိုးပြန်လာတော့ သူနှင့် ထိပ်တိုက်ဆွေးနွေးဖြစ်ကြပြန်သည်။

အမြဲတမ်း ကြောက်ခဲ့ရသော မမိုးကိုလည်း ဒီတစ်ခါတော့ သူ အချော့မပေးဘဲ ခေါင်းမာပြခဲ့တာ အချစ်ကြောင့်ပါပဲ။

"ဘယ်လိုဖြစ်တာလဲ မောင်မောင်၊ ကြားရတဲ့သတင်းက ရင်ထိတ်စရာပါပဲလား၊ မင်းမှာ ဆင်ခြင်ဉာဏ်မှ ရှိသေးရဲ့လားဟင်၊

အကျင့်စာရိတ္တပျက်ပြားနေတဲ့ မိန်းကလေးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်ဆို''

ထုံးစံအတိုင်း မမိုးရဲ့စကားတွေက ပြင်းထန်သလို စွပ်စွဲချက်တွေကလည်း ထိရှစေ၏။ ယိမ်းနှင့်ပတ်သက်ပြီး လိုတာတွေထက် ပိုမိုနေသော ပတ်ဝန်းကျင်က စကားတွေကို သူ ဥပေက္ခာပြုထားပြီးဖြစ်သလို စိတ်လည်းကုန်လှပြီ။

''ဟုတ်တယ် မမိုး၊ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးက မမိုးပြောသလောက် အပြစ်မကြီးပါဘူး၊ ပတ်ဝန်းကျင်က မလိုစကားတွေနဲ့ ပြောနေကြတာပါ''

''ပတ်ဝန်းကျင်က အကြောင်းမဲ့တော့ မပြောနိုင်ဘူးလေ မောင်မောင်ရဲ့၊ မင်းဘက်က အပြစ်မြင်လို့မရအောင် မှုန်နေ‌ေသလား''

''ဟုတ်ပါတယ်၊ အဲဒီလိုပဲ မမိုးတို့ သဘောထားပြီး ဥပေက္ခာပြုလိုက်ပါတော့၊ ကျွန်တော့်ဘက်က ဆုံးဖြတ်ပြီးနေပြီ''

''ဘာရယ်၊ မင်းက အမေနဲ့အစ်မတွေတောင် ဂရုမစိုက်တော့ဘူးဆိုတဲ့ သဘောလား မောင်မောင်''

''ဂရုမစိုက်တာ မဟုတ်ပါဘူး မမိုး၊ ကျွန်တော် အသိပေးခဲ့တာပဲ၊ ဘယ်သူကမှ ကျွန်တော့်ကို နားလည်မပေးခဲ့ကြတာပါ''

''ဘာကိုနားလည်မပေးတာလဲ မောင်မောင်၊ မင်းကောင်မလေးရဲ့အကျင့်ပျက်စရိုက်တွေကို နားလည်ပေးရမှာလား''





မမိုး ခါးခါးသီးသီး ခေါင်းတွေခါသည်။ တလက်လက်တောက်ပမတတ် စူးရဲနေသော မျက်လုံးတွေကလည်း မီးပွင့်မတတ်စူးရှနေခဲ့သည်။

မယ်မယ်ထက်တောင် စိတ်ဆတ်ပြီး ငယ်ကတည်းက ကြောက်ရသော မမိုးကို အလျှော့ပေးလိုက်လျှင် သူ့ရည်ရွယ်ချက်တွေ ပျက်စီးတော့မည်။ ယိမ်းကို သူ ဘယ်လိုနည်းနဲ့မှ မစွန့်နိုင်ပါ။

ယိမ်းခမျာလည်း ခိုကိုးရာမဲ့ဘဝနှင့် သူ့ကိုပဲ အားကိုးနေရသည့်အခြေအနေမှာ သူ ဥပေက္ခာပြုရမည်လား။

''မောင်မောင်''

''ပြောပါ မမိုး''

''မင်းကို နောက်ဆုံးပြောမယ်၊ မင်း မိသားစုကို စွန့်မလား၊ အဲဒီမိန်းမအတွက်ပဲ မင်းဘဝကို နစ်မွန်းခံမလား''

သူ ကျေနပ်သွားသည်။ ဒီလို စိန်ခေါ်ရွေးချယ်ခွင့်ပေးတာကိုပဲ သူ လိုချင်ခဲ့တာပါ။

''ကျွန်တော် ယိမ်းကိုပဲ လက်ထပ်မယ် မမိုး''

''ဟင်''

''ဟုတ်တယ်၊ ကျွန်တော် နောက်ဆုတ်လို့မဖြစ်တော့ဘူး၊ ပြီးတော့ ယိမ်းကို တကယ်ချစ်တာ၊ အဲဒီအတွက် အားလုံး ခွင့်လွှတ်ပေးပါတော့''

တိတ်ဆိတ်စွာ စိုက်ကြည့်နေသော မမိုးမျက်ဝန်းတွေထဲမှာ ဝင်းလက်တောက်ပနေသော ဒေါသရောင်စဉ်တွေကို သူ ရင်ဆိုင်တုံ့ပြန်ကြည့်မိသည်။ မမိုးနှင့်သူ အသံမဲ့မျက်ဝန်းတွေနှင့် ရင်ဆိုင်နေမိတာ စက္ကန့်ပေါင်းများစွာ။

''မောင်မောင် ဒါ မင်းဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ကိစ္စနော်''

''ကျွန်တော်သိပါတယ် မမိုး''

''သိရုံနဲ့ မရဘူး၊ တကယ်လို့ မင်းရဲ့အိမ်ထောင်ရေးမှာ တစ်ခုခု ချွတ်ချော်တိမ်းစောင်းမှားယွင်းသွားခဲ့ရင်''

''ကျွန်တော် ရင်ဆိုင်မှာပါ၊ ဘယ်တော့မှ အဲဒီလိုမဖြစ်စေရဘူးဗျာ၊ ကျွန်တော့်ဘက်က ဟာကွက်မရှိအောင် ကြိုးစားဖို့ ဆုံးဖြတ်ပြီး ကြိုးစားမှာပါ''

မမိုး မျက်နှာတစ်ချက် မှဲ့ခနဲဖြစ်သွားခဲ့ရင်း ခေါင်းကို ခါယမ်းသည်။

''မင်းဘက်ကို မေးနေတာမဟုတ်ဘူး၊ ငါမေးနေတာ မိန်းကလေးဘက်ကို ပြောတာ၊ မင်းစိတ်ကြိုက် ရွေးချယ်ခဲ့တဲ့မိန်းမက မင်းထင်သလိုမဟုတ်ဘဲ မင်းအတွက် မကောင်းခဲ့ရင် မင်းအမှားကို ဝန်ခံနောက်ဆုတ်ရမယ်''

''မမိုး ဘာကိုဆိုလိုတာလဲ''

''မင်းဆီက ကတိတစ်ခုကို လိုချင်တာပဲ၊ မင်းက ငါတို့ရဲ့





တစ်ဦးတည်းသော မောင်လေးလေ၊ အလွယ်တကူ မစွန့်နိုင်ဘူး၊ ဒီတော့ လက်မခံချင်ပေမယ့် ငါတို့ လက်ခံရတော့မှာပေါ့၊ အေး မှားခဲ့ရင်တော့ နောက်ဆုတ်ပြီး ငါတို့စီမံတာကို မင်း နားထောင်ရမယ်''

မမိုးရဲ့သံယောဇဉ်တွေက ဒီလောက်အထိ ကြီးမားလှမှန်း အခုမှ သူ သိမြင်ခွင့်ရတော့တာဖြစ်သည်။ မယ်မယ်ထက်တောင် မမိုးက အမြင်ကြီးကာ ထက်မြက်လွန်းသည်ပဲ။

''ရပါတယ် မမိုး၊ ကျွန်တော် ကတိပေးပါတယ်၊ ဒါပေမဲ့ ယိမ်းက ဒီလိုမိန်းမမျိုး မဟုတ်ပါဘူး၊ ဟုတ်ခဲ့ရင်တောင် မမိုး ပြောတဲ့အတိုင်း ရဲရဲကတိပေးတယ်ဗျာ''

''မင်းကတိပေးတယ်ဆိုရင် ရပြီ''

သူ ခပ်ရဲရဲပဲ ခေါင်းညိတ်ပြလိုက်မိ၏။ မမိုးမျက်နှာက အေးစက်တည်ငြိမ်လွန်းနေတော့ စိတ်ထဲမှာတော့ ထင့်ခနဲဖြစ်သွားခဲ့သေးသည်။

ကိုယ့်သွေးရင်းအစ်မဆိုပေမယ့် မမိုးကို မယုံရဲပါ။ သူ့ကို အလိမ္မာသုံးပြီး ယိမ်းနဲ့ဝေးအောင် ကြံစည်လျှင်အခက်။

''မင်း အဲဒီလို သံသယအကြည့်တွေနဲ့ ငါ့ကိုမကြည့်နဲ့ မောင်မောင်၊ အခု မင်းဖြစ်ချင်တာကို လုပ်ခွင့်ရှိတယ်၊ မင်းက ချစ်သူနဲ့ ပေါင်းဖက်ချင်တာမဟုတ်လား၊ ဒီတော့ အကျဉ်းသဘောပဲ စီစဉ်ရင် ကျေနပ်မလား၊ မယ်မယ်သဘောမကျတော့ အကျယ်ကြီး မဖြစ်

စေချင်လို့''

''ရတယ် မမိုး၊ အရေးကြီးတာ ယိမ်းနဲ့ကျွန်တော် တရားဝင် လက်ထပ်ခွင့်ရဖို့ပဲလေ''

''အေး ဒါဆို လိုအပ်တာပြောပါ၊ မမိုးကိုယ်တိုင် စီစဉ်ပေးမယ်၊ ဟုတ်ပြီလား။ ပေးထားတဲ့ကတိတော့ မမေ့နဲ့နော်၊ ငါက မတတ်သာလို့ လက်ပိုက်ပြီးတော့ ကြည့်နေရမှာ၊ မင်းဘက်ကတော့ ကိုယ်ရွေးချယ်တဲ့လမ်းကို အကောင်းဆုံးလျှောက်နိုင်အောင် ကြိုးစားပေါ့''

မမိုးစကားက သူ့အနာဂတ်ကို ကြိုမြင်နေသလိုမျိုး။ ဒါပေမဲ့ သူ့ဘက်က တွေဝေချောက်ချားသွားမည်မဟုတ်ပါ။ ယိမ်းကို ယုံသည်။ သူ့အချစ်ကိုလည်း ယုံသည်။

ဘယ်တော့မှ ယိမ်းနဲ့သူ မဝေးစေရပါ။ သူ အဖြစ်ချင်ဆုံးဘဝကို ပိုင်ဆိုင်နေမှတော့ ကြိုးစားဖို့အသင့်။

✿ ✿ ✿



## အခန်း (၆)

သူ့စကားတွေကို နားထောင်ရင်း ငြိမ်သက်နေသော ယိမ်းမျက်နှာလေးက တည်ငြိမ်လွန်းနေခဲ့သည်။ တကယ်ဆို သူမျှော်လင့်ထားတာ ယိမ်းရဲ့ကြည်နူးဝမ်းသာသော မျက်နှာလေးကိုပဲဖြစ်သည်။

ယိမ်းကိုလက်ထပ်ဖို့အတွက် သူ့ဆန္ဒတွေကို မယ်မယ်တို့ကားမရခဲ့တာ ယိမ်းအတွက် ဝမ်းသာစရာသတင်း မဟုတ်ဘူးတဲ့လား။

သူ ယိမ်းလက်ဖဝါးလေးကို ဆုပ်ကိုင်တော့လည်း ယိမ်းငြိမ်သက်နေကာင်းနေတုန်း။

''ယိမ်း''

မော့ကြည့်သောမျက်နှာလေးက သူ့အပြုံးတွေကိုလည်း ပြန်

မတုံ့ပြန်ဘဲနေတော့ သူ စိုးရိမ်သွားမိ၏။

"ယိမ်း ဘာဖြစ်နေတာလဲဟင်၊ ယိမ်း ဝမ်းမသာဘူးလား ဟင်"

"ဘာကိုဝမ်းသာရမှာလဲမောင်၊ ယိမ်းနဲ့မောင့်ကို မောင့်မိသားစုက ကြည်ဖြူရဲ့လား၊ ယိမ်း သံသယဖြစ်နေတာ"

"ဟာကွာ ယိမ်းကလည်း၊ ကြည်ဖြူလို့ ဘာမှမပြောဘဲ မောင့်စိတ်ကြိုက် လုပ်ခွင့်ပြုလိုက်တာပဲဟာ"

ယိမ်း နှုတ်ခမ်းလေးတွေ တွန့်ခနဲပြုံးကာ သူ့ကိုကြည့်သည်။ အပြစ်ဆိုရက်စရာမရှိအောင် ချောမောရှင်းသန့်နေသော မျက်နှာလေးက လှောင်ပြုံးလေးနှင့်လည်း ချစ်စရာကောင်းနေခဲ့သည်။

"မောင့်စိတ်ကြိုက် ဟုတ်လား၊ ယိမ်းနဲ့မောင် တရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ကြမှာ မောင့်ရဲ့စိတ်ကြိုက်လုပ်ပိုင်ခွင့်လား"

ယိမ်းစကားကြောင့် သူ ထင့်ခနဲဖြစ်သွားခဲ့သည်။ ယိမ်းမျှော်လင့်ထားတာ သူနဲ့ယိမ်းရဲ့ မင်္ဂလာပွဲက ခမ်းနားထည်ဝါစွာ ကျင်းပမည့်မင်္ဂလာပွဲကြီးအဖြစ်လား။ ဒါ မဖြစ်နိုင်ဟု မမိုးက ပြောခဲ့သည်။ မယ်မယ်ကလည်း သဘောတူမှာ မဟုတ်ပါ။ ဒါပေမဲ့ ယိမ်းကို အမှန်အတိုင်း မပြောရက်ပါ။

တကယ်ဆို ယိမ်းနဲ့သူ့ကို ခွင့်ပြုလိုက်တာကပဲ ကောင်းမွန်သော အခြေအနေတစ်ခုဖြစ်နေပြီ။ ထိုထက်ပိုပြီးတောင်းဆိုလျှင် မလို





လားသော ပြဿနာတွေ ဖြစ်လာနိုင်သည်။

ယိမ်းနှင့်မယ်မယ်တို့ကြားမှာ အဖုအထစ်တွေ မရှိစေချင်ပါ။ ဂုဏ်ပကာသနတွေကြောင့် ယိမ်း သူ့ကို လက်ထပ်သည်ဟုလည်း မမိုးတို့ မမြင်စေချင်ပါ။

"ပြောလေ မောင်၊ ယိမ်းမေးတဲ့မေးခွန်းက ဖြေရခက်နေသလား"

"မဟုတ်ပါဘူး ယိမ်းရဲ့၊ ယိမ်းနားလည်အောင် မောင် ဘယ်လိုရှင်းပြရမလဲ စဉ်းစားနေတာပါ၊ ခမ်းခမ်းနားနား မင်္ဂလာပွဲကြီးကျင်းပမှ မောင်နဲ့ယိမ်းအချစ်က ပိုတိုးလာမှာလားကွာ၊ မင်္ဂလာပွဲမလုပ်တာ မယ်မယ့်ကြောင့်ပါ၊ မယ်မယ်ရဲ့ကျန်းမာရေးက သိပ်မကောင်းဘူး၊ ဒါကြောင့် ယိမ်းနဲ့မောင် မင်္ဂလာပွဲကို မကျင်းပတာပါ၊ ရုံးမှာ တရားဝင်လက်မှတ်ထိုး လက်ထပ်မယ်၊ ပြီးရင် နှစ်ဖက်အသိမိတ်ဆွေတွေကို ဧည့်ခံပွဲလေးလုပ်မယ်၊ ဒါဆို ပြည့်စုံပြီပဲ"

သူရှင်းပြတော့ ယိမ်း ခွန်းတုံ့မပြန်ပါ။ ဒါပေမဲ့ မကျေနပ်တာတော့ သူနားလည်သည်။ ယိမ်းက မင်္ဂလာပွဲကို မိန်းကလေးပီပီ ထည်ထည်ဝါဝါဖြစ်ချင်တာ ဖြစ်သည်။

"ယိမ်းရယ် အရေးကြီးတာ ယိမ်းနဲ့မောင်တို့ အမြန်နီးစပ်ဖို့ပဲကွာ၊ ပကာသနတွေက အရေးမပါပါဘူး"

"အရေးမပါပေမယ့် ယိမ်းက မျှော်လင့်ထားတာလေ၊ တခြား

အကြောင်းတော့ မဟုတ်ဘူး၊ ယိမ်းရဲ့မိထွေးနဲ့မိသားစုကို သက်သေပြချင်လို့၊ သူတို့ ယိမ်းကို နှိမ်ချထားတာတွေ များနေပြီ"

ယိမ်းရင်ထဲက ခံစားချက်ကို သူ နားလည်ပါသည်။ မိထွေးနဲ့မိသားစုရဲ့အနိုင်ယူမှုတွေက ယိမ်းဘဝမှာ ဒဏ်ရာတွေ ဖြစ်နေ၏။ ယိမ်းဖခင်ကလည်း သမီးရင်းအပေါ်မှာ အကောင်းမမြင်သူပါပဲ။

"ယိမ်းရယ် အတိတ်ကိုမေ့လိုက်ပြီး မောင့်ရင်ခွင်ထဲမှာ ပျော်ပျော်နေစမ်းပါနော်၊ ယိမ်းအနားမှာ မောင်ရှိနေပြီပဲ"

ယိမ်း ပင့်သက်လေးရှိုက်ကာ ခေါင်းညိတ်မှပဲ သူ စိတ်အေးရတော့သည်။

"ယိမ်း"

"ပြောလေ မောင်"

"ယိမ်း ဘယ်ဘက်လက် ကိုယ့်ကိုပေးစမ်းပါ"

ယိမ်း မျက်ခုံးတန်းတန်းလေးတွေ တွန့်ကုတ်ပြီး နားမလည်သလိုကြည့်ကာ ဘယ်လက်ကလေးကို ကမ်းပေးသည်။

"ယိမ်း မျက်လုံးတွေ ခဏလေးမှိတ်ထား"

သူ့စကားအတိုင်း ယိမ်းနာခံကာ မျက်တောင်ရှည်ကော့ကော့ကြီးတွေကို မှိတ်ထားသည်။ သူ ယိမ်းလက်သူကြွယ်လေးမှာ ယိမ်းအတွက် ရည်ရွယ်ဝယ်လာသော လက်စွပ်လေးကို ဝတ်ဆင်ပေးလိုက်၏။

"ဖွင့်တော့ ယိမ်း"





ယိမ်း မျက်လွှာလေး ဖျတ်ခနဲပွင့်ကာ သူမလက်ကို ပြန်ငုံ့ကြည့်၏။ စိန်ပွင့်လေး တဖျပ်ဖျပ်လက်နေသော လက်စွပ်လေးကိုပဲ ယိမ်းမျက်နက်ဝန်းလေးတွေ တောက်ပလက်ဖြာနေ၏။

"ယိမ်းအတွက် မောင့်ရဲ့ချစ်သက်လက်ဆောင်"

"မောင်ရယ်"

သူ့ရင်ခွင်ထဲ မှီနွဲ့ကျလာသော ယိမ်းရဲ့ဆံနွယ်တွေကို သူ မြတ်နိုးစွာပဲ ပွတ်သပ်တင်ပေးမိ၏။

"မောင့်ကို ယိမ်း သိပ်ချစ်သွားပြီ၊ သိလား"

ရင်ခွင်ထဲက ခေါင်းလေးမော့ကြည့်ကာ ယိမ်းဆိုတော့ သူ့ရင်ထဲမှာ ကြည်နူးခြင်းတွေဖြင့် လှုပ်ခတ်သွားခဲ့ရ၏။

ယိမ်းနဖူးပြင်လေးကို မြတ်နိုးစွာဖြင့် နမ်းရှိုက်မိသည်။

ယိမ်းကိုချစ်မိသော နှလုံးသားက ဖြူစင်မြတ်နိုးခြင်းတွေနှင့်ပဲဆိုတာ ယိမ်း သိစေချင်ပါသည်။

✿ ✿ ✿

## အခန်း (၇)

တရားရုံးမှာ သူနှင့်ယိမ်းတို့ လက်မှတ်ထိုးလက်ထပ်တော့ သူ့မိတ်ဆွေတချို့နှင့်အတူ မနှင်းပဲ ပါလာသည်။

မယ်မယ်ကတော့ ကျန်းမာရေးအကြောင်းပြ နေရစ်ခဲ့သလို မမိုးကလည်း မအားလပ်သောလုပ်ငန်းကိစ္စတွေအကြောင်းပြ ကျန်ခဲ့သည်။ ထိုအတွက် ယိမ်းရိပ်မိမှာ သူစိုးသည်။

ဒါပေမဲ့ ယိမ်းကတော့ နှံ့သာရောင် မင်္ဂလာဝတ်စုံလေးနှင့် ဆံထုံးလေး သေသေသပ်သပ်ထုံးဖွဲ့ထားကာ ထွေးပွေ့ချင်စရာကောင်းလောက်အောင် လှပလွန်းနေခဲ့သည်။

''ယိမ်းရယ် မောင့်ဘဝမှာ အပျော်ဆုံးနေ့ပဲ၊ သိလား''





"ယိမ်းလည်း ပျော်ပါတယ် မောင်ရယ်"

မနှင်းကတော့ မောင်နှင့်ပတ်သက်ပြီး တော်စပ်လာသော ယောက်မကိုတော့ မလိုလားခဲ့ပေမယ့် ကြည်ဖြူရင်းနှီးစွာဆက်ဆံရှာသည်။ မယ်မယ်နှင့် မမိုးထက်စာလျှင် မနှင်းက ခင်မင်စရာကောင်းတာ သူ လက်ခံမိ၏။

ထိုညနေမှာပဲ ယိမ်းနှင့်သူ့ရဲ့ညစာစားပွဲလေးကို ခြံဝင်းထဲက မြက်ခင်းပြင်မှာပဲ ကျင်းပခဲ့သည်။

အများစုက သူ့ဘက်က မိတ်ဆွေအသိုင်းအဝန်းတွေပဲ ဖြစ်သည်။ ယိမ်းကတော့ သူ့မိထွေးရဲ့ သားနှင့်သမီးကို ဖိတ်ထားသည်တဲ့။

"ယိမ်းအတွက် အရေးပါတာ အဲဒီနှစ်ယောက်ပဲလေ၊ တမင် ဖိတ်ထားတာ မောင်ရဲ့"

တကယ်ဆို ယိမ်းနာကြည်းချက်တွေကို ခဝါချစေခဲ့ချင်သည်။ ဒါပေမဲ့ ယိမ်းဆန္ဒဆိုတော့လည်း သူ မငြင်းခဲ့ပါ။ ညစာစားပွဲလေးမှာ သူ့မိတ်ဆွေအသိုင်းအဝန်းတွေနှင့် ပျော်စရာကောင်းနေခဲ့၏။

မမိုးကတော့ အိမ်မှာကျင်းပသောပွဲမို့ ထင်သည်။ ဖြစ်အောင်တော့ တက်သည်။ သူ့မိတ်ဆွေတွေနှင့် စကားပြောရင်း စားပွဲဝိုင်းတစ်ဝိုင်းမှာ တည်တည်ငြိမ်ငြိမ်ပဲ ထိုင်ပေးနေ၏။

မနှင်းကလည်း အားလုံးကိုညစာခံရင်း အပြုံးတွေနှင့် ညစာခံပွဲလေးကို ထိန်းချုပ်ပေးထားခဲ့၏။

ထိုအချိန်မှာပဲ ခြံထဲကို မောင်းဝင်လာသော ဖယ်မလီရာကား လေးတစ်စီးကို တွေ့ရလေ၏။ ကားပေါ်က ဆင်းလာသူက ယိမ်းရဲ့ ညီ့သည်တော်နှစ်ဦးဖြစ်သည့် ထင်ကျော်ကိုနှင့် နေခြည်ကိုတို့မောင် နှမနှစ်ယောက်။

''ဟော ဟိုမှာ ယိမ်းအစ်ကိုနဲ့ အစ်မတွေလာတယ်ကွ၊ ကြို လိုက်ပါဦး''

သူကလည်း အိမ်ရှင်ပီသစွာ ကြိုဆိုဖို့ ယိမ်းနှင့်အတူ လက်တွဲ ထွက်ခဲ့၏။ ယိမ်းကတော့ ပန်းနုရောင်ဝတ်စုံလေးနှင့် အလှဆုံးပြုံးရင်း

''မလာတော့ဘူး ထင်နေတာ၊ နောက်ကျလိုက်တာ ကိုထင်နဲ့ မမနေခြည်''

''လာမှာပေါ့ ယိမ်းရဲ့၊ အဟင်း ကိုထင့်သူငယ်ချင်းကို စောင့် နေတာ''

နေခြည့်စကားကို ယိမ်း မထီတရီလေး ပြုံးခေါင်းညိတ်ရင်း

''ဩော် ဟုတ်သားပဲ၊ အဟင်း ကိုထင့်သူငယ်ချင်းကားကို အကူအညီတောင်းစီးလာကြရတာကိုး၊ ဒီမှာက ကိုယ်ပိုင်ကားနဲ့ အဆင့် အတန်းရှိတဲ့သူတွေချည်းပဲဆိုတော့ ကိုထင်တို့လည်း ကိုယ်ပိုင်ကား မရှိတောင် အဆင်ပြေအောင် စီစဉ်လာကြရမှာပေါ့''

ထင်ကျော်ကိုတို့မောင်နှမမျက်နှာ ကွက်ခနဲ ပျက်ကုန်သည်။ ယိမ်းစကားက တမင်နှိပ်ကွပ်သလို ရည်ရွယ်နေတာမို့ သူကပဲ ကြား





က ဝင်ရင်း ထိန်းသိမ်းရသေး၏။

''ကဲ လာ ကြွပါဗျာ၊ ဒီစားပွဲဝိုင်းက အဆင်ပြေမယ်ထင် တယ်''

မျက်စိမျက်နှာပျက်နှင့်ပဲ ထင်ကျော်ကိုတို့မောင်နှမ စားပွဲ ဝိုင်းမှာ ဝင်ထိုင်ကြသည်။

''စားကြနော်၊ အားပါးတရ သုံးဆောင်ကြပါ''

သူ ဖော်ရွေစွာပဲ ဆက်ဆံပေးရင်း ယိမ်းနှင့် ပြဿနာမဖြစ် အောင် ထိန်းနေတုန်း –

''မောင်လေးရေ ဒီကိုလာဦး၊ မမိုးသူငယ်ချင်းနဲ့ မိတ်ဆက် ပေးချင်လို့''

မမိုး လှမ်းခေါ်တာမို့ သူထွက်ခဲ့ရသည်။ မမိုးရဲ့မိတ်ဆွေတွေ ကို နှုတ်ဆက်ရင်း ယိမ်းတို့ဝိုင်းကိုလည်း လှမ်းကြည့်ရ၏။

သူကြည့်နေတုန်းမှာ ဘယ်လိုမှထင်မှတ်မထားသော ယိမ်းရဲ့ အပြုအမူကို သူ ရိပ်ခနဲ အသေအချာမြင်လိုက်ရ၏။

စားပွဲပေါ်ကို အချဉ်ရည်ခွက် လှမ်းတင်ပေးသလိုပြုရင်း ထင် ကျော်ကိုရဲ့ကုတ်အင်္ကျီပေါ်ကို ယိမ်း တမင် အချဉ်ခွက်ကို မှောက်ချ လိုက်၏။

''ဟာ''

''ဟယ် ဆောရီး ကိုထင် အို''

ယိမ်းကတော့ လွှန်နေပြီ။ တောင်းပန်ရင်း လက်ထဲက အချဉ်ခွက်ကို နေခြည်ကို့ထဘီပေါ် ပစ်ချလိုက်ပြန်၏။

"ဟင် နှင် နှင် ဘာလုပ်တာလဲ ယိမ်း"

"ဆောရီး၊ မတော်လို့ပါ နေခြည်ရဲ့"

"နှင် နှင် တမင်လုပ်တာပဲ၊ ငါ့အဝတ်အစားတွေ ပေကျံစွန်းကုန်ပြီ"

"ဟုတ်တယ် ယိမ်း၊ နှင် တို့မောင်နှမကို တမင်အရှက်ခွဲနေတာလားဟင်၊ တောက်"

ထင်ကျော်ကို သည်းမခံနိုင်တော့ဘဲ ရှူးရှူးရှဲရှဲထရပ်သည်။ ယိမ်းမျက်နှာပေါ်က အပြုံးတို့ ပျောက်ဆုံးမသွားသေးဘဲ –

"အဟင်း ဟင်း ဘာလို့ ဒေါသတွေကြီးနေရတာလဲ ကိုထင်ရယ်၊ ဘာလဲဟင် ဒီပွဲတက်အဝတ်အစားတွေက ငှားလာတာမို့လား။ ဒါဆိုရင် မစိုးရိမ်ပါနဲ့၊ ယိမ်း တန်ရာတန်ကြေး လျော်ပေးလိုက်မယ်"

ယိမ်းအသံက ရှူးရှူးလေးနှင့် အားလုံးကြားအောင် တမင်ပြောတာ သေချာသည်။

"ယိမ်း နှင် စော်ကားလှချည်လား"

"ဟုတ်တယ်၊ နှင့်ပွဲမှာ ငါတို့ကို တမင်စော်ကားတာပဲ၊ နှင့်ကိုယ်နှင် ဘာအဆင့်ထင်နေသလဲ မိယိမ်း၊ သူခိုးမ,က လူပါးဝလို့"

အခြေအနေတွေက ဆိုးဝါးပြင်းထန်ကုန်ပြီ။ သူ မျက်စိမျက်





နှာပျက်ရောက်ခဲ့ပေမယ့် ယိမ်းကလည်း တစ်ခွန်းမခံ ပြန်ခံပက်နေ၏။

"ငါက သူခိုးမ,လား၊ ဒါဆိုရင် နှင်တို့အမေက လင်ခိုးမ,ပေါ့၊ နှင်တို့တွေက လင်ခိုးမ,ရဲ့သားသမီးတွေလေ၊ ငါ့အဖေဆီက ရှိသမျှကို အမေတစ်ယောက်ရင်းပြီး သုံးဖြုန်းနေတဲ့သူတွေပဲ"

"နှင် စော်ကားလှချည်လား၊ ငါကွာ တောက်"

"ထိရဲရင် ထိကြည့်စမ်း၊ ရှင်တို့မောင်နှမနှစ်ယောက်ကို ထောင်ထဲရောက်သွားအောင် ကျွန်မ လုပ်ပြမယ်"

ထင်ကျော်ကို တွန့်ခနဲဖြစ်သွားသည်။ သူလည်း စိုးရိမ်စွာနှင့် ယိမ်းဆီ အပြေးလှမ်းခဲ့ရင်း ကသောကမျော တားရ၏။

"ယိမ်း ယိမ်း တော်ပါတော့"

"တော်တော်အဆင့်မတန်းမရှိတဲ့ကောင်မ၊ ကိုမောင်မောင်ဆက်ကိုတော့ အားနာတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားယူလိုက်တဲ့မိန်းမ ဘာကောင်မ,လဲဆိုတာ ခင်ဗျား သိလောက်ပြီ"

"အောင်မယ် နှင်ကများ၊ ဒါ ငါ့ခြံဝင်းနော်၊ အခုချက်ချင်း ကန်ထုတ်မခံချင်ရင် နှင်တို့မောင်နှမ သွားတော့"

"ယိမ်း တော်ပါကွာ"

ပရိသတ်တွေကြားမှာ သူ မျက်နှာမပြရဲတော့ပါ။ မနှင်းလည်း မျက်နှာကြီးနီညိုကာ ရပ်ငေးနေ၏။ မမိုးကတော့ ချာခနဲလှည့်ကာ အိမ်ဘက်ပြန်သွားခဲ့သည်။

ထင်ကျော်ကိုတို့မောင်နှမ ပြန်သွားတာကို ဒေါသတကြီး ခါးထောက်ရပ်ကြည့်နေသော ယိမ်းပုံစံက ရန်လိုမုန်းတီးနေသော မျက်ဝန်းတွေနှင့် စူးစူးရဲရဲ။ သူလည်း မျက်နှာထူပူနီရဲနေခဲ့၏။

သူ့မိတ်ဆွေအပေါင်းအသင်းတွေကြားထဲမှာ တကယ့်ကို အရှက်ရစရာကောင်းသည့်အဖြစ်။ ပိုဆိုးသည်က မမိုးရဲ့ရှေ့မှာ ဒီလို ဖြစ်သွားသည်ဆိုတော့ –

ညှိခံပွဲလေး အမြန်ဆုံးပြီးဆုံးပါစေတော့ဟုပဲ သူ ဆုတောင် ရင်း အချိန်တွေ ကုန်အောင် ဆုတောင်းနေမိတော့၏။

ယိမ်းကတော့ ဘာမှမဖြစ်ခဲ့, မကြုံခဲ့သလို သူ့လက်ကိုတွဲ ကာ အပြုံးမပျက်နေနိုင်ပေမယ့် သူ့မှာတော့ မမိုးနှင့်တွေ့လျှင် ရ ဆိုင်ကြားရမည့် စကားတွေအတွက် ရင်မောရင်း –

✿

"ဘယ်လောက်ရှက်စရာကောင်းသလဲ၊ တကယ့်ကို အသ အတန်းမရှိတဲ့ လုပ်ရပ်ပဲ မောင်မောင်၊ နင့်ဇနီးက အားလုံးရှေ့ သူ့အရည်အချင်းအဆင့်အတန်းကို ထုတ်ပြလိုက်တာလားဟင်၊ ပြေ စမ်းပါ"





မမိုးရဲ့ပေါက်ကွဲဒေါသတွေကို သူ ဘာမှခွန်းတုံ့မပြန်နိုင် အောင် ခေါင်းငုံ့ငြိမ်ခံယူခဲ့ရသည်။ ယိမ်းလုပ်ရပ်က တကယ့်ကို အကျည်းတန်လွန်းသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

"ဒီနေ့ပဲ အိမ်ပေါ်ရောက်လာတယ်၊ ဒီနေ့ပဲ အားလုံးသိက္ခာ ကျစရာလုပ်ရပ်ကို ဖန်တီးပြလိုက်တာ၊ မောင်မောင် နင့်မိန်းမရဲ့အဆင့် အတန်းကို နင် ဘာပြောဦးမလဲ"

"မမိုးရယ် ကျွန်တော် တောင်းပန်ပါတယ်၊ အခုကိစ္စက သူ့ကို အနိုင်ကျင့်ဖိနှိပ်ခဲ့တဲ့သူတွေကို ပြန်လက်စားချေတဲ့စိတ်နဲ့ တုံ့ ပြန်လိုက်တဲ့သဘောပါ"

သူ့စကားကြောင့် မမိုး နှုတ်ခမ်းတွေမဲ့ကျသွားသလို ပြုံး သည်။ ပြီးမှ –

"မောင်မောင် မင်းတော့သွားပြီ သိလား။ မိန်းမတစ်ယောက် ကြောင့် မင်းရဲ့ဂုဏ်သိက္ခာတွေအားလုံးကို ရေစုန်မျှောပစ်လိုက်တော့ မှာလား"

"ယိမ်းက ကျွန်တော့်ဇနီးမယား ဖြစ်နေပြီလေ"

"အေး ငါ ဘာမှမပြောချင်တော့ဘူး မောင်မောင်၊ ဒါပေမဲ့ မင်းရဲ့ဇနီးမယားက ငါတို့အသိုင်းအဝိုင်းထဲရောက်လာပြီဆိုတာ နား လည်အောင်တော့ ပြောထားဖို့လိုတယ်၊ ဟိုအရင်တုန်းက အကျင့် စရိုက်တွေကို ခဝါချခဲ့ဖို့လိုတယ်၊ ကိုယ်ရောက်နေတဲ့နေရာနဲ့ သင့်လျော်

အောင် နေတတ်ဖို့လိုတယ်''

မမိုးစကားကို သူ ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေမိသည်။ မမိုးစကားတွေ မမှားဆိုတာလည်း သူသိသည်။ ဘာပဲဖြစ်ဖြစ် ချစ်ဇနီး ယိမ်းနှင့် မမိုးတို့ကြားမှာ အမုန်းတွေ မပွားစေလိုပါ။

သူ့အိပ်ခန်းထဲရောက်တော့ ချစ်ဇနီးယိမ်းက နှုတ်ခမ်းတွေ စူကာ စောင့်နေလေသည်။

''မောင်က ဘယ်သွားနေတာလဲ၊ တကတဲ ကြာလိုက်တာ''

''မမိုးနဲ့ စကားပြောနေတာပါ ယိမ်းရယ်''

''ဘာလဲ၊ မောင့်ကို ဘာတွေများ မောင့်အစ်မကြီးက အမှာတော်တွေ ခြွေလိုက်လို့လဲ''

''ဟင့်အင်း ဘာမှမပြောပါဘူး ယိမ်းရဲ့၊ ညည်ခံပွဲက ကိစ္စကို မေးတာပါ''

ယိမ်းမျက်နှာက အလိုမကျသလို မဲ့ကျသွားရင်း –

''ဘာလဲ ခင်နွဲ့ယိမ်းဆိုတဲ့မိန်းမက အဆင့်အတန်းမရှိတဲ့သူ၊ ညည်ခံပွဲမှာ ကက်ကက်လန်အောင် ရန်တွေ့တဲ့သူလို့ မောင့်ကို ပြောလိုက်တာလားဟင်''

''ဟာ မဟုတ်တာကွာ၊ မမိုးက နားလည်ပါတယ်၊ ယိမ်းနဲ့ သူတို့ကြားက ပြဿနာတွေကို မေးတာ၊ မမိုးရော မနှင်းပါ နားလည်တယ်၊ ယိမ်းကို ဘာမှမပြောဘူး''





သူ ယိမ်းနှင့်မမိုးကြားမှာ ပြဿနာတွေ မပွားစေလိုတာမို့ လည်း လိမ်ညာဖုံးဖိထားပေးမိသည်။

''မောင်''

''ပြောလေ ယိမ်း''

''ယိမ်း မောင့်ကိုချစ်တယ် သိလား''

သူ့ပခုံးကို အနောက်ကသိုင်းဖက်ကာ ယိမ်း မူနွဲ့နွဲ့လေး ဆိုတော့ စိတ်ညစ်ညူးမှုတွေ သူပြေပျောက်သွားခဲ့ကာ အားလုံးကို မေ့သွားခဲ့သည်။

မှုန်ညက်နေအောင် ချောသော ယိမ်းကို ပိုင်ဆိုင်ခွင့်ရသည့် အတွက် သူ သိပ်ကံကောင်းသည်ဟု ယုံသည်။ တကယ်ဆို သူ့ရုပ် ရည်သွင်ပြင်က အသားညိုမှောင်ကာ ကြည့်ပျော်ရှုပျော်ပဲရှိတာဖြစ် သည်။

ဒါကြောင့်လည်း ယမင်းရုပ်ကလေးလို လှပချောမောသော ယိမ်းကို ပိုင်ဆိုင်ရတာမို့ သူ မိတ်ဆွေတွေကြားမှာ ဂုဏ်ယူမိခဲ့သည်။

ယိမ်းသည် ချောမောလှပလွန်းတာ မှန်ပေမယ့် မမိုးတို့နှင့် တော့ ဘယ်လိုမှ အသွင်မတူမှာသေချာသည်။

ဘာပဲဖြစ်ဖြစ် အားလုံးကို ဆန့်ကျင်ပြီး ယိမ်းကို သူ လက် ထပ်ပိုင်ဆိုင်ခဲ့ပြီးပြီ။ ထို့အတွက် အားလုံးက လက်မခံမကြည်ဖြူပေ မယ့် ကျေနပ်ပေးခဲ့ရပြီဖြစ်သည်။

သူက မိသားစုထဲမှာ တစ်ဦးတည်းသောသား အငယ်ဆုံး မောင်လေးမို့ မယ်မယ်တို့ မစွန့်ပစ်နိုင်တာ သူ သိထားသည်။ ယိမ်း အပေါ်မှာလည်း မမိုးတို့ ကြည်ဖြူပေးစေချင်သည်။

ယိမ်းသာ လိမ်မာပါးနပ်စွာ မမတို့နှင့် ဆက်ဆံတတ်ခဲ့လျှင် သိပ်ကောင်းမည်ဟု သူတွေးထားမိ၏။

✿ ✿ ✿



အခန်း (ဂ)

တကယ်တမ်းကျ သူမျှော်လင့်ထားမိသလို ယိမ်းနှင့်မမိုးတို့က အဆင်မပြေနိုင်ဘူးဆိုတာ သူ အချိန်တိုလေးမှာပဲ နားလည်နိုင်ခဲ့သည်။

"မောင်မောင် နှင့်မိန်းမကို နင် ဘာမှဆုံးမစကားမပြောတော့ဘူးလား"

"ဗျာ ဘာဖြစ်လို့လဲ မမိုး"

"ဒီအိမ်မှာ ချက်ပြုတ်လျှော်ဖွပ်ဖို့အတွက် အိမ်ဖော်မရှိဘူး၊ မထားဘူးဆိုတာ နင် သိပြီးသားလေ၊ ချက်ပြုတ်လျှော်ဖွပ်ကိစ္စကို မနှင်းပဲ တာဝန်ယူထားတာ၊ နှင့်မိန်းမက ဘာမှမလုပ်ဘဲ အငြိမ့်သား

ထိုင်နေတာ မဟုတ်သေးဘူး''

မမိုးက ပြောလာတော့ သူ ဘာမှမပြောနိုင်ဘဲ စိတ်ညစ်မိသည်။ သိတဲ့အတိုင်း မမိုးက အမြင်မတော်လျှင် သိုဝှက်မထားဘဲ ဒေါက်ခနဲ ပြောတတ်သူဆိုတော့ –

''ချက်ပြုတ်တာ မနှင်း တာဝန်ယူတယ်၊ ငါက အလုပ်ကိစ္စတွေနဲ့ နေဝင်မှ ပြန်နိုင်တယ်၊ နင်နဲ့ငါ စီးပွားရှာနေလို့ ထားတော့၊ အိမ်ရဲ့သန့်ရှင်းရေးကိစ္စကိုတော့ နင့်မိန်းမ တာဝန်ယူသင့်တယ်၊ လျှော်ဖွပ်တာ ငါမပြောဘူး၊ နှစ်ရက်တစ်ခါ ဒိုဘီငှားလို့ရတယ်''

''ဟုတ်ကဲ့ပါ မမမိုး၊ ကျွန်တော်လည်း ယိမ်းကို ပြောလိုက်ပါ့မယ်''

မမိုးကျေနပ်အောင် ယိမ်းကွယ်ရာမှာ သူ ဖုံးဖုံးဖိဖိ ကတိပေးရ၏။ ယိမ်းနဲ့တွေ့တော့လည်း နားလည်အောင် ပြောရ၏။

''ယိမ်းရယ် အိမ်မှာ သန့်ရှင်းရေးကိစ္စလောက်တော့ ယိမ်း တာဝန်ယူပေးပါ၊ မနှင်းက မနိုင်ဘူးလေ''

''ဘာရယ် မောင်၊ မောင့်ကို ကျွန်မ ယူခဲ့တာ မောင့်အိမ်မှာ အစေခံကျွန်တစ်ယောက်လုပ်ဖို့ မဟုတ်ဘူးနော်''

''ဟာ မောင်ပြောတာ ဒီသဘောမဟုတ်ဘူးလေကွာ၊ အိမ်မှာက မိသားစုလိုနေနေကြတာလေ၊ တစ်ယောက်တာဝန် တစ်ယောက် တာဝန်ယူကြရမှာပေါ့''





''လုံးဝမလုပ်နိုင်ဘူး မောင်၊ ယိမ်းသိတာပေါ့၊ မောင့်အစ်မကြီးက ယိမ်းကို အိမ်စေအလုပ်သမတစ်ယောက်ဖြစ်အောင် ပုံသွင်းနေတာ''

''ခက်ပါလား ယိမ်းရယ်''

''ခက်နေတာက မောင်ပဲ၊ မယားစကားထက် အစ်မတွေစကားကို နားယောင်နေတာ၊ ယိမ်းကိုတော့ လာမလုပ်နဲ့၊ မရဘူး မောင်''

ယိမ်းပြောသောစကားတွေကိုသာ မမိုးကြားလျှင် ပြဿနာတွေ ရှုပ်ထွေးကုန်တော့မည်။ သူ ငြိမ်သက်စွာပဲ ယိမ်းကိုချော့မော့ရ၏။

''တော်ပါတော့ကွာ၊ ယိမ်း မလုပ်ချင်ရင် မလုပ်နဲ့နော်၊ ဟုတ်လား၊ မောင်က ယိမ်းကို မခိုင်းရက်ပါဘူး''

''ဟွန်း၊ ခိုင်းလို့ရော ရမလား၊ ယောက်ျားယူထားတာ ယောက္ခမတွေ, ယောက်မတွေ စေခိုင်းဖို့မဟုတ်ဘူး''

ယိမ်းဘက်က ယတိပြတ်စိန်ခေါ်သည်။ မမိုးက ပြဿနာ မရှာစေနဲ့ဟုပဲ သူ ဆုတောင်းရ၏။ မနှင်းကတော့ အနေအေးသူပီပီ ပြဿနာကို ရှောင်တတ်၏။ ယိမ်းနှင့်မမိုးတို့ပြဿနာကို ရင်တထိတ်ထိတ်စောင့်ရင်း သူ ယိမ်းအလိုဆန္ဒတွေကို မလွန်ဆန်နိုင်ခဲ့။

ဒါပေမဲ့ မမိုးရဲ့ဒေါသတွေကို သူ ထပ်ရင်ဆိုင်ရပြန်၏။

''မောင်မောင် နင့်မိန်းမကို နင် မဆုံးမတော့ဘူးလား၊ ဘယ်

နှယ်ဂျော် နေဝင်မိုးချုပ် အိမ်မှာမကပ်ဘူး''

''ဟင် ယိမ်းက ဘယ်သွားလို့လဲဟင်''

''အဲဒါပဲ ကြည့်တော့၊ လင်ဖြစ်တဲ့ နင်တောင် မပြောဘူးဆို တော့ ငါတို့တွေတော့ ပြောမနေနဲ့တော့''

ယိမ်းသတင်းတွေကို မမိုးက ပြောတော့ သူ အံ့ဩမိသည်။ ယိမ်းက သူ အိမ်ကထွက်သည်နှင့် ဝတ်စားပြင်ဆင်ကာ ထွက်သွား သည်တဲ့။

''ညနေစောင်းမှ ပြန်လာတတ်တာ၊ ပြီးတော့ သူ ပေါင်းသင်း နေတဲ့သူတွေက စာရိတ္တမကောင်းဘူး။ ပွဲစားယောင်ယောင်နဲ့ အပျော် အပါးကို ရှာနေတဲ့ မော်လီတို့အုပ်စုနော်''

''ဟင်''

''ငါ အတန်တန် သတိပေးလျက်နဲ့ နင် အူတူတူမလုပ်နဲ့၊ လွှန်ကျုံကုန်မှ အရှက်တွေကွဲကုန်မယ်''

မမိုးစကားကြောင့် ယိမ်းကို သူ ချော့မော့မေးကြည့်တော့ ယိမ်း သူ့ကို စူးစူးရဲရဲကြည့်ကာ –

''မောင့်စကားတွေ ယိမ်းကို စော်ကားနေပြီနော်၊ ယိမ်းသိက္ခာ ကိုတော့ မထိခိုက်နဲ့''

''ယိမ်းရယ် ဒီသဘောမဟုတ်ပါဘူး။ ယိမ်း အပေါင်းအသင်း မှားမှာစိုးလို့၊ မမော်လီတို့အုပ်စုက မကောင်းဘူး''





''မောင့်အစ်မတွေထက် ကောင်းတယ်၊ အိမ်မှာနေရင် ပြ သနာတက်မှာစိုးလို့ ရှောင်ထွက်ပါတယ်၊ လင်မယားကြား ခလောက် ဆန်နေတယ်''

''ဟာ တိုးတိုးပြောပါကွာ''

''နေစမ်းပါဦး မောင်၊ ဘာကိုကြောက်နေတာလဲ၊ မောင့်အစ်မ တွေမျက်နှာကြည့်ပြီးနေရတာတော့ ယိမ်း စိတ်ကုန်နေပြီနော်''

''ဒီလိုမပြောပါနဲ့ ယိမ်းရယ်၊ မမိုးတို့က ယိမ်းအတွက် စိုးရိမ် လို့ပါ''

''မောင် ဘာမှကာကွယ်ဖုံးဖိမနေပါနဲ့၊ ဒီမှာ ယိမ်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး၊ ဒီအိမ်မှာနေရင် မောင်နဲ့ယိမ်း နေ့တိုင်း ပြ သနာတက်နေမှာပဲ၊ ယိမ်းတို့ တစ်အိုးတစ်အိမ်ခွဲနေရအောင်''

''ဟာကွာ ယိမ်းကလည်း၊ ဒီမှာ အဆင်ပြေနေတာပဲဥစ္စာ''

''နေ့တိုင်း အလုပ်သွားပြန်နေတဲ့ မောင်က ဘာသိမှာလဲ၊ ယိမ်းမှာတော့ ယောက်မတွေမျက်နှာကြည့်နေရတာလေ၊ အဟင့် ဟင့် ယိမ်းသိပြီ မောင်၊ ယိမ်းကို မောင်ယူခဲ့တာ နှစ်ယောက်ဘဝအတွက် မဟုတ်ဘူး''

''ဟာကွာ ဘာတွေပြောနေတာလဲ၊ ယိမ်း ဘာဖြစ်ချင်လဲ ပြော''

''ယိမ်းတို့ သီးသန့်နေချင်တယ် မောင်၊ ဒါဆိုရင် ဘာ

ပြဿနာမှလည်း ဖြစ်စရာအကြောင်းမရှိတော့ဘူး''

ယိမ်းတောင်းဆိုစကားကို သူလက်ခံမိသည်။ ကြာရင် မမိုးနှင့်ယိမ်းကြားမှာ ရှင်းမရအောင် ပြဿနာတွေ ရှုပ်ထွေးကုန်တော့မည်။

''စိတ်ချ၊ ယိမ်းဖြစ်ချင်တာ ဖြစ်စေရမယ်''

✿

''ဘာရယ် မောင်လေး၊ မင်းက သီးသန့်အိမ်ခွဲနေချင်တယ်၊ ဟုတ်လား''

''ဟုတ်တယ်လေ၊ ဒါမှ မမိုးတို့နဲ့ ယိမ်းကြားက ပြဿနာ ပြေလည်သွားမှာ''

''ဩော် မင်းက မယားဆန္ဒကြောင့် တောင်းဆိုလာတာကိုး''

မမိုး နာကြည်းစွာဆို၏။ မနှင်းကတော့ တားမြစ်သေးသည်။

''မောင်လေးရယ် မိသားစု စည်းစည်းလုံးလုံးနေတာ အဆင်ပြေပါတယ်''

''မဟုတ်သေးဘူး မနှင်း၊ ဟိုလေ ကျွန်တော်က အိမ်ထောင်သည်ဆိုတော့ ဒုက္ခလည်း မပေးချင်လို့ပါ၊ သီးသန့်နေတာ အဆင်ပြေမယ်ထင်တယ်''





သူ ဖြေရှင်းချက်ပေးတော့ မမိုး လှောင်သလိုပြုံးရင်း –

''မင်း အဆင်ပြေမယ်ထင်ရင် နေကြည့်လိုက်ပေါ့ မောင်လေး၊ မင်းမိန်းမက အချုပ်အနှောင်အောက်မှာ မနေချင်ဘူးဆိုတော့၊ အဟင်း ဒါ ဘာကြောင့်လဲ''

''မမိုး အထင်မလွဲပါနဲ့ဗျာ''

''တော်တော့ မောင်လေး၊ ဘာမှမပြောနဲ့တော့၊ ဒီစကား မောင်လေးနှုတ်က ထွက်လာတယ်ဆိုကတည်းက ဘယ်သူ့စနက်ဆိုတာ မမိုး သိပြီးသား''

မမိုးကတော့ သူ အိမ်က ခွဲထွက်မည့်ကိစ္စအတွက် အတော့်ကိုပဲ နာကြည်းပေါက်ကွဲသွားခဲ့သည်။ မယ်မယ်ကလည်း တားမြစ်သေး၏။ ဒါပေမဲ့ သူ့ဘက်က ယိမ်းကို ကတိပေးပြီးနေပြီ။

''သား ခွဲနေကြည့်ပါရစေ မယ်မယ်၊ မယ်မယ်တို့အရိပ်က ထွက်သွားတာမဟုတ်ပါဘူး၊ ကျွန်တော် အမြဲရောက်မှာပါ''

''မောင်မောင် မင်း ဒါ မင်းဇနီးရဲ့သွေးခွဲမှုကို မင်း ပျော်ဝင်သွားတာမဟုတ်လား''

''မ မဟုတ်ပါဘူး မယ်မယ်''

''မယ်မယ် တော်ပါတော့၊ ဘာမှတားမနေနဲ့တော့၊ ကဲ မောင်လေး မင်း သီးသန့်နေချင်တယ်ဆို မယ်မယ်ပိုင်တဲ့ ခြံနဲ့တိုက်တစ်လုံး ရှိတာပဲ၊ အဲဒီမှာနေ''

တကယ်ဆို သူ့ကို အဝေးထွက်သွားမှာလည်း စိုးရိမ်သော မမိုးရဲ့အစီအစဉ်ဖြစ်သည်။ မိသားစုထဲမှ မမိုးရဲ့ အရာရာကို ကြိုသိမြင်နိုင်မှုကိုတော့ သူ မမီခဲ့ပါ။

''စောင့်ကြည့်လိုက် မောင်လေး။ မင်း မကြာခင် စိတ်ဆင်းရဲ ဒုက္ခရောက်လိမ့်မယ်၊ အဲဒီအခါကျ မင်း လက်ခံသွားမှာပါ''

မမိုးစကားကို သူ ဥပေက္ခာပြုခဲ့သည်။ ယိမ်းဆန္ဒအတိုင်း စီစဉ်ပေးလိုက်တာကြောင့် ယိမ်း ပြောင်းလဲသွားမည် ထင်ခဲ့သည်။

ပိုးဆိုးသွားခဲ့သည်က ယိမ်း လွတ်လပ်ခွင့်အပြည့်အဝ ရသွား ခဲ့တာကြောင့် ဖြစ်သည်။

အပေါင်းအသင်းတွေနှင့် ယိမ်း ထင်ရာစိုင်းနေတာကို သူ သိတာလည်း ရှိမည်။ မသိတာလည်း ပါသည်။

''သူ့အဆင့်အတန်းနဲ့သူ ထိုက်သင့်တဲ့ အပေါင်းအသင်းတော့ ရှိမှာပေါ့ မောင်ရယ်၊ ဝန်မတိုစမ်းပါနဲ့''

အိမ်မှာ အပေါင်းအသင်းတွေ တရုန်းရုန်းနှင့် ပါတီပွဲတွေ ကျင်းပစားသောက်ကြသော ယိမ်းကို သူ ဘာမှမပြောနိုင်ခဲ့ပါ။ ယိမ်း ကို ချစ်စိတ်နှင့်ပဲ နားလည်ပေးခဲ့ခြင်းက အကြီးမားဆုံးမှားယွင်းမှုကြီးဟု သူသိလိုက်ရချိန်မှာ –

✿ ✿ ✿



## အခန်း (၉)

''မင်းမိန်းမ ခပ်ရှုပ်ရှုပ်ကောင်တစ်ယောက်နဲ့ တွဲနေတယ် မောင်မောင်၊ အဲဒါ မင်းစုံစမ်းကြည့်ဦး''

မမိုးသတင်းပေးလာတော့ သူ အသက်ရှူရပ်မတတ် ခံစား လိုက်ရသည်။ ဒီအခြေအနေမျိုးကို သံသယဝင်ထားမိပေမယ့် လက် တွေ့မှာတော့ လုံးဝမျှော်လင့်မထားခဲ့။ ယိမ်းကို သူ ယုံကြည်ထား ခဲ့မိသည်။

ဒါပေမဲ့ လက်တွေ့ကြုံလာပြန်တော့လည်း ယိမ်းကို သူ စိတ်မနာနိုင်။ မုန်းဖို့ဆိုတာ စိတ်တောင်မကူးမိခဲ့။ နောက်ဆုံး မမိုးအ ပေါ်မှာပဲ အပြစ်မြင်လာသည်။

သူ မမိုးကို မျက်မှောင်ကြုတ်ကြည့်ကာ –

"မမိုးကလည်း လူငယ်တွေပဲ မိတ်ဆွေအဆင့်နဲ့ တွဲသွား တွဲလာတော့ ရှိမှာပေါ့၊ ဒါကို ကျွန်တော်က သဘောထားသေးပြနေရင် ပြဿနာတက်ကုန်တော့မှာပေါ့"

မမိုးပုံစံက ကရုဏာဒေါသကြောင့် တင်းမာသွားပြီး လေသံတွေက မာဆတ်သွားသည်။

"ဘာလဲ၊ နင်က ပြဿနာမဖြစ်အောင် ရှောင်နေချင်တာလား၊ မောင်မောင် နင်ဟာလေ လူစင်စစ်ကနေ လှည်းကျိုးထမ်းရမယ့်ဘဝကိုတောင် မမြင်နိုင်တော့ဘူး၊ ဟိုက ဖြစ်ချင်တိုင်းဖြစ်နေပေမယ့်"

"တော်ပါတော့ မမိုးရာ၊ ကျွန်တော့်အိမ်ထောင်ရေးအကြောင်း ကျွန်တော်ပဲ သိပါတယ်"

သူ အလိုမကျစွာ ဟန့်တားလိုက်တော့ မမိုးစကားတွေ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွား၏။

"အဲဒီလောက်ထိ ဆိုးဆိုးရွားရွားကြီး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး၊ ယိမ်းက သူ့ကိုယ်သူ ထိန်းနိုင်ပါတယ်"

မမိုး ဘာပြောပြော ယိမ်းဘက်က သူ ကာကွယ်ပေးမိသည်။

"အေးပေါ့၊ မင်းက မှန်နေတာကိုး၊ ငါပြောလိုက်ရရင် မကောင်းတော့ဘူး"





"မပြောပါနဲ့တော့ မမိုးရာ၊ မမိုးစိုးရိမ်တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အရမ်းကာရော မစွပ်စွဲချင်ဘူး၊ အကျိုးအကြောင်း နိုင်လုံအောင် စုံစမ်းကြည့်ဦးမယ်"

"အေး စုံစမ်း စုံစမ်း၊ အဲဒါမှ မင်းမိန်းမအကြောင်း သေသေချာချာ သိသွားမှာ"

မမိုးမျက်နှာ အလိုမကျစွာ မဲ့သွားသည်။ မကျေမနပ်ရေရွတ်ပြောဆိုပြီး မမိုးပြန်သွားတော့ သောကတစ်ပွေ့တစ်ပိုက်ကြီးနှင့် ကျန်ရစ်ခဲ့သူက သူသာဖြစ်သည်။

ယိမ်းနှင့်ပတ်သက်လာလျှင် သူ့စိတ်ထဲမှာ ဘာကိုမှ ခံနိုင်ရည်မရှိ။ ယိမ်းအကြောင်းဆို ကောင်းသတင်းပဲ ကြားချင်သည်။ နုနယ်လွန်းသော နှလုံးသားက ခံစားရမှာ ကြောက်ရွံ့နေမိသည်။

အခုတော့ မျှော်လင့်မထားသည့် သတင်းဆိုးတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ။

ဒါဟာ အိပ်မက်တစ်ခုသာဆို ဘယ်လောက်ကောင်းလိုက်မလဲ။ သတင်းမှားတစ်ခုပဲ ဖြစ်ပါစေဟု ဆုတောင်းမိသည်။

သံသယတစ်ခုအဖြစ်သာ မျှော်လင့်နေမိပေမယ့် ဆုတောင်းက မပြည့်ခဲ့ပါ။

✿

သူစောင့်နေခဲ့တာ ကြာပြီ။

ဒါပေမဲ့ ယိမ်းက နှုတ်ခမ်းနီကို အချိန်ဆွဲဆိုးနေတာ မပြီးနိုင် မစီးနိုင်။ သူစောင့်နေမှန်းသိပေမယ့် မသိကျိုးကျွန်ပြု၍ ခြယ်သနေတာက အေးအေးဆေးဆေးပဲ ဖြစ်သည်။

ယောက်ယက်ခတ်နေသည့် အတွေးတွေက လေပွေလှိုင်းတွေလို ယောက်ယက်ခတ်နေသည်။

လက်မှနာရီကို ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ကြည့်မိ၏။ သည်းခံစိတ်တွေ တဖြည်းဖြည်း လျော့ပါးလာချိန်မှာတော့ -

"ယိမ်း"

"ဘာလဲ"

ယိမ်းလေသံက မာဆတ်ဆတ်ဖြစ်နေ၏။ သူ့အပေါ် ယိမ်း ဆက်ဆံမှုတွေ ရှိသေလေးစားမှု မရှိတော့တာ ကြာပြီ။

ဟိုအရင်ကဆို ခေါ်လိုက်တိုင်း ရှင်ဟု တလေးတစား တုံ့ ပြန်တတ်သည်။ အခုဆို ယိမ်းရဲ့ဆက်ဆံပုံတွေက အကုန်ပြောင်းကုန် ပြီ။

ဒါတွေကို ဥပေက္ခာပြုပြီး သဘောထားကြီးကြီးထားနေရပေ မယ့် ရင်ထဲမှာ ဘယ်လိုမှမကောင်း။





အိမ်ထောင်ကျတာ ဘာများကြာသေးလို့လဲ။

"ခေါ်ပြီးရင်လည်း ပြောစရာရှိတာ ပြောလေ၊ ဒီက စောင့်ပြီး နားထောင်ရတာ အလုပ်ပျက်တယ် ဦးမောင်မောင်ဆက်ရဲ့"

ယိမ်းရဲ့လေသံက အလိုအကျမှုတွေနဲ့ ခက်ထန်နေ၏။ တကယ်ဆိုလျှင် ဘယ်သူကမှားခဲ့တာလဲ။ သူ စိတ်မသက်သာစွာဖြင့်–

"ဩော် အင်း ယိမ်းကို ကိုယ်မေးစရာရှိလို့"

"ပြော"

ယိမ်းရဲ့တုံ့ပြန်မှုကို အလိုမကျမိပေမယ့် အပြစ်မဆိုရက်။

"မင်း ယောကျ်ားတစ်ယောက်နဲ့ တွဲနေတယ်ဆို"

သွယ်ဝိုက်မနေသည့် သူ့အမေးစကားကြောင့် ယိမ်း တစ်ချက်လေးတောင် မျက်နှာပျက်မသွားဘဲ နှုတ်ခမ်းလေးတွေ တွန့်ပြုံးသွားခဲ့သည်။

"ဩော် ဒါများ အဆန်းလုပ်လို့၊ တစ်ယောက်တောင် မကဘူး ဦးမောင်မောင်ရေ၊ အများကြီးနဲ့ တွဲနေတာ၊ ဘယ်က သတင်းတွေကြားလို့ စကားလာအစ်နေတာလဲ၊ ဘယ်သူ့ကိုမှ သည်းခံမှာ မဟုတ်ဘူးနော်"

သူက စကားစရုံရှိသေးပေမယ့် ယိမ်းက လေသံမာမာဖြင့် ခပ်ပြတ်ပြတ်ပြောလာသည်။ တင်းမာနေသောမျက်နှာထားက အလိုမကျဟန် အပြည့်။

ယိမ်းက သူ့အပြစ်ကို အပြစ်လိုမမြင်တာ သေချာသည်။ ကာယကံရှင်ဘက်က တင်းမာပြနေတော့ ဘယ်လိုပုံစံဖြင့် စကားဆက်ရမည် မသိတော့။

"ဦးမောင်မောင်"

"ပြောလေ ယိမ်း"

"ရှင် ဘာမှပြောစရာမရှိတော့ဘူးဆိုရင် ကျွန်မ သွားတော့မယ်"

ယိမ်းက စိတ်မရှည်နိုင်တော့သလိုပြောရင်း လှမ်းထွက်လိုက်သည်။

"ဟင် ယိမ်း ဘယ်သွားမှာလဲ"

"ဘာသ်ဒေးပါတီတစ်ခု ရှိတယ်လေ၊ အဲဒါ လူမှုရေးအရ သွားဝိုင်းလုပ်ပေးရမယ်"

"ဘယ်အချိန် ပြန်လာမှာလဲ"

"မနက်မှ ပြန်လာမှာ"

"ဘယ်လို၊ ညအိပ်မယ် ဟုတ်လား"

"အင်းလေ"

"ဟာ ဒါကတော့ ယိမ်းလွန်တာပဲ"

"အဟင်း၊ ဘာလဲ ချုပ်ချယ်ချင်နေပြီလား၊ ဒီက အစက တည်းက ဗိုင်ကောင်းကျောက်ဖိမဟုတ်ဘူးနော်၊ အိမ်ထဲမှာ အောင်း





နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဦးမောင်မောင်ရဲ့"

ယိမ်းက လှောင်ရယ်ရင်း ပြောလာသည်။ သူ တော်တော် စိတ်ပျက်သွားမိတာ အမှန်။ ယိမ်းကတော့ ဘာမှုမခံစားရသလိုပင်။

"ရှင်က ရှင့်စိတ်တိုင်းကျ ခြယ်လှယ်ခွင့်ရမယ့် မိန်းမကိုမှ လက်ထပ်ခဲ့တာ မဟုတ်တာ၊ ဒါပေမဲ့ နောင်တရနေပြီဆိုရင်လည်း ပြုပြင်ခွင့်ရှိသေးတယ်နော်၊ အချိန်မီသေးတယ်"

ထင်မှတ်မထားသောအခြေအနေက သူ့ကို တုန်လှုပ်သွားစေသည်။

"ဘာ မင်း ဘယ်လိုပြောလိုက်တာလဲ ယိမ်း၊ အိမ်ထောင်တစ်ခုကို လွယ်လွယ်နဲ့ထူထောင်ပြီး လွယ်လွယ်နဲ့ ဖျက်ဆီးလို့ရမယ် ထင်လို့လား ဟင်"

သူ့စကားအဆုံးမှာ ယိမ်း ခပ်သွဲ့သွဲ့ရယ်သည်။

ပြီးတော့ လှောင်ပြုံးနှင့်စိုက်ကြည့်ကာ ခြေလှမ်းတွေကို လှမ်းထွက်လိုက်သည်။

"နေဦး ယိမ်း"

"ဘာလဲ ဘာပြောဦးမှာလဲ"

စိတ်မရှည်သလို လှည့်မေးလာသည်။ မျက်နှာက မှုန်ကုတ်နေသည်။ ဒီမျက်နှာမျိုး သူ ဘယ်တုန်းက မြင်တွေ့ခဲ့ဖူးလဲ။ ရှိပါစေတော့လေ။ ကိုယ်ကမှ မပြောင်နိုင်ဘဲ။

"ကိုယ် အပြင်ကကြားလာတဲ့ သတင်းက တကယ်မဟုတ်ဘူးပေါ့"

မျှော်လင့်တကြီး မေးတော့ လှလှပပမျက်နှာလေးက အကျည်းတန်အောင် မဲ့ရွဲ့သွားခဲ့သည်။

"အို ဒါပဲ မေးနေတာယ်၊ ဒီကလည်း ဘာမဟုတ်တာလေးကို လေကုန်ခံပြီး မဖြေရှင်းချင်ဘူး၊ ရှင်ကသာ ထင်ချင်သလို ထင်လေ၊ ယိမ်းတို့ကတော့ ကိုယ့်ဂုဏ်သိက္ခာ ကိုယ်သန့်တယ်"

ပြောပြောဆိုဆို လှည့်ထွက်သွားသည့် ခြေလှမ်းတွေက လေပြင်းမုန်တိုင်းတစ်ခုလို။

ယိမ်းစကားတွေအတွက် သူ့မှာ ပျော်ရမလို၊ ငိုရမလို။ သေချာတာက သူ့ရင်ထဲမှာ ယခင်ကလို မအေးချမ်းတော့တာပဲ ဖြစ်သည်။

အချစ်တစ်ခုကိုပဲ မျက်စိစုံမှိတ် ရွေးချယ်ခဲ့မိသည့်အတွက် မှားခဲ့ပြီလား။

ယိမ်းရယ်၊

မင်းစိတ်တွေ ကိုယ့်အပေါ်မှာ တိမ်းညွတ်ငြိတွယ်လာအောင် ဘယ်လိုလုပ်ရမလဲ။

✿ ✿ ✿



## အခန်း (၁၀)

"ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ပါ မယ်မယ်"

အခန်းထဲ ဝင်လိုက်ကတည်းက မြင်တွေ့လိုက်ရသည့် မျက်နှာတွေက တစ်ယောက်မှ သာသာယာယာမရှိ။ အားလုံးက မှိုင်းညို့ညို့။

မယ်မယ်ကတော့ အားလုံးထဲမှာ မျက်နှာအပျက်ဆုံးဖြစ်သည်။ သူ နေရာလွတ်တစ်ခုမှာ ဝင်ထိုင်ပြီးချိန်အထိ ဘယ်သူမှ စကားမပြောသေး။

သူ့ဘက်က စကားစလာမှ မမိုးက လှုပ်လှုပ်ရှားရှားဖြစ်လာကာ ကိုယ်ကို မတ်မတ်ပြင်ထိုင်၏။

ပြီးတော့ မိခင်ဖြစ်သူဘက် ငဲ့ကြည့်ကာ -

"မယ်မယ် မိုး အသိပေးလိုက်ရတော့မလား"

ခွင့်တောင်းသလို ခပ်တိုးတိုးမေးတာကို ကြားလိုက်ရ၏။ သူ ရင်ထိတ်သွားရပြီ။

"မမိုး ဘာ ဘာကို အသိပေးမှာလဲ၊ ပြော"

သူ မမိုးဘက်လှည့်ကာ အလောတကြီး မေးမိ၏။ တည်ငြိမ် နေသော မမိုးမျက်နှာကိုကြည့်ကာ သူ စိုးရိမ်စပြုနေပြီ။

"ပြောမှာပါ၊ အခု မင်းကို သက်သေအထောက်အထားနဲ့ကို ပြောမှာ"

"ဟင်"

ဒီစကားလေး ကြားရုံနှင့် မမိုး ဘာကိုရည်ညွှန်းနေတယ်ဆို တာ သူသိလိုက်ပြီ။

ဘာတွေဖြစ်ကုန်ပြီလဲ။

မကြားရဲပေမယ့် နားထောင်ရတော့မည်။ ဘယ်လိုမှ ရှောင်လွှဲ ၍ရမှာ မဟုတ်တော့။

မမိုးကို မဝံ့မရဲကြည့်မိတော့ မမိုး ခနဲ့သလို နှုတ်ခမ်းတစ် ဖက်ကို တွန့်ကွေးရင်း ပြုံးသည်။

"ဘာလဲ သွေးပျက်နေပြီလား မောင်မောင်၊ မင်းက မ မိန်းမနဲ့ပတ်သက်လာရင် ခံနိုင်ရည်နည်းလို့ တော်ရုံကိစ္စဆို ရေငုံနှု





ပိတ်နေရတာ၊ အခုတော့ ဘယ်လိုမှ မျက်နှာလွှဲနေလို့ မရတော့ဘူး"

"ဟုတ်တယ် မောင်မောင်၊ ဒီမှာကြည့်စမ်း"

"ဟင်"

မမိုးကမ်းပေးလာသည့် အညိုရောင်စာအိတ်ရှည်ကြီးကို ရင် ထိတ်စွာ လှမ်းယူလိုက်မိသည်။ ပြီးတော့ တုန်ယင်နေသည့် လက် တွေဖြင့် ဖွင့်ဖို့ တွန့်ဆုတ်နေမိသည်။

"ကြည့်လေ"

"ဗျာ ဟုတ် ဟုတ်ကဲ့"

မမိုးပြောတော့ အယောင်ယောင်အမှားမှားဖြင့် စာအိတ်ကို ကမန်းကတန်း ဖွင့်လိုက်မိသည်။ စိတ်လှုပ်ရှားနေသဖြင့် အလျင်စလို ဆုတ်ဖြဲလိုက်မိသည်။

ဖောက်ထိုးကြီး ဖောက်လိုက်မိတာကြောင့် ဓာတ်ပုံနှင့်စာ ခေါက် တချို့ လျှောခနဲ ထွက်ကျလာသည်။

"ဟင် ဒါ ဒါတွေက"

သူ အထစ်ထစ်အငေါ့ငေါ့ဖြစ်ကာ ဓာတ်ပုံတွေကို ကတုန် ကယင်ဖြင့် ယူကြည့်မိသည်။

ဓာတ်ပုံတွေက ယိမ်းတစ်ယောက်တည်း အမျိုးမျိုး ကိုယ် ဟန်ပြပြီး ရိုက်ထားတာတွေဖြစ်သည်။

အားလုံးပေါင်း ဆယ့်ငါးပုံတိတိ။

ပုံတွေကို စုံစေအောင်ကြည့်ပြီးမှ ရင်ထဲက အပူတစ်ဝက် လျော့သွားသည်။ တော်ပါသေးရဲ့။

စုံတွဲပုံတွေလားလို့ သူက စိုးရိမ်နေမိတာ။ ဒါကိုတောင် ဘာဖြစ်လို့ မျက်နှာပျက်နေကြတာလဲ။

သူ နားမလည်နိုင်စွာဖြင့် အားလုံးကို ဝေ့ကြည့်မိ၏။ မမိုးဆီ အကြည့်ရောက်တော့ စာအိတ်ကို လက်ညှိုးထိုးပြရင်း –

"စာတွေပါ ဖတ်ကြည့်လေ"

"ဟင် စာဖတ်ရမယ်"

"ဟုတ်တယ်၊ အဲဒါမှ မင်း အားလုံး ရှင်းသွားလိမ့်မယ်"

"ဟင်"

ရင်ခုန်သံတွေ တဒိုင်းဒိုင်း ဆောင့်မြည်လာကာ စာခေါက် ကလေးကို ကမန်းကတန်း ဖွင့်ဖတ်မိသည်။

မောင် ...

လူကိုမရသေးခင်မှာ ဓာတ်ပုံတွေကိုပဲ အလွမ်းပြေကြည့်ပေါ့။ နှစ်ယောက်နီးစပ်ရဖို့ မပူပါနဲ့မောင်ရယ်၊ အနည်းဆုံး တစ်နှစ်၊ နှစ်နှစ် တော့ သည်းခံပြီး စောင့်ပါဦး။

ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်သက်နုနုလေးမှာ လင် မယားကွဲရင် ယိမ်းဘက်က ဘာရတော့မှာလဲ။





အဲဒါကြောင့် ခဏလေးတော့ သည်းခံပြီး စောင့်ဆိုင်းပေးပါ မောင်ရယ် နော်။

"တောက်"

"ကဲကွာ"

စာက မဆုံးသေးပါ။

ဒါပေမဲ့ သူ ဆက်ပြီးဖတ်နိုင်သည့်အင်အား မရှိတော့တာမို့ ဆုတ်ဖြဲပစ်လိုက်မိသည်။

"ဘယ်လိုလဲသား၊ မင်းမိန်းမရဲ့စာရိတ္တကို တွေ့ပြီမဟုတ် လား"

မယ်မယ်မေးမှ ကိုယ့်စိတ်ကိုယ်ထိန်းကာ မော့ကြည့်မိသည်။ မယ်မယ့်မျက်ဝန်းတွေက ငေးရီနေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် လုံးဝမထင်ထားခဲ့တာ အမှန်ပါပဲ၊ ဒါနဲ့ မယ်မယ် ဒီဓာတ်ပုံတွေ, စာတွေကို ဘယ်ကရတာလဲ"

"ဒီမှာ သား၊ မယ်မယ်တို့လိုအသိုင်းအဝိုင်းအတွက် ဘာမဆို စုံစမ်းရှာဖွေရတာ လွယ်ပြီးသားပါ၊ ကိုယ်က ငွေပုံပေးလိုက်တာနဲ့ ကာယကံရှင်ကိုယ်တိုင်က လာအပ်သွားတာ"

မယ်မယ့်စကားတွေက သူ့နှလုံးသားကို ထက်မြက်စေးသွား တွေနဲ့ အကြိမ်ကြိမ် ထိုးဆွနေသလို။

''ဗျာ ဘယ်သူက''

''မင်း အူတူတူ့အတတမလုပ်နဲ့ မောင်မောင်၊ မင်းမိန်းမနဲ့ ရှုပ်နေတဲ့ကောင်ကိုယ်တိုင်က ဝန်ခံသွားတာ''

မမိုး ဝင်ဖြေပေမယ့် မနှင်းကတော့ ခပ်မှဲ့မှဲ့မျက်နှာဖြင့် သူ့ကို စူးစိုက်ကြည့်နေခဲ့သည်။

သူ့အပေါ် စိတ်ပျက်နေခဲ့တာပဲ ဖြစ်မည်။

''ဩော် သူကလည်း ငွေမက်တာပဲကိုး''

''ဟုတ်တယ် မောင်မောင်၊ အဲဒါကြောင့် မင်းရဲ့သံယောဇဉ် အမျှင်တန်းတွေ ဖြတ်တောက်ပစ်ဖို့ ပြောတာ''

မမိုးက အရောင်လက်သွားသောမျက်ဝန်းတွေဖြင့် သူ့ကို ဝမ်းသာအားရပြောသည်။ သူ့အတွက်ဖြင့် အားလုံး သောကရောက် နေကြပြီ။

''ကျွန်တော် ဖြတ်နိုင်အောင် ကြိုးစားမှာပါ''

''တကယ်ပြောတာလား''

မမိုးက ဟန်မဆောင်နိုင်စွာမေးသည်။

''တကယ်ပါ မမိုး၊ ဒီလောက်အထိတော့ ဘယ်ယောကျ်ားမှ သည်းမခံနိုင်ပါဘူး''

''အေးလေ မင်းလုပ်ရပ်ကို ငါတို့ စောင့်ကြည့်ရတာပေါ့၊ လောကမှာ မိန်းမမရှားပါဘူး မောင်မောင်ရယ်''





သူ့ရင်ထဲက ပူလောင်နာကျင်နေတာတော့ အမှန်။

ယိမ်း ဒီလောက်အထိ သစ္စာမဲ့ရက်သလား။

တကယ်ဆို သူ့ဘက်က အားလုံးကိုဆန့်ကျင်ပြီး ယိမ်းကို ချစ်ခဲ့တာ။

အခုတော့ ယိမ်းလုပ်ရပ်က သူ့မေတ္တာတွေကို စော်ကားလိုက်တာ သေချာနေပြီ။

✿ ✿ ✿

## အခန်း (၁၁)

မယ်မယ့်ရှေ့မှာ မောင်မောင့်ရဲ့ဆုံးဖြတ်ချက်တွေ နိုင်မ
ခဲ့ပေမယ့် အိမ်ရောက်တော့ တွေဝေဝေဝါးလာသည်။

ယိမ်းဆိုတာ သူ နှစ်နှစ်ကာကာချစ်ခဲ့တဲ့ မိန်းကလေး။ ဒီမိန်း
ကလေး တစ်ပါးသူအပေါ် တိမ်းညွှတ်တာ သူ အသုံးမကျလို့၊ ဂ
တစိုက်မရှိခဲ့လို့လား။

မိန်းမတစ်ယောက်ရဲ့ ကိုယ်စိတ်နှစ်ပါးစလုံးကိုတောင် သ
မသိမ်းပိုက်နိုင်ခဲ့ပါလား။ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်နေမိသည်

ဟိုတွေးဒီတွေးဖြင့် အဆုံးသတ်မှာတော့ ကိုယ်သာ အမိ
တရားခံတစ်ယောက်အဖြစ် ကောက်ချက်ဆွဲမိပါသည်။





ဒါပေမဲ့ မယ်မယ့်ကို ကတိပေးခဲ့တဲ့အတိုင်း ယိမ်းကို သူ ကွာရှင်းပေးရပေးရတော့မည်။ နိုင်မာနေသည့် ဖြစ်ရပ်တစ်ခုအတွက် သူ ဘာဆက်လုပ်နိုင်မှာလဲ။

ထိုအတွေးတွေ ဝင်ရောက်နှိပ်စက်လာတော့ လူက မွန်းကျပ်ကျပ်ကြီး ဖြစ်လာသည်။

"ယိမ်းရယ်"

မင်းအပေါ်ထားခဲ့တဲ့ မေတ္တာတွေအတွက် ဒီနည်းနဲ့ ကျေးဇူးဆပ်လိုက်တာလားကွာ။

ဒါပေမဲ့ မင်းကို ကိုယ်က မမုန်းနိုင်တော့ ကြေကွဲရပြီပေါ့။ ကိုယ့်မှာ ဘာအပြစ်ရှိလို့ ဒီလောက်တောင် မုန်းတီးနေရတာလဲ။

တစ်ယောက်တည်း တွေးလိုက်ငေးလိုက်ဖြင့် ကမ္ဘာပျက်သလို ခံစားနေရသည်။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲ။

"တီ တီ တီတီ"

ကားဟွန်းသံကြားလိုက်ရတော့ သူ ဆတ်ခနဲ လှုပ်ရှားသွား၏။ ဒါ ယိမ်းပြန်လာတာပဲ။

ခံစားနာကြည်းနေသည့်ကြားမှ လှိုက်ခနဲ ပျော်ရွှင်သွားမိသေးသည်။ ဒါက အမြစ်တွယ်နေတဲ့ သံယောဇဉ်ကြောင့်လား။

သိပ်မကြာလိုက်ပါဘဲ ဒေါက်ဖိနပ်သံတစ်ခု စည်းချက်မှန်မှန်ဖြင့် အခန်းဆီ ဦးတည်လာသည်။

"ကျွိ"

တံခါးဖွင့်သံကြားရသည်အထိ သူ လှည့်မကြည့်မိသေး။ တွေ့ချင်တာ မှန်ပေမယ့် မျက်နှာချင်းဆိုင်မိလျှင် ခံစားရမှာစိုးပါသည်။ စကားစပြောဖို့ကို တွန့်ဆုတ်နေမိတာလည်း အမှန်။

"ဪ ဦးမောင်မောင် ပြန်ရောက်နေတာပဲ"

ယိမ်းက သူ့ကိုမြင်တော့ နှုတ်ဆက်သလိုဖြင့် ရေရွတ်လိုက်သည်။ သူ မဖြေချင်ဖြေချင်ဖြင့် ဖြေလိုက်သည်။

"ဟုတ်တယ်"

"ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

ဒီစကားမေးလာမှ သူ လှည့်ကြည့်ရင်း ဖြေမိသည်။ ယိမ်းကို ရင်ဆိုင်ဖို့ သူ့မှာ အင်အားမရှိတော့တာလား။

"ရှင်က ဘာမှမဖြစ်ပေမယ့် ကျွန်မကတော့ ဖြစ်နေပြီ ဦး မောင်မောင်ရေ၊ တကယ်စိတ်ပျက်ဖို့ကောင်းတယ် ဟူး"

"ဟင် ဘာဖြစ်လို့လဲ"

သူ အလောတကြီး မေးလိုက်မိသည်။ ယိမ်းပုံစံက တကယ် စိတ်ပျက်နေသည့်အသွင်။

"ဘာဖြစ်ရမှာလဲ၊ ဒီက လွတ်လွတ်လပ်လပ် နေချင်ပေမယ့် ကလေးတစ်ယောက် မွေးရတော့မယ်လေ"





"ဟင်"

ကိုယ့်နားကိုတောင် မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ စောစောက ခံစားရသမျှတွေ တစ်ခဏအတွင်း ပျောက်ကွယ်သွား၏။

ဝမ်းသာကြည်နူးမှုက အလုံးအရင်း ဝင်ရောက်လာတာ။ လူက ယိမ်းဘေးကို ချက်ချင်း ရောက်သွားခဲ့၏။ ဝမ်းသာပီတိစိတ်တွေက တစ်ကိုယ်လုံးကို ရှိန်းဖိန်းသွားစေသည်။

"ယိမ်း မင်း တကယ်ပြောတာလားဟင်"

ပခုံးသားလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ဝမ်းသာအားရ မေးမိသည်။

ယိမ်း မျက်နှာမဲ့မဲ့လေးဖြင့် ခေါင်းညိတ်ကာ သူ့လက်တွေကို ဖယ်ချလျက် –

"ရှင်ကတော့ ပျော်မှာပေါ့၊ ကျွန်မကတော့ မပျော်နိုင်ပါဘူး၊ ကလေးတစ်ယောက်မွေးရတဲ့ဒုက္ခက ဘယ်လောက်ကြီးတယ် မှတ်သလဲ၊ အချိန်ပြည့် ပူပင်နေရတာ၊ ဘယ်တော့သေမလဲလို့လေ"

"ဟာကွာ မဟုတ်တာ"

ယိမ်းနှုတ်ကစကားကြောင့် အပျော်လေးတွေ လွင့်စဉ်ပျောက် ကွယ်မတတ် ဖြစ်သွားခဲ့သည်။

"ယိမ်း မင်း ကိုယ့်ရင်သွေးလေးကိုတော့ မဖျက်ဆီးပါနဲ့ကွာ၊ ...င်း အဲဒီအတွက် ဘာလိုချင်သလဲ, ဘာဖြစ်သလဲ၊ အားလုံး ရစေရ

မယ်ကွာနော်''

သူ တောင်းတောင်းပန်ပန်ပြောမှ ယိမ်း မျက်နှာကြောတွေ ပြေလျော့သွားခဲ့ရသည်။

''အင်း ဒါဆိုလည်း ပြီးတာပဲ၊ ဘာလိုချင်သလဲဆိုတာတော့ မွေးပြီးမှပဲ ပြောတော့မယ်၊ ရှင့်စကားကိုတော့ မမေ့ပါနဲ့နော်''

ယိမ်းက သူ့ကို ကတိတောင်းသလိုဆိုနေပြန်သည်။ ဒီအချိန် မှာ သူ ဘာကိုမှ မြင်မနေနိုင်တော့ပါ။

''စိတ်ချပါ ယိမ်း၊ ကိုယ့်အတွက် ရင်သွေးလေး မွေးပေးရင် ကိုယ့်ဘက်က ဘာမဆိုဖြည့်ဆည်းပေးဖို့ အသင့်ပဲ၊ ကိုယ် ကတိပေး ပါတယ်''

ယိမ်းအပေါ် နာကြည်းစိတ်ဖြင့် ကြိုတင်တွေးတောသည့် စကားလုံးကြမ်းကြမ်းတွေ ဘယ်ရောက်ကုန်ပြီမသိ။

နာကြည်းစိတ်ဆိုတာလည်း စိုးစဉ်းမျှမရှိတော့ပါ။

ယိမ်း ဝမ်းထဲမှာ သူ့သွေးသား မှီတွယ်နေပြီဆိုသည့်အသိက သူ့ရင်ကို ကြည်နူးခြင်းတွေနဲ့အတူ အရာအားလုံးကို စွန့်လွှတ်ချင်ခဲ့ သည်။

ဘာပဲဖြစ်ဖြစ် ယိမ်းနှင့်သူတို့မိသားစုဘဝလေး ပိုင်ဆိုင်ခဲ့ရ တော့။

✿ ✿ ✿



## အခန်း (၁၂)

''ဟာ မင်းမိန်းမမှာ ကိုယ်ဝန်ရှိနေပြီ၊ ဟုတ်လား''

တအံ့တဩမေးရင်း မယ်မယ်က ရင်ဘတ်ကို ဖိထားသည်။ သူ မှင်သေသေဖြင့် ရပ်နေရာမှာ စကားစလိုက်သည်။

''ဟုတ်ပါတယ် မယ်မယ်''

''ဟဲ့ နင်နဲ့ရတာရော ဟုတ်ရဲ့လား မောင်မောင်ရယ်၊ သူက ခပ်ရှုပ်ရှုပ်''

မမိုးက မယုံကြည်သလို ဝင်ပြော၏။ ပြန်လည်ချေပဖို့ သူ့မှာ ဆွံ့အနေခဲ့သည်။ မယ်မယ်က သူ့ကို စူးစိုက်ကြည့်နေရာမှ –

''ဟုတ်သားပဲ မောင်မောင်၊ အဲ့ဒါက မင်းအသိပဲလေ၊ အဲဒီလို

စာရိတ္တမကောင်းတဲ့ မိန်းမရဲ့ရင်မှာ လွယ်ပိုးထားရတာက မင်းသွေး ဟုတ်ရဲ့လားဆိုတာ သံသယဝင်စရာပေါ့''

''သေချာနိုင်သလောက်တော့ ရှိမယ်''

မမိုးဝင်ပြောတော့ သူ သည်းမခံနိုင်တော့။

''မမိုးကလည်းဗျာ၊ မဟုတ်တာကို သံသယဝင်နေပြန်ပြီ၊ ကျွန်တော့်အပေါ် ဒီလောက်ထိတော့ သစ္စာမဲ့မှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ်၊ မွေးလာတဲ့ကလေးကို ကြည့်လိုက်လေ၊ ဒါဆို ရှင်းသွားမှာပေါ့''

''မင်းနဲ့ တူ့,မတူကိုလား''

''ဟုတ်တယ်''

မမိုး မျက်စပစ်မေးတော့ သူ တည်ငြိမ်စွာပဲ ဖြေလိုက်သည်။ မမိုးက ခပ်ယဲ့ယဲ့ပြုံးရင်း –

''မတူခဲ့ရင်ရော''

''အဲဒါဆိုရင် မမိုးတို့စီစဉ်တဲ့အတိုင်း နာခံပါ့မယ်''

သူ အလွယ်တကူပဲ ကတိပေးပစ်လိုက်သည်။ ယိမ်းလွယ်ထားတာ သူ့ရင်သွေးဆိုတာ သူ အကြွင်းမဲ့ ယုံကြည်သည်။

''ပြောပြန်ပြီ''

''တကယ်ပြောတာပါ မမိုး၊ ကျွန်တော့်ကို ဒီအခွင့်အရေး လေးတော့ပေးဖို့ တောင်းဆိုပါတယ်''





သူ မျက်နှာပျက်ပျက်ဖြင့် တောင်းဆိုမိသည်။ မမိုးက တစ်စုံ တစ်ခုပြောဖို့ ပါးစပ်အဟာမှာ မယ်မယ်က လက်ကာပြရင်း –

“နေဦး သမီး၊ သူ့ကို အိမ်ထောင်မကျခင်ဘဲ ပိုင်တာ၊ အိမ်ထောင်ကျပြီးသွားရင် မပိုင်တော့ဘူး၊ တို့ဘက်က အခြေအနေကို စောင့်ကြည့်ရုံပဲ တတ်နိုင်တော့တယ်၊ မောင်မောင်''

မယ်မယ့်စကားတွေက ပြတ်သားလွန်းသည်။ မယ်မယ် ဘာကိုဆိုလိုတယ်ဆိုတာ သူ သိနေပါသည်။

“ဗျာ”

မယ်မယ်က သူ့ကို လေသံမာမာဖြင့် ခေါ်သည်။ ပြီးတော့

“မင်းစကားအတိုင်း မွေးပြီးတဲ့အထိ စောင့်ကြည့်မယ်နော်၊ မင်းနဲ့ လုံးဝမတူခဲ့ရင်တော့ တို့ဘက်က လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ''

မယ်မယ်က သေချာအောင် ထပ်ပြောလာတော့ သူ့ရင်ထဲမှာ ပိုပြီးမွန်းကျပ်သွားမိသည်။

ပြောသာပြောရတာပါ။ တကယ်လို့များ မွေးလာတဲ့ကလေး က သူနဲ့မတူခဲ့လျှင်။

အို ဒါဆို ယိမ်းကို သူ တရားဝင်စွန့်လွှတ်ရတော့မှာပေါ့။ ဖြစ်နိုင်လျှင် အနာဂတ်ကို ကြိုမတွေးချင်တော့ပါ။

အတွေးနဲ့တင် တုန်လှုပ်လာရသည်။

ယိမ်းရယ် -

မင်း ကိုယ့်ကို ဒီတစ်ခါတော့ သစ္စာရှိပေးမယ်လို့ မျှော်လင့်မိပါတယ် ယိမ်းရယ်။ ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့် ကိုယ်တို့အချစ်ရေးမှာ ကံခေရတာလဲကွယ်။

မင်းကိုသာ လက်လွှတ်ဆုံးရှုံးရမယ်ဆိုရင် ကိုယ့်ဘဝကဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး ယိမ်း။

မင်းကို အမျိုးမျိုး အကာအကွယ်တွေပေးနေခဲ့တာ မင်းကိုချစ်တဲ့ ကိုယ့်ရင်ထဲက အချစ်စစ်ကြောင့်ဆိုတာ ဘာဖြစ်လို့ အခုထိသဘောမပေါက်တာလဲကွာ။

အခု ကိုယ့်ဘက်မှာ ရပ်တည်ဖို့ဆိုတာ မင်းနဲ့ရင်သွေးလေးပဲရှိပါတော့တယ်။ တကယ်လို့ မင်းဘက်က အမှားတွေပဲ ဆုပ်ကိုင်ထားမယ်ဆိုရင်တော့ -

ကိုယ့်ကိုသာ တစ်ခါတည်း သတ်သွားပါတော့ ယိမ်း။

✿ ✿ ✿



## အခန်း (၁၃)

တစ်နေ့တခြား ရင့်မာလာသော ယိမ်းရဲ့ကိုယ်ဝန်ကို အရိပ်တကြည့်ကြည့်ရင်း သူ မျှော်လင့်ချက်တွေ အများကြီးထားခဲ့ရသည်။

ယိမ်းကတော့ ကိုယ်ဝန်ဆောင်မိခင်လောင်းဆိုပေမယ့် ကျန်းမာရေးကို ဂရုမစိုက်။ အစားအသောက် အနေအထိုင်ကို အလေးမထား။ ရင်သွေးတွေအပေါ် ဘာကြောင့် ယိမ်း ချစ်စိတ်မရှိတာလဲဟု သူ စဉ်းမစားမရ။

"ယိမ်းရယ် အချဉ်အစပ်တွေ အရမ်းမစားပါနဲ့"

"တကတဲ ဘာဖြစ်လို့လဲ၊ ဒီအတိုင်း ငတ်နေရမှာလား၊ ဘာမှလာမပြောနဲ့၊ စားချင်တာ စားမယ်၊ ဒါပဲ"

''ဟာ ယိမ်းကလည်းကွာ၊ မောင်က ယိမ်းမှာ ကိုယ်ဝန်ကြီးနဲ့မို့ သတိပေးတာပါ''

''အဲဒါကြီးကြောင့်ပဲ ကျွန်မ စိတ်ပျက်ခဲ့တာ၊ သိလား''

''ဟင် ယိမ်း ဘယ်လိုပြောလိုက်တာလဲကွာ''

''ကြားတဲ့အတိုင်းပဲလေ၊ ဒီကလေးတွေကို ကျွန်မ လိုချင်ခဲ့တယ်လို့ ရှင်ထင်နေသလား''

ယိမ်းနှုတ်က စကားတွေကြောင့် သူ ခံစားနာကျင်ရ၏။ သူကတော့ ရင်သွေးတွေအတွက် ပျော်ရွှင်နေပေမယ့် ယိမ်းရင်ထဲမှာက သားသမီးတွေကို ချစ်စိတ်ကင်းမဲ့လွန်းနေသည်လား။

ဘာပဲဖြစ်ဖြစ် ယိမ်း တကယ်တမ်း ရင်သွေးလေးတွေ မွေးဖွားလာလျှင်တော့ ချစ်စိတ်ဝင်လာမှာ သူ ယုံပါသည်။

သူ ပိုမိုကျေနပ်ရသည်က ယိမ်းမွေးဖွားလာသော ရင်သွေးလေးတွေက တစ်ယောက်တည်းမဟုတ်ခဲ့ပါ။

''ဟယ် ကြည့်စမ်း မောင်လေးရေ၊ ကလေးတွေက အမြွာတွေဟဲ့၊ ယောကျာ်းလေးတွေ နှစ်ယောက်တောင်''

''ဟုတ်ပ့ါတော်၊ ကြည့်စမ်း၊ အကြီးကောင်က ငါ့သားနဲ့တစ်ရုပ်တည်းပဲ၊ အငယ်က နှင့်မိန်းမမျက်နှာဟဲ့''

မယ်မယ်တို့ရော မမိုးတို့ပါ ယိမ်းရင်သွေးတွေကိုကြည့်ကာ ကြည့်နှုးမဆုံးခဲ့။ သူ့ရင်ထဲမှာလည်း ပျော်ရွှင်ခဲ့မိပေမယ့် –





''ဟင် နှစ်ယောက်တောင်လား၊ ဒုက္ခပါပဲ၊ တစ်ယောက်တောင်မလိုချင်လို့ စိတ်ပျက်နေတာကို''

''ဟာ ဘယ်လိုပြောလိုက်တာလဲ ယိမ်းရယ်''

ယိမ်းစကားကြောင့် သူ စိတ်မကောင်းဖြစ်ရသလို မယ်မယ်တို့ကလည်း ယိမ်းကို ရှုံမှုန်းသွားစေခဲ့သည်။

''ဘယ်လိုလဲ သားရယ်၊ မင်းမိန်းမက ကိုယ့်သားသမီးတောင်မှ မချစ်တတ်ဘူးလား၊ ဘယ်လိုမိခင်လဲ''

''မောင်လေး နှင် ဒီပုံနဲ့ဆို မလွယ်ဘူး၊ နှင့်မိန်းမက ကလေးတွေကို အရေးမထားမှာ ငါ စိုးရိမ်တယ်''

''ဟုတ်တယ် မောင်လေး၊ ကလေးက နှစ်ယောက်နဲ့ နှင်တို့ကသီမှာ သေချာတယ်၊ မနှင်းတို့အိမ် ပြန်လာခဲ့ကြနော်''

''ဟို ယိမ်းကို မေးကြည့်ဦးမယ် မနှင်း''

''အိုဟယ် ဘာမေးနေရဦးမှာလဲ၊ ဒီကလေးနှစ်ယောက်တာဝန်ကို မင်းမိန်းမ ယူနိုင်မှာမို့လား''

သူ တွေဝေသွားမိသည်။ ဒါပေမဲ့ ယိမ်းကို ဆန့်ကျင်ပြီး ဘာမှမလုပ်ချင်ခဲ့ပါ။ ယိမ်းမွေးဖွားပေးခဲ့သော ရင်သွေးလေးတွေက သူ့ရဲ့သွေးသားအရင်းအချာတွေဆိုတာကိုတော့ မမိုး မငြင်းနိုင်တော့ပြီပဲ။

✿

"မဖြစ်ပါဘူး၊ ဘာလို့ သူတို့အိမ် ပြန်နေရမှာလဲ"

"ဟာ ယိမ်းကလည်း ကလေးတွေတာဝန်ကို ယိမ်းတစ်ယောက်တည်း မနိုင်နိုင်ဘူးလေ၊ ဒါကြောင့် မယ်မယ်တို့ ကူထိန်းသိမ်းနိုင်အောင် ခဏပြန်နေဖို့ ပြောတာပါ"

သူရှင်းပြတော့ ယိမ်း တွေဝေသွားခဲ့သည်။ အမြွှာသားလေးတွေရဲ့တာဝန်ကို ယိမ်း မယူနိုင်တာ သေချာသည်။ ဒီတော့ ခေါင်းညိတ်လက်ခံသည်။

သူတို့မိသားစု မယ်မယ်ရဲ့အိမ်ပေါ် ပြန်ရောက်ခဲ့သည်။

"မောင်လေး နင့်မိန်းမမျက်နှာက မာတင်းနေတာပဲ၊ သူ့လုပ်စာ ထိုင်စားနေတဲ့သူတွေများ ထင်နေသလား"

"အို မမိုးကလည်း သည်းခံလိုက်ပါနော်"

တူမလေးနှစ်ယောက်မျက်နှာကြောင့် မမိုး နှုတ်ဆိတ်သည်းခံနေပေးသည်။ သူကလည်း သားနှစ်ယောက်အတွက် ကြည်နူးစိတ်တွေ ဖြာမိ၏။ ကြာရင်တော့ ယိမ်း သဘောပေါက်နားလည်လာမှာယုံသည်။

အရင်လို တစ်ကိုယ်ရေမဟုတ်တော့ဘဲလေ။ အမြွှာသားနှစ်ယောက်ရဲ့မိခင်ဖြစ်နေပြီပဲ။





သူ့ယုံကြည်မှုတွေက သိပ်ကို မှားယွင်းခဲ့ပါသည်။ ယိမ်းက သားနှစ်ယောက်ကို ယောင်လို့တောင် လှည့်မကြည့်ဘဲ မနှင်းတို့နှင့် ပစ်ထားသည်။

"ယိမ်းရော မနှင်း"

"နေ့လယ်ကတည်းက ထွက်သွားတာ အခုထိ ပြန်မလာသေးဘူးလေ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် သား။ မင်းမယားရဲ့ သားမခင်တဲ့စိတ်ကို မယ်မယ် မယုံနိုင်အောင်ဘဲ၊ ကြည့်စမ်း ကလေးတွေခမျာ မိခင်ရှိနေလျက်နဲ့ မိခင်နို့ကင်းပြီး နို့ဘူးပဲ အားကိုးနေရတာ"

ယိမ်းရဲ့လုပ်ရပ်တွေအတွက် သူ ဒေါသတော့ဖြစ်ရသည်။ ယိမ်း ပြန်လာတော့ သူနှင့် စကားများတော့သည်။

"ဘာဖြစ်လို့လဲ၊ ယိမ်း ဘာကြည့်စရာလိုလဲ၊ မောင့်မိဘတွေ ရှိနေတာပဲ"

"ယိမ်း မင်း ဒီလို တာဝန်မဲ့စကားမပြောနဲ့ကွာ၊ တောက်"

"ဟင် မောင်က ယိမ်းကို တက်ခေါက်တယ်ပေါ့၊ ဒါ ဘာသဘောလဲဟင်၊ ပြောစမ်းပါ၊ ဘာလဲ မောင့်မိဘ. အစ်မတွေ မြှောက်ပင့်ပေးလို့ ရဲရင့်နေတာလား"

"ဟာကွာ ယိမ်း၊ မင်း တော် တော်တော့ကွာ"

မယ်မယ်တို့သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ သူ့ဘက်ကပဲ အလျှော့ပေးခဲ့ရသည်။ ဒါကြောင့်လည်း ယိမ်းက ပိုပြီး အရွဲ့တိုက်၊ ထင်ရာစိုင်းလာသည်လားမသိ။

✿ ✿ ✿



## အခန်း (၁၄)

"မောင်မောင် မင်းကို ငါ သတိပေးချင်လို့"

"ဟင် ဘာလဲ ဝင်းငွေ၊ ပြောလေကွာ၊ ဘာသတိပေးမှာလဲ"

သူ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေ ဝင်းငွေက ဆိုလာတော့ သူ ရိုးသားစွာပဲ မေးမိသည်။ ဝင်းငွေက ပြောမည့်စကားအတွက် တွန့်ဆုတ်နေတာမို့ သူ စိတ်မရှည်ချင်။

"ဟော့ကောင် ပြောလေကွာ၊ ငါအလုပ်ကိစ္စနဲ့ ပတ်သက်သလား၊ မင်းက ငါ့ရဲ့အခင်မင်ဆုံး သူငယ်ချင်းပဲကွာ၊ ပြောစမ်းပါဟ၊ ရဲရဲပြော"

"မဟုတ်ဘူး မောင်မောင်၊ ငါပြောမှာက မိသားစုကိစ္စ ဖြစ်နေ

တော့ သင့်,မသင့်တွေးနေတာပါ''

''ဟင်''

မိသားစု အရေးကိစ္စတဲ့။ ဒါဆို ယိမ်းအကြောင်းပဲဖြစ်မည်ဟု သူ နားလည်မိသည်။ တကယ်ဆို ယိမ်း ပြောင်းလဲနေတာ သူသိသည်။

မမိုးကလည်း အရိပ်အမြွက် အသိပေးထားသည်။ ဒါပေမဲ့ သူစိတ်ဆင်းရဲမှာစိုး၍ ထိမ်ချန်ထားတာတွေလည်း ရှိသည်။

''ပြောကွာ ဝင်းဌေး၊ ဘာကိစ္စလဲ၊ ငါ သိသင့်တာပဲကွာ၊ ပြော၊ ငါ မင်းကို နားလည်တယ်''

''အေးကွာ၊ မင်းဇနီး ခင်နဲ့ယိမ်းကို မင်း လွှတ်မထားနဲ့ကွာ၊ မော်လီတို့အုပ်စုနဲ့ တွဲနေတယ်''

''ဟုတ်လား။ သင်းတို့ ပြန်ဆက်နေပြီဆိုတာ ငါကြားတယ်''

''ကြားတာက ပြဿနာမဟုတ်ဘူး၊ ငါကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာကွ၊ စိန်ပွဲစားဒေါ်စိန်ဥရဲ့ပါတီပွဲမှာကွာ မြင်မကောင်း လောက်အောင်ပဲ''

''ဟင်''

''အေး သူနဲ့တွဲနေတဲ့ ဖေခင်ဆိုတဲ့ကောင်က ဘယ်လိုကောင် လဲဆိုတာ မင်း သိပါတယ်''

သူ သဘောပေါက်လိုက်သည်။ ဖေခင်ဆိုသောကောင်က





တကယ့်ကို ပိုင်းလုံးကောင်တစ်ယောက်။ ရုပ်ကလေးဖန်းပြီး ငွေကြေး ပြည့်စုံသောမိန်းမဆိုရင် ကြီးတာ, ငယ်တာ, အိုတာ, ပျိုတာမရွေး ရှုပ်သည်။

ဒီလိုကောင်နှင့် ယိမ်း တွဲနေသည်ဆိုတော့။

ရင်ထဲမှာ နာကြည်းပေါက်ကွဲမိသလို ရှက်မိတာလည်း အမှန်။ ယိမ်းရဲ့လုပ်ရပ်တွေက သူ့သိက္ခာကို ထိပါးနေပြီ။

''မောင်မောင် မင်း အခြေအနေကြည့်ပြီး ဆုံးမပေါ့ကွာ၊ မင်းမှာက သားတွေနဲ့ဆိုတော့ လွန်လွန်ကျူးကျူးလည်း မဖြစ်စေချင်ဘူး''

''အေး ငါ နားလည်တယ်''

ဒေါသတွေကို သားနှစ်ယောက်မျက်နှာမြင်ကာ သူ မျိုချပစ် လိုက်မိသည်။ ထိုနေ့က အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း ယိမ်း ရောက်မလာသေး။

မမနှင်းက သူ့သားနှစ်ယောက်ကို ချော့သိပ်နေသည်။

''မောင်လေး ထမင်းစားတော့မလား၊ မနှင်း အသင့်ခူးထား ပေးပြီးပြီနော်''

''မဆာသေးဘူး မနှင်း၊ ရတယ်''

ပြောပြီး ညေ့ခန်းမှာထိုင်ကာ သူ စောင့်သည်။ နာရီလက်တံ တွေက တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ကိုးနာရီကျော်သည်အထိ ယိမ်း ပြန်မလာသေးပါ။

"တောက်"

ဒေါ်သတွေ မျိုချပစ်ကာ အိမ်အပေါ်ထပ်ကိုတက်ဖို့ ပြင်တော့မှပဲ ခြံထဲကိုမောင်းဝင်လာသော ကားမီးရောင်ကိုမြင်သည်။ သူ လှေကားအလယ်လောက်က ရပ်ပြီး ကြည့်နေမိဆဲ။

"ဂွတ်နိုက်"

"ဂွတ်နိုက် ယိမ်း၊ ဆီးယူ တူမောရိုးနိုက်နော်"

"အိုခေ၊ အဟင်း ဟင်း"

ကားထဲက ယိုင်ထိုးနေသော ဟန်အမူအရာနှင့်ထွက်လာတာ ယိမ်း ဖြစ်နေသည်။ ချက်ချင်းဝင်မလာသေးဘဲ ကားထဲကကောင်တစ် ယောက်နှင့် စကားပြောနေ၏။

"ဟော့ကောင် ဖေခင် မင်းတို့ဖာတ်လမ်း ဖြတ်တော့ကွာ ယိမ်းအိမ် ရောက်နေပြီ"

"အိုး နိုး ပြဿနာမရှိဘူး၊ ဘာကိုဂရုစိုက်ရမှာလဲ ဂျက်ရယ် အဟင်း ဟင်း"

သူရှိတာ မမြင်တာကြောင့်ပဲလား၊ တမင်ပဲ ဂရုမစိုက်ဘဲ ယိမ်းဆိုနေတာလား မသိ။ ယိမ်းစကားသံတွေက သူ့နားထဲ ပူလောင်စွာ တိုးဝင်လာ၏။

"ဝူး"

ကားမောင်းထွက်သွားတော့ လက်တပြပြနှင့် ယိမ်း နှ





ဆက်ကာ ညှော်ခန်းထဲ လှမ်းဝင်သည်။

"တောက်"

"အင် ဘယ်သူလဲ အဟင်း"

"ယိမ်း မင်း သိပ်သရုပ်ပျက်လွန်းနေပြီနော်"

"ဘာလဲ၊ ဘာတွေပြောနေတာလဲ၊ ရှင် ကျွန်မကို ဘာမှ မပြောနဲ့၊ မပတ်သက်ချင်ဘူး"

"ဘာကွ၊ မင်းကိုယ်မင်း ဘာထင်နေသလဲ၊ မင်းက ငါ့မယား နော်၊ မင်းမှာ သားနှစ်ယောက်ရှိတာ မမေ့နဲ့"

"အဟင်း ဟင်း၊ အဲဒါတွေ ကျွန်မခေါင်းထဲမှာ မရှိဘူး"

"ဘာ၊ မင်းကွာ တောက်"

"မောင်လေး"

အနားကိုရောက်လာသော မနှင်းတားမြစ်သံကြောင့် သူ့ ဒေါ်သတွေ တုံ့သွားခဲ့သည်။ ယိမ်းက သူ့ကို ရီဝေဝေရူးရူးနှစ်နှစ်ကြည့် ရင်း –

"ဘာလဲ ရှင်က ကျွန်မကို ဘာလုပ်ချင်လို့လဲ၊ အဟင်း ဂရုမစိုက်ဘူး ဦးမောင်မောင်ဆက်"

"ယိမ်း ညီမလေး တော်ပါတော့နော်၊ မယ်မယ် နိုးသွားရင် မကောင်းဘူး"

"အေး ယိမ်းတို့က ဘယ်သူ့မှ ဂရုမစိုက်တာ"

"ဟာကွာ"

အိပ်ခန်းထဲက ထအော်သော သားငိုသံကြောင့် သူ့လက်တွေ ပြန်လျှော့ကျကာ လှေကားထစ်တွေအတိုင်း အပြေးတက်ခဲ့သည်။ မမနှင်းက ယိမ်းကိုချော့မော့ပြီး တွဲခေါ်နေ၏။

အိပ်ခန်းထဲရောက်တော့ အငယ်ကောင် စွန့်ပစ်ချသောသေးတွေ ရွှဲရွဲစိုလို့။ ငိုသံကြောင့် သားကြီးပါ နိုးနေသည်။

သူ သားတွေကို သေးစိုလဲပေးနေတုန်းမှာ မနှင်း ရောက်လာကာ ဝင်ကူညီပေးသည်။ လှည့်ကြည့်တော့ ယိမ်း ခုတင်ပေါ်မှာ မှောက်ကျကာ အိပ်နေပြီ။

"မောင်လေး ကလေးတွေကို မနှင်း ဒီညခေါ်သိပ်မယ်နော်၊ မင်းမိန်းမ အရမ်းမူးနေတာ"

"ဟုတ်ကဲ့၊ မနှင်း ခေါ်သွားပါတော့ဗျာ"

သူ စိတ်ပျက်စွာနှင့် အခန်းထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ယိမ်းရဲ့စရိုက်အကျင့်တွေကို သူ ဘယ်လိုပြုပြင်ရမှာလဲ၊ သားနှစ်ယောက်အတွက် ရင်မောမိသည်။

သူ မြတ်နိုးချစ်ခဲ့သော ချစ်ခြင်းတွေနဲ့ ယိမ်း မထိုက်တန်တော့ပြီလား။

ယိမ်းရယ် ငါ့အချစ်တွေကို မင်း ဥပေက္ခာပြုစော်ကားတယ်၊

✿ ✿ ✿



## အခန်း (၁၅)

ရုံးခန်းထဲမှာ သူ အလုပ်တွေနဲ့ နပမ်းလုံးနေတုန်းမှာပဲ ဖုန်းက ဝင်လာသည်။

"ဟဲလို"

"မောင်လေးလား၊ မမနှင်းပါ"

"ပြော မနှင်း၊ ဘာကိစ္စရှိလို့လဲဟင်"

"မောင်လေး ခုချက်ချင်း အိမ်ပြန်ခဲ့ပါ၊ အရေးကြီးလို့"

"ဟင်"

မနှင်း ဖုန်းချသွားတာမို့ သူ ဘာမှမေးခွင့်မရလိုက်ပါ။ ဂယောကမျော စိုးရိမ်စိတ်တွေဝေလျက် သူ အိမ်ကိုပြန်ခဲ့သည်။

မယ်မယ် ဘာဖြစ်တာလဲ။

ဒါမှမဟုတ် သားနှစ်ယောက် တစ်ခုခုဖြစ်သလား။

အိမ်ရောက်တော့ သူ ကြားလိုက်ရသော သတင်းက ချောက်ချားစရာကောင်းနေ၏။

"မင်းမိန်းမ အိမ်ကထွက်သွားပြီ မောင်လေး"

"ဗျာ"

"ဒီမှာ သူထွက်သွားတော့ မမနှင်း မသင်္ကာလို့ အခန်းထဲဝင်ကြည့်ရင်း ဒီစာကိုတွေ့ခဲ့တာ"

မနှင်း ကမ်းပေးသော စာခေါက်လေးကို သူ အံကြိတ်လှမ်းယူလိုက်မိသည်။ ယိမ်းရေးခဲ့သော စာလေးက ရင်ထဲထိ နာကျင်စေလောက်၏။

*ဦးမောင်မောင်ဆက်*

*ရှင်နဲ့ကျွန်မဇာတ်လမ်းကို ဒီမှာပဲ အဆုံးသတ်လိုက်ပါတော့။ ရှင့်အရိပ်အောက်မှာ ကျွန်မ မပျော်နိုင်ဘူး။ ရှင့်ကို ကျွန်မ တောင်းဖူးတဲ့ ကတိစကားတစ်ခွန်းကို ရှင် မှတ်မိရဲ့လား။ ရှင့်ရဲ့ရင်သွေးတွေ မွေးပြီးရင် ကျွန်မ,တောင်းဆိုတာ ပေးမယ်ဆိုတာလေ။*

*ရှင့်အရိပ်က ကျွန်မ လွတ်ခွင့်ပဲ လိုချင်တယ်။ ရှင့်မိဘ ရှင့်အစ်မတွေရဲ့အရိပ်ကို ကျွန်မ စွန့်ခွာလိုက်ပြီ။*





*ကလေးတွေကိုတော့ ရှင်တို့ပဲ စောင့်ရှောက်လိုက်ပေါ့။*

*ယိမ်း*

"တောက် ရက်စက်လိုက်တဲ့ မိန်းမ"

"သူ ရင်ထဲမှာ ရည်ရွယ်ချက်ကြီးမားစွာနဲ့ ဖန်တီးစီစဉ်ခဲ့ပုံပဲ မောင်လေး၊ ကလေးတွေကို သံယောဇဉ်ဖြတ်နေတာ ဒါကြောင့်ထင်တယ်"

မနှင်းစကားတွေကို သူ နားထောင်ရင်း ဒေါသနှင့်ရှက်စိတ်တွေက ရင်ထဲမှာ စိမ့်ဝင်လာသည်။

ဒါ သူ မြတ်နိုးချစ်ခဲ့သမျှအတွက် ယိမ်း တုံ့ပြန်ပေးဆပ်လိုက်တာလား။ ယိမ်းရယ် မင်းကို ချစ်လွန်းလို့ မင်းဘဝလေးကို ငါ ကယ်တင်ကူညီခဲ့တယ်။

ငါ့မိသားစုထဲမှာ ပျော်အောင်ထားခဲ့တယ်။ ငါ့ရင်သွေးလေးတွေနဲ့ မင်း တည်ငြိမ်သွားမယ် ယုံကြည့်ခဲ့တယ်။ အခုတော့ -

ယိမ်း မင်းကို ငါ အရမ်းမုန်းသွားခဲ့ပြီ။

✿

ယိမ်းပေးခဲ့သော ရှက်ဒေါသနှင့် နာကြည်းမှုတွေအတွက် သူ အားကိုးမှီဝဲရာက ယမကာရဲ့ ရီဝေမူးယစ်စေသော ခံစားမှုတွေထဲမှာပဲ ဖြစ်သည်။

"သား မင်းဘဝကို ဒီအတိုင်း ရေစုန်မျောမှာလား"

"ကျွန်တော့်အတွက် ဘာများလိုသေးလို့လဲ မယ်မယ်ရယ်"

"မဟုတ်သေးဘူး မောင်လေး၊ အသုံးမကျတဲ့မိန်းမတစ်ယောက်ကြောင့် မင်းဘဝကို မနစ်မွန်းစေသင့်ဘူး"

မမမိုးက ဆုံးမသည်။ မယ်မယ်က အပြစ်တင်သည်။ မနှင်းက နှစ်သိမ့်သည်။ ဒါပေမဲ့ စွန့်လွှတ်ခဲ့ရသော နှလုံးသားနှင့် ရင်ဆိုင်ရသောပတ်ဝန်းကျင်ကို သူ ရှက်ဒေါသဖြစ်သည်။

သူ့ဘဝကို အရက်နံ့ထဲမှာပဲ နှစ်ထားခဲ့မိသည်။

"သားနှစ်ယောက်အတွက် မင်း မစဉ်းစားဘူးလား မောင်လေး"

"ကျွန်တော့်သားတွေအတွက် အရမ်းဝမ်းနည်းတာပေါ့ မိုးရယ်၊ သားနှစ်ယောက်ဘဝက အမေက စွန့်ပစ်ခံရတဲ့ဘဝ အီး ဟီး"

ပြောရင်း သူငိုချတော့ မမိုး စိတ်ပျက်စွာ ခေါင်းခါသည်၊ မနှင်းက ဝမ်းနည်းစွာ မျက်ရည်ကျသည်။

"မောင်မောင် နင့်သားတွေအတွက် ဘာမှမပူနဲ့၊ ငါတို့ စော့ရှောက်ကျွေးမွေးနိုင်တယ်"





"ယုံပါတယ်၊ မမကို ယုံတယ်၊ တောက် ယိမ်း သွေးသားရင်းချာအပေါ်မှာတောင် အကြင်နာမဲ့တဲ့မိန်းမ၊ ကဲကွာ"

"ခွမ်း"

"အို မောင်လေး ဒုက္ခပါပဲ၊ လက်မှာ ဖန်ကွဲစတွေ ရှကုန်ပြီ"

"မနှင်း ဆေးသေတ္တာသွားယူစမ်း၊ ခက်လိုက်တာ"

သူကတော့ ဘာမှမသိအောင် ဆင်ခြင်ဉာဏ်ကင်းမဲ့နေပြီ။ အစ်မနှစ်ယောက်ကတော့ သူ့အတွက် ဗျာများနေခဲ့သည်။

ရင်ထဲမှာ မာနတွေ၊ သိက္ခာတွေ၊ ချစ်ခြင်းမေတ္တာတွေ အားလုံးကို ယိမ်း နင်းခြေပစ်ခဲ့တာပါ။

ဒီအတွက် တွေးမိတိုင်း ခံစားနာကျင်ရသော ဝေဒနာတွေအတွက် သူ သောက်မြဲသောက်တော့ မယ်မယ်တို့လည်း မတားနိုင်ခဲ့။

ဦးမောင်မောင်ဆက်ဆိုသော သူ့ဘဝသည် ခင်နွဲ့ယိမ်းနှင့်အတူ သေဆုံးပျောက်ကွယ်ခဲ့ပြီလား။

✿ ✿ ✿

## အခန်း (၁၆)

"နောက်ဆုံးတော့ အန်ကယ်ဆက် အရက်ရဲ့ကျေးကျွန်ဘဝနဲ့ပဲ ဇာတ်သိမ်းသွားခဲ့တယ်"

သွေးစကားတွေကို နားထောင်ရင်း ငြိမ့် ရင်မောနွမ်းလျသွားခဲ့သည်။ ကြေကွဲဖွယ်ရာဇာတ်လမ်းလေးကို သွေးက ပင့်သက်မောနှင့် ပြန်ဆက်ပြန်၏။

"အင်း ကျန်ခဲ့တဲ့ အမြွာညီအစ်ကိုတွေက လွှမ်းနဲ့သျှန်းတို့ပဲ ငြိမ့်"

"ဘယ်သူတွေ"

"အကြီးက လွှမ်းမောင်မောင်ဆက်၊ အငယ်က သျှန်းမောင်





မောင်ဆက်လေ၊ လွှမ်းက အန်ကယ်ဆက်နဲ့ တစ်ရုပ်တည်းတူတာ၊ သျှန်းကတော့ ဒေါ်ခင်နွဲ့ယိမ်းကိုယ်ပွားလို့ ပြောကြတဲ့အထိပဲ"

ငြိမ့် မမြင်ဖူးပေမယ့် သွေးစကားတွေ နားထောင်ပြီး စိတ်နှင့် မျှော်ကြည့်မိပါသည်။

"လွှမ်းက အဖေနဲ့တူတော့ အားလုံးက သိပ်ချစ်ကြတယ်၊ သျှန်းကိုတော့ ဒေါ်ခင်နွဲ့ယိမ်းကို စိတ်နာစိတ်နဲ့ ဘွားဆက်ရော မမိုးကပါ သိပ်သံယောဇဉ်မရှိဘူး"

"ဟင် ဟုတ်လား။ သနားစရာပဲ"

"ဒါပေါ့ ငြိမ့်ရယ်၊ သျှန်းခမျာ သူ ဘာမှမသိတဲ့ မိခင်ရဲ့ လောင်းရိပ်ကြီးကြောင့် ငယ်စဉ်ကတည်းက နှိမ်ချခံခဲ့ရတယ်၊ မေတ္တာတရားအရိပ်နဲ့ ကင်းစင်ခဲ့တယ်၊ ဒါကြောင့် သျှန်းကို သွေး ခင်မင်သံယောဇဉ်ကြီးရတာ"

"သွေးတို့က အတူနေဖူးလား"

"အင်း နေဖူးတာပေါ့။ သွေးပထွေးက ကြီးမိုးတို့ရဲ့ မောင်ဝမ်းကွဲလေ၊ အိမ်ချင်းက နီးနီးနေဖူးတော့ အတူကစားဖော်၊ ကျောင်းသွားဖော်တွေပဲ"

သွေးက ရှင်းပြနေသည်။ ငြိမ့် နားလည်လိုက်မိတာက သွေးနှင့်လွှမ်းတို့ညီအစ်ကိုက သွေးရင်းမဟုတ်သော မောင်နှမဝမ်းကွဲတွေ။

"အခု အန်တီမိုးက ရေခြားမြေခြားကို ခရီးထွက်ရမယ်ဆို

တော့ ဘွားဆက် ကျန်းမာရေးအတွက် စိတ်မချဘူး၊ ဒါကြောင့် သွေးကို ခေါ်တာလေ''

''သဘောပေါက်တယ်၊ ကိုထက်ရှားက သွေးကို သဘော မတူဘူး။ ဝန်တိုနေတယ်၊ ဒါကြောင့် မြို့ကို အကူအညီတောင်းတာ မဟုတ်လား''

မြို့ပြောတော့ သွေး ပင့်သက်လေးရှိုက်ကာ ခေါင်းညိတ် သည်။ မျက်နှာလေးက ချစ်စရာကောင်းအောင် နုဖပ်ပြီး စိတ်ဓာတ် ခိုင်မာသောသွေးကို မြို့ လေးစားအထင်ကြီးသလို အားလည်းကိုး သည်။

သွေးပထွေးဆုံးပြီး ရှစ်တန်းကျောင်းသူဘဝမှာကတည်းက မြို့နှင့်သွေး ခင်မင်ခဲ့တာ အထက်တန်းကျောင်းအထိပါပဲ။ ထိုစဉ်က မြို့က နယ်မှာရှိသော အဒေါ်တစ်ယောက်အိမ်မှာနေပြီး ကျောင်းတက် သူဖြစ်သည်။

ဆယ်တန်းအောင်တော့ ရန်ကုန်ပြန်သည်။ ညီအစ်မရင်းလို ခင်မင်သောမြို့ကို ရန်ကုန်မှာနေပြီး ကျောင်းတက်ဖို့ခေါ်ခဲ့၏။

မေမေကလည်း မြို့ဘဝအတွက် တိုးတက်အောင်ခွင့်ပြုခဲ့ ၏။ သွေးနှင့်အတူ ရန်ကုန်မှာ ကျောင်းတက်ခဲ့ကြသည်။

ဒါပေမဲ့ သွေးဘဝက ကံမကောင်းပါ။ ဒုတိယနှစ်ဝက်မှာပဲ မိခင်ဆုံးတော့ ကျောင်းကထွက်ကာ စီးပွားရေးလုပ်ငန်းတွေကို ဦး





ဆောင်လုပ်သည်။

မြို့ကိုတော့ သူမနှင့် ဆက်နေစေကာ ကျောင်းပြီးအောင် တက်စေသည်။ သွေးရဲ့ကျေးဇူးတွေက မြို့အပေါ် အများကြီးပါပဲ။

ပြီးတော့ သွေးသည် မြို့အတွက်တော့ စံပြသူငယ်ချင်းတစ် ယောက်ဖြစ်သည်။

''မြို့ ဘာတွေတွေးနေတာလဲ''

''သြော် နင့်အကြောင်းတွေပါ''

''ဘာရယ် ငါ့အကြောင်း''

''အင်းလေ၊ ငါက နင့်ကိုချစ်တယ်၊ ခင်မင်တယ်၊ ပြီးတော့ အားကျတယ်၊ နင်က ငါ့ရဲ့စံပြလေ''

မြို့ပြောတော့ သွေး သဘောကျစွာ ရယ်မောရင်း –

''စံပြလား။ ဒါဆို နင် မီအောင်လုပ်လေ၊ ငါ့မှာက ထက်ရှား ဆိုတဲ့ ချစ်သူရှိတယ်၊ နင်က ခုချိန်ထိ မစွံသေးတာ ဘာလဲဟ''

''ဟာ ဒါတော့ ငါ့စိတ်က ချစ်လို့ရတဲ့သူ မရှိလို့ပါဟာ''

''အင်း ကောင်းပါတယ်၊ အခုနေ နင့်မှာ ချစ်သူရှိနေရင် ငါ့ကိုကူညီဖို့ မလွယ်ဘူး၊ နင့်ချစ်သူက တော်ကြာ ယောက်ျားလေး နှစ်ယောက်ရှိတဲ့နေရာ မသွားခိုင်းရင် ခက်ပြီ''

''ဘာလဲ နင့်ရဲ့ထက်ရှားလို သဝန်တိုမယ့်သူမျိုး ငါ ရှာမယ် ထင်လို့လား သွေးရဲ့''

"သပန်တိုတယ်ဆိုတာ ချစ်တတ်လို့ပါဟာ"

"အံမယ် ကြည့်စမ်း၊ ထက်ရှားဘက်က ကာကွယ်နေလိုက်တာ"

"ကာကွယ်တာ မဟုတ်ပါဘူးဟာ၊ ယောကျ်ားတွေရဲ့သဘာဝကို ပြောတာပါ၊ ကဲ ထားပါ၊ ငါတောင်းတဲ့အကူအညီ နင် လက်ခံတယ်ပေါ့"

သွေး အလေးအနက်မေးလာတော့ မြို့ ရွံ့တွန့်တွန့်လေး ဖြစ်ရပြန်၏။

"အင်း လက်ခံပါတယ်၊ ဒါပေမဲ့ ယောကျ်ားနှစ်ယောက်ရှိနေမှန်းသိလို့ နည်းနည်းလန့်တယ်"

"အပာမ်း မပူနဲ့၊ လွှမ်းက သူ့အလုပ်နဲ့သူ၊ အချိန်ကုန်နေတာ၊ အဲ သျှန်းပဲရှိတယ်"

"သျှန်းက အငယ်နော်"

"ဟုတ်တယ် သိပ်ချောတယ်၊ သိပ်ဒေါသကြီးတယ်၊ ဂျစ်ကန်ကန်နဲ့၊ အပြောမတတ်ဘူး"

"ဟင် ဂုဏ်ပုဒ်တွေကြားတာနဲ့ ကြောက်နေပြီ"

"သိအောင် ပြောပြထားတာပါ၊ သျှန်းနဲ့ငါက အဆင်ပြေတယ်၊ ငါ့သူငယ်ချင်းဆို သူက နင့်ကိုခင်မှာပါ"

"ဟင့်အင်း၊ မခင်ရဲပါဘူး သွေးရယ်"





"ဒါလည်း ရတာပဲ၊ မြို့ အဓိက ကူညီပေးရမှာ ဘွားဆက်ပါ၊ ဘွားဆက်ကို စောင့်ရှောက်ပေးဖို့ပဲ"

"အင်း ဒါဆိုရင် ဖြစ်ပါတယ်၊ ဒါနဲ့ ဘယ်တော့ သွားရမှာလဲဟင်"

မြို့မေးတော့ သွေး ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ ငြိမ်သက်နေ၏။ ပြီးမှ –

"လိုပါသေးတယ်ဟာ၊ ကြီးမိုး ခရီးထွက်မှ သွားပေးပါ၊ ငါက နင့်ကို အရင်အကူအညီတောင်းတာ၊ ဘွားဆက်ဆီကို ငါ မလာနိုင်တဲ့အကြောင်း ပြောရဦးမယ်"

"ဟင် မပြောရသေးဘူးလား"

"အသိမပေးသေးဘူးလေ၊ နင့်ဆန္ဒ အရင်မေးတာပေါ့၊ နင် လက်ခံပြီဆို ပြီးပြီပေါ့"

မြို့ ခေါင်းလေးညိတ်ကာ ငြိမ်နေမိသည်။ သွေးအတွက် ကူညီပေးရတာကိုပဲ ကျေနပ်ပါသည်။

သွေးကို မြို့ကူညီပေးတာက သွေး မြို့ကို ကူညီခဲ့တာတွေနဲ့ယှဉ်ရင် ဘာမှဟုတ်တာမဟုတ်။

အဲဒီလောက်အထိ သွေးကျေးဇူးတွေ မြို့အပေါ် ရှိခဲ့တာပါ။

✿ ✿ ✿

## အခန်း (၁၇)

''ဘာရယ် နှင်း၊ သွေးက ကိုယ်တိုင်မလာနိုင်ဘူးလား''

''ဟုတ်တယ် မမိုး၊ ဒါပေမဲ့ မယ်မယ့်အတွက် သင့်တော်မယ့် သူ့သူငယ်ချင်းကို ပို့ပေးမယ်တဲ့''

ကြီးမိုးမျက်နှာ သုန်မှုန်သွားသည်။ သူစိမ်းဆိုတော့ လက်မခံချင်သည့်အရိပ်တွေ အထင်အရှားပေါ်လွင်နေ၏။

''သွေးသူငယ်ချင်းဆိုတော့ မိန်းကလေးပဲလား''

''ဟုတ်တယ် မမိုး၊ ဆေးဝါးကျွမ်းကျင်ဘွဲ့ရထားပြီးသားတဲ့လေ''

ဒီစကားကြားတော့ မမိုးမျက်ဝန်းတွေ ပြေသွားပြန်၏။





''အင်း ဒါဆို မဆိုးပါဘူး၊ မယ်မယ့်အတွက် စိတ်ချရမယ့်သူဖြစ်ဖို့ပဲ လိုတယ်''

''ဒီအတွက်မပူဖို့ သွေးပြောပါတယ်၊ အဲဒီသူငယ်ချင်းက သူ့မလာနိုင်လို့ ကူညီပေးမှာတဲ့''

''အင်း တစ်ခုတော့ရှိတယ်၊ လွှတ်မှာက မိန်းကလေးဆိုတော့ အိမ်က နှစ်ယောက်နဲ့ ဖြစ်ပါ့မလား''

မမိုးက လွှမ်းနှင့်သျှန်းကို ရည်ညွှန်းကာ ပြောလိုက်ခြင်းဖြစ်၏။ မနှင်းကလည်း နားလည်ပါသည်။

''အခုခေါ်တာက မယ်မယ့်အတွက်ပဲလေ''

''မယ်မယ့်အတွက်ပေမယ့် တစ်အိမ်တည်းမှာရှိနေမှာမို့ တွေးထားရတာ၊ လွှမ်းက ပြဿနာမဟုတ်ဘူး၊ မိန်းမကိစ္စ ကင်းတယ်၊ အငယ်ကောင်က တကယ့်အရှုပ်၊ သူ့အတွက် ပူတာ''

အမြဲတမ်း သျှန်းဆို အကောင်းမမြင်တတ်သော မမိုးစကားကြောင့် နှင်း ကြားကတော့ မခံနိုင်ဖြစ်မိသည်။ ဒါပေမဲ့ မမိုးကို သူမကိုယ်တိုင် မလွန်ဆန်နိုင်တော့လည်း ရင်ထဲမှာပဲ မျိုချလိုက်ရ၏။

''သူ့အမေလို စိတ်ဓာတ်မျိုးအတိုင်းလေ၊ အိမ်ရောက်လာတဲ့ မိန်းကလေးနဲ့ ရှုပ်ရင်ခက်မယ်''

''ဒါဆိုလည်း လူမခေါ်နဲ့တော့ မမိုး''

''ဟဲ့ ဘယ်ရမလဲ၊ ငါမရှိတော့ နင်တစ်ယောက်တည်း တာ

ဝန်တွေ ပိနေမှာပေါ့''

သျှန်းအကြောင်းပြောနေတာ မခံနိုင်လို့ ပြောမိပြန်တော့လည်း မမိုးက လက်မခံသလိုပြောသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မမိုး အိမ်မှာမရှိလျှင် သူမတစ်ယောက်တည်း မနိုင်ပါ။

မယ်မယ်က ကျန်းမာရေး သိပ်မကောင်းတာမို့ အရေးကြီးသည်။ အနီးကပ် စောင့်ရှောက်ကြည့်ဖို့လိုသည်။

ဝေဒနာရောဂါတွေအတွက် ဆေးက အချိန်မှန်တိုက်ရမည်။ ဒါတွေကို အိမ်မှုကိစ္စတွေ တာဝန်ယူထားရသော သူမ မနိုင်နင်းပါ။

''အင်း လိုပါသေးတယ်လေ၊ ထားလိုက်ပါဦး၊ ပြီးမှ စဉ်းစားတာပေါ့၊ သွေးလည်း လာဦးမှာပဲ''

မရေမရာနှင့် စကားကို မမိုးရပ်ပစ်သည်။ အားလုံးကို စီမံခန့်ခွဲနိုင်သူက မမိုးပဲမို့ သူမ ဘာမှမပြောရဲတော့ပါ။

မမိုးထွက်သွားတော့ ချက်စရာ ပြုတ်စရာကိစ္စတွေကို သူမ ဆက်စီမံသည်။ မယ်မယ်က တစ်ပါးသူချက်တာ မစားတတ်သူမို့ အိမ်မှာ အချက်အပြုတ် လူမခေါ်ပါ။

သူမပဲ ချက်သည်။ အဝတ်အစားလျှော်ဖွပ်ဖို့က လူငှားလျှော်လို့ရသည်။ ပြီးတော့ အိမ်သန့်ရှင်းရေးအတွက် တစ်ပတ်တစ်ရက် အဆင်ပြေသည်။

ဒါကြောင့် မိသားစုဆန်သော ဒီအိမ်မှာ သူမတို့အိမ်သားတွေ





ပဲရှိသည်။ လူပိုမထားလိုသော မယ်မယ်က ဒရိုင်ဘာလည်း မခေါ်။ ခြံမာလီလည်း မထား။

နှစ်ပတ်တန်သည်။ တစ်လတန်သည်မှ လူခေါ်ပြီး ခြံရှင်းသည်။ မယ်မယ်ရဲ့ဆန္ဒအတိုင်း အားလုံးဖြစ်အောင် စီမံပေးသူက မမိုးပါပဲ။

အခုလည်း မမိုး ခရီးထွက်မည်ဆိုတော့ အိမ်မှာ လိုသည့်လူအတွက် သူစိမ်းမခေါ်ချင်တာမို့ သွေးကိုခေါ်သည်။ သွေးက ကိုယ်တိုင်မလာနိုင်လို့ ကိုယ်စားရှာပေးသည်ဆိုပြန်တော့ မမိုးစိတ်က မကြည်လင်ပြန်ပါ။

သူတို့စိတ်တိုင်းကျပဲ စီစဉ်ပါစေတော့။ ဒါက သူမနဲ့မဆိုင်ဟုပဲ သဘောထားလိုက်သည်။

''ကြီးနှင်း''

''ဟင် သားနိုးလာပြီလား''

''ဟုတ်တယ်၊ ဘာစားစရာရှိလဲဟင် ကြီးနှင်း''

''ဈေးထဲက နန်းပြားဖတ်ဝယ်လာတယ်၊ သားကြိုက်တယ်ဆိုတာ သိလို့လေ၊ ဆီချက်လေးနဲ့ အချိုသုပ်ပေးမယ်''

''ကောင်းတာပေါ့၊ သုပ်ပေး ကြီးနှင်း''

ပြောရင်း သျှန်း စားပွဲမှာဝင်ထိုင်ပြီး ကော်ဖီကို ငုံ့သောက်နေသည်။ ကြီးနှင်းတစ်ယောက် ဆီချက်အိုးတင်ကာ သျှန်းစားဖို့အတွက်

စီမံပေးနေ၏။

"သား ရပြီ၊ စားလိုက်နော်"

"ကြီးနှင်းရော စားပြီးပြီလား"

"ပြီးမှစားမယ်၊ ချန်ထားပါတယ်၊ သား ဝအောင်စား၊ ဟုတ်လား"

သူမသုပ်ပေးသော နန်းပြားသုပ်ကို အားပါးတရစားနေတော့ ရင်ထဲမှာ ကျေနပ်ဝမ်းသာမိသည်။ သျှန်းက ငေးလောက်အောင် ချောမောသည်ဟုလည်း သူမ မှတ်ချက်ပြုမိ၏။

မိခင်နဲ့တူလို့ ချောတော့လည်း သျှန်းခမျာ မမိုးတို့အတွက် သံယောဇဉ်မဲ့စရာ ဖြစ်နေ၏။ ကိုယ့်မောင်ကို ဒုက္ခရောက်အောင်လုပ် စွန့်ပြေးသောမိခင်ရဲ့အရိပ်က သျှန်းအပေါ် မိုးနေ၏။

"ဟော ကိုယ်တော်ချောက အခုမှ အိပ်ရာက ထတယ်ပေါ့"

မီးဖိုထဲဝင်လာသော ကြီးမိုးရဲ့အနှောင့်အသွားမလွတ်စကား ကြောင့် သူမ စိတ်ပူသွားသည်။ သျှန်းကလည်း တစ်စက်လေးခံတ မဟုတ်။

စားသောက်ရင်း စကားတွေ များကုန်မှာစိုးသည်။

"မင်းကတော့ အိမ်မှာ ဘုရင်ပဲနော်၊ အချိန်တန်စား၊ အိပ် လည်နဲ့ ဇိမ်ကျလို့"

"ဒါ သဘာဝက ဖန်တီးပေးထားတာပဲလေ ကြီးမိုးရဲ့"





"ဘာရယ်"

"ဟုတ်တယ်လေ၊ အမေနဲ့တူတဲ့ ဟောဒီရုပ်က ကျွန်တော့်ကို စိတ်ကြိုက်နေထိုင်ခွင့်ပြုခဲ့တာ"

"တော်စမ်း သျှန်း၊ မင်း ငါ့ကို ရိသလိုလို မပြောနဲ့"

တော်စမ်းဆိုတော့ သျှန်း ပခုံးတွန့်ကာ စားလက်စပန်းကန်ကိုပါ ထားရစ်ခဲ့ကာ ထွက်သွား၏။

မမိုးက မျက်နှာကြီးနီလျက်က မကျေမနပ် လိုက်ကြည့်ရင်း

"တစ်ချက်လေး မခံဘူး၊ တစ်ပုံစံတည်းပဲ ဟင်း"

မနှင်း ပင့်သက်ရှိုက်မိသည်။ ဒီအရိပ်ဆိုးကြောင့် သားခမျာ ကောင်းကောင်းမစားရ၊ မအိပ်ရရှာပါလား။

တွေးရင်း သူမရင်ထဲမှာ သျှန်းကိုပဲ သနားနေမိတော့သည်။

✿ ✿ ✿

## အခန်း (၁၈)

မနက်စာ ထမင်းဝိုင်းလေးက လူစုံလင်နေပေမယ့် အားလုံး တိတ်ဆိတ်စွာပဲ စားသောက်နေကြသည်။ ဘွားဆက်ပြီးလျှင် ဒီအိမ်မှာ အခရာအကျဆုံးက ကြီးမိုးပဲ ဖြစ်၏။ ဘွားဆက် အသက်အရွယ်က ကြီးပြီမို့ ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်က ဝေဒနာစုံနေပြီ။

ဒူးတွေ, အဆစ်တွေ နာနေတာမို့ မိသားစုထမင်းဝိုင်းကို တောင် ဘွားဆက် ဆင်းမစားနိုင်တာကြာပြီ။ အများအားဖြင့် အပေါ် ထပ်က အခန်းထဲမှာပဲ ဘွားဆက် ထမင်းစားသည်။

ကြီးမိုး၊ ကြီးနှင်းနှင့် သူတို့ညီအစ်ကိုနှစ်ယောက်ပဲ ထမင်းဝိုင်း မှာ လက်ဆုံစားဖြစ်ကြသည်။ အခုလည်း လေးယောက်သော ထမင်း





ဝိုင်းလေးမှာ သူ ကြီးမိုးကို အကဲခတ်ကြည့်နေရင်း သူတောင်းဆိုချင် သောစကားကို စမိ၏။

"ကြီးမိုး"

တိတ်ဆိတ်စွာ ထမင်းငုံ့စားနေသော ကြီးမိုး သူ့ခေါ်သံ ကြောင့် မော့ကြည့်နားစွင့်ထားသည်။

"ကျွန်တော် အပန်းဖြေခရီးထွက်ချင်လို့"

သူ့စကားကြောင့် ကြီးမိုး မျက်မှောင်ကုတ်သွား၏။ လက်ထဲ က ခက်ရင်းနှင့်ဇွန်းကို အသာပန်းကန်ထဲချရင်း –

"ဘယ်လို၊ အပန်းဖြေခရီးထွက်မယ်၊ ဟုတ်လား၊ မင်းက ဘာတွေပင်ပန်းနေလို့လဲ၊ အစစအရာရာ သားကြီးကပဲ ဦးဆောင် လုပ်နေတာ၊ မင်းက အိမ်မှာနေပြီး ပင်ပန်းနေသလား"

ထုံးစံအတိုင်းပါပဲ။ ကြီးမိုးလေသံက မာတင်းပြတ်သားသည်။ သျှန်း မဲ့ခနဲပြုံးရင်း လွှမ်းကို တစ်ချက်ကြည့်သည်။ ပြီးမှ –

"ဒါတော့ သူ့တာဝန်ပဲ ကြီးမိုးရာ၊ လွှမ်းက အကြီးပဲလေ၊ ဦးဆောင်ရမှာ သူ့တာဝန်ပဲ၊ မဆန်းပါဘူး"

"မင်း ဒီလိုမပြောနဲ့၊ မင်းလည်း မငယ်တော့ဘူးလေ၊ တ ကယ်ဆို မိသားစု စီးပွားရေးကို အစ်ကိုနဲ့ ဝိုင်းကူသင့်ပြီ၊ ပြီးတော့ မင်းတို့က မိနစ်ပိုင်းပဲ ခြားမွေးတဲ့အမြွှာညီအစ်ကိုတွေပါ၊ ဘာမှကွာ တာ မဟုတ်ဘူး"

"ဘာမှကွာတာမဟုတ်ပေမယ့်လည်း အရင်မွေးတဲ့သူက အစ်ကိုပဲလေ၊ ဒါကြောင့် ကြီးမိုးတို့တောင် အကြီးအငယ်တွေဆိုပြီး သတ်မှတ်ထားတာပဲ၊ ပြီးတော့ ကျွန်တော် ဘာမှလုပ်စရာမလိုအောင် လွှမ်းက တော်ပြီးသားပဲ၊ လုပ်ငန်းတွေအောင်မြင်နေတာ ကျွန်တော် လုပ်မှ ကျဆင်းသွားမှာစိုးလို့"

သူ တမင်ရိသဲ့သဲ့ပြောတာဟု ကြီးမိုး သဘောပေါက်မှာ သေချာသည်။ တကယ်ဆို မိသားစုစီးပွားရေးလုပ်ငန်းကို အကြီး ကောင် လွှမ်းမောင်မောင်ဆက်ကိုပဲ ကြီးမိုးက ယုံကြည်စွာ ပုံအပ်ထား ခဲ့တာဖြစ်သည်။

သူ့ဆိုလျှင် ယုံကြည်မှုမရှိပါ။ သူကလည်း လွှမ်းနှင့်အတူ လုပ်ရမှာကိုတော့ ဘယ်လိုမှစိတ်မပါတာ အမှန်။ ဒါကြောင့် ကြေညာ ထားပြီးသားဖြစ်၏။

"လွှမ်းနဲ့တော့ တွဲမလုပ်ချင်ဘူး၊ အလုပ်လုပ်စေချင်ရင် ကျွန် တော့်ဘာသာ ကိုယ်ပိုင်စီးပွားရေးလုပ်မယ်၊ အရင်းအနှီးထုတ်ပေး"

သူဆိုတော့ ကြီးမိုးက လက်မခံပါ။ ဘွားဆက်ကလည်း လက်မခံတာမို့ သူကလည်း ဒီအတိုင်းပဲ နေသည်။

"အလုပ်ကိစ္စတွေ ထားလိုက်တော့၊ အခုမေးချင်တာက မင်း ဘာကြောင့် အပန်းဖြေခရီးထွက်ချင်တာလဲ"

"ကျွန်တော် ဘာမှ အလုပ်မလုပ်ရပေမယ့် စိတ်ဖိစီးမှုတွေ





များနေတယ်၊ ဘာမှလုပ်ချင်ကိုင်ချင်စိတ် မရှိဘူး၊ အဲဒါကြောင့် အပြောင်းအလဲဖြစ်အောင် ခရီးထွက်ရင်ကောင်းမလားလို့"

"မထွက်ရဘူး သျှန်း"

"ဘာလို့လဲ ကြီးမိုး"

"မထွက်စေချင်လို့ပေါ့၊ မင်းက တစ်ခါဆို ဆိုသလောက် ပြဿနာကို အဖော်ခေါ်လာတတ်သေးတာ၊ အေး ခရီးထွက်ချင်တယ် ဆိုရင် လွှမ်းအားတဲ့အချိန်ကျမှ ညီအစ်ကိုနှစ်ယောက် အတူသွားကြ"

"ဟာဗျာ မမိုက်ပါဘူး၊ လွှမ်းအားတဲ့အချိန် စောင့်သွားရမယ် လို့"

သူ မျက်မှောင်ကုတ်ငြင်းတော့ ကြီးမိုးမျက်ဝန်းတွေ ဒေါသ ရောင်စဉ် လက်ဖြာသွားရင်း –

"မင်းကိစ္စက ဘယ်လောက်တောင်အရေးကြီးနေလို့ မစောင့် နိုင်ရမှာလဲ၊ ဘာအလုပ်အကိုင်မှ မရှိဘဲနဲ့၊ မင်းလေသံက မိုးထိနေပြီ၊ အေး မစောင့်နိုင်ဘူးဆိုရင်လည်း တစ်ခါတည်းသာ ထွက်သွားတော့၊ ပြန်မလာနဲ့"

"အို မမိုးကလည်း ဘယ်လိုပြောလိုက်တာလဲ ကလေးကို၊ အဲဒီလိုမပြောပါနဲ့"

ကြီးနှင်းက ဝင်တားသည်။ လွှမ်းကတော့ ထမင်းစားမပျက် ဘဲ ဘာတစ်ခွန်းမှမဆို။ ဒီအိမ်မှာ ကြီးနှင်းတစ်ယောက်ပဲ သူ့ကို စာ

နှ ၁ပေးနိုင်တာဖြစ်သည်။

"ရပါတယ် ကြီးနှင်း၊ ဒီလိုပဲ အနှင်ချခံရတာ များနေတော့ ရိုးနေပါပြီ၊ ဒါပေမဲ့ ကောင်းပါတယ်၊ ကျွန်တော်လည်း ခရီးထွက်ချင်နေတာ"

"ဟင် သားက ဘယ်သွားမလို့လဲ"

ကြီးနှင်း စိုးရိမ်စွာမေးသည်။ ကြီးမိုးကတော့ အလိုမကျသလို ကြည့်နေရင်း သူ့အဖြေကို နားစွင့်နေဆဲ။

"ခရီးထွက်မယ်လေ၊ တစ်နေရာရာပေါ့"

"ဘယ်ကိုသွားမလို့လဲ၊ ဘယ်လောက်ကြာမှာလဲ သားရယ်"

"မသိသေးဘူး"

တကယ်လည်း သူ့မှာ အစီအစဉ်မရှိသေးတာမို့ မဖြေနိုင်သေးပါ။ ကြီးနှင်းကတော့ ခေါင်းကိုခါရင်း –

"မဟုတ်သေးတာကွယ်၊ ဘယ်မှမသွားရပါဘူး"

"နေပါစေ နှင်း၊ သူ ခြေဖွေ့ပါလို့သွားတာ သွားပါစေ"

သူ ဘာမှဆက်မပြောတော့ဘဲ ထမင်းစားခန်းထဲက ထွက်ခဲ့တော့ ကြီးမိုးဝေဖန်သံက ကပ်လိုက်လာသေးသည်။

"တကယ့်လူကြီးမှန်းမသိနဲ့ ရိုင်းစိုင်းလိုက်တာ"

ကြီးမိုးရဲ့ဒေါသတွေကတော့ သူ့အဖို့ ရိုးနေပြီ။ ဒီအိမ်မှာ ဘွားဆက်၊ ကြီးမိုးနှင့် အစ်ကိုလွှမ်းမောင်မောင်ဆက်တို့သည် သူ့





အတွက်တော့ ဘယ်လိုမှ အစေးမကပ်သောသူတွေပဲ ဖြစ်သည်။

ကြီးနှင်းကတော့ သူ့အပေါ် သံယောဇဉ်အရှိဆုံး ဒေါ်လေးဆိုပေမယ့် အစ်မနှင့်မိခင်ကို လွန်ဆန်နိုင်သူမဟုတ်ပါ။

ဒါတွေကို တွေးမိတိုင်း သူ့စိတ်တွေ အလိုမကျမှုများစွာနှင့် အရာရာကို အမြင်မကြည်ဖြစ်နေမိသည်။

ညီအစ်ကိုချင်းအတူတူတောင် လွှမ်းကိုမှ ဘာကြောင့် အရေးပေးချစ်ခင်ပြနေတာလဲ။ တကယ်ဆို လျှန်းမောင်မောင်ဆက်ဆိုတဲ့ သူကလည်း ကြီးမိုးတို့ရဲ့တူသားတစ်ယောက် မဟုတ်ဘူးလား။

ဒေါသတွေ ရင်ထဲမွှန်းကျပ်နေတော့ သူ့ခြေသံတွေကလည်း ပြင်းထန်နေခဲ့သည်။

သူ ဥပေက္ခာပြုခဲ့သော စာသောက်ခန်းထဲမှာလည်း ကျန်သုံးယောက်အလိုမကျမှုတွေနှင့် ကျန်ရစ်ခဲ့ကြတာပဲဖြစ်သည်။

"တွေ့တယ် မဟုတ်လား၊ မအေဘက်ကို လုံးဝသွားတူတာ၊ ကိုယ်ပွားထားခဲ့သလား မှတ်ရတယ်၊ ရုပ်ရည်ရော, စိတ်ဓာတ်ရော တစ်ပုံစံတည်းပဲ၊ ဒီလိုမှန်းသိရင် ဟိုကောင်မလက်ထဲ တစ်ခါတည်း ထည့်ပေးလိုက်ပါတယ်"

ဒေါ်မိုးမိုးဆက်ကတော့ ထုံးစံအတိုင်း အတိတ်က အဖြစ်တွေကို ကျိတ်မနိုင်ခဲမရ သတိတရ နာကြည်းစကားတွေဆိုနေသည်။

"မမိုးကလည်း ဘာလို့ ဒါတွေပြန်ပြောနေတာလဲ၊ သျှန်း

ရော လွှမ်းပါ မောင်လေးရဲ့သွေးရင်းချာတွေလေ''

ဒေါ်နှင်းနှင်းဆက် လေသံတိုးတိုးနှင့် တားမြစ်စကားဆိုမှ မမိုးအကြည့်တွေ နံဘေးထိုင်ခုံက လွှမ်းဆီ ရောက်သွားခဲ့သည်။ လွှမ်းကတော့ မဝံ့မရဲမျက်ဝန်းတွေနှင့် မော့ကြည့်ရင်း မျက်နှာမကောင်းရှာပါ။

မကောင်းခဲ့သော အတိတ်အကြောင်းကို ပြန်ကြားရပ်ဝိုင်း ရှက်စိတ်က သူ့ရင်မှာ ဖြစ်ရသည်။ သျှန်းကတော့ ကြီးမိုး ဘာပြောပြော အလေးမထား။ ဂရုမစိုက် နေနိုင်ပေမယ့် သူကတော့ ခံနိုင်စွမ်းမရှိပါ။

''သား လွှမ်း စားလေ၊ တော်ပြီလား''

''ဟုတ်ကဲ့ ဝပြီကြီးမိုး''

''ကြီးမိုးစကားကြောင့် သား စိတ်မကောင်းဖြစ်သွားတာလား''

''မဟုတ်ပါဘူး ကြီးမိုး၊ သား နားလည်ပါတယ်''

သျှန်းသာဆိုရင်တော့ မကျေနပ်တာကို မကျေနပ်ဘူးပဲ ပြောမှာ သေချာသည်။ လွှမ်းကတော့ ရင်ထဲမှာပဲ ကျိတ်သိဝှက်တတ်သူ ပီပီ ဖွင့်ဟမပြောပါ။ အမြွှာညီအစ်ကိုတွေဆိုပေမယ့် စိတ်ရောရုပ်ရည်ပါ မတူညီကြတာ ထူးခြားလွန်နေသည်လား။

''အင်း ကြီးမိုး့သားက လိမ်မာပါတယ်၊ ဟိုအငယ်ကောင်





ကိုတော့ ကြီးမိုး ဘယ်လိုမှ ပြုပြင်မရတာ၊ အခုပဲကြည့် လူကြီးစကားကို နားမထောင်ဘူး''

''သျှန်းက ခံစားချက်ပေါက်ကွဲလွယ်တာပါ ကြီးမိုးရယ်၊ အခု သူ ခရီးသွားချင်နေတယ်ဆိုလည်း ကြီးမိုး ခွင့်ပြုလိုက်ပါ၊ ကျွန်တော်ကတော့ အလုပ်တွေရှုပ်ထွေးနေတာ၊ ဘယ်မှသွားဖြစ်မှာ မဟုတ်ဘူး။ သူ့ဘာသာ သွားပါစေနော်''

လွှမ်းက ဝင်ပြောတော့ ကြီးမိုး တွေဝေသွားသည်။ လွှမ်းစကားဆိုလျှင် ကြီးမိုးက အလေးအနက်ထားတတ်သည်။ ဒါကြောင့်လည်း သျှန်းက အလိုမကျတာဖြစ်မည်။

''အင်း ကောင်းတယ်၊ သားပြောတာ မှန်တယ်၊ တော်ကြာ သူသွားချင်တာ မသွားရလို့ သားကို ပြဿနာရှာနေဦးမယ်၊ သွားနိုင်းလိုက်တာ အေးတယ်၊ လွှတ်သာ လွှတ်ပေးလိုက်''

✿

သျှန်းမျက်ဝန်းတွေက အလိုမကျရိပ်တွေ ငင်နေခဲ့သည်။ မျက်မှောင်ကုတ်မော့ကြည့်နေသော မျက်ဝန်းတွေကို လွှမ်း ယှဲ့ယှဲ့ပြုံးကြည့်ရင်း –

"မင်း ကျေနပ်တယ်မဟုတ်လား လွှမ်း၊ ကြီးမိုးကို ငါပြော
လိုက်ပြီးပြီ၊ မင်း ခရီးသွားချင်သွားတဲ့"

"ဘာလဲ၊ မင်းက ငါ့ကိုယ်စား တောင်းဆိုပေးတာပေါ့"

"အေးလေ၊ ငါမှ မအားတာ၊ မင်းဘာသာသွားလေ၊ ဘယ်
သွားမှာလဲ၊ ဘာလိုသလဲပြော၊ ငါ အားလုံးစီစဉ်ပေးမယ်"

"မလိုဘူး၊ ငါ ဘယ်မှမသွားတော့ဘူး"

"ဟာ ဘာဖြစ်ရပြန်တာလဲကွာ၊ မင်း တကယ်ပြဿနာရှာ
တာပဲ၊ စောစောကပဲ သွားမယ်ဆိုပြီး တောင်းဆိုတယ်၊ အခုသွားဆို
တော့ မသွားဘူးလုပ်ပြန်တယ်"

"အဲဒါ ငါ့စိတ်ဓာတ်အမှန်ပဲလေကွာ၊ မင်းခွင့်တောင်းပေးမှ
သွားရမယ့်ခရီးတော့ ငါမသွားဘူး"

"မင်းက လူ့ကန့်လန့်ပဲ သျှန်း"

"ဟုတ်တယ်၊ အတည့်အတိုင်းနေရင် ငါ့ကို တက်နင်းသွား
မှာပေါ့"

"နေပါဦး၊ မင်းကို ဘယ်သူက ဘာတွေပြောနေလို့လဲ သျှန်း
ရာ"

"မပြောလည်း သိနေတဲ့ကိစ္စကြီးပါ လွှမ်းရာ၊ အေး မင်းက
တော့ နေပျော်နေမှာပေါ့၊ ငါက ဒီအိမ်မှာ နေချင်စိတ်ကို မရှိတာကွ"

ခြံထဲက ခုံတန်းမှာလာထိုင်နေသော သျှန်းကိုကြည့်ကာ လွှမ်း





ခေါင်းကို ခါယမ်းမိသည်။ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် သုန်မှုန်
နေသော သျှန်းမျက်နှာက အလိုမကျမှုတွေ အရိပ်ထင်နေတတ်စမြဲ။

ကုပ်မထောက်တထောက်ဆံပင်တွေကို ပြေပြစ်သော နဖူး
ပြင်ပေါ်အောင် အနောက်လှန်တင်ထားတာမို့ သျှန်းမျက်နှာက ပိုမို
ပေါ်လွင်သည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အားလုံးက အချိုးကျန
လှပလွန်းအောင် ရုပ်သွင်ပြေပြစ်တာ မေမေနှင့်တူတာကြောင့်ဟု
အားလုံးက ပြောကြသည်။ မိန်းမချောချောပေမယ့် မေရိုးတစ်လျှောက်
စိမ်းပြနေသော ပါးသိုင်းရာစိမ်းစိမ်းတွေ ယောကျ်ားပီသလွန်းသူဖြစ်
နေပြန်၏။

သျှန်းနှင့်သူက အမြွှာညီအစ်ကိုဆိုပေမယ့် ရုပ်ရည်တွေက
တစ်ရုပ်စီ ဖြစ်နေသည်။ အထူးသဖြင့် သူက အဖေနှင့်တူတာဟု ဆို
ကြသည်။ ညိုညက်ညက်အသားအရေနှင့် ခပ်ကြမ်းကြမ်းရုပ်သွင်
ကြောင့် တစ်ခါတစ်ရံတော့ သျှန်းကို မနာလိုဝန်တိုမိသည်အထိတောင်
ဖြစ်ရ၏။

ဒါပေမဲ့လည်း ဒီလိုအဖေတူသော ရုပ်ရည်ကြောင့်ပဲ ဘွား
ဆက်နှင့် ကြီးမိုးတို့ရဲ့အချစ်ကို သူ ပိုင်ဆိုင်ခွင့်ရဟာဖြစ်သည်။

သျှန်းကတော့ အမေနှင့်သွားတူတာ ကံဆိုးသွားခဲ့၏။

"နေပါဦး လွှမ်း၊ ကြီးမိုးက မင်း ခွင့်တောင်းပေးမှ ငါ့ကို

သွားခွင့်ပြုတာ ဘာသဘောလဲ''

သျှန်းကတော့ ပြဿနာရှာနေပြီ။ ဒီကောင် အပန်းဖြေခရီး သွားချင်တာလား။ ကြီးမိုးတို့ကို တမင်အရွဲ့တိုက်နေတာလား စဉ်းစား စရာကောင်းနေ၏။

''မင်း တော်တော်ရစ်တာပဲ သျှန်းရာ၊ မင်းသွားချင်နေလို့ ငါက ဝင်ပြောပေးတာ၊ ကြီးမိုးကလည်း မင်းတစ်ယောက်တည်း စိတ်မချလို့ ငါနဲ့ သွားစေချင်နေတာ၊ ဒါပေမဲ့ ငါကမှ မအားတာ''

''အေး မင်းစိတ်နဲ့မင်းပဲလေ၊ ငါလည်း ငါ့စိတ်နဲ့ငါပဲပေါ့''

''ထားတော့၊ အခု မင်း ဘာဖြစ်ချင်သလဲ ပြော၊ အားလုံး ဖြစ်စေရမယ် သျှန်း၊ ပြော''

သူ စိတ်မရှည်နိုင်သလို မေးပစ်လိုက်တော့ ခုံတန်းလေးမှ လက်နှစ်ဖက်ကို လှန်တင်ပြီး သျှန်း ဟားတိုက်ရယ်သည်။

''အဟား ဟား မင်းက ဖန်ဆင်းရှင်လား''

ခပ်လျောင်လျောင်မေးရင်း မထီတရီကြည့်နေတော့ လွှ ပင့်သက်ချမိသည်။ ဒီကောင်နဲ့ စကားပြောရတာ ဘယ်လိုမှ အဆ မပြေပါလား။ ညီအစ်ကိုရယ်လို့ နွေးထွေးမှု မရှိကြတာ ဒါကြော ထင်သည်။

သူ့ဘက်က ဘယ်လိုကောင်းအောင်ပြောပြော၊ သျှန်း အမြဲတမ်း ဘုတွေပဲပြောကာ အကောင်းမမြင်နိုင်တော့ခက်သည်





''မင်း ထင်ချင်သလိုထင်၊ ပြောချင်သလိုပြော၊ ငါက အစ်ကို တစ်ယောက်ရဲ့ဝတ္တရားကြောင့် မေးနေတာ''

''အဟွန်း ငါကလည်း ဝတ္တရားဆိုတာကို မကြားချင်တာပဲ၊ ဒီမှာ မင်း စေတနာမပါဘဲ လာမမေးနဲ့ ညီအစ်ကိုလို့ မသတ်မှတ်လည်း ပြဿနာမရှိဘူး''

''ကျွတ်စ် မင်းဟာက အလကားနေရင်း ရန်လိုနေတာပဲ သျှန်းရာ''

သျှန်းကို စိတ်ပျက်သလိုကြည့်ကာ သူဆိုတော့ သျှန်း မဲ့ခနဲ တစ်ချက် ပြုံးရင်း –

''အေး ငါကလည်း မင်းပြောတဲ့စကားအတိုင်း ပြောရမှာပဲ၊ မင်းထင်ချင်သလိုထင် လွှမ်း၊ ငါကမှ တစ်လောကလုံးကို အမြင် မကြည့်တာ၊ ဘေးလူက အမြင်တွေ ငါ့ကို မကြည့်တာလည်း မဆန်း ပါဘူး''

''သျှန်း မင်း အားလုံးနဲ့ ဆန့်ကျင်နေတာ မကောင်းဘူးနော်၊ မင်းနဲ့တည့်တဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိသေးရဲ့လားကွ၊ ဟင်''

''ဘာလို့မရှိရမှာလဲ''

''ပြောစမ်းပါဦး၊ ဘယ်သူလဲ''

''မသွေးလေ''

သွေးနာမည်ကြားတော့ လွှမ်းမျက်နှာ မဲ့တဲ့တဲ့ဖြစ်သွားသည်။

သွေးက သူတို့နှင့် မောင်နှမတော်သည်ဆိုပေမယ့် အရင်းအချာမဟုတ်ပါ။ ဒါပေမဲ့ ပေါင်းတတ်သင်းတတ်သလို ထက်မြက်တော်လွန်းတာလည်း အမှန်ပဲဖြစ်သည်။

တစ်အိမ်လုံးနှင့် တည့်မတ်အဆင်ပြေသည်။ သွေးကို ဘွား ဆက်ကလည်း သွေးသားရင်းချာလို ချစ်သည်။ ကြီးမိုးကလည်း တွယ်တာချစ်ခင်သည်။

အိမ်မှာ အရေးပါသော ထိုနှစ်ယောက်စလုံးကတောင် သွေးကို အမြင်ကြည် ခင်မင်သည်ဆိုတော့ ပြီးပြီပေါ့။

အထူးသဖြင့် သျှန်းက သွေးကိုတော့ သိပ်ခင်မင်သည် သူ့အပေါ် နားလည်ဆုံးသူဟု ကြွေးကြော်သတ်မှတ်ထားသည်။

ဒါပေမဲ့ သွေးမှာက ချစ်သူရှိသည်။ ထိုအသိကပဲ သူတို သံယောဇဉ်တွေကို စည်းခြားသလို ဖြစ်နေခဲ့၏။ ဒါက သူ့ဘက်က သတ်မှတ်ချက်ဖြစ်ပေမယ့် သျှန်းကတော့ ဘာကိုမှဂရုမစိုက်။ သွေးကို လိုက်လှဲဖော်ရွှေစွာပဲ ဆက်ဆံတတ်၏။

"ငါ တစ်ခုသတိပေးချင်တယ် သျှန်း"

"ဘာလဲ ပြောကြည့်လေ"

"သွေးကို မင်းခင်မင်တာ စည်းတော့ထားနော်၊ သူ့မှာ ချစ်သူ ရှိတယ်"

"အဲဒါ ဂရုစိုက်စရာလားကွ"





"ဟ ငါတို့က သွေးသားရင်းချာတွေ မဟုတ်ဘူးလေ၊ သူ့ ရည်းစားက အထင်လွဲရင် မကောင်းဘူး"

"ပြတ်သွားတော့ ပိုကောင်းတာပေါ့ကွာ"

သျှန်းစကားကြောင့် သူ မျက်မှောင်ကြီးကုတ်သွားခဲ့၏။ မထီ တရီမျက်ဝန်းတွေထဲမှာ ထင်နေသောအရိပ်တွေက ခန့်မှန်းရခက်လွန်းနေသည်။

"သျှန်း မင်း မသွေးအပေါ် ရိုးသားရဲ့လား"

သျှန်း သူ့ကို ပြုံးဟဟ ပြန်စိုက်ကြည့်ရင်း –

"မရိုးသားဘူး၊ ကြိုက်နေတယ်ဆိုရင်ရောကွာ"

"မဖြစ်သင့်တာကွာ၊ မင်း ဒါမိုက်မဲတာပဲ"

"ချစ်တာ မိုက်မဲတာလို့ မင်းသတ်မှတ်ရင် မှားမှာပေါ့"

"သျှန်း မင်းစကားတတ်တိုင်း ငါ့ကို ခွန်းတုံ့ပြန်မနေနဲ့နော်၊ ဘာပဲဖြစ်ဖြစ် မင်း ဒီလိုမဖြစ်သင့်ဘူး"

"အဲဒါတွေ ငါမသိဘူး၊ မနက်ဖြန်တောင် မသွေးကိုလာခဲ့ဖို့ ငါ ဖုန်းဆက်ခေါ်ထားတယ်"

"ဘာလဲ ဘွားဆက်ကို ပြုစုဖို့လား၊ ကြီးမိုးတို့ အကူအညီ တောင်းထားတာ ငါသိသားပဲ"

"မဆိုင်ဘူး တစ်ကန့်စီပါ၊ ငါက ငါ့ဘာသာ ခေါ်ထားတာ၊ မသွေးကို တွေ့ချင်လို့"

သျှန်းစကားတွေက ရိုးသားရဲ့လား။ သူ အသေအချာမသိပါ။ တမင်ပဲ သူ့ကို ကန့်လန့်တွေ ပြောနေတာလည်း ဖြစ်နိုင်သည်။

ရင်ထဲမှာ သံသယဝင်လာပေမယ့် သူ တားလို့လည်း ရနိုင်မှာမှ မဟုတ်တာ။ မဖြစ်သင့်တာတွေ ဒီကောင် လျှောက်လုပ်ရင်တော့ ကြီးမိုးတို့နဲ့ ပြဿနာတွေ တက်မှာသေချာ၏။

သျှန်းမှာ ဆင်ခြင်တုံတရားတော့ ရှိမှာပါ။

စာမတတ် ပေမတတ်မှ မဟုတ်တာဘဲ။ ပညာရေးဘွဲ့တစ်ခု လည်း ရပြီးနေပြီ။ သူ့ထက်လည်း မိန်းမကိစ္စနဲ့ပတ်သက်လျှင် အတွေ့ အကြုံရင့်ကျက်သည်။

လိုအပ်နေတာက ဆင်ခြင်ဉာဏ်နှင့် အရွဲ့တိုက်တတ်တာကို ပြင်ဖို့ပဲ ဖြစ်သည်။

✿ ✿ ✿



## အခန်း (၁၉)

"တီ တီ"

ခြံတံခါးက ကားဟွန်းသံကိုကြားလိုက်တော့ မနက်ကတည်းက တမျှော်မျှော်ဖြစ်နေသော သျှန်း ဧည့်ခန်းထဲက ပြေးထွက်သွားခဲ့သည်။

လှမ်း လှမ်းကြည့်တော့ မြင်လိုက်တာ သွေးသစ္စာရဲ့လင်ခရူဆာကား ဆင်စွယ်ရောင်လေးဖြစ်နေသည်။ ဒါကြောင့် သျှန်း မနက်ကတည်းက ခြံထဲဆင်းလိုက်၊ ဧည့်ခန်းထဲထိုင်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေခဲ့တာကိုး။

သျှန်း တံခါးကို ကိုယ်တိုင်ဖွင့်ပေးရင်း နှုတ်ကလည်း ဝမ်းသာ

အားရလေသံနှင့် နှုတ်ဆက်သည်။

"မကလည်းဗျာ ကျွန်တော် မနက်ကတည်းက မျှော်နေတာ"

"အစောကြီးထလာမလို့ပဲ သျှန်းရဲ့ ကိစ္စလေးတွေ ရှုပ်ထွေးနေလို့"

"ဘာကိစ္စတွေလဲ မရဲ့ မရဲ့အလုပ်တွေကလည်း ဆန်းဒေးပိတ်ရက်လေးတောင် မနားရဘူးလား"

သျှန်းက အလုပ်ကိစ္စကြောင့်ဟုပဲ ထင်နေသည်။ တကယ်ဆို သွေးမှာက ဒီတနင်္ဂနွေမှာ ထက်ရှားနှင့် ချိန်းဆိုထားတာရှိသည်။ ဒါပေမဲ့ သျှန်းက အရင်ကြိုဖုန်းဆက်ခေါ်ထားတာမို့ ဒီကိုပဲ လာခဲ့တာဖြစ်သည်။

လာမှည်ကတိပေးထားပြီးမှ မလာဖြစ်လျှင် သျှန်း စိတ်ဆိုးသွားမှာစိုးသည်။ ဒါကြောင့်လည်း ထက်ရှားကို မညာချင်ဘဲညာခဲ့ရ၏။

ကုမ္ပဏီက ညှိသည့်သည်တွေနှင့် အရေးပေါ်အစည်းအဝေး ရှိသည်ဆိုတော့ ထက်ရှား လက်မခံချင်ဘဲ ခံခဲ့တာဖြစ်သည်။

သျှန်း ခြံတံခါးပြန်ပိတ်နေတာကို သွေး ကားရပ်ပြီး စောင့်၏။ သျှန်း တံခါးဆွဲဖွင့်တက်ထိုင်မှ ကားကို ဆင်ဝင်အောက်မောင်းခဲ့သည်။

"မ ဘာလို့ ဒီလောက် လောဘတွေတက် စီးပွားရှာနေတာလဲဟင်၊ ဘာလဲ မရဲ့ကလေးဆိုးကြီးအတွက်လား"

မင်းထက်ရှားကို ကလေးဆိုးကြီးဟု သျှန်းက နာမည်ပြောင်





ပေးထားတာဖြစ်သည်။ သဝန်တိုတတ်၊ စိတ်ကောက်တတ်တာကြောင့်ဟု ပြောသည်။ ထက်ရှားသာသိလျှင် ရှုံ့ချုံ့ရှားရှား စိတ်ဆိုးမှာသေချာသည်။

"လောဘတက်တာ မဟုတ်ပါဘူး သျှန်းရယ်၊ ဒါ ကိုယ့်အလုပ်ပဲလေ၊ ကိုယ်ပဲလုပ်ရမှာပေါ့၊ ငယ်ရွယ်တုန်း စီးပွားရှာရတာကို"

"ကောင်းတယ်ဗျာ၊ ကျွန်တော်ကတော့ အငြိမ်းပဲ၊ ဘာမှ စီးပွားရှာစရာမလိုဘူး"

သျှန်း တမင်ရွဲ့ပြောတာမှန်း သွေး သိပေမယ့် မသိချင်ယောင်ဆောင်နေလိုက်သည်။ ကားလေး ထိုးရပ်တော့ သျှန်း အရင်ဆင်းကာ သွေးဘက်က ကားတံခါးကို အပြေးလေး လာဖွင့်ပေးသည်။

ပြီးတော့ ထုံးစံအတိုင်း လက်တစ်ဖက် ကမ်းပေးသည်။ သွေး နွေးနွေးကလေးပြုံးရင်း သျှန်းလက်ဖဝါးထဲ သူမလက်ကလေးကို လှမ်းထည့်ပေးလိုက်သည်။ သျှန်းက နွေးထွေးသော လက်ဖဝါးတွေနှင့် ပြန်ဆုပ်ကိုင်ဆွဲခေါ်ပြီး အိမ်ထဲ လှမ်းဝင်ခဲ့ကြသည်။

"လွှမ်း ဒီနေ့ နားတယ်ပေါ့"

လွှမ်းကိုတွေ့တော့ သွေးက ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ လွှမ်း ယဲ့ယဲ့ပြုံးရင်း –

"ဟုတ်တယ် မသွေး၊ ဒီနေ့ အားရက်လေ"

"ထိုင် မ၊ အိမ်မှာ ဘယ်သူမှမရှိကြဘူး"

သျှန်း ပြောရင်း သွေးကို ဆိုဖာထိုင်ခုံမှာ ထိုင်စေသည်။ ပြီးတော့ ကိုယ်တိုင်လည်း သွေးနံဘေးမှာ ဝင်ထိုင်သည်။ ဆုပ်ကိုင်ထားသော သွေးလက်ဖဝါးလေးကို မလွှတ်သေးပါ။

"ဘယ်သွားကြလို့လဲ သျှန်းရဲ့"

"အလှူတစ်ခုသွားကြတာလေ၊ ဘွားဆက်လည်း ပါသွားတယ်၊ အပြန်ကျရင် တစ်ခါတည်း ဆေးခန်းဝင်ပြမလို့တဲ့"

"ဪ ဟုတ်လား၊ ဘွားဆက်ရော သက်သာရဲ့လားသျှန်း"

"ဒီလိုပါပဲ၊ အသက်ကြီးတော့ တရှောင်ရှောင်ပေါ့၊ ဒါကြောင့် မကိုတောင် အကူအညီတောင်းပြီး အိမ်မှာ လာနေခိုင်းမလို့ဆို"

သျှန်း မေးသလိုပြောနေတော့ သွေး ဘာမှခွန်းတုံ့မပြန်ဘဲ ပြုံးပြုံးလေး လုပ်နေလိုက်ပါသည်။ သျှန်းက သွေးလာနေပေးမည်လို့ပဲ ထင်နေတာ။ အမှန်ဆို သွေးက ကိုယ်စားအဖြစ် ခြိမ့်ကို အကူအညီတောင်းပြီးပြီ။ ဒါပေမဲ့ လတ်တလောမှာ သျှန်းကို မသိစေချင်သေး။

"ဪ ဒါနဲ့ သျှန်း ခရီးထွက်မလို့ဆို"

"အင်း ထွက်ချင်နေတာ၊ မ လိုက်မလား၊ ဒါဆို သွားကြမယ်လေ"

"အလုပ်တွေနဲ့ နားချိန်မရှိပါဘူး သျှန်းရယ်"

"ထင်ပါတယ်၊ မ ဒီလိုပဲ ငြင်းမယ်ဆိုတာ၊ ကျွန်တော်က လည်း သွားချင်စိတ်မရှိတော့ပါဘူး"





ညှော်ခန်းထဲမှာ နှစ်ယောက်တည်းရှိနေကြသည့်အတိုင်း ပြောနေတာကြည့်ရင်း လွှမ်း မျက်မှောင်ကြီးကုတ်ထားမိသည်။ သျှန်းဆိုသည့်ကောင် စကားတွေက အနှောင့်အသွားမလွတ်တာ အမှန်။

ဒီကောင် မသွေးကို ပြောဆိုဆက်ဆံနေပုံတွေက သိပ်ကို ကျွမ်းဝင်ရင်းနှီးလွန်းသည်။ ညီအစ်ကိုရင်းချာတွေဖြစ်သည့် သူ့ကို ပြောဆိုဆက်ဆံပုံတွေနှင့်တောင် မတူ။ မသွေးကိုဆို ဒီကောင့်ပြောဆိုပုံတွေက ဒေါ်သတွေ ကင်းစင်ပြုံးပျော်နေစမြဲ။

"မ"

"ပြောလေ သျှန်း၊ ဘာပြောလို့လဲ"

"မ,ဆီက တောင်းဆိုချင်တာ ရှိလို့"

"ပြော၊ သျှန်း ဘာလိုချင်လို့လဲ၊ သွေး ကူညီနိုင်တာဆို ကူညီပေးရမှာပေါ့"

သွေးဆိုတော့ သျှန်းမျက်နှာက ကျေနပ်စွာ ပြုံးသွားသည်။ ပြီးတော့မှ ဆိုဖာထိုင်ခုံမှာ မှီချရင်း လွှမ်းကို တစ်ချက်လှမ်းကြည့်သည်။ ဂျာနယ်တစ်စောင်ကို ငုံ့ဖတ်နေသည့်လွှမ်းလည်း သူ့စကားကို နားထောင်နေပုံရ၏။

"အလကားနောက်တာပါ မရယ်၊ ကျွန်တော့်အတွက် ဘာမှ တောင်းဆိုစရာမရှိပါဘူး၊ ဘာမှလည်း မလိုအပ်ပါဘူး၊ အံ့ဆင်ပြေပါတယ်၊ အဲ လိုအပ်နေတာက တစ်ခုပဲ"

"အဲဒါက ဘာလဲသျှန်းရဲ့"

"မေတ္တာတရား"

"ဟင်"

"ဩော် နွေးထွေးတဲ့မိသားစုမေတ္တာကို ပြောတာပါ"

သျှန်းစကားကြောင့် လွှမ်းလည်း ခေါင်းမော့ကြည့်သည်။ မျက်ခုံးနှစ်ဖက် တွန့်ကုတ်ထားသော မျက်နှာမှာ အလိုမကျမှုတွေက အရိပ်ထင်နေသည်။ ဒါပေမဲ့ ဘာမှမပြောပါ။ တုံ့ပြန်ပြောတာက သွေးပဲ ဖြစ်သည်။

"အဟင်း အခုလည်း သျှန်းက မိသားစုနဲ့ နေနေတာပဲလေ၊ မိသားစုရဲ့မေတ္တာကို သျှန်း ပိုင်ဆိုင်နိုင်ပါတယ်"

"ကျွန်တော်လိုချင်တဲ့ မေတ္တာတရား အစစ်အမှန်ကို ရတယ် ထင်လို့လား"

"သျှန်းက လောဘတွေကြီးနေတာလား၊ ဘယ်လိုမေတ္တာ တရားမျိုးကို သျှန်း လိုချင်လို့လဲ"

သွေးကတော့ ဒီကောင့်စကားတွေကို အလေးအနက် တုံ့ပြန်ပြီး စိတ်ရှည်လက်ရှည်ရှင်းပြဖို့ ကြိုးစားနေသည်။ ဒါကို နား ထောင်ရင်း လွှမ်းတောင် စိတ်မရှည်ချင်ပါ။

တမင် အားလုံးကို မကြည်လင်တဲ့စိတ်တွေနဲ့ ကြည့်နေသော ကောင်ကိုမှ မသွေးက ကျွဲပါးစောင်းတီးလုပ်နေ၏။





"ကျွန်တော် ဘယ်လောက်ဆိုးဆိုး အပြုံးမပျက်တဲ့ မေတ္တာ တရားမျိုးကို လိုချင်တာ"

"ဟား ဒါတော့ မင်း အတ္တတွေကြီးသွားပြီ သျှန်း"

"မကလည်း လူဆိုတာ အတ္တသမားတွေချည်းပါပဲ၊ ကိုယ့် အတွက် လိုချင်တာကို ကြိုးစားနေကြတာပဲ၊ ကျွန်တော်လည်း လိုချင် တာကို ရှာဖွေချင်တာပေါ့"

"ဩော် ဒါကြောင့် မင်း ရည်းစားတွေအများကြီး ထားနေ တာလား"

"ဒါက အပျင်းပြေပါ မရယ်"

"ဟင် ကြည့်စမ်း၊ ဒါတော့ သွေး လုံးဝအားမပေးဘူးနော်၊ မိန်းကလေးတွေကို အပျင်းပြေ ကစားစရာအရုပ်လေးတွေလို့ မင်း သတ်မှတ်တာ မကောင်းဘူး"

"ကျွန်တော့်ကြောင့် ထိခိုက်နစ်နာတာမျိုးတော့ မလုပ်ပါ ဘူး မ,ရာ၊ ကျွန်တော့်စိတ်ပြေသိမ့်ရာအဖြစ်ပါပဲ"

"မင်းရဲ့အတ္တတစ်ခုအတွက် တခြားသူ စိတ်ဆင်းရဲအောင် လုပ်သလိုဖြစ်နေပြီ"

သွေး ဝေဖန်စကားကြောင့် သျှန်း ပခုံးတွန့်ကာ ပြုံးသည်။ ပြီးမှ သွေးမျက်နှာလေးကို အပြုံးမပျက် ငေးစိုက်ကြည့်ရင်း –

"မ မမှာလည်း မင်းထက်ရှားဆိုတဲ့ ရည်းစားရှိတာ ကျွန်

တော် သိတယ်၊ အဲဒီလူကရော ဘယ်လောက်ကောင်းလို့လဲ၊ သူလည်း အတ္တသမားပဲလေ၊ သူလိုချင်တာအတွက် ကြိုးစားနေတာပဲ မဟုတ်လား''

သျှန်းဆိုသည့်ကောင်က သူ့ရင်ထဲရှိသည့်အတိုင်း မြင်သည့်အတိုင်း ပြောနေသည်။ ကြားက လွှမ်းတောင် သွေးကို အားနာမိ၏။

သွေးကတော့ အပြုံးမပျက်ဘဲ မောင်ငယ်ဆိုးလေးတစ်ယောက်ကို ခွင့်လွှတ်သောအကြည့်တွေနှင့် ပြုံးကြည့်နေရင်း -

''မင်းအမြင်ကို သွေး အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ သွေးက အားလုံးကို နားလည်စွာနဲ့ ချစ်သူကို ချစ်ပေးနိုင်တယ်၊ တို့အပေါ်မှာ သူချစ်သလို တို့ကလည်း သံယောဇဉ်နဲ့ နှောင်တွယ်နေတာလေ''

''ဟား တော်တော်ချစ်တာပဲကိုး၊ အင်း မ,လည်း အတ္တသမားပဲနော်''

''ဟင် ဘာလို့လဲ''

''ဟုတ်တယ်၊ မ စိတ်ချမ်းသာမယ်ထင်တာကို မျက်စိမှိတ် ရွေးချယ်နေတာလေ၊ အဲဒါ အချစ်မဟုတ်ဘူး၊ အတ္တ၊ အတ္တအချစ်ဗျ''

''နိုး နိုး တော်ပြီ၊ ဒီကိစ္စ မဆွေးနွေးကြေး၊ ဒီမှာပဲရပ်တော့''

သွေး လက်တကာကာနှင့် တားတော့ သျှန်း ခေါင်းညိတ်သဘောတူ၏။

''ကောင်းပြီ၊ ဒါဆို ထမင်းစားရအောင်၊ မနက်ကတည်းက





ဘာမှမစားဘဲ မနဲ့အတူ စားချင်လို့ စောင့်နေတာ''

''ဟုတ်လား၊ ဒါဆို စားတာပေါ့၊ လွှမ်းလည်း အတူစားမှာ မဟုတ်လား''

''ကျွန်တော် မစားချင်သေးဘူး မသွေး၊ မသွေးတို့ စားနှင့်ပါ''

လွှမ်းက ငြင်းတော့ သျှန်းက ထရပ်ပြီးနေသလို သွေးကိုလည်း လက်ကမ်းပြီး ခေါ်သည်။

''လာ မ၊ ကျွန်တော်နဲ့အတူ လိုက်စားပေးနော်၊ ဆာသည် ဖြစ်စေ, မဆာသည်ဖြစ်စေ မနဲ့အတူ လက်ဆုံစားချင်လို့ပါ''

တစ်ဖက်သားကို အနိုင်ယူသလို အမြဲလုပ်တတ်သည့် သျှန်းနှင့် သွေးကတော့ အဆင်ပြေပါသည်။ သူ့မှာသာ သျှန်းဆိုးသမျှ ခွင့်လွှတ်နားလည်ပေးနိုင်စွမ်းသော မသွေးကို နားလည်ရခက်နေ၏။

မောင်ငယ်လေးတစ်ယောက်ကို နားလည်ခွင့်လွှတ်ပေးနေတာမျိုးလား။ တကယ်ဆို သူတို့တွေက သွေးဝေးလွန်းတာ မသွေး မသိမဟုတ် သိနိုင်လိမ့်မည်။

ဘာကြောင့်များ သျှန်းအပေါ် ခွင့်လွှတ်ကောင်းနေရတာလဲ။ စဉ်းစားစရာတော့ ကောင်းနေပါပြီ။

✿ ✿ ✿

## အခန်း (၂၀)

"သား သျှန်း မင်းနဲ့သွေး တတွဲတွဲဖြစ်နေတာ ဘာသဘော

လဲ"

သွေး ပြန်သွားတိုင်း မေးနေကျမေးခွန်းကို ကြီးနှင်းမေ

သည်။

ကြီးနှင်းမျက်ဝန်းတွေထဲမှာ စိုးရိမ်ပူပန်ရိပ်တို့ ထင်နေသည်

သျှန်း မျက်နှာတစ်ချက်မပျက်ဘဲ ဖြေနေကျအတိုင်း ဖြေသည်။

"မောင်နှမတွေလေ၊ ကျွန်တော့်မှာ အစ်မအရင်းအချာမ

တော့ အစ်မဝမ်းကွဲကိုပဲ ချစ်ရတာပေါ့၊ ဒီလိုအစ်မတစ်ယောက်

စကားပြောနေရတာ ကျွန်တော် စိတ်ချမ်းသာတယ်"





"ဒါဆို အိမ်မှာရှိတဲ့သူတွေက ဘာလဲ၊ စကားမပြောတတ်တဲ့ အ,အတွေလား၊ စက်ရုပ်တွေလို့ မင်းထင်နေသလား သျှန်း"

ကြီးနှင်းနဲ့ ပြောနေတာကို နားထောင်နေသည့် ကြီးမိုးက ဝင်မေးသည်။

သျှန်းက ခွန်းတုံ့ပြန်မဖြေတော့ဘဲ ကော်ဖီပိုင်းကထပြီး ဘေစင်မှာ လက်ဆေးသည်။

"လူကြီးမေးတာကို မင်းမဖြေဘဲ ဂရုမစိုက်သလိုလုပ်တာ သိပ်ရိုင်းစိုင်းတဲ့အလုပ်ပဲ သျှန်း"

"ကျွန်တော် ဘာဖြေရမှာလဲ ကြီးမိုး၊ ကြီးမိုးက ဝမင်အပြစ်ရှာနေတာပဲ"

"ဘာ တမင်အပြစ်ရှာတာလား၊ မင်းတို့ နေပုံထိုင်ပုံ မဟုတ်လို့ မေးနေတာ၊ မမေးရဘူးလား"

"ကျွန်တော် ဖြေပြီးပြီလေ"

"အေး မင်းဖြေပြီးပေမယ့် ငါတို့ ဆုံးမသင့်တာ မဆုံးမရသေးဘူး၊ ဒီတော့ ပြန်ထိုင်ဦး သျှန်း"

သျှန်း ပင့်သက်မောကြီးချကာ စားပွဲက ထိုင်ခုံမှာ ပြန်ဝင်ထိုင်သည်။

"ဒီမှာ သျှန်း၊ သွေးသစ္စာဆိုတာ ငါတို့နဲ့ သွေးမျိုးတော်တယ်ဆိုပေမယ့် သွေးရင်းချာတွေ မဟုတ်ဘူးနော်၊ စပ်မှတော်တယ်ဆိုတာ

မင်း သိတယ်''

''ကျွန်တော် သိပြီးသားတွေပါ''

''အေး သိရုံနဲ့ မပြီးဘူး၊ အဲဒီအသိနဲ့ နေထိုင်ဆက်ဆံရမယ်၊
မင်း ရင်းရင်းနှီးနှီး ပေါင်းသင်းနေတာ မဖြစ်သင့်ဘူး၊ လွှမ်းဆိုရင်
မင်းလိုမဟုတ်ပါဘူး၊ ကိုယ့်သိက္ခာ, သူ့သိက္ခာနဲ့ နေတတ်ရမယ်''

ထုံးစံအတိုင်း ကြီးမိုးစကားတွေထဲမှာ လွှမ်းနှင့်နှိုင်းယှဉ်ခိုင်း
နှိုင်းတာတွေပါ ပါလာပြန်သည်။

ဒါကို သူ မကြိုက်မှန်းသိလျက်နှင့် တမင်ကို ပြောနေတာ
တော့ လွန်လွန်းနေပြီ။

ပြန်ပြောရင်လည်း ပြဿနာတွေပဲ ရင်ဆိုင်ရမှာမို့ သူ နှုတ်
ဆိတ်နေပေးလိုက်၏။ ပြောချင်တာ ပြောစေတော့။

''သွေးသစ္စာမှာက ရည်ရွယ်ထားတဲ့သူရှိတာ မင်း မမေ့အပ်
ဘူး၊ မင်းတို့ဆက်ဆံနေထိုင်ပုံတွေကို သူ့ကောင်လေးသိသွားရင် ဘာ
ဖြစ်မလဲ''

''အဲဒါ ကျွန်တော့်ကိစ္စ မဟုတ်ဘူးထင်တယ်''

မပြောဘူးဆိုပေမယ့် နှုတ်က ပြောမိပြန်ပါသည်။ ပြော
တော့ ကြီးမိုးဒေါသကို ဆွမိသလိုဖြစ်စေ၏။

''မင်း ဒီလို ပြောချင်တာမပြောနဲ့၊ လူဆိုတာ ဦးနှောက်အ
ရှိရတယ်၊ ဆင်ခြင်တုံတရား ထားရတယ်၊ ကိုယ့်ကြောင့် တစ်ပါး





ဒုက္ခရောက်မှာ မလုပ်သင့်ဘူး''

''မမိုးပြောတာ သားအတွက်လည်း ပါတယ်သား၊ ပြီးတော့
သွေးသစ္စာလေးလည်း ဒုက္ခမရောက်ပါစေနဲ့ကွယ်၊ တော်ကြာ ကိုယ့်
ကြောင့် သူတို့နှစ်ယောက်ကြားမှာ ပြဿနာဖြစ်ရင် မကောင်းဘူးလေ''

ကြီးနှင်းက လေသံတိုးတိုးလေးနှင့် ကြားဝင်ပြောတာမို့ သူ
နှုတ်ဆိတ်နေလိုက်ပါသည်။ ဒီကိစ္စမှာတော့ ကြီးနှင်းလည်း ကြီးမိုးလိုပဲ
သူ့ကို စိုးရိမ်နေခဲ့၏။

သူကတော့ ဘာကိုမှ ဂရုမစိုက်ချင်ပါ။ ချစ်သူရည်းစား
အဆင့်တွေပဲ ရှိသေးသည့် မ,ကို မင်းထက်ရှား ပိုင်သေးတာမှ မဟုတ်
ဘာ။ ပြီးတော့ သူနဲ့မက ရိုးသားပွင့်လင်းသည်။

မ,ကလည်း သူ့ကို နားလည်ခင်မင်သည်။ သူကလည်း
နောင်တွယ်သည်။ ဒါ ပြဿနာပဲလား။ ဟိုးအရင်ငယ်စဉ်ကဆို မနှင့်
သူတို့ညီအစ်ကိုတွေ ကျောင်းအတူတက်၊ အတူကစားခဲ့ကြသည်။

ဒီလောက်ခင်မင်ကျွမ်းဝင်ခဲ့သော သံယောဇဉ်တွေကို ဘယ်
သို့ ဖြတ်တောက်လို့ရမှာလဲ။

''ကဲ သားသွားတော့၊ ကြီးနှင်းတို့ စကားတွေကို မမေ့နဲ့နော်''

ကြီးမိုးနှင့် ပြဿနာမတက်စေချင်၍ ကြီးနှင်း သူ့ကို နှင်လွှတ်
နေတာ နားလည်မိသလို သူလည်း ဆက်မနေချင်တော့တာမို့ ထွက်ခဲ့
၏။

"မဖြစ်ဘူး မဖြစ်ဘူး။ ဒီကိစ္စကို ပေါ့ပေါ့ထားလို့ကို မဖြစ်ဘူး"

ကြီးမိုး မကျေမနပ်ရေရွတ်သံက ကပ်ပါလာသေးသည်။ သူ အိမ်ထဲမှာနေရင် ဆက်ကြားနေရဦးမည်။ အပြင်ထွက် လက်ဖက်ရည်ဆိုင်ထိုင်နေတာ ကောင်းမည်ထင်သည်။

စိတ်ကူးတွေက ညှော်ခန်းထဲရောက်တော့ တတူတူမြည်နေသော ဖုန်းသံကြောင့် တုံ့ဆိုင်းသွားပြန်၏။ ညှော်ခန်းထဲက မြည်နေတာကို ဘယ်သူမှ မကြားခဲ့ကြ။ ဘယ်အချိန်ကတည်းက လာနေသည် မသိ။

"ဟဲလို"

"ဟဲလို ကျွန်တော် မင်းထက်ရှားပါ၊ ဟို အဲဒီမှာ သွေးသ ရှိနေသေးသလား သိချင်လို့"

မင်းထက်ရှားဆိုသော နာမည်ကြားကတည်းက သူ အံ တင်းခနဲ ကြိတ်လိုက်မိသည်။ ကြီးမိုးတို့နဲ့တုန်းက မျိုသိပ်ထားခဲ့ရသော ဒေါသတွေက ဆူဝေချင်လာ၏။

"ပြောဗ် မင်းကိုး"

"ခင်ဗျား ကျွန်တော့်ကို သိနေသလား၊ ဘယ်သူလဲ"

မင်းထက်ရှားကို သူ ကောင်းကောင်းသိသည်။ မ,နှင့် သ တူရွယ်တူမို့ သူ့ထက်တော့ နှစ်နှစ်ကျော်ခန့် ကြီးလိမ့်မည်။ ဒါ သူ လုံးဝကြည့်မရသူမို့ မင်းနဲ့ငါနဲ့ ရိုင်းရိုင်းပြောဆက်ဆံ၏။





"ငါ ဘယ်သူလဲ မင်းသိချင်သလား၊ ငါက မရဲ့မောင်"

"ဘယ်သူ၊ ဘယ်က မရဲ့မောင်လဲ"

"မဆိုတာ သွေးသစ္စာကိုပြောတာ၊ မောင်ဆိုတာ သျှန်းမောင်မောင်ဆက်၊ ကဲ မင်း ဘာသိချင်သေးလဲ မင်းထက်ရှား"

"ပြောဗ် သွေးပြောပြဖူးတဲ့ အမြွှာညီအစ်ကိုထဲက မင်းက အငယ်ကောင်ထင်တယ်"

"အေး၊ ဒါ အမှန်ပဲ"

"မင်းကို ငါမသိပေမယ့် မင်းက ငါ့ကို သိနေတယ်ပေါ့"

"သိပ်သိတာပေါ့၊ ငါနဲ့ချစ်သူဖြစ်ဖူးတဲ့ စိမ့်စိမ့်သူရဲ့အစ်မ နိုင်နိုင်သူကို မင်းသိမှာပေါ့"

"ဟင်"

သူ့စကားက ဒီကောင့်အရှိက်ကို ထိသွားမှာတော့ သေချာသည်။ နိုင်နိုင်သူဆိုတာလည်း မင်းထက်ရှားနဲ့ မသွေး မတိုင်ခင်က ငြိခဲ့ဖူးသည့် မိန်းကလေး။

"သွေး ပြန်သွားပြီလား သျှန်းမောင်မောင်ဆက်"

"အေး ပြန်သွားပြီ၊ တစ်နေ့လုံး ငါနဲ့အတူရှိနေတာလေ၊ မ,ကို တွေ့ချင်လို့ ငါခေါ်ထားလို့ အတူလာနေပေးတာ"

"ဘာကွ"

"တိုးတိုးပြောကွာ၊ ငါ နားမပင်းဘူး"

"သွေးက မင်းတို့အိမ်မှာ တစ်နေ့လုံးရှိတာ၊ ဟုတ်လား
ဒါ အမှန်ပဲလား"

"အဲဒါ မင်းဘာသာ မ,ကိုပဲမေးကြည့်၊ မနဲ့ငါက သံယောဇဉ်
အရှိဆုံး၊ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ မောင်နှမတွေ"

"ဟော့ကောင် မင်းတို့ မောင်နှမတွေဆိုပေမယ့် အရင်းအချာ
တွေ မဟုတ်တာ ငါသိတယ်"

"အေး မင်းမသိတာက အရင်းအချာတွေထက်တောင် ငါတို့
သံယောဇဉ်က ပိုမိုကြီးမားတယ်ကွ"

စကားအဆုံးမှာ သူ ဖုန်းကိုချပစ်လိုက်သည်။ ဒေါသစိတ်
တွေ ရှုံးရှုံးရှားရှားနှင့် မင်းထက်ရှား အူနှံကျွဲခတ်ခံနေရမှာ မြင်ယော
ရင်း ကျေနပ်စွာ ပြုံးမိသည်။

တကယ်ဆို မ,မတိုင်ခင်က မင်းထက်ရှားဆိုသည့် ကော
လည်း ရည်းစားတွေထားခဲ့၊ ရှုပ်ခဲ့ဖူးတာပဲဖြစ်သည်။ သူ့အလှည့်ကျ
ဘာလို့ဝန်တိုနေရတာလဲ။

တကယ်ချစ်တယ်ဆိုရင် ဒီကောင် ခွင့်လွှတ်နိုင်ရမှာပေ
အခုတော့ မ,နှင့် ဘာပြဿနာတွေ တက်မည်မသိ။

ကြီးမိုးတို့၊ ကြီးနှင်းတို့ သိရင်တော့ သူ့ကို နားပူအော
ဆူပူမာန်မဲကြမှာ သေချာ၏။

ဒါပေမဲ့ သူကတော့ ဘာကိုမှ ဂရုမစိုက်ချင်ပါ။





သူ့ရဲ့စကားတွေကြောင့် မနဲ့ မင်းထက်ရှား ပြတ်သွားရင်
လည်း ကောင်းတာပါပဲ။

ဒီကောင့်ကြောင့် မနဲ့သူကြားမှာ အမှိုက်တစ်ခုဖြစ်နေသည်။
ဒီအမှိုက်တစ်စ လွင့်သွားရင် အကောင်းဆုံး။

✿ ✿ ✿

## အခန်း (၂၁)

“ဘယ်လို ဘုရား ဘုရား”

“... ... ...”

“ဟင် ဟုတ်လား၊ အခု သျှန်း ဘယ်မှာလဲ”

“... ... ...”

“အေး အေး အခုလိုက်ခဲ့မယ်၊ သမီးလည်း စောင့်နေဦးနော်”

ဒေါ်နှင်းနှင်းဆက် ဖုန်းကို ကသောကမျော ပြန်ချရင်း တုန် တုန်ယင်ယင်နှင့် လှည့်ထွက်ခဲ့တော့ အခန်းဝမှာ မမိုးနှင့် ရင်ဆိုင်တို့ သည်။

“မ မမိုး”





“ဘာလဲ မိနှင်း၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ”

မမိုးက သူမမျက်နှာကို အကဲခတ်ကြည့်ပြီး မေးသည်။

သူမ ချက်ချင်း ပြန်မဖြေနိုင်ဘဲ လူတစ်ကိုယ်လုံး တုန်ခါနေခဲ့ သည်။

“ဟဲ့ ဘာဖြစ်တာလဲ မိနှင်း”

“သား သား သျှန်း ရန်ဖြစ်လို့တဲ့”

“ဟင် ဘယ်သူတွေနဲ့ဖြစ်တာလဲ”

“သွေးရဲ့ကောင်လေး မင်းထက်ရှားတို့နဲ့တဲ့”

“ဘာရယ်”

မမိုးမျက်နှာ သုန်မှုန်သွားသည်။ ဟိုတစ်ရက်ကပဲ ဒီပြဿနာ ကိုမြင်လို့ ဆုံးမခဲ့, တားခဲ့သေးသည်။ အခုတော့ ပြဿနာ ထိပ်တိုက် တက်ပြီ။

“အဲဒါကြောင့် ငါပြောတာ၊ သွေးသစ္စာကိစ္စကြောင့် အနေ အထိုင်ဆင်ခြင်ဖို့ ပြောထားလျက်နဲ့၊ နေပါဦး သူက ရန်ကုန်ကို ဘာသွားလုပ်တာလဲ”

“မ မသိဘူး မမိုး၊ မင်းထက်ရှားတို့ကုမ္ပဏီအထိ လိုက်သွား တာတဲ့၊ ဟိုရောက်တော့ စကားတွေများကြတယ်တဲ့၊ သူက မင်းထက် ရှားကို ထိုးကြိတ်တော့ ဟိုက တပည့်တွေက ဝိုင်းရိုက်ကြတာတဲ့”

“ကြည့်စမ်း၊ အတင့်ရဲလိုက်တာ၊ သူများကုမ္ပဏီရုံးခန်းထဲ

အထိတောင် ဝင်ရသလား၊ ဒီကောင်လေးက ပြဿနာကို တကယ် မီးထွန်းရှာတဲ့ကောင်ပဲ''

''အဲဒါ ထားဦး မမိုး၊ အခု သားက ဆေးရုံမှာတဲ့''

''ဟင်''

ဆေးရုံရောက်နေသည့်ဆိုသော စကားကြောင့် မမိုး စိုးရိမ်သွားပြန်၏။ ဂျစ်ပေပေတေတေမို့ မခင်တွယ်ပေမယ့်လည်း တူသားဆိုသော သွေးအသိကြောင့် တကယ်ဖြစ်လာတော့လည်း ပူပန်ရ၏။

''ဘာ ဘာဖြစ်သွားသေးလို့လဲ''

''သူက တစ်ယောက်တည်းလေ၊ ဟိုက အုပ်စုတွေနဲ့ဆိုတော့ အတော်ခံရမှာပေါ့၊ ရုံးက ဝန်ထမ်းတွေ ဝိုင်းရိုက်ကြတာလေ''

''ကြားရတာ တကယ်စိတ်ဆင်းရဲဖို့ကောင်းတယ်၊ သူများနေရာအထိ သွားပြဿနာရှာတော့ ခံရပြီပေါ့၊ အမှုတွေ,ဘာတွေတောင် ဖြစ်ဦးမှာ သေချာတယ်၊ တော်တော်ဒုက္ခပေးတဲ့ကောင်ပါလားဟယ်''

''မမိုး ဆူပူတာ အသာထားဦး၊ ကလေးက ဘယ်လောက်ခံလိုက်ရသလဲမသိဘူး၊ ဆေးရုံလိုက်သွားမှဖြစ်မယ်''

''အင်း အခု ဘယ်သူအနားမှာရှိသလဲ''

''သွေးရှိနေတယ်၊ သွေးပဲ ဖုန်းဆက်တာ''

''ဟင်''





ဒေါ်မိုးမိုးဆက် အံ့ဩသွားမိတာအမှန်။ ပြဿနာဖြစ်ကြတာ သွေးသစ္စာရဲ့ကောင်လေးနှင့်တဲ့။ အခုရောက်နေတာ သွေးသစ္စာသည် သျှန်းအနားမှာတဲ့။

သျှန်းအပေါ်မှာ အဲဒီလောက်တောင် သွေးက သံယောဇဉ်ရှိသတဲ့လား။

''မမိုး နှင်းလိုက်သွားမယ်နော်''

''နေဦး ငါပါလိုက်မှဖြစ်မှာပေါ့၊ အဲ လွှမ်းဆီလည်း ဖုန်းဆက်ခေါ်ဦး၊ ပြဿနာတွေ ရှင်းလင်းရဦးမှာ သေချာတယ်''

''အင်း သွေးပါရှိနေတာ အဆင်ပြေပါတယ်၊ သွေးရှင်းလင်းပေးတော့ ပိုကောင်းတာပေါ့''

ဒေါ်နှင်းနှင်းဆက်က အားကိုးတကြီးပြောသည်။ ဒေါ်မိုးလည်း ခေါင်းညိတ်မိသည်။ သွေးရဲ့ကောင်လေးကိစ္စဆိုတော့ ဒီကိစ္စမှာ သွေး အကူအညီလိုအပ်သည်။

ခံလိုက်ရတာတော့ ကိုယ့်ဘက်ကပဲ ဖြစ်သည်။ ဒါပေမဲ့ ကိုယ့်လူက သူတစ်ပါးရုံးခန်းထဲအထိ သွားပြဿနာရှာတာက ဆိုးသည်။

သျှန်းနဲ့ကတော့ တကယ့်ကို ခက်နေပြီ။ လူက စိတ်ဒေါသတွေ ပူလောင်နေသလို အရာရာကို အလိုမကျသည့်စိတ်ကလည်း ဆိုးလွန်း၏။ ဒီကောင်လေးကို ဘယ်လိုကိုင်တွယ်ရမလဲ။

တွေးရင်း ဒေါ်မိုးမိုးဆက် ရင်တွေမောသွားမိတာ အမှန်။

✿

"ဘျှန်းရယ် မင်းကလည်း တွေ့သမျှလူကို ရန်စောင်နေတာ ပဲ"

သွေး မချင့်မရဲလေး အပြစ်တင်သလိုပြောတော့ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေသော သျှန်း ဆတ်ခနဲ မော့ကြည့်သည်။

"တွေ့သမျှလူမှ မဟုတ်တာ၊ မင်းထက်ရှားကို မကျေနပ်တာ"

"ဟင် ဘာမကျေနပ်စရာရှိသလဲ"

"ဘာ ကြားက ဝင်ညာပေးမနေနဲ့ ဒီကောင် မ,ရဲ့ရုံးခန်းအထိလာပြီး မကို စွပ်စွဲချက်တွေနဲ့ အော်ဟစ်ပြောသွားတယ်ဆိုတာ ကျွန်တော် သိတယ်"

သျှန်း ညိုမည်းဖူးရောင်နေသော ဒဏ်ရာတွေနှင့် အံကြိတ်ကာ ပြောသည်။ သူမရုံးခန်းအထိ သျှန်းရောက်လာသည်ဆိုကတည်းက စိတ်မှာထင့်ခနဲဖြစ်ခဲ့မိသည်။

သျှန်းရုံးခန်းက စာရေးမလေးတွေနဲ့ သိနေတာမို့ သွေးကိုစ





ကို အစ်အောက်မေးသွားတာဖြစ်မည်။ ထက်ရှား သွေးရုံးခန်းအထိ ရောက်လာကာ သွေးနဲ့ စကားများကြတာ သျှန်း သိသွားခဲ့၏။

"ဒီကောင် မ,ရုံးခန်းအထိ လာစရာလားဗျာ၊ မ,သိက္ခာကို ကျအောင် လာပြောတာကိုက လွန်နေပြီ"

"နေဦး သျှန်း၊ မင်းကရော ဘာလို့ သူဖုန်းဆက်တော့ သွေးအကြောင်းတွေ လျှောက်ပြောလိုက်ရတာလဲ"

"ဟင် ကျွန်တော်ပြောတာ အမှန်တရားပဲ မ၊ ကျွန်တော့်ဆီမှာ တစ်နေ့လုံးနေသွားတယ်လို့ပြောတာ ဘာဖြစ်လို့လဲ၊ သူ မကျေနပ်ရင် ကျွန်တော်နဲ့ရှင်းလေ"

လေသံက မာထန်ထန်။ မျက်နှာက နောင်တအရိပ်တို့ တစ်စက်လေးတောင် မတွေ့ရဘဲ ဒေါသတွေဆူဝေနေသော သျှန်းမျက်နှာက ဒဏ်ရာတွေ ရှိနေတုန်း။ ဆိုးတာက ညာလက် အဆစ်လွဲသွားကာ ဘယ်ဘက်ခြေထောက်ပါ အရိုးအက်သွားသည်အထိ ခံခဲ့ရ၏။

ဒါတောင် ဒေါသက အရှိန်မကျိုးသေးတာဆိုးသည်။

"သျှန်း"

"ဘာပြောမလို့လဲ မ"

"ပြောချင်တယ်၊ တကယ်ဆို မင်း ထက်ရှားနဲ့ ထိပ်တိုက်ပြဿနာ မရှာသင့်ဘူး၊ အဲဒီနေ့က တို့လာခဲ့တာ မင်းကို သံယောဇဉ်ရှိလို့ပဲ၊ ထက်ရှားချိန်းတာကို အလုပ်ကိစ္စအကြောင်းပြခဲ့တာလေ၊ ဒါကို

မင်းမသိဘဲ ပြောလိုက်တာ သူ သိသွားတာပေါ့''

''သိသွားတော့ ဘာဖြစ်လဲဗျာ''

''မင်း ဒီလိုဂျစ်ကန်ကန် မပြောနဲ့လေ၊ သူက သွေးရဲ့ချစ်သူပဲ၊ ဒီလိုကိစ္စမှာ ဘယ်သည်းခံမှာလဲ''

''ကျွန်တော်နဲ့မက ရိုးသားဖြူစင်တာပဲဗျာ''

''သူက သဝန်တိုမှာပဲလေ''

''မသိဘူးဗျာ၊ မ,ကို သူ ရုံးခန်းအထိ လာပြဿနာရှာလို့ ကျွန်တော်က တန်ပြန်တုံ့ပြန်ပြလိုက်တာ''

''အဲဒီတော့ မင်း အခုလို ဒဏ်ရာတွေ ရကုန်ပြီလေ''

''ဂရုမစိုက်ဘူး မ၊ လုပ်ရဲရင်ခံရဲတယ်''

တစ်ခွန်းမခံ ဘုစကားတွေချည်း ပြောနေသော သျှန်းကို ကြည့်ကာ သွေး စိတ်ညစ်သွားမိ၏။

''သျှန်း မင်းကို သူတို့ဘက်က တရားစွဲလို့ရတာ မင်းသိသလား''

''ပြောပြီးပြီလေ၊ ကြိုက်တာလုပ် ဂရုမစိုက်ဘူး''

''သျှန်း မင်း ဘာကိုမှဂရုမစိုက်ဘဲ ဒီလိုလျှောက်လုပ်နေတာ ခိုးလွှန်းနေပြီနော်၊ ကိုယ့်မိသားစုသိက္ခာ, ကိုယ့်သိက္ခာကိုတော့ မင်း တွက်သင့်တယ်''

''ကျွန်တော် ဘာမှမတွက်ဘူး၊ တစ်ခုပဲတွက်တယ် မ''





''မင်း ဘာကိုတွက်တာလဲ၊ ဒါ မှန်တဲ့အလုပ် ထင်နေလား''

သျှန်း သူမကို စူးစူးနစ်နစ်ကြည့်သည်။ ပြီးတော့ အကြည့်တို့ မလွှဲသွားခဲ့ဘဲ –

''ကျွန်တော်တွက်တာ မ,တစ်ယောက်အတွက်ပဲ၊ မအတွက် မင်းထက်ရှားကို ကျွန်တော် ရင်ဆိုင်တာ''

''ဘာရယ် သျှန်း၊ တကယ်ဆို သူနဲ့မင်း ပြဿနာ မဖြစ်သင့်ဘူး၊ ခုတော့ တို့မှာ မင်း အမှုမဖြစ်အောင် တောင်းပန်ခဲ့ရတယ်''

''ဟာ မ ဘာမှတောင်းပန်စရာ မရှိဘူး''

''ဒီလိုဖွတ်မပြောနဲ့ သျှန်း၊ သူက တစ်ချိန်မှာ မင်းနဲ့တောင် ဆွေမျိုးတော်လာမယ့်သူ''

''ဆောရီးပဲ၊ အဲဒါ ဘယ်တော့မှ ဖြစ်မလာစေရဘူး''

''ဘာရယ် သျှန်း၊ မင်း ဘာလို့ မင်းထက်ရှားကို အမြင်မကြည် ဖြစ်နေရတာလားဟင်''

''မ မသိတာပဲလား၊ မသိဟန်ဆောင်နေတာပဲလားဟင်''

သွေး နားမလည်နိုင်သလို မျက်မှောင်လေးကုတ်ကြည့်နေတော့ သျှန်းက သွေးလက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်သည်။

''မကို ကျွန်တော် ချစ်နေလို့''

''ဘုရားရေ''

✿ ✿ ✿

## အခန်း (၂၂)

"အဲဒါပါပဲ အန့်တီနှင်းရယ်၊ သူ့ကို သွေး ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်စကားပြောရမှန်းတောင် မသိတော့ဘူး"

သွေးစကားတွေကို နားထောင်ရင်း ဒေါ်နှင်းနှင်းဆက်ကိုယ်တိုင် ဘာစကားမှမဆိုနိုင်ဘဲ ရင်ဘတ်ကလေး ဖိတုန်လှုပ်နေမိ၏။ ဒီအကြောင်းတွေ ကြုံလာမှာကိုပဲ သူမတို့ စိုးရိမ်နေမိကြတာ။

အခုတော့ သျှန်းနှုတ်ကတောင် သွေးကို ဖွင့်ပြောလိုက်သည်တဲ့။ မမိုးတို့၊ မယ်မယ်တို့သိရင် ခက်ကုန်မှာသေချာ၏။

"အင်း အန့်တီတို့ထင်တဲ့အတိုင်း ဖြစ်နေပြီပေါ့ သမီးရယ်"

"သွေးလေ လုံးဝထင်မထားတာပါ၊ သျှန်းကို သွေး သံယော





ဇဉ်ရှိတာ အမှန်ပါ"

"သွေး သမီး မမိုးကို ပြောလိုက်သေးသလား"

"ဟင့်အင်း မပြောပါဘူး၊ အန့်တီနှင်းကို အရင်ဆုံးပြောတာပါ"

"အေး မပြောလိုက်ပါနဲ့ သမီးရယ်၊ ပြဿနာတွေ တက်ကုန်မှာစိုးလို့ပါ၊ သျှန်းဆိုရင် အားလုံးက အမြင်မကြည်ကြဘူးလေ၊ ဒါကြောင့် သျှန်းလေးမှာ ခံပြင်းစိတ်တွေ ပြင်းထန်နေတာ၊ သွေးကိုတော့ သူ သံယောဇဉ်ကြီး ခင်မင်တာပါ"

"သွေး သိပါတယ် အန့်တီနှင်းရယ်"

သွေး လေသံတိမ်တိမ်လေးနှင့် ခေါင်းညိတ်ပြောနေ၏။ ဒေါ်နှင်းနှင်းဆက်ရင်ထဲမှာ တကယ်ကိုပဲ မချင့်မရဲဖြစ်နေသည်။ သျှန်းဘဝလေး တည်ငြိမ်အောင် သွေးကို အားကိုးချင်သည်။

ဒါပေမဲ့ သွေးမှာက ရည်ရွယ်ထားသူ ရှိနေပြီဆိုတော့ –

"သွေး သူ့အပေါ် နားလည်သံယောဇဉ်ထားမိတာက သူ့ကို ဒီအခြေအနေဖြစ်လာအောင် တွန်းပို့သလိုဖြစ်သွားသလား မသိဘူး အန့်တီနှင်းရယ်၊ သွေး ဆုံးဖြတ်ပြီးပြီ၊ စောစောစီးစီး သံယောဇဉ်ဖြတ်တဲ့အနေနဲ့ ဒီအိမ်ကို မလာတော့ဘူး"

"ဟင်"

ဒီလိုဆိုလာတော့လည်း ဒေါ်နှင်းနှင်းဆက် မျက်နှာမကောင်း

ဖြစ်သွားသည်။ ဒါပေမဲ့ ဒါက အကောင်းဆုံးဖြစ်မှာမို့ မငြင်းမိပါ။

"အင်းလေ ဒါမှလည်း သံယောဇဉ်ပြတ်သွားမှာပါလေ၊ ကလေးအတွက်တော့ အန်တီ စိတ်မကောင်းဘူးကွယ်၊ သူ ခံစားရမှာ"

"နောက်တော့လည်း သွေးအေးသွားမှာပါ အန်တီနှင်းရယ်"

သွေးပြောသလို သွေးအေးသွားမယ်ဆိုရင် ကောင်းပါသည်။ ဒါပေမဲ့ သူမစိတ်ထဲမှာတော့ သားလေး ပိုဆိုးသွားမှာတော့ စိုးရိမ်သည်။

"ဘွားဆက်ကိုပြုစုဖို့ သွေးသူငယ်ချင်း လာလိမ့်မယ် အန်တီနှင်း"

"အင်း အင်းပါ သမီးရယ်"

ဒေါ်နှင်းနှင်းဆက် လေသံတိုးတိုးလေးနှင့် ခေါင်းညိတ်မိ၏။ သျှန်းအတွက် ပြဿနာက သူမရင်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်နေ၏။ သားက တကယ်ပဲ သွေးကို သံယောဇဉ်ရှိနေတာဆိုလျှင် –

သွေးရဲ့စိမ်းပြတ်မှုတွေကို ခံနိုင်ရည်ရှိပါ့မလား။

"ဟာ မ ဘယ်တုန်းက ရောက်နေတာလဲ"

နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိတုန်း အိမ်ထဲက ထွက်လာသော သျှန်းကို မြင်လိုက်ရသည်။ ကျောက်ပတ်တီးစည်းထားသော ခြေထောက်ကြောင့် သျှန်း ချိုင်းထောက်နှစ်ဖက်နှင့်ဖြစ်၏။





သွေးက ဒေါ်နှင်းနှင်းဆက်ထက် ဦးစွာ သျှန်းအနား ရောက်သွားခဲ့သည်။

"သျှန်းရယ် ချော်ချက်လဲမှဖြင့်"

"အိမ်ခန်းထဲမှာပဲ နေနေရတာ ပျင်းတယ်ဗျ။ စိတ်ထဲမှာ မ, ရောက်လာရင်ကောင်းမယ် တွေးမိပြီးထွက်လာတာ၊ ထင်တဲ့အတိုင်းပဲ ကျွန်တော့်စိတ်ကူးတွေ ထပ်တူဖြစ်နေပြီ"

သျှန်းပြောရင်း သူမကို ရူးရူးနှစ်နှစ်ကြည့်နေတော့ မနေတတ်အောင်ဖြစ်ရသည်။ အန်တီနှင်းကပါ အနားရောက်လာပြီး သျှန်းကိုတွဲဖို့ ကြိုးစား၏။

"ရတယ် ကြီးနှင်း၊ မနဲ့ကျွန်တော် ခြံထဲမှာ ခဏလမ်းလျှောက်ချင်လို့"

"သွေးက ပြန်တော့မှာသားရဲ့"

"ဟာ မဟုတ်တာ၊ အခုမှရောက်တော မဟုတ်လား"

"ကြာပြီ သျှန်းရဲ့၊ အချိန်က သိပ်မရလို့ ပြန်ရမှာ"

"အဓိပ္ပာယ်မရှိတာ၊ မ, မပြန်နဲ့ဦး။ ကျွန်တော်နဲ့ ခဏလောက်တော့ နေပေးပါဦး၊ ကျွန်တော် လမ်းလျှောက်ချင်လို့"

သျှန်း ဇွတ်တောင်းဆိုနေသည်။

သွေးကို အန်တီနှင်းက မျက်နှာငယ်လေးနှင့် ကြည့်နေတာမို့ သွေး ခေါင်းညိတ်လိုက်ရ၏။

"အင်း ဆယ်မိနစ်,ဆယ့်ငါးမိနစ်လောက်တော့ အချိန်ရပါ
တယ်"

သျှန်း ချိုင်းထောက်နှစ်ဖက် အားပြုပြီး ညည့်ခန်းထဲက ထွက်
သည်။ သွေး အနားက ကပ်လိုက်ခဲ့ရင်း ခြံထဲဆင်းခဲ့ကြသည်။ အန်တီ
နှင်းကတော့ ပင့်သက်မောတွေချရင်း အနောက်မှာ ကျန်ရစ်ခဲ့၏။

"မ တော်တော်နေစိမ့်တယ်ဗျာ၊ ပြီးခဲ့တဲ့ရက်တွေမှာ ကျွန်
တော် မ, ရောက်လာမလား မျှော်နေတာ"

အခုချိန်မှာ သျှန်းနဲ့ မျက်နှာချင်းဆိုင်ဖို့တောင်မှ သွေးဘက်က
မဝံ့မရဲဖြစ်နေတာကို သျှန်း မသိချင်ယောင်ဆောင်နေသည်လား
ဆေးရုံမှာတုန်းက ပြောခဲ့သော စကားတစ်ခွန်းက သွေးကို မဝံ့မ
ဖြစ်နေစေတုန်း။

သျှန်းကတော့ သူ့အကျင့်အတိုင်း အလေးမထားသလိုပါ

"မ ကျွန်တော်ပြောတာ ကြားပါတယ်နော်"

"ကြားပါတယ် သျှန်း၊ တို့လည်း အလုပ်တွေ လုံးဝမအ
ဘူး။ ပြီးတော့ နောက်နေ့တွေလည်း ဒီကိုလာဖို့ မလွယ်တော့ဘူ

"ဟင် ဘာလို့လဲ မ"

"ဘာလို့လဲဆိုတော့ ထက်ရှားကြောင့်လေ၊ သူက မကြို
တဲ့အလုပ်ကို တို့ ဆင်ခြင်ရမှာပေါ့"

သျှန်းမျက်နှာကြီး ရဲရဲနီသွားသည်။ စိုက်ကြည့်နေသေ





မျက်နှာနုနုလေးမှာ မေးကြောတွေထောင်လာကာ အံကြိတ်ထား၏။

"ဘာဖြစ်သွားတာလဲ သျှန်း၊ ဒါ သူ့အခွင့်အရေးလေ၊ သူ့
ချစ်သူကို သူ ချုပ်ချယ်ပိုင်ခွင့်ရှိပါတယ်"

သွေး တမင် သျှန်းနာကြည်းအောင် ပြောပစ်မိ၏။ ဒါပေမဲ့
သျှန်းရဲ့နာကြည်းမှုတွေက လမ်းကြောင်းလွဲချော်နေ၏။

"တောက် ဒီကောင်က ဒီလောက်အထိတောင် မ,အပေါ်
အနိုင်ကျင့်နေတာလား၊ တွေ့ကြသေးတာပေါ့ဗျာ"

သျှန်း မကျေမနပ် ကြိမ်းဝါးတာက မဆီမဆိုင် ထက်ရှားကို
ဖြစ်နေတာမို့ သွေး ခေါင်းကိုခါမိသည်။ သူမ,မျှော်လင့်တာ သူမကို
သျှန်း စိတ်နာသွားစေဖို့အတွက်ပါ။ အခုတော့ –

"သျှန်း မင်း သူ့ကို ဒေါသဖြစ်စရာ အကြောင်းမရှိဘူးလေ၊
ပြီးတော့ ဒီကိစ္စမှာ အမိက,က တို့ပဲလေ၊ သူ ချုပ်ချယ်တာကို တို့
ကလည်း လက်ခံတယ်၊ ချစ်ရင် သဝန်တိုတတ်တယ်"

"တော်ပါဗျာ၊ ကျွန်တော့်ကို အမှုမဖွင့်ဖို့အတွက် မ,ဘက်
က သူ့ကို ဒီကတိပြုခဲ့တာလား"

"မဟုတ်တာ၊ ဘာမှမဆိုင်ဘူး"

"ဆိုင်ရမှာပေါ့၊ ဒီကောင်ကို လုံးဝမကျေနပ်ဘူးဗျာ"

"မင်း ဘာလုပ်ဦးမလို့လဲ သျှန်း"

"ဘာလုပ်လုပ်ပေါ့ဗျာ"

သျှန်းရဲ့ တစ်ဖက်သတ်အနိုင်ယူလိုမှုတွေကိုတော့ သွေး
စိတ်ပျက်နေခဲ့ရပြီ၊ ဒီလောက်အထိတော့ သျှန်း အတွေ့တွေမကြီးသင့်ပါ

"ဒီမှာ သျှန်း၊ တို့ချစ်သူကိုပဲ တို့လက်ထပ်မှာ၊ တကယ်လို
သူ တစ်ခုခုဖြစ်ရင် တို့ မင်းကို ခွင့်လွှတ်လိမ့်မယ်မထင်နဲ့"

"ဘာရယ် မ၊ မ ဘာပြောလိုက်တယ်"

မယုံကြည်နိုင်သော မျက်ဝန်းတွေနှင့် သွေးကိုကြည့်ရင်
သျှန်း အံ့ဩမှင်တက်နေခဲ့သည်။ သွေး တည်ငြိမ်စွာပဲ ရင်ဆိုင်ကြည့်
ရင်း -

"တို့ပြောတာ မင်းသဘောပေါက်မှာပါ"

သျှန်းမျက်နှာမှာ အနီရောင်အရိပ်တွေ လွှမ်းခြုံသွားခဲ့သည်
ခက်ထန်မာကျောနေသော မျက်နှာက တဖြည်းဖြည်း အရောင်
ဖျော့ကျသွားခဲ့ကာ ပင့်သက်တစ်ချက်ရှိုက်သည်။

"မယုံနိုင်ဘူး မ၊ မရဲ့စိတ်တွေ အဲဒီလိုအရောင်ပြောင်းသွ
တာ မယုံချင်ဘူး၊ ကျွန်တော့်ဘက်ကလည်း အရောင်ပြောင်းရမှာ
စောင့်ကြည့်လိုက်၊ ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာ"

မိုက်ရူးရဲဆန်သလို စိန်ခေါ်စကားဆိုလာသည့် သျှန်းမျက်
ကို သွေး စူးနစ်စွာစိုက်ကြည့်မိသည်။ ညှိုညစ်ညစ်ဒဏ်ရာတွေတော
မပျောက်သေးသောမျက်နှာက ထင်ရာစိုင်းဖို့ အားယူနေသည်လ

သွေးကပဲ မှားခဲ့တာလား။





တကယ်ဆို ရင်ထဲက သံယောဇဉ်နှင့် သျှန်းအပေါ် စာနာ
နားလည်မှုတွေကတော့ ဘယ်တော့မှ အရောင်ပြောင်းသွားမှာတော့
မဟုတ်ပါ။ ဒါပေမဲ့ သျှန်းရဲ့စိတ်တွေ ခက်ထန်လွန်းတာတော့ ဆိုးပါ
သည်။

ရင်မှာ နောင်တတွေ ရမိပေမယ့် နုတ်ယူလို့မရသော အရာ
တွေထဲမှာ အတိတ်ဂဟထားခဲ့သော သံယောဇဉ်နှောင်ကြိုးတွေလည်း
ပါနေတော့လည်း -

ဥပေက္ခာပြုပစ်ဖို့ ခက်ခက်။

သျှန်းရယ်

ဖြူစင်တဲ့ သံယောဇဉ်တွေက အခိုင်မြဲဆုံးနဲ့ အအေးမြဲဆုံး
ဆိုတာ မင်း မေ့နေခဲ့ပြီလားကွယ်။

✿ ✿ ✿

အခန်း (၂၃)

သည့်နောက်ပိုင်းမှာ သွေးဘက်က ပြောခဲ့သည့်အတိုင်း သံယောဇဉ်ပြတ်နိုင်ဖို့ ကြိုးစားခဲ့သည်။

သျှန်း ကြိမ်းဝါးစိန်ခေါ်သွားတာကိုလည်း အန်တီနှင်းကို ဖုန်းဆက်ပြီး သွေးအသိပေးခဲ့၏။

''ဘုရား ဘုရား။ ဒီကလေးစိတ်က ထင်ရာလျှောက်လုပ်ရင် အခက်ပါလား''

''အဲဒါကြောင့် အန်တီနှင်းကို သမီး အသိပေးတာပါ။ သူ့ကို တော့ အန်တီနှင်း ထိန်းသိမ်းပေးထားဦးနော်၊ တစ်ခုခုဖြစ်သွားမှာ သွေး စိုးရိမ်လို့ပါ''





သွေးစိုးရိမ်သလို သူမလည်း စိုးရိမ်မိတာပဲဖြစ်သည်။ ဒါ ကြောင့်လည်း သျှန်းကို ဂရုစိုက်ကြည့်ရ၏။ သျှန်းက သိသိသာသာ ပြောင်းလဲသွားတာတော့ သေချာသည်။

အိမ်မှာ ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက်စကားမပြောတော့ ပါ။ သူ့ခြေထောက်တွေရဲ့ ကျန်းမာရေးကိုတော့ ဂရုစိုက်သည်။ မနက် တိုင်း ညနေတိုင်း ခြံထဲမှာ လေ့ကျင့်ခန်းလုပ်သည်။

ဒဏ်ရာသက်သာလာကာ ပတ်တီးဖြည်လိုက်တော့ ဒေါ်နှင်း နှင်းဆက် စိုးရိမ်မိသည်။ ဒီကောင်လေး ရန်ကုန်အထိသွားကာ မင်း ထက်ရှားကို ပြဿနာရှာနေလျှင် အခက်။ ]ရင်း

ဒီတစ်ခါဆိုရင်တော့ တစ်ဖက်က ဘယ်လိုမှ သည်းခံမှာ ဟုတ်။ သျှန်းကို သက်ဆိုင်ရာက အရေးယူအောင် လုပ်ပစ်လိုက်မှာ ပိတ် သေချာ၏။ ထိုထက်ပိုမိုသော အခြေအနေတွေ ဆိုးကုန်ရင်မလွယ်။

စိုးရိမ်ပူပန်စိတ်တွေနှင့် သူမ မမိုးကို အားလုံးအသိပေးကာ ပြောပြမိ၏။

''ဟင် သွေးနဲ့ အဲဒီလောက်အထိ ဖြစ်ကုန်ပြီလား။ ဒီကောင် လေး တော်တော်မိုက်တာပဲ''

''ဟုတ်တယ် မမိုး၊ ဒါကြောင့် သွေးက သံယောဇဉ်ပြတ် အောင် ကြိုးစားနေတာ''

သည်တော့မှ မမိုး ခေါင်းတညိတ်ညိတ်နှင့် –

''အင်း သွေး အခုရက်တွေ အိမ်ကို ရောက်မလာတာ ဒါ
ကြောင့်ကိုး၊ နှင်ကလည်း ဘာလို့ ဒီကိစ္စကို သိုဝှက်ထားရတာလဲ
နောက်ထပ်ပြဿနာတွေ ဖြစ်ကုန်ရင်ခက်မယ်''

''ဟုတ်တယ်၊ နှင်းလည်း အဲဒါ စိုးရိမ်နေတာ၊ အခု သူ့ခြေ
ထောက် နည်းနည်းသက်သာသွားတော့ ပိုစိုးရိမ်မိတယ်''

''သေချာတယ်၊ ဘာမှတွေးတောစဉ်းစားတဲ့ဉာဏ်မရှိတဲ့
ကောင်ကို ဒီအတိုင်းလွှတ်ထားလို့ မရဘူး၊ သူ အပြင်ထွက်တာ
ပြဿနာရှာမှာ၊ ဒီတော့ ငါတို့တွေ စောင့်ကြည့်ရမှာပဲ၊ ဟင်း တော်
တော်ဒုက္ခပေးတဲ့ သျှန်းပါလားဟယ်''

မမိုး စိတ်ပျက်သလို ရေရွတ်သည်။ နှင်းလည်း စိုးရိမ်နေ
သည်။ အားလုံး သျှန်းရဲ့အရိပ်ကိုပဲ ကြည့်နေရသည်။

အရိုးအက်သွားသော ဒဏ်ရာက အကင်းမသက်သာသေး
ခဲ့တောင် သျှန်းက အိမ်အပြင်ထွက်ဖို့ ကြိုးစားလာတော့ အားလုံ
စိတ်ပူသွားသည်။ ကံကောင်းချင်တော့ ထိုနေ့က လွှမ်းရော မမိုး
ရှိနေတာမို့ တော်သေးသည်။

''ကျွန်တော် အပြင်ခဏသွားမလို့''

''အို မဟုတ်တာ၊ သားခြေထောက်က သက်သာသေးတာ
မဟုတ်ဘဲ၊ ဘယ်သွားမလို့လဲ''

''သူငယ်ချင်းတစ်ယောက်အိမ်ပါ ကြီးနှင်းရဲ့ မသက်သာ





သေးပေမယ့် ကားတော့ မောင်းနိုင်ပါတယ်''

''မသွားနဲ့ သျှန်း၊ မင်းဒဏ်ရာ အရှင်းပျောက်မှ သွားချင်
သွား''

''ဘာဖြစ်လို့လဲ ကြီးမိုးရာ၊ အိမ်ထဲမှာ တစ်လကျော်လောက်
ချိနေခဲ့ရတာဗျာ၊ ခဏလေးပါ၊ မကြာဘူး''

ပြောပြီး အဝတ်အစားလဲဖို့ အခန်းထဲလျှောက်ဝင်သွားသော
သျှန်းကြောင့် သူမတို့ စိတ်ပူသွားရ၏။

''ဒုက္ခပဲ၊ ဒီကောင် ပြဿနာရှာမှာလား မသိဘူး''

လွှမ်းက စိုးရိမ်ပူပန်စွာ ရေရွတ်သည်။ မမိုးက ခေါင်းခါရင်း
ယတိပြတ်အမိန့်ပေး၏။

''သွား သားကြီး၊ သူ့အခန်းတံခါးကို အပြင်က သော့ပိတ်
ထားလိုက်၊ သူ အပြင်ထွက်လို့မဖြစ်ဘူး''

မမိုး အမိန့်ပေးတော့ လွှမ်း အပြေးသွားကာ သျှန်းအပြင်
ပြန်ထွက်မလာခင် အခန်းတံခါးကို အပြင်က သော့ခတ်ပိတ်လိုက်၏။

''ဟေ့ကောင် လွှမ်း ဒါ ဘာလုပ်တာလဲ၊ တံခါးဖွင့်ပေးနော်
ဟေ့ကောင်၊ နောက်မှ ငါ့အဆိုးမဆိုနဲ့၊ တစ်ခန်းလုံး ဖျက်ဆီးပစ်မှာ''

အခန်းထဲက ဒေါသတကြီး ဟစ်အော်ရင်း သျှန်း ကြိမ်းဝါး
သည်။

''ဟေ့ သျှန်း မင်းကို အပြင်ထွက်ခွင့်မပေးဘူး၊ ငါ ပိတ်ခိုင်း

ထားတာ၊ အထဲမှာပဲနေ''

ကြီးမိုးဆိုတော့လည်း သျှန်း ဒေါသတွေ ငြိမ်ကျမသွားခဲ့ဘဲ အခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်ကန်ကြောက်နေ၏။

''ဖွင့်ပေးဗျာ၊ ကျွန်တော်က အခန်းပိတ်လှောင်ထားရအောင် အရူးမဟုတ်ဘူး၊ ဖွင့်ပေးဗျာ''

''ဒုန်း''

''ဒုန်း''

''ဒုန်း''

အခန်းတံခါးကို တဒုန်းဒုန်း ဆူညံအောင် ထုရိုက်နေပေမယ့် ကြီးမိုးက တိတ်ဆိတ်နေတော့ ဘယ်သူမှ တုပ်တုပ်မလှုပ်ကြပါ။ ဒေါသူပုန်ထနေသော သျှန်းကတော့ စိတ်ရှိတိုင်း သောင်းကျန်းနေပြီ။

''ခွမ်း ခလွမ်း''

''ဒုန်း''

''ချလွမ်း''

အခန်းထဲက ပစ္စည်းတွေကို စိတ်ရှိသမျှ ဖျက်ဆီးနေပုံရသည့် အသံဗလံတွေကြောင့် လှွမ်းနှင့် ကြီးနှင်းတို့ စိုးရိမ်သွားကြ၏။ ကြီးမိုးကတော့ အံကိုကြိတ်ကာ မျက်နှာကြီးနီရဲနေသည်။

''ဘယ်လိုလုပ်မလဲ ကြီးမိုး၊ ဒီအတိုင်း လွှတ်ထားရင် ဒီကောင် သောင်းကျန်းနေဦးမှာပဲ''





''ဟုတ်တယ် မမိုး၊ သူ့ဒေါသနဲ့သူ တစ်ခုခုလုပ်လိုက်မှာတောင် စိုးရိမ်ရတယ်၊ သျှန်းစိတ်က ကြီးတယ်နော်''

လွှမ်းနှင့်ကြီးနှင်းတို့ မနေနိုင်တော့ဘဲ စိုးရိမ်စွာ ပြောလာတော့မှ ကြီးမိုးမျက်နှာ တင်းခနဲဖြစ်သွားရင်း –

''ပစ်ထားလိုက်၊ အမူဖြစ်ပြီး ရုံးရောက်ဂါတ်ရောက်တာထက်စာရင် ဒါက ဖြေသာသေးတယ်''

ကြီးမိုးက အလျှော့မပေးဆိုရင်း အခန်းရှေ့က ဥပေက္ခာပြုလှည့်ထွက်ဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ –

''ဒုန်း''

''ဟာ''

''သျှန်း သျှန်း မင်း ဘာတွေလျှောက်လုပ်နေတာလဲ''

လွှမ်း စိုးရိမ်စွာမေးတော့ မဖြေဘဲ အထဲကနေ တံခါးကို သိ‌ဂ့်သိမ့်ခါသွားအောင်ပဲ တုံ့ပြန်ပြနေ၏။

''ဒုန်း ဒုန်း''

''တောက် သင်းကို ဖွင့်ပေးလိုက်စမ်းပါ''

ကြီးမိုး ဘယ်လိုမှ မနေနိုင်တော့ဘဲ ပြောလိုက်တော့ လွှမ်း တံခါးအနား ပြေးကပ်သွားရင်း –

''သျှန်း မင်း အပြင်ထွက်ချင်လို့လား''

''ဒါ မေးစရာလားကွာ၊ မင်း ဘာလို့ ငါ့ကို အခန်းတံခါး

ပိတ်လှောင်ထားတာလဲ၊ ငါ အရူးမဟုတ်ဘူး၊ အခုဖွင့်''

''အေး ငါဖွင့်ပေးမယ်၊ မင်း ကတိတစ်ခုတော့ပေး''

''ဟော့ကောင် လွှမ်း၊ ငါ့ကို ကတိတွေနဲ့ မချုပ်နှောင်နဲ့၊ မင်းက ဘာကောင်လဲ၊ ငါ့လွတ်လပ်ခွင့်ကို မင်းတို့ မချုပ်နှောင်ကြနဲ့''

အခန်းထဲက ပြန်အော်ဟစ်နေသော သျှုန်းစကားတွေကြောင့် ကြီးမိုး ဘယ်လိုမှ သည်းမခံနိုင်အောင် ပေါက်ကွဲသွားပုံရ၏။

''ရှိုင်းစိုင်းလိုက်တဲ့ကောင်၊ ချက်ချင်းဖွင့်ပေးလိုက်စမ်း လွှမ်း၊ သူ့ဘာသာ သွားချင်တဲ့နေရာ သွားစမ်း''

လွှမ်း ပိတ်ထားသောတံခါးသော့ကို အလျင်အမြန် ဖွင့်ပေးလိုက်၏။ အခန်းထဲက ထွက်လာသော သျှုန်းမျက်နှာကြီး နီရဲကာ ချွေးတွေ ရွှဲနစ်ပြီး မောဟိုက်နေ၏။

''သျှုန်း''

လွှမ်းကို စားမတတ် ဝါးမတတ် ဒေါသမျက်ဝန်းတွေနှင့် ကြည့်နေသော သျှုန်း ကြီးမိုးခေါ်သံကြောင့် လှည့်ကြည့်၏။

''မင်း သွားချင်တဲ့နေရာ သွားတော့၊ မင်း အားလုံးကို ဒုက္ခပေးခဲ့တာ များပြီ၊ သွား၊ အခုသွားတော့၊ မင်းဘာသာ ဖြစ်ချင်တာ ဖြစ်တော့''

သျှုန်း ခွန်းတုံ့မပြန်ဘဲ အားလုံးကိုကျောခိုင်းကာ လှည့်ထွက်သွား၏။





''သား သျှုန်း ဘယ်လဲ၊ မင်း ပင်ပန်းနေပြီ''

''မနှင်း ဘာမှမပြောနဲ့''

မနေနိုင်မထိုင်နိုင် ဝင်တားမိသည့် ကြီးနှင်းကို ကြီးမိုးက ဒေါသနှင့်မာန်မဲတော့ ကြီးနှင်း ငြိမ်သွားခဲ့၏။

''ဝူး ဝူး''

''ဟင်''

ဆင်ဝင်အောက်က ကားကို သျှုန်း ယူမောင်းသွားပြီဟု သိလိုက်ရတာမို့ လွှမ်း အပြင်ကို ကသောကမျော ပြေးထွက်ခဲ့သည်။

ကားလေးက ခြံတံခါးဆီ အရှိန်ပြင်းစွာ မောင်းထွက်သွားတာကို လွှမ်း ရိပ်ခနဲပဲ မြင်လိုက်ရ၏။

''သေစမ်းကွာ၊ ပြဿနာကောင်ပဲ''

''ဒုန်း''

''ဟာ''

သူ စိတ်ပျက်စွာ ရေရွတ်လိုက်သံပင် မဆုံးလိုက်၊ ခြံအပြင်ဘက်က ပြင်းထန်သော တိုက်ခိုက်မိသံကြီး ထွက်ပေါ်လာ၏။

''သျှုန်း သျှုန်း''

''သား သျှုန်း''

ခြံပြင်ကို လွှမ်း အော်ဟစ်ပြေးထွက်ခဲ့မိသလို ကြီးနှင်းအသံလည်း နောက်က ကပ်ပါလာ၏။

"ဟာ"

ခြံတံခါးအပြင်ရောက်တော့ မြင်လိုက်ရသော မြင်ကွင်းကြောင့် လွှမ်းမျက်လုံးတွေ ပြူးကာ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

"အို အမယ်လေး သား"

ကြီးနှင်း အထိတ်တလန့်အော်ရင်း ပလက်ဖောင်းပေါ်က ဓာတ်တိုင်ကို ဝင်တိုက်ရပ်တန့်နေသော ကားဆီ ပြေးသည်။ လွှမ်း ဒီတော့မှ သတိရကာ ကားဆီပြေးခဲ့သည်။

ကားထဲမှာ ခေါင်းက ဒက်ရှ်ဘုတ်ပေါ် မှောက်ကျကာ ငြိမ် သက်နေသော သျှန်းကတော့ သတိလစ်နေခဲ့ပြီ။

"သျှန်း သျှန်း"

သွေးသားညီအစ်ကိုဆိုသောအသိနှင့် တံခါးကိုဆွဲဖွင့်ကာ လွှမ်း ပွေ့ချီလိုက်သည်။ သျှန်းနဖူးက ဟက်တက်ကွဲကာ သွေးတွေ ယိုစီးကျနေ၏။ မခင်တွယ်ပါဟုဆိုသော ကြီးမိုးလည်း တူငယ်အဖြစ် ကိုမြင်တော့ ချောက်ချားစွာ ထိတ်လန့်လို့ မှင်တက်ကြောင်တွေနေခဲ့၏။

✿

သျှန်းသတင်းဆိုးကိုကြားတော့ သွေး မနေနိုင်ဘဲ အပြေး





ရောက်ချလာသည်။

"ဘယ်လိုနေသေးသလဲ ကြီးမိုး၊ သျှန်းအခြေအနေ ဘယ်လို လဲဟင်"

သွေး ကသောကမျောနှင့် ကြီးမိုးကို မေးမိသည်။ အော်ပရေး ရှင်းခန်းရှေ့မှာ ကြီးမိုး၊ ကြီးနှင်း၊ လွှမ်းပါ ရှိနေ၏။

"ကံကောင်းတယ် သမီး၊ သိပ်အဆိုးကြီး မဟုတ်ဘူးကွဲ့၊ ညာဘက်ခြေထောက်တော့ ကျိုးသွားတယ်၊ နဖူးက ဒဏ်ရာက လေး ချက်ချုပ်ရတယ်၊ ဒီလောက်ပဲဖြစ်တာ အရမ်းကံကောင်းတယ်"

ကြီးမိုးစကားကြားမှပဲ သွေးရင်ထဲမှာ ဆို့နင့်နေသော အလုံး ကြီးက ပြေလျော့ကျသွားရ၏။

"သမီးပြောပြထားတဲ့စကားကြောင့် သူ့ကို အန်တီနှင်းတို့ ဂရုစိုက်စောင့်ကြည့်နေတာ အပြင်ထွက်ခွင့်မပေးတော့ ပြဿနာရှာပြီး ကားနဲ့မောင်းထွက်သွားတာလေ"

ကြီးနှင်းက ရှင်းပြနေသည်။ လွှမ်းကတော့ မတ်တတ်ရပ်ရင်း တိတ်ဆိတ်စွာ ခေါင်းငုံ့နေ၏။ ကြီးမိုးက သွေးကိုမော့ကြည့်ရင်း –

"ကြီးမိုးအထင်တော့ သူ သမီးရှိတဲ့ ရန်ကုန်လာတယ်ထင် တာပဲ"

"ဟင်"

"ဟုတ်တယ် သမီး၊ သူ့စိတ်ဓာတ်က အတော်မာထန်တယ်

နော်၊ သူ သတိရလာရင်တောင် သမီးနဲ့တွေ့လို့ ဖြစ်ပါ့မလား''

ကြီးမိုးက စိုးရိမ်စွာဆိုတော့ သွေး ဘာပြောရမှန်းမသိပါ။ သျှန်းကိစ္စမှာ သူမ ပယောဂမကင်းသလို ခံစားရတာမို့ စိတ်မကောင်းပါ။ တကယ်ဆို သျှန်းကို သူမဘက်က အစိမ်းပြတ်ကြီးပြုခဲ့တာကိုက မှားသည်။

သျှန်းက သူမစကားဆိုရင် နားထောင်တတ်တာမို့ ချော့မော့ပြီး နားလည်အောင် ပြောသင့်ခဲ့၏။

''သူ့ကို သမီး ယတိပြတ်ကြီးလုပ်လိုက်တာက မှားသွားခဲ့တာ၊ သျှန်းက သမီးကို ခင်မင်သံယောဇဉ်ကြီးတယ်၊ သူပြောလိုက်တာ ထက်ရှားကို မခံချင်စိတ်နဲ့ပြောတာ ဖြစ်နိုင်တယ်၊ သမီး အရမ်းစိုးရိမ်သွားတာ ထင်တယ်''

သွေးပြောသမျှ အန့်တီနှင်းရော ကြီးမိုးပါ ငြိမ်သက်နားထောင်နေခဲ့၏။ လွှမ်းကလည်း ခေါင်းမော့ကြည့်ကာ နားထောင်နေ၏။

''အခုချိန်မှာ သမီးအနားမှာရှိနေရင် သူ ကျေနပ်မယ်ထင်ပါတယ် ကြီးမိုးရယ်၊ ဒီအချိန်မှာ သမီးမရှိဘူးဆိုရင် သူ နာကြည်းသွားနိုင်တယ်လေ''

''အင်းလေ သမီးသဘောပေါ့၊ အန့်တီနှင်းကတော့ သျှန်းအတွက် စိုးရိမ်တာပဲရှိတယ်''

''ဟုတ်တယ် သမီး၊ သမီးနဲ့ သမီးကောင်လေးကြားမှာ





လည်း ပြဿနာမတက်စေချင်ဘူးလေ''

ကြီးမိုး စိုးရိမ်စွာပြောတော့ သွေး ခေါင်းလေးကို ခါယမ်းရင်း

''ဒါကိုတော့ ထက်ရှားက နားလည်ရမှာပေါ့ ကြီးမိုးရယ်၊ စိတ်ချပါ၊ သမီး ဖြစ်လာတာကို ရင်ဆိုင်မှာပါ''

''ကျွန်တော်ကတော့ မသွေးကို သျှန်းနဲ့ မဆုံစေချင်ဘူး''

တစ်ချိန်လုံး ငြိမ်သက်နေသော လွှမ်းက ဝင်ပြောလာသော စကားကြောင့် သွေး မယုံနိုင်စွာ မော့ကြည့်၏။

''ဘာ ဘာလို့လဲလွှမ်း''

''တခြားမဟုတ်ဘူး မသွေး၊ သူ စိတ်ဆိုးလက်စနဲ့ ဆက်ပြီး စိတ်ဆိုးတာ ကောင်းပါတယ်၊ ဒါမျိုးက တရိပ်ရိပ်တတိတိဖြတ်လို့ မသင့်ဘူးလေ၊ သျှန်းအကြောင်း သိလျက်နဲ့ ဒီကောင်က မသွေး သူ့အပေါ် သံယောဇဉ်မပြတ်ဘူးထင်နေတယ်''

လွှမ်းက ရှင်းပြသည်။ ကြီးမိုးနှင့် ကြီးနှင်းကတော့ တိတ်ဆိတ်စွာပဲ ရှိနေဆဲ။ သွေးရင်ထဲမှာ လက်မခံချင်ပါ။ သျှန်းအပေါ်မှာ ဒီလောက်အထိတော့ ဥပေက္ခာပြုဖို့ သတ္တိမရှိပါ။

''ဒီလိုလည်း မဟုတ်ဘူးလေ လွှမ်းရဲ့၊ သူ သတိပြန်ရတဲ့ အချိန်မှာ သွေးနဲ့ အရင်ဆုံးတွေ့တာ သူ့ဒေါသတွေ ငြိမ်းချမ်းမှာပါ၊ ဒါက ပိုကောင်းတာပေါ့''

''မကောင်းဘူး မသွေး''

"ဟင်"

လွှမ်းကတော့ ယတိပြတ်ပဲ အားမနာတမ်း ငြင်းသည်
သွေးမျက်နှာလေးတောင် ပျက်သွားခဲ့၏။

"စိတ်မဆိုးနဲ့ မသွေး။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို အမေ
ကြီးကတည်းက သံယောဇဉ်ဖြတ်လိုက်တာက ပိုကောင်းပါတယ်။
ဒါမှ သူလည်း ဖြေသာမှာပေါ့"

လွှမ်းစိတ်ထဲမှာ သွေးနှင့်သျှန်းကို မဆုံချင်နေတာ သေချာ
ပြီ။ ဒါ သျှန်းကို စာနာလို့လား။ သွေးဘက်ကိုတော့ လွှမ်း မကြ
တော့ဘူးလား။

ဘာပဲဖြစ်ဖြစ် အားလုံးက ဟိုးငယ်စဉ်ကတည်းက သံယော
ဇဉ်တွေ ချည်နှောင်ခဲ့ရတာ။ လွှမ်းနှင့်ကတော့ သိပ်ပြီး မနိုင်မာခဲ့ပေ
သျှန်းအပေါ်မှာတော့ သွေး ခင်မင်မှုကြီးမားခဲ့တာ သေချာ၏။

ဒါပေမဲ့ သျှန်းအပေါ်မှာ သူ့မဘက်က ရက်စက်ပြတာ
လွှမ်းက လိုချင်နေတော့လည်း –

"ကောင်းပြီ လွှမ်း၊ သွေးနဲ့သျှန်းကို မဆုံစေချင်ဘူးဆို
လည်း ရပါတယ်၊ သွေး ပြန်ပါ့မယ်"

"နေဦး သမီး၊ သမီး ယတိပြတ်ကြီး မလုပ်ပါနဲ့"

ကြီးနှင်းက မနေနိုင်ဘဲ ဝင်တားတော့ သွေး နွေးနွေးက
ဟန်ဆောင်ပြုံးနိုင်အောင် ကြိုးစားလိုက်၏။





"ဟင့်အင်း။ သွေး သျှန်းကို မမုန်းတီးပါဘူး အန်တီနှင်း။
သံယောဇဉ်ရှိပါတယ်၊ တကယ်လို့ သျှန်းက လိုအပ်တယ်ဆိုရင်တော့
သွေးကို ဖုန်းဆက်လိုက်ပါ၊ သွေး အချိန်မရွေး လာခဲ့ပေးပါ့မယ်"

"ကျေးဇူးပါပဲ သမီးရယ်"

အားလုံးကို နှုတ်ဆက်ပြီး သွေးသစ္စာ ဆေးရုံဝင်းထဲက
တရွေ့ရွေ့လှမ်းထွက်သွားတော့မှ လွှမ်းရင်ထဲက စကားတွေကို အတိ
အလင်းပဲ ဆိုသည်။

"ဘယ်လိုမှမဖြစ်ဘူး ကြီးနှင်း။ မသွေးကိုက မဟုတ်တာ၊
ကိုယ်ရွေးတဲ့လမ်းကို ကိုယ့်ဘာသာ ဆက်မလျှောက်ဘဲ သျှန်းကို
ဘာလို့နှောင်ဖွဲ့နေတာလဲ၊ ဒါ လှေနံနှစ်ဖက်နင်းတဲ့သဘောဗျ"

"အို လွှမ်း မင်း ဘယ်လိုပြောလိုက်တာလဲ၊ သွေးကို မင်း
အထင်လွဲနေပြီ၊ သွေးသစ္စာက မာန, သိက္ခာ အရည်အချင်းပြည့်ဝတဲ့
သူပါ၊ သျှန်းကို သံယောဇဉ်ရှိတာကို မင်း အထင်မလွဲနဲ့"

"သူ့သံယောဇဉ်တွေက သျှန်းကို သွေးထိုးပေးသလို ဖြစ်နေ
တယ် ကြီးနှင်း"

"ကဲ ကဲ တော်ကြတော့၊ ခုချိန်မှာ အငြင်းအခုန်ဖြစ်မနေနဲ့၊
အင်း သျှန်းပြဿနာက အတော်ရှုပ်ထွေးပါလား"

ကြီးမိုးက တားမြစ်ရင်း ပြောလာသည်။ လွှမ်းကတော့
ရင်ထဲမှာ မကျေမနပ်ဖြစ်နေတာ သွေးသစ္စာကိုပဲ ဖြစ်သည်။ မကြာခင်

ပဲ လက်ထပ်တော့မည့် မိန်းမတစ်ယောက်က ဘာကြောင့် သျှန်းအပေါ်
သံယောဇဉ်တွေ ပိုနေရတာလဲ။

ဒါ မဖြစ်သင့်တဲ့ကိစ္စ။ သျှန်းနဲ့မသွေးက သွေးသားတွေလည်း
မဟုတ်။ သျှန်းဆိုသည့်ကောင်က ချစ်ပါတယ်ဟုတောင် ရင်ဖွင့်ပြော
ထားသည်ဆိုတော့ –

မသွေး အပြီးရှောင်တိမ်းလိုက်တာပဲ ကောင်းသည်။

မပြတ်မသား နဝေတိမ်တောင်လုပ်နေခြင်းက ဘာလဲ။

ဟုတ်တော့ မဟုတ်သေးပါ။

✿ ✿ ✿



## အခန်း (၂၄)

"ကျွန်တော် သတိရတဲ့အထိ ဘာလို့ မ,က မစောင့်ရတာလဲ
ဗျာ၊ ကျွန်တော် မကို တွေ့ချင်တယ်၊ စကားတွေပြောချင်တယ်၊
ခေါ်ပေးပါ ကြီးနှင်း"

ကျိုးသွားသော ခြေထောက်ကို အော်ပရေးရှင်းလုပ်ပြီး သတိ
ရရချင်းပဲ သျှန်းက တောင်းဆိုသည်။ ကြီးနှင်းက လွှမ်းကို မော့ကြည့်
၏။ လွှမ်းကတော့ လက်မခံနိုင်တာမို့ –

"မဖြစ်ဘူး သျှန်း၊ မင်း ဒီလိုထပ်မဖြစ်အောင် ငါတို့ အစွမ်း
ကုန်တားရမှာပဲ၊ မင်း မသွေးနဲ့ ထပ်မပတ်သက်နဲ့တော့ကွာ"

လွှမ်းစကားကြောင့် သျှန်း မျက်မှောင်ကြီးကုတ်ပြီး ခပ်ထန်

ထန် ရင်ဆိုင်မော့ကြည့်ရင်း –

"မင်းက ဘာမို့လို့ ငါ့လွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်နေတာလဲ၊ လွှမ်း ဒီအချိန်မှာ မင်းမပြောနဲ့ သိကြားမင်းဆင်းတားရင်တောင်နောက်ဆုတ်မှာမဟုတ်ဘူးကွာ၊ ကဲ မင်း ဘာတတ်နိုင်မလဲ"

"တတ်နိုင်တာပေါ့၊ ဒီတစ်ခါ မင်းအခန်းထဲမှာ သောင်းကျန်းလွန်းရုံမကဘူး သေသွားပါစေ ငါ ဂရုမစိုက်ဘူး၊ သော့ပိတ်ထားမှာ"

"ဘာကွ၊ မင်းက အ ကျွတ် ကျွတ်"

သျှန်း ဒေါသတွေနှင့် ကြိုးဆွဲထားသော ခြေထောက်ကိုမေ့ကာ လူးလဲထဖို့ ကြိုးစား၏။

"အို သား ဒုက္ခပါပဲ၊ မလှုပ်နဲ့လေ"

ကြီးနှင်း ကမန်းကတန်းတားမြစ်သည်။ ပြီးတော့ လွှမ်းကိုလည်း မော့ကြည့်ရင်း –

"လွှမ်း သား ဘာမှမပြောနဲ့"

ကြီးနှင်းတားနေတော့ လွှမ်း ငြိမ်သွား၏။ အခုချိန်ထိ သျှန်းရဲ့မကျေမနပ်အကြည့်တွေက လွှမ်းဆီက ဖယ်ခွာမသွားသေးပါ။ အစ်ကိုဆိုပေမယ့် မိနစ်ပိုင်းသာကြီးတာမို့ သူ မလေးစားချင်ပါ။

နဂိုကတည်းက ခင်မင်သံယောဇဉ်ကလည်း မကြီးမားခဲ့တာမို့လွှမ်းကို ဂရုမစိုက်ခဲ့သူ။

"သား သားတွေ့ချင်တယ်ဆိုရင် ကြီးနှင်း ခေါ်ပေးမယ်၊





ပေမဲ့ သား သည်းခံစောင့်ဦး၊ သမီးခမျာ မအားတဲ့ကြားက မင်းတင်းကြားတော့ ပြေးလာတာ၊ သူ အားတဲ့ရက် လာမှာပါ"

"ဘယ်တော့လာမှာလဲ ကြီးနှင်း"

"ဩော် သားရယ် ကြီးနှင်း ဖုန်းဆက်မေးပေးမှာပေါ့"

"ကျွန်တော် တွေ့ချင်တယ် ကြီးနှင်းရာ"

"သွေးကလည်း သားကို တွေ့ချင်တာပေါ့၊ သားလည်းဆေးရုံမှာ ကြာကြာနေရမှာမှ မဟုတ်တာ၊ သွေး အိမ်ကိုလာရင်တွေ့မှာပေါ့"

"ကောင်းတယ် ကြီးနှင်း၊ သားလည်း ဒီဆေးရုံမှာ ညနေချင်ပါဘူး၊ အိမ်မှာပဲ လွတ်လွတ်လပ်လပ်နေချင်တယ်"

"မင်း ဒဏ်ရာသက်သာမှ ဆရာဝန်ကြီးက ခွင့်ပြုမှာပေါ့သျှန်းရာ"

လွှမ်းက ဝင်ပြောသည်။ ဖြစ်နိုင်လျှင် သျှန်းဆိုသောကောင်ကို ဒီဆေးရုံမှာပဲ ခြေထောက်ပြန်ကောင်းသွားတဲ့အထိ ထားချင်တာဖြစ်သည်။

"ခြေထောက်အရိုးကျိုးတာ အသက်နဲ့အဝေးကြီးပါကွာ၊ ငါဆင်းချင်တယ်၊ အိမ်မှာပဲနေမယ်"

"ဟုတ်ပါပြီ၊ သားဆန္ဒပြင်းနေရင် မမိုးလာရင် ကြီးနှင်းပြောပြီး စီစဉ်ပေးမယ်၊ ဟုတ်လား"

ကြီးနှင်းကတော့ ဒီကောင် ပေမှန်းတေမှန်းသိလျက်နှင့် အလိုလိုက်လွန်းနေ၏။ ဒါကိုပဲ လွှမ်း မကျေမနပ် ဖြစ်နေမိ၏။

ပိုဆိုးတာက သွေးရဲ့ကိစ္စပဲဖြစ်သည်။ သွေးနဲ့မပတ်သက်တာ အကောင်းဆုံးဟု သိထားလျက်နဲ့ ဘာလို့တွေ့ပေးချင်ရတာလဲ။

တွေးရင်း ရင်ထဲမှာ မကျေနပ်။

ညီအစ်ကိုဆိုသော အသိမို့သာ ဒီကောင့်အပေါ် သံယောဇဉ် လက်ကျန်တွေ ထားနေမိတာ။ တစ်ခါတစ်ခါတော့ လုံးဝဥပေက္ခာပြု လိုက်ချင်သည်။

စေတနာကို နားမလည်တဲ့ကောင်။

✿

"အဲဒါပါပဲ မယ်မယ်၊ သွေးက သျှန်းကို သံယောဇဉ်ကြီးပေ မယ့် ကိုယ်တိုင်လာနေပေးလို့ မဖြစ်ဘူးလေ၊ သူ့မှာ ရည်ရွယ်ထားတဲ့ သူက ရှိတယ်"

သမီးနှင်းပြောတာကို သူမ သဘောပေါက်ပါသည်။ သွေး သစ္စာလေးက သူမတို့မိသားစုအပေါ် သံယောဇဉ်ကြီးလွန်း၏။ ပြောရ လျှင် သွေးသားချင်းက လုံးဝဝေးသည်။





"အင်းပေါ့လေ၊ မယ်မယ် နားလည်ပါတယ်၊ သွေးလေးမှာက လက်ထပ်ဖို့ ရည်ရွယ်ထားသူ ရှိတာကိုး၊ သူ့ရဲ့သိက္ခာကို နားလည်ထိန်း သိမ်းပေးရမှာပေါ့"

"ဟုတ်တယ် မယ်မယ်၊ အခု မမိုး ခရီးသွားရင် သွေးက သူ့ရဲ့သူငယ်ချင်းကို လွှတ်ပေးမယ်တဲ့"

"နေဦး သမီးနှင်း၊ အဲဒီမိန်းကလေးက အဆင်ပြေပါ့မလား"

"ပြေတာပေါ့ မယ်မယ်ရဲ့၊ မိန်းကလေးက ဆေးဝါးကျွမ်းကျင် နဲ့ ကျောင်းပြီးထားတာလေ၊ မယ်မယ့်အတွက် အဆင်ပြေတယ်၊ လိုအပ်ရင် သျှန်းအတွက်ပါ အားကိုးလောက်တယ်"

"အဲဒီအတွက် မယ်မယ်တို့ စဉ်းစားစရာရှိတာ သျှန်းနဲ့ ဖြစ်ပါ့ မလားဆိုတာပဲ၊ ဒီကလေးမလေးက ဘာလခငွေမှ မယူဘဲ ကူညီပေး မှာဆို၊ သျှန်းက ဂျစ်တစ်တစ်နဲ့ ဖြစ်မလား"

"ဒါတော့ သား သျှန်း နားလည်အောင် ပြောရမှာပေါ့ မယ်မယ်၊ သူ ဒီလောက်အထိတော့ မရိုင်းစိုင်းပါဘူး၊ မိသားစုအပေါ်ပဲ ဆိုးတာပါ"

ဒါကိုတော့ ဒေါ်မိုးမြင့်ဆက် လက်ခံပါသည်။ သျှန်းက သူမ တို့မိသားစုကို ဆန့်ကျင်သည်။ ဒါကလည်း သူမတို့ဘက်က ခံစား ချက်အတိုင်း ပြန်ပြီး တုံ့ပြန်တာပဲဖြစ်၏။

သားအပေါ်မှာ ဆိုးခဲ့သော ချွေးမကို သူမစိတ်က နာကြည်း

၏။ ဒါတွေကြောင့်လည်း ချွေးမတော် ခင်နွဲ့ယိမ်းနှင့် ရုပ်ချင်းတူလွန်းသော သျှန်းကို သူမ ငယ်စဉ်ကတည်းက ချစ်ပေမယ့် မျက်နှာသာမပေးခဲ့ပါ။

ဒါတွေကပဲ သျှန်း စိတ်ကြမ်းကိုယ်ကြမ်းဖြစ်အောင် တွန်းအားဖြစ်စေခဲ့သည့် ထင်၏။

"နေပါဦး သမီး၊ မမိုးပြောတာ တကယ်လား၊ သျှန်းက သွေးသစ္စာကို သဘောကျနေတာဆို"

မယ်မယ့်ကို မမိုးပြောပြထားပြီမို့ ဒေါ်နှင်းနှင်းဆက် မငြင်းဘဲ ခေါင်းညိတ်ဝန်ခံရတော့၏။

"ဟုတ်တယ် မယ်မယ်၊ သျှန်းက သူ သံယောဇဉ်ရှိတဲ့ သွေးလေးကို ဖွင့်ပြောတယ်"

"အင်း သွေးသစ္စာက သူ့စိတ်ကို ထိန်းချုပ်နိုင်တယ်၊ သွေးလေးနဲ့သျှန်းနဲ့သာ အဆင်ပြေရင်ကောင်းမှာပဲ"

မယ်မယ်က သျှန်းကို သံယောဇဉ်မရှိပေမယ့် အခုတော့လည်း သျှန်းအနာဂတ်အတွက် တွေးပေးနေပြန်၏။

"သမီးလည်း ဒီလိုပဲ တွေးမိသေးတယ် မယ်မယ်၊ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူးလေ"

"အင်း သျှန်း ဒါကို နားလည်ရင်ကောင်းပါတယ်၊ မမိုးကတော့ မယ်မယ့်ကို ပြောထားတယ်၊ သျှန်းစိတ်တွေက သွေးလွှတ်





လိုက်တဲ့ သူငယ်ချင်းကောင်မလေးအပေါ် တိမ်းသွားရင်ကောင်းမယ်တဲ့"

"ဟင် ဘယ်လို"

"ဟုတ်ယ်လေ သမီးရဲ့၊ ဒါပဲ သျှန်းအတွက် ထွက်ပေါက်လေ"

မယ်မယ်ပြောသလို ဖြစ်လာလျှင် ကောင်းမည်လား မနှင်းမတွေးတတ်ပါ။ သွေးကိုယ်စား လွှတ်လိုက်မည်ဆိုသော မိန်းကလေးဘယ်လိုမိန်းကလေးလဲ။

သျှန်းလေးကို သွေးလို ခံစားနားလည်နိုင်ပါ့မလား။

အတွေးတွေနှင့် သူမ မျှော်လင့်ချက်တစ်ခုတော့ လင်းလက်ချင်လာသည်။ သျှန်းလေးအတွက် သင့်တော်သူဆိုလျှင်တော့ နီးစပ်အဆင်ပြေစေချင်ပါသည်။

✿ ✿ ✿

## အခန်း (၂၅)

"ခြိမ့် ဒါ ဘွားဆက်လေ၊ သူက ကြီးမိုး၊ ဟောဒါက အန်တီနှင်းလေ၊ အားလုံးကတော့ ခြိမ့်အကြောင်း တို့ပြောပြထားလို့ သိပြီးကြပါပြီ"

သွေး အားလုံးနှင့် ခြိမ့်ကို မိတ်ဆက်ပေးနေမိသည်။ ခြိမ့်က နှစ်လိုဖွယ်လေး ပြုံးပြ၏။

"သမီးကို ဘွားဆက်က အားလည်းနာတယ်၊ အားလည်းကိုးတယ်၊ သမီးသွေးရဲ့သူငယ်ချင်းဆိုတော့ ဘွားဆက်ရဲ့သမီးပဲပေါ့ကွယ်"

ဘွားဆက်က ခြိမ့်ကို အားကိုးသည့်မျက်ဝန်းတွေနှင့် ကြည့်





ကာ ပြောသလို ကြီးမိုးဆိုသော ဒေါ်မိုးမိုးဆက်ကလည်း –

"အန်တီက ခရီးထွက်ရမှာဆိုတော့ မယ်မယ့်ကို စိတ်မချဘူးလေ၊ ဒါကြောင့် သွေးကို အကူအညီတောင်းတာပါ၊ အိမ်မှာက မနှင်းက ချက်ပြုတ်ရေးကိစ္စတွေ ကိုယ်တိုင်လုပ်တာ၊ မယ်မယ့်ကို ဂရုစိုက်နိုင်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ အန်တီမိုး၊ သွေးကလည်း ပြောထားပါတယ်၊ သွေးတောင်းတဲ့အကူအညီမို့ ခြိမ့်ကလည်း လိုလားစွာ ကူညီမှာပါ"

"ကျေးဇူးပါ သမီးရယ်၊ အခုဆို တကယ်ကို လိုအပ်နေတာလေ၊ တူအငယ်ကောင်ကလည်း တစ်မှောင့်ဖြစ်နေပြီ၊ အိမ်မှာ တစ်ယောက်ယောက်ကိုလိုတာ အဓိက,က မယ်မယ်ပါပဲ"

"ဟုတ်ကဲ့ပါ၊ ခြိမ့်ရဲ့ အမေ,အဘွားတစ်ယောက်ကို ပြုစုသလို ခြိမ့်ပြုစုမှာပါ"

"ဒါပေမဲ့ သမီးက ငွေကြေးတစ်ပြားတစ်ချပ်မှ လက်မခံဘူးဆိုတော့ အန်တီမိုးက အားနာနေတာ"

"တကယ်ကို မလိုအပ်တာပါ ကြီးမိုးရဲ့၊ ခြိမ့်က သွေးရဲ့ကိုယ်စား ကူညီတာပါ"

ခြိမ့်ကိုယ်စား သွေးက ဝင်ပြောသည်။ ဘွားဆက်က ခေါင်းတညိတ်ညိတ်လုပ်ရင်း –

"အင်း သမီးလေးက မိသားစုလိုကူညီတာဆိုရင် ဘွားဆက်

ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်ကွယ်၊ သမီးမိဘတွေက ရော ကျေနပ်ရဲ့လားဟင်''

''အဟင်း မေမေက ခြိမ့်ကို ယုံတယ်၊ သွေးကိုလည်း အားကိုးတယ်လေ၊ ဒါကြောင့် အခုလိုကူညီတာကို လက်ခံပါတယ်၊ ကိုယ့်သွေးသားမိဘကို ပြုစုသလို ပြုစုပေးဖို့တောင် မှာပါသေးတယ်''

''အခု သာစုပါ သမီးရယ်''

ဘွားဆက်က ခြိမ့်ကို သာစုခေါ်နေ၏။ ဒေါ်နှင်းနှင်းဆက်က တစ်စုံတစ်ခုကို သတိရသလို တိုင်ကပ်နာရီကိုမော့ကြည့်ရင်း –

''ဟင် ဆယ်နာရီတောင် ထိုးတော့မယ်''

''ဘာဖြစ်လို့လဲ မနှင်း''

''သျှန်းကို ဆေးတိုက်ရဦးမယ်လေ မမိုးရဲ့''

ကြီးနှင်းပြောရင်း ထရပ်တော့ သွေးကပါ အတူလိုက်ထရပ်ရင်း –

''ကြီးနှင်း သမီးပါ သျှန်းကို လိုက်တွေ့မယ်နော်''

ကြီးနှင်းမျက်နှာက ကျေနပ်စွာ ဝင်းပသွားခဲ့သည်။ ခြိမ့်ကတော့ သွေးမျက်နှာကိုလည်း အရိပ်လို အကဲခတ်ကြည့်မိ၏။

သွေးခမျာ သျှန်းဆိုသူကို သံယောဇဉ်ပြတ်ဖို့ ကြိုးစားနေသည်ဆိုပေမယ့် မလွယ်နိုင်တာတော့ သေချာနေသည်။ သွေးဆီက သျှန်းနှင့်ပတ်သက်သမျှ ခြိမ့်သိထားတာမို့ ရင်မောမိ၏။





''တွေ့လား မနှင်းကတော့ သျှန်းအတွက်ဆို အဲဒီလိုပဲ''

ကြီးမိုးက ခြိမ့်ကို ပြောပြသလိုနှင့် ရေရွတ်သည်။ ဒီမိသားစု အကြောင်းကို သိထားသော ခြိမ့်ကတော့ ဘာမှဝင်မပြောဘဲ နားထောင်သူသက်သက်အဖြစ်ပဲ နေမိ၏။

''သြော် သမီးလေး၊ သမီးက တစ်ပတ်မှာတစ်ရက် ရန်ကုန် ပြန်မယ်ဆို''

''သြော် ဟုတ်ကဲ့ ကြီးမိုး၊ တနင်္ဂနွေတစ်ရက်တော့ ခြိမ့် ပြန်ဖို့ခွင့်ပြုပါ''

''အင်း ရပါတယ်ကွယ်၊ အဲဒီရက်ကျရင် လွှမ်းလည်း ရှိတာပဲ၊ မယ်မယ့်အတွက် ပြဿနာမရှိပါဘူး''

''ဟုတ်ကဲ့၊ လိုအပ်တဲ့အခါတော့ ခြိမ့် နေပေးပါ့မယ် ကြီးမိုး''

''ကျေးဇူးပါပဲ သမီးရယ်၊ ကြီးမိုး စိတ်ချလက်ချသွားနိုင်ပါပြီ၊ ကဲ ဒီမနက်စာတော့ ကြီးမိုးတို့တွေ လက်ဆုံစားရအောင်နော်''

ကြီးမိုးရော ဘွားဆက်ပါ တစ်ခဏလေးအတွင်းမှာ ခြိမ့်ကို သွေးလိုပဲ ခင်မင်သွားခဲ့တာမို့ ခြိမ့်လည်း ဝမ်းသာမိပါသည်။

သွေးပြောပြထားသောသူတွေကိုတော့ ခြိမ့် မြင်ဖူးခဲ့ပြီ။ ခြိမ့် မမြင်ဖူးသေးတာက သျှန်းနှင့်လွှမ်းတို့ ညီအစ်ကိုကိုပဲဖြစ်သည်။ အထူးသဖြင့် လွှမ်းထက် သျှန်းကို ခြိမ့် မြင်တွေ့ချင်သည်။

သွေးရဲ့စကားတွေအရ သျှန်းဆိုတာက တစ်မိသားစုလုံးက

မုန်းနေသော မိခင်ရဲ့ကိုယ်ပွားပုံရိပ်တဲ့။

ရုပ်ရည်နှင့်မလိုက်အောင် ခက်ထန်သောစိတ်ကို ပိုင်ဆိုင်ထားသည်ဆိုသော သျှန်းကိုတော့ -

ဖြိမ့် မြင်တွေ့ချင်မိတာ အမှန်ပဲ။

✿

''ဒါဆို မက ဒီအိမ်မှာ နေမှာမဟုတ်ဘူးပေါ့''

''ဟုတ်တယ် သျှန်း။ ဟို နေလို့မရဘူးလေ၊ အခု ကုမ္ပဏီရဲ့ M.D က ခွင့်ရက်ရှည်ယူထားတော့ တို့ မအားနိုင်အောင် ဖြစ်နေတာ၊ ဒါကြောင့် မြတ်နိုးဖြိမ့်ဆိုတဲ့ တို့သူငယ်ချင်းကို အကူအညီတောင်းခဲ့တာပေါ့''

သွေးပြောနေသော မြတ်နိုးဖြိမ့်ကိုလည်း သျှန်း စိတ်မဝင်စားနိုင်ပါ။ သူမျှော်လင့်ထားတာက မ, အိမ်ကိုရောက်လာတာ ကြီးမိုးမရှိသည့်ရက်တွေမှာ ဘွားဆက်ကို ပြုစုပေးမည်ဟု။

အခုတော့ လွဲချော်နေ၏။

''မ အမှန်ဖြေနော်၊ ဒါ မရဲ့ကလေးဆိုးကြီးကြောင့်လား''





''ဟာ မဆိုင်တာ၊ မ တကယ်ကို မအားတာမို့ပါ သျှန်းရဲ့''

သျှန်း မယုံချင်ပေမယ့်လည်း ဘာမှထပ်မမေးတော့ပါ။ ကြီးနှင်းကလည်း ကြားက ဝင်ထောက်ခံပေးနေ၏။

''ဟုတ်တယ် သားရဲ့၊ သွေး မအားလို့ မြတ်နိုးဖြိမ့်ကိုပဲ အိမ်ပို့ပေးတာ၊ ကလေးမလေးက ဆေးဝါးကျွမ်းကျင်နဲ့ ကျောင်းပြီးထားတာဆိုတော့ မယ်မယ့်အတွက် အဆင်ပြေတယ်၊ သားအတွက်လည်း''

''ဟာ မလိုတူးနော်၊ ကျွန်တော့်အနားကို ဘယ်မိန်းကလေးမှ မလွှတ်ပါနဲ့ ကြီးနှင်း''

''ဟင် ဘာလို့လဲ သားရဲ့''

''သား လက်မခံချင်ဘူးနော်၊ ဘွားဆက်အတွက်ပဲ နိုင်းပါ၊ ကျွန်တော့်အခန်းထဲတော့ ဘယ်သူမှ မဝင်ပါစေနဲ့၊ အဲ မ,တစ်ယောက်ပဲ ခွင့်ပြုတယ်''

''အင်း တို့လည်း အားရက်တွေ လာမှာပါ''

''ကဲ သား ဒီနေ့ထမင်းဝိုင်းမှာ လက်ဆုံစားကြမှာ၊ သားရော စားမှာလား''

''မလုပ်ပါနဲ့ ကြီးနှင်းရော၊ ကျွန်တော့်ကြောင့် ကျန်တဲ့သူတွေ မျိုမကျဖြစ်နေပါဦးမယ်၊ မ,ရော အတူစားမှာလား''

''အင်းပေါ့၊ စားရမှာပေါ့ သျှန်းရဲ့၊ ဖြိမ့်ပါတယ်လေ၊ တို့သူ

ငယ်ချင်းက ခုမှရောက်တာဆိုတော့ တို့ရှိမှဖြစ်မှာပေါ့''

''ဒါဆိုလည်း သွားလေ၊ အဲ ကျွန်တော်စားရင်လည်း တစ်
လုပ်တစ်ဆုပ်ပဲဖြစ်ဖြစ် မ, ဝင်စားပေးနော်''

''ဟင် ဘယ်လိုလုပ် နှစ်ကြိမ်စားနိုင်မှာလဲ သျှန်းရဲ့''

''မရဘူးဗျာ၊ မ, ရောက်လာတိုင်း အတူစားနေကျပဲဥစ္စာ
ကျွန်တော့်အစဉ်အလာကို မဖျက်နဲ့ဗျာ''

သျှန်း တစ်ဖွတ်ထိုး တောင်းဆိုတော့ မ, ပြုံးပြုံးလေးပဲ
ခေါင်းညိတ်ပြရှာပါသည်။

ဘာပဲဖြစ်ဖြစ် မရဲ့ စာနာပေးမှုတွေနှင့် အလိုလိုက်မှုတွေကို
တော့ သူ မက်မောပါသည်။ သူ့ဘဝမှာ မ,ဆီက ရခဲ့သော မေတ္တာ
နှင့် နွေးထွေးမှုမျိုး ဘယ်သူဆီကမှ မရခဲ့။

ကြီးနှင်းတစ်ယောက်ကတော့ ခြွင်းချက်ပေါ့။

✿ ✿ ✿



## အခန်း (၂၆)

''ဒေါက် ဒေါက်''

တံခါးခေါက်သံနှစ်ချက်ကြောင့် သူ့မျက်ဝန်းတွေ မှေးစက်ကျဉ်းမြောင်းသွားခဲ့ရသည်။ ဘယ်သူလဲ။ ဒါ ကြီးနှင်းတော့ မဟုတ်နိုင်ပါ။

သူ့အိမ်ခန်းတံခါးကို ခေါက်နိုးတတ်သူဆိုလို့ ကြီးနှင်းတစ်ယောက်ပဲ ရှိသည်။ ဒါပေမဲ့ ဘယ်တုန်းကမှ ကြီးနှင်း ဒီလို ခပ်ပြင်းပြင်း မခေါက်တတ်ပါ။ သားဟု တိုးတိုးခေါ်တတ်၏။

''ဒေါက် ဒေါက် ဒေါက်''

စဉ်းစားမရဖြစ်နေတုန်းမှာ နောက်ထပ်တံခါးခေါက်သံက

သုံးချက်။ ပြီးတော့ ပထမအကြိမ်ကထက် ပိုကျယ်၏။

''ကျွတ်စ် ဘယ်သူလဲကွာ၊ ငါ လာဖွင့်ပေးရဦးမှာလာ
ဖွင့်ပြီးသားဆိုတာ မသိဘူးလား''

ဒေါသတကြီး အလိုမကျစွာ အော်မိတော့ တံခါးခေါက်
မကြားရတော့ပါ။ တံခါးချပ်က ဖြည်းညင်းစွာ ပွင့်လာသည်။

မြင်လိုက်ရတာ နှစ်ယောက်။ တစ်ယောက်က သူ မြင်
ထားသော ကောင်မလေးပါပဲ။ အိမ်သန့်ရှင်းရေးတွေ ခိုင်းစရာရှိလ
ခေါ်တတ်သောကောင်မလေး မိပုဖြစ်သည်။ ကျန်တစ်ယောက်ကို
သူ မသိပါ။

နီညိုရောင်ဆံပင်တွေက ပခုံးနှစ်ဖက်ကို ဖြာကျနေအေ
မျက်နှာလေးက ရှင်းသန့်ချောမောသည်။ အစေအခိုင်းတစ်ယောက်
ရုပ်သွင်မဟုတ်တာ သေချာသည်။

မ,သူငယ်ချင်းဆိုသော မိန်းကလေးလား။

''တံခါးပိတ်မထားတာကို သိပါတယ် ကိုသျှန်းမောင်မော
ဆက်၊ တံခါးခေါက်တာက ခွင့်တောင်းတဲ့သဘောပါ''

သူ့နာမည်ကို အပြည့်အစုံတပ်ကာ ခေါ်လာတာမို့ နားထ
တစ်မျိုးကြီး ဖြစ်သွားသည်။ မျက်နှာပေးကတော့ ရှင်းသန့်ကြည်
သည်။ အသံလေးကလည်း ချိုပါသည်။

ဒါပေမဲ့ သူ့ကို အကဲခတ်သလိုကြည့်နေသော မျက်ဝန်း





တော့ သဘောမတွေ့လှပါ။

''ဘာကိစ္စရှိလို့လဲ''

''အခန်းရှင်းပေးမယ့်သူ ရောက်လာလို့ပါ''

''မင်းကရော ဘယ်သူလဲ''

''ကျွန်မက မြတ်နိုးခြိမ့်ပါ၊ သွေးရဲ့သူငယ်ချင်းပါ၊ သွေးကိုယ်
း ရောက်လာတာပါ''

သျှန်း မျက်နှာမဲ့ကျသွားသည်။ သွေးကိုယ်စားဆိုသောစကား
ကြောင့်ပဲ ဖြစ်သည်။ မရဲ့ကိုယ်စား ရောက်လာတာကို သူ ကျေနပ်ရမှာ
လား။ လက်ခံရမှာတဲ့လား။

ဒါ ဘယ်လိုမှ သူ့အတွက် ကျေနပ်စရာမဟုတ်သောကိစ္စကြီး
သည်။ ဒါပေမဲ့ ဘွားဆက်အတွက်တော့ အဆင်ပြေလိမ့်မည်
သည်။ ဘွားဆက်ရဲ့ဝေယျာဝစ္စတွေနှင့် အိမ်မှုကိစ္စတွေကို ကြီးနှင်း
စ်ယောက် နိုင်နင်းမှာမဟုတ်။

သူ့အတွက်တော့ ဘာမှမလိုအပ်ပါ။

''ကိုသျှန်းမောင်မောင်ဆက်''

''ဟာ မခေါ်စမ်းပါနဲ့၊ အဲဒီလောက်ရှည်လျားတဲ့နာမည်ကြီး
ခေါ်နဲ့၊ ရတယ်၊ သျှန်းဆိုရင် ဖြစ်တယ်၊ မရဲ့သူငယ်ချင်းဆိုတော့
ဲ့ သက်တူရွယ်တူပဲ ရှိမှာပါ၊ ကျွန်တော်ကတော့ ခြိမ့်လို့ပဲ ခေါ်မယ်၊
လား''

စကားပြောရင် မာန်တွေ၊ အလိုမကျမှုတွေ စွန်းထင်းနေတာ
ကပဲ သျှန်းရဲ့ ဝသီပဲလား မသိပါ။ ငြိမ့် ခေါင်းကိုပဲ ညိတ်ပြမိ၏။

"ရပါတယ် ခေါ်ပါ၊ ကိုသျှန်း အဲ သျှန်းနိုးနေပြီဆိုရင် အခန်းထဲက ခဏထွက်ပေးလို့ရမလား၊ ဒီမှာ မိပုလေးက အခန်းကို ရှင်းဖို့ရောက်နေတာ ကြာပြီ"

"အင်း ရပါတယ်"

ပြောရင်း သူ ခုတင်ပေါ်က ဆင်းဖို့ပြင်တော့ ငြိမ့် စိုးရိမ်စွာနှင့် လက်ကာတားရင်း –

"မဆင်းနဲ့လေ၊ ရှင့်ခြေထောက်က ထောက်လို့မဖြစ်သေးဘူး၊ ကျွန်မ တွဲပေးရမလား၊ ဒါမှမဟုတ် ကြီးနှင်းကို ခေါ်ပေးရမလား"

"မလိုဘူး၊ ကျွန်တော့်ကြောင့် ဘယ်သူမှ ဝန်ပိစရာ မလိုပါဘူး"

တကယ် ရင်ထဲက ခံစားချက်အတိုင်း ပြောမိသော စကား ပေမယ့် သူမအတွက် နားခါးသွားစေသည်လားမသိပါ။ မျက်မှောင် လေးကုတ်ကာ စူးခနဲကြည့်သည်။

ဒါ မ,ကိုယ်စား ရောက်လာတဲ့သူတဲ့လား။ မ,ဆိုလျှင် သူ့စိတ် ကို သိပြီးသား။ ဘာပြောပြော မျက်နှာမပျက်သလို သူ့ကိုလည်း စာနာခွင့်လွှတ်နိုင်သူဖြစ်သည်။

သွေးသစ္စာဆိုသော မနှင့် ကိုယ်စားထိုးဖို့ဆိုတာ မဖြစ်နိုင်တဲ့





ကိစ္စ။

"တစ်ဆိတ်ဗျာ၊ ငြိမ့် ကူညီချင်ရင် ဟိုတုတ်ကောက် ယူပေးလို့ ရမလား"

သူ ပြောရင်း လက်ညှိုးညွှန်ပြတော့ ငြိမ့် နံရံမှာထောင်ထားသော လက်ထောက်တုတ်ကောက်လေးကို လှမ်းယူပေးသည်။

"အိုကေ၊ အဆင်ပြေတယ်၊ မဆိုးဘူး၊ အဆင်ပြေတယ်၊ ...င်များက အလိုက်တသိ ရှိတဲ့သူပဲ၊ အိမ်ရှင်မစေခိုင်းဘဲ သိတတ်ရင် ...ိုကောင်းမှာပေါ့"

"ဘာရှင့်"

"ဟာ ဘာလို့ အရမ်းအော်ရတာလဲ၊ ဟိုမှာ ကျွန်တော့် ...ိုးချဲလ်ကို ဒီဘက်တွန်းပေးစမ်းပါ၊ အ ကျွတ် ကျွတ်"

အခန်းထောင့်ခြေရင်းမှာ ရှိနေသော ဝှီးချဲလ်အနားထိ သူ ...ဆက်မသွားနိုင်တာမို့ ပြောလိုက်မှ သူ ဝှီးချဲလ်လေးကို တွန်းယူလာပေး ...၏။

သျှန်း ဝှီးချဲလ်လေးပေါ်ကို တက်လိုက်သည်။ ပြီးတော့ အခန်းထဲမှ ကိုယ်တိုင်ပဲ လက်နှစ်ဖက်အားကိုးနှင့် လှိမ့်ထွက်ခဲ့သည်။

တကယ်တမ်းကျ ဘယ်သူ့အကူအညီမှ မလိုဟု သူ ကြွေး ကြော်ထားမိပေမယ့် သူ့လိုလူအတွက် လတ်တလောမှာ ဝှီးချဲ အတက် အဆင်းတော့ အကူအညီလိုအပ်တာပဲ ဖြစ်သည်။

ဒီဝင်္ဒုက္ခက သူ အမြန်ဆုံး လွတ်ချင်လှပြီ။

✿

"အမယ်လေး သားရဲ့၊ ဘယ်က အိမ်ဖော်အလုပ်သမားရမှာလဲ၊ မြတ်နိုးငြိမ့်က ဘွဲ့ရပညာတတ်မိန်းကလေးကွဲ့၊ သွေးရဲ့သူငယ်ချင်းနော်၊ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူဘဲ ကူညီပေးတာ"

"မ,အတွက် ကူညီပေးတာ၊ ဟုတ်လား"

"ဟုတ်တယ်၊ သူက သွေးရဲ့အရင်းနှီးဆုံးသူငယ်ချင်း၊ နယ်ကနေပြီး သွေးနဲ့အတူ လာနေတာ"

ကြီးနှင်းက မမေးဘဲနဲ့ ရှင်းပြနေသည်။ ဒါပေမဲ့ သူ စိတ်မဝင်စားမိပါ။ သူ့စိတ်ထဲမှာ သံသယဖြစ်နေတာ တစ်ခုပဲရှိသည်။ မ ဒီကို မလာနိုင်တာ မင်းထက်ရှားရဲ့စနက်ကြောင့်ပဲလား။

"မြတ်နိုးငြိမ့်လေးက တကယ်ခင်မင်စရာကောင်းတယ်၊ မယ်မယ်ကတော့ သဘောကျနေတယ်၊ ကြီးနှင်းကိုလည်း သူက ဝင်ကူညီပေးတာ"

"အဲဒီအကြောင်းတွေထားဦး ကြီးနှင်း၊ အခု သွေး ဒီအိမ်ကို မလာတာ သူ့ကောင် မင်းထက်ရှားစနက်လား မသိဘူး"





သျှန်းနွတ်က သံသယစကားတွေထွက်လာတော့ ကြီးနှင်းမျက်ဝန်းတွေ ပြူးသွားကာ ပျာယာခတ်သွားခဲ့၏။

"သားရယ် ဘာလို့ သွေးလေးအပေါ် အထင်လွဲနေတာလဲ"

"အထင်လွဲတာမဟုတ်ဘူး ကြီးနှင်း၊ ဆက်စပ်ခံစားကြည့်မိတာပါ၊ မ,ကို ဒီကောင် ချုပ်ချယ်တာဆိုရင်တော့"

"ခက်လိုက်တာ ကလေးရယ်၊ အဲဒါ သားနဲ့ဘာဆိုင်သလဲ၊ ပြီးတော့ ဟိုက သွေးနဲ့ ပတ်သက်နေတဲ့သူ၊ သူ တားမြစ်ချုပ်ချယ်ရင်လည်း အပြစ်မရှိဘူးလေ၊ သူတို့က မကြာခင် လက်ထပ်ကြတော့မှာ"

"ဘာမှကြိုပြောလို့မရဘူး ကြီးနှင်း၊ အခုချိန်မှာ မနဲ့ဒီကောင် ဘာမှပတ်သက်သေးတာ မဟုတ်ဘူး"

"သား ဘာတွေပြောနေတာလဲ"

"ရင်ထဲရှိတဲ့အတိုင်းပြောတာ ကြီးနှင်း၊ ကျွန်တော်တော့ မနဲ့ ဒီကောင့်ကို လုံးဝသဘောမတူဘူး"

"ဘာလို့ မင်းထက်ရှားကို သား မုန်းနေတာလဲ"

"မနဲ့ ပတ်သက်နေလို့ မုန်းနေတာ၊ အလိုလိုကို မုန်းနေတာဗျာ"

သူ ယတိပြတ်စကားကြောင့် ကြီးနှင်း ပင့်သက်လေးရှိုက်သည်။ ပြီးမှ သူ့ကို စာနာသလို စိုက်ကြည့်ရင်း –

"သားရယ် သားရင်ထဲကို ကြီးနှင်း မြင်တွေ့နေပါတယ်၊

သွေးကလည်း ကြီးနှင်းကို ပြောပြတယ်''

''ဟင်''

''ဟုတ်တယ်၊ ဒါပေမဲ့ ဒါ မဖြစ်သင့်တဲ့ကိစ္စကြီးပါကွယ်၊ သား မေ့ပစ်သင့်ပါပြီ၊ သွေးရဲ့သိက္ခာတရားကို ငဲ့ဦးလေ၊ ပြီးတော့ သွေးမှာက ရည်ရွယ်သူရှိပြီးသားကွယ်''

ကြီးနှင်းစကားတွေက အားလုံးသိနေပြီဟု သူ နားလည် လိုက်သည်။ ဆေးရုံပေါ်တုန်းက မကို သူပြောလိုက်တာ မင်းထက်ရှား ကို အမြင်ကတ်လို့ပဲဖြစ်သည်။

ရင်ထဲက လေးလေးနက်နက်စိတ်ကြောင့် မဟုတ်ခဲ့ပါ။ ဒါပေမဲ့ တကယ်တမ်း မ,ကို မမြင်မတွေ့ရတော့မှ သူ မကို ချစ်နေ ပြီဆိုတာ သိလိုက်ရတာဖြစ်သည်။

မကို ဆုံးရှုံးလျှင် သူ လက်ခံနိုင်မည်မဟုတ်ဆိုတာ နားလည် လာခဲ့၏။ ဒါပေမဲ့ မရဲ့သံယောဇဉ်က သူ့လောက် မကြီးမားတာပဲလား။ မရဲ့အချစ်တွေက မင်းထက်ရှားအတွက်ပဲလား။

တွေးရင်း ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းချင်လာ၏။ ဘာမှ ကြေကွဲဝမ်းနည်းစိတ်တွေကို မာနတွေ, အတ္တတွေနဲ့ တင်းပြီး ရင်ဆိုင် တော်လှန်ထားခဲ့တာ ကြာပြီ။

ဘွားဆက်၊ ကြီးမိုးနှင့် လွှမ်းအကအစ သူ့ဘက်က အလျှော့ မပေးဘဲ ပြန်ပြီး တန်ပြန်လုပ်ပြခဲ့သည်။ ဒါကြောင့်လည်း ကိုယ်က





လူကြမ်းလူရမ်းတစ်ယောက်အဖြစ် သတ်မှတ်ခံရ၏။

မ,အပေါ်မှာတော့ သူ လူကြမ်းလူရမ်းတစ်ယောက် အဖြစ်မခံ နိုင်ပါ။

''သား ကြီးနှင်းပြောတာ နားလည်တယ်နော်''

ကြီးနှင်း ဘာတွေပြောသွားတာလဲ။ သူ မကြားမသိပါ။ ဒါကြောင့်လည်း ခေါင်းမညိတ်၊ ခေါင်းမခါဖြစ်ဘဲ ပိုးချဲလေး တွန်း ထွက်ခဲ့၏။

''သား ဘယ်သွားမလို့လဲ''

''ဘယ်မှမသွားဘူး ကြီးနှင်း။ ရတယ်၊ ညှော်ခန်းထဲမှာပဲ ရှိ မှာပါ''

ပြန်ပြောခဲ့ရင်း ညှော်ခန်းထဲအထိ တွန်းလှည်းလေးကို ကိုယ် တိုင်ပဲ တွန်းထွက်ခဲ့သည်။ ညှော်ခန်းထဲရောက်တော့ မျက်ဝန်းတွေက ဖုန်းကိုမြင်ကာ မကို သတိရလာသည်။

အချိန်ချိန်ဆို မ ဘယ်မှာရှိနေမှာလဲ။

မင်းထက်ရှားနဲ့ အတူပျော်နေသည်လား။ ကိုယ့်ဘာသာ လျှောက်တွေးရင်း ရင်ထဲက နင့်နင့်သီးသီး ခံစားရသည်။

သတိထားမိချိန်မှာ သူက ဖုန်းခွက်အနားရောက်နေခဲ့ပြီ ဖြစ်သည်။ ဖုန်းကိုလှမ်းယူကာ မှတ်မိနေသောဂဏန်းတွေကို ဖိနှိပ်လိုက် သည်။

''ဟဲလို သွေးသစ္စာပါ''

''မ ကျွန်တော်ပါ''

''ဪ သျှန်းလား၊ ဘာပြောစရာရှိလို့လဲ''

မ အသံချိုချိုလေး ကြားမိရုံနှင့် ရင်ထဲက ဒေါသစိတ်တွေ ပျောက်ဆုံးကုန်အောင် စွမ်းသည်။ မသည် ဟိုးငယ်ငယ်ကတည်းက သူ့ကို အလျှော့ပေးနားလည်ခဲ့သူဖြစ်သည်။

''မေးချင်လို့ မ၊ အရင်မေးမယ် မ၊ အခု ဘယ်မှာရှိနေသလဲ၊ မအနားမှာ ဘယ်သူရှိလဲ၊ မညာဘဲ ဖြေပေးပါ''

''ဟင် ဘာမေးတာလဲ သျှန်းရဲ့၊ မ နားမလည်ဘူး''

''ရှင်းရှင်းလေးပါ၊ မ ဘယ်မှာလဲ''

''အခု ရုံးခန်းထဲမှာ ရှိတယ်၊ ရုံးခန်းစားပွဲမှာ ထိုင်နေတယ်၊ အခန်းထဲမှာ တို့ရဲ့ စက္ကထရီမလေးပဲ ရှိတယ်၊ ကဲ''

မက စိတ်မရှည်နိုင်သလို ဘုဆတ်ဆတ်လေး ပြန်ဖြေတာဖြစ်ပေမယ့် သူ အရမ်းကျေနပ်သွားခဲ့ရသည်။

''ဝမ်းသာတယ်ဗျာ''

''သျှန်း မင်း ဘာတွေဖြစ်နေတာလဲ''

''ဝမ်းသာကျေနပ်နေတာ၊ ဗိုးချဲဇော်မှာသာမဟုတ်ရင် ကျွန်တော် ထခုန်ပစ်မိမှာ''

''ထတော့ မခုန်လိုက်နဲ့၊ မင်းဒဏ်ရာကရော သက်သာရဲ့





''ထတော့ မခုန်လိုက်နဲ့၊ မင်းဒဏ်ရာကရော သက်သာရဲ့လား''

''သက်သာပါတယ်၊ ဒါပေမဲ့ ကျောက်ပတ်တီးကြီးကိုင်ထားရမယ့်ရက်တွေ တွေးပြီး စိတ်ညစ်နေတာ၊ ပုဆိန်နဲ့ခွဲပစ်ချင်တဲ့အထိ''

''အဲဒီလောက်အထိ ဒေါသတွေ မကြီးနဲ့လေ၊ အဲဒါ ကိုယ့်ဒေါသနဲ့ကိုယ် ဖြစ်တာလေ''

''ဟုတ်ပါတယ်၊ ကိုယ့်အလုပ်ကိုယ်သိပါတယ်၊ ခံယူရဲပါတယ်၊ အဲဒီတုန်းက မဆီ အရမ်းလာချင်လို့ ဖြစ်တာ၊ ထားပါတော့၊ အခုလည်း မကို ကျွန်တော်တွေ့ချင်နေတယ်ဗျာ''

''တို့ မအားဘူးလေ သျှန်းရဲ့''

''ပဲခူးနဲ့ရန်ကုန် ကားလေးမောင်းလာတာ ဘာကြာမှာမို့လဲ မရယ်''

တစ်ဖက်က မ,စကားသံတိတ်နေတော့ သူ မကျေနပ်နိုင်ပါ။ မ, တွေဝေနေတာ ဟိုကောင့်ကြောင့်လား။

''မ''

''အင်း''

''ဘာအင်းတာလဲ မ၊ မနက်ဖြန် ခဏလေးဖြစ်ဖြစ် လာခဲ့ပါနော်''

''မအားဘူး ထင်တယ် သျှန်းရဲ့''

"မရှုး လာခဲ့ပျာ၊ မလာရင်တော့ ကျွန်တော့်နာရေးသတင်းကို မနက်ဖြန်ကျရင် မ,ကြားရပြီဆိုတာ ယုံလိုက်"

စကားအဆုံးမှာ သူ ချက်ချင်း ဖုန်းကို ပစ်ချလိုက်သည်။ မ စိတ်ညစ်သွားမည်လား။ မတတ်နိုင်ပါ။ မ သူ့အပေါ် တကယ်သံယောဇဉ်ရှိသလားဆိုတာ မနက်ဖြန်တော့ အဖြေပေါ်မှာ သေချာ၏။

တကယ်တမ်း မ မနက်ဖြန် ရောက်လာခဲ့ရင်တော့ –

သူ အပျော်ဆုံးဖြစ်မှာ သေချာသည်။

✿ ✿ ✿



## အခန်း (၂၇)

ရဲရဲနီကာ မာထန်နေသောမျက်နှာမှာ အလိုအကျူမှုတွေ ရောင်စဉ်ပြေးနေတာကို သွေး မြင်ပါသည်။ ရိုးသားစွာပဲ အမှန်ပြောခွင့်တောင်းမိတာ မှားသွားပြီလား တွေးမိပေမယ့် ကိုယ့်နှုတ်က ပြောပြီးခဲ့ပြီ။

ထက်ရှားကလည်း လက်မခံနိုင်ကြောင်း ခေါင်းကို ခါယမ်းပြရင်း –

"အဓိပ္ပာယ်မရှိလိုက်တာ သွေးရယ်၊ ဒီကောင်က ဘာလုပ်မှာမို့လဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာတဲ့လား"

"သျှန်းအကြောင်း ထက်ရှား သိတာပဲ၊ တစ်ခါတလေမှာ

အရမ်းတစ်ဖွက်ထိုးနိုင်တာ၊ ထက်ရှားရုံးခန်းထဲအထိ လာပြဿနာရှာတာပဲကြည့်၊ သူ ရင်ဆိုင်ရမှာကို လုံးဝထည့်မတွက်ဘူးလေ''

''တော်စမ်းပါ၊ သူခြိမ်းခြောက်တိုင်း သွေးက ဘာလို့ အရေးထားနေရတာလဲ၊ သေရဲရင်သေပေါ့''

တမင်ကိုပြောသောစကားပေမယ့် သွေးနားထဲမှာတော့ ခါးသွားစေ၏။ တကယ်ဆို သူ့ကို အမှန်အတိုင်းပြောကာ သွားဖို့ ခွင့်တောင်းကြည့်ခဲ့တာ ဖြစ်သည်။

ဒါကလည်း ထက်ရှားအပေါ် မလိမ်ညာချင်တာကြောင့် ဖြစ်သည်။ ပြဿနာတွေလည်း ထပ်မဖြစ်စေချင်တော့ပါ။

''ထက်ရှား ဒီလောက်လေးတောင် နားမလည်နိုင်ဘူးလား''

''အဲဒါ သွေး ကိုယ့်ကိုမေးရမယ့် မေးခွန်းမဟုတ်ဘူး၊ ကိုယ်က မေးရမှာ၊ ဘာလို့ သွေး ဒီကောင့်အပေါ် ဒီလောက်ခင်တွယ်နေတာလဲ''

''သွေး အကြိမ်ကြိမ်ပြောခဲ့ပြီးပြီပဲ ထက်ရှား၊ လွှမ်းနဲ့သျှန်းက သွေးရဲ့မောင်အရင်းတွေလိုပဲ သံယောဇဉ်ကြီးခဲ့ရသူတွေပါ''

သွေးစကားကို ထက်ရှား နှုတ်ခမ်းတွေမဲ့ချပစ်ရင်း လှောင်သလို ပြုံးသည်။

''အပွန်း ဘာမှသွေးမတော်ပါဘူး၊ အဲဒါ သွေးအမေရဲ့ နောက်ယောက်ျားဘက်က တော်တဲ့အမျိုးတွေပဲလေ''





''ဟုတ်တယ်လေ၊ သွေး အမှန်ကို ပြောပြခဲ့ဖူးတာပဲ''

''ဟုတ်တယ်၊ အမှန်ကိုသိနေတဲ့ ကိုယ်က ဘယ်လောက်အထိတောင် သဘောထားကြီးပေးရမှာလဲ၊ အခုပဲကြည့်၊ သွေးမလာရင်ဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ ပြောတဲ့စကားက ဘာလဲ''

ဖွင့်ပြောမိသည့်စကားအပေါ်မှာ ထက်ရှား သိပ်ကို အကျအနကောက်လွန်းနေသည်။ သွေး တကယ်ပဲ စိတ်ပျက်သလို ပင့်သက်ရှိုက်မိ၏။ သွေးကိုကြည့်ကာ ထက်ရှားကလည်း ခေါင်းခါသည်။

''ကိုယ် သဘောထားမကြီးနိုင်ဘူးကွာ၊ သွေး သွားစရာမလိုဘူး''

''ထက်ရှား ဘာမဟုတ်တာလေးကို ဘာလို့ ဝန်တိုချင်တာလဲ''

''ဘာမဟုတ်တာမှ မဟုတ်တာ၊ အဲဒီကောင့်မျက်လုံးတွေကို ကိုယ်သိတယ်၊ သွေးကို သူငြိနေတာ၊ ဒါကို ဘာလို့ သွေးက မမြင်နိုင်တာလဲ၊ ဘာလို့ နှောင်ဖွဲ့မှုတွေ ပေးချင်နေတာလဲ''

''ထက်ရှား သွေးဘက်က ဖြူစင်မှုသက်သက်နော်''

''ယုံချင်တယ်ကွာ၊ ယုံအောင်တော့ သွေး လက်တွေ့လုပ်ပြသင့်တယ်၊ ဒီကောင့်ကို စွန့်ပစ်လိုက်စမ်းပါ၊ တစ်ခါက ကိုယ် သည်းခံခဲ့တာ မင်းကြောင့်နော်၊ အမှန်ဆို အဲဒီကတည်းက ထောင်ထဲရောက်သင့်တာ''

လွန်ခဲ့သော အတိတ်က အငြိုးတွေကို ထက်ရှား ပြန်ဖော် ထုတ်တူးဆွနေသည်။ သွေး နားထောင်ရင်း စိတ်ပျက်နေမိ၏။

''ကိုယ် အပြတ်ပြောမယ် သွေး၊ မင်း မသွားရဘူး''

''မဖြစ်ဘူး ထက်ရှား၊ သွေး လာမယ်ကတိပေးပြီးမှ မသွားရင် ပိုဆိုးကုန်မယ်''

''သွေး''

''စကားနားထောင်ဦး ထက်ရှား၊ ထက်ရှားသံသယတွေ ချေဖျက်ပစ်စမ်းပါ၊ တကယ်ဆို ဘွားဆက် လာနေပေးဖို့ အကူအညီ တောင်းတာတော့် မြို့နဲ့ အစားထိုးခဲ့တယ်၊ အခုဟာက ခဏလေး သွားမှာပါ''

''တော်တော့ သွေး၊ ကိုယ်က ဝေသန္တရာမင်း မဟုတ်ဘူး။ ရည်ရွယ်ချက်နဲ့ လာအလှူခံနေတဲ့ ပုဏ္ဏားကို သဒ္ဓါစိတ်တွေနဲ့ သွေးကို ရက်ရက်ရောရော ပေးပစ်ရမှာလား''

''ထက်ရှား ဘာတွေပြောနေတာလဲ''

''ကိုယ် ဘာရည်ရွယ်တယ်ဆိုတာ သွေးသိတယ်၊ ဒီတော့ ကိုယ် သဘောမတူတာကို မလုပ်နဲ့၊ ဒါပဲ''

စကားအဆုံးမှာ စားပွဲပေါ်တင်ထားသော ဟန်းဖုန်းကို ကောက်ယူပြီး ထွက်သွားသည်။

ရုံးခန်းထဲက ထွက်သွားသည်အထိ တစ်ချက်ပြန်လှည့် မ





ကြည့်ပါ။ သွေး အံကို တင်းခနဲကြိတ်လိုက်မိ၏။ တကယ်ဆို သွေး တ်, သွေးသိက္ခာကို သိလျက်နဲ့ ဘာလို့ ဒီလောက်ဝန်တိုရတာလဲ။

ထက်ရှား ထင်နေသလို ဖြစ်ဦးတော့ သွေးက လက်ခံမည် ကဲ့လား။ ဒါကိုတော့ ထက်ရှား နားလည်ပေးသင့်ပါသည်။

ဝန်တိုတတ်မှန်းသိသော ချစ်သူကို ဒီတစ်ခါတော့ သွေး ဘာကြောင့်မှန်းမသိ ခွင့်မလွှတ်နိုင်ဘဲ ဆန့်ကျင်ဖို့ပဲ ကြိုးစားမိ၏။

သျှန်းနှင့်ပတ်သက်ပြီး ထက်ရှားအပေါ်မှာ ဘာကြောင့် သူမ အပြစ်မြင်နေခဲ့တာလည်း မတွေးမိခဲ့။ တကယ်ဆို သျှန်းက အနိုင်ကျင့် နှုန်းဆက်သည့်ကိစ္စ။ ခြိမ်းခြောက်ခေါ်သောကိစ္စ။

ဒါနဲ့တောင် သွေးဘက်က နားလည်ပေးနေမိခြင်းက နည်း နည်းတော့ အိုဗာဖြစ်နေသည်လား။

ဟင့်အင်း သွေးစိတ်မှာ သျှန်း တစ်ခုခုဖြစ်မှာကြောက်နေလို့ ပါ။ ပြီးတော့ သျှန်းရဲ့ဘဝလေးကို သနားနေမိတာပဲ ပါသည်။ ဒါ မြူစင်သော သံယောဇဉ်တွေကြောင့် ဟုတ်မဟုတ်ဆိုတာတော့ -

သွေး ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မဆန်းစစ်ချင်ပါ။

✿ ✿ ✿

အခန်း (၂၈)

တကယ်တမ်း သွေးရောက်သွားတော့ ခြံထဲမှာ ဝိုးချဲလ်နှ
မျှော်နေသော သျှန်းကို တွေ့လိုက်ရသည်။

ခြံထဲကို သွေးကားလေး ဝင်လာတာမြင်ကတည်းက သျှ
မျက်နှာလေး ကြည်လင်ဝင်းပသွားခဲ့သည်။

ပြီးတော့ ဝိုးချဲလ်လေးကို သွေးရဲ့ကားနှင့် မျက်နှာချင်းဆို
ကိုယ်တိုင် တွန်းလိမ့်လာတာမို့ သွေး ကားဘရိတ်ကို နင်းလိုက်ရ

ကျေကျေနပ်နပ်ကြီး ပြုံးနေသောမျက်နှာနှင့် သျှန်းရဲ့ ဝိုးချဲလ်
လေးက သွေးကားရှေ့တည့်တည့်မှာ ရပ်သွား၏။

"မ တကယ်လာတယ်နော်၊ ဝမ်းသာလိုက်တာဗျာ"





"ဘာလို့ ကားရှေ့ ပိတ်ရပ်နေတာလဲ သျှန်းရဲ့၊ ဘယ်လို ဆက်မောင်းရမှာလဲ၊ ဒီမှာ စိတ်က ညစ်နေတာနော်"

"ဟာ ဘာလို့ညစ်နေတာလဲ"

"မညစ်ဘဲနေမလား။ တို့အားတာ, မအားတာမသိဘဲ မင်း အကျပ်ကိုင်တာ မကျေနပ်လို့"

သွေးဆိုတော့ သျှန်း သဘောကျသလို ပြုံးရင်း –

"အဟွန်း။ မ အရမ်းစိုးရိမ်သွားတယ်လား"

"သျှန်း မင်း ဒီလို တစ်ဇွတ်ထိုးမလုပ်နဲ့နော်၊ ကဲ ဖယ်လေ ကွာ၊ ကားကို ဒီအတိုင်း ရပ်ထားလို့မရဘူး"

"မ မလာရင် ကျွန်တော် သေမယ်ဆိုတာ မယုံရင် ဝင်တိုက် ပစ်လိုက်လေ မရဲ့"

ဆိုးနေကျအတိုင်း သျှန်း တစ်ဇွတ်ထိုးနေပြတော့ သွေး စိတ်ညစ်သွားမိသည်။

တကယ်ဆို ထက်ရှားကို ဆန့်ကျင်ပြီးလာခဲ့ရတာ သူ မသိ ပါလား။

"သျှန်း အခု ဒီမလာခင်မှာပဲ ထက်ရှားနဲ့တို့ ပြဿနာတွေ ဘယ်လောက်တက်ခဲ့သလဲ မင်း မသိဘူးနော်"

"ဗျာ"

သျှန်း အံ့ဩသလို မျက်လုံးတွေ ဝိုင်းသွားခဲ့ရင်း ဝိုးချဲလ်လေး

ကို ကားနဲ့လွတ်အောင် ဘေးကပ်ပေး၏။

ဒီတော့မှ သွေး ကားလေးကို ဆင်ဝင်အောက်အထိ မောင်း၏။

သွေး ကားတံခါးဖွင့်ဆင်းခဲ့တော့ သျှန်း ဝိုးချဲလ်လေးကို ကိုယ်တိုင်ပဲ လိမ့်မောင်းနှင်လာတာ မြင်လိုက်တာမို့ ခပ်သုတ်သုတ် လေး လှမ်းခဲ့ရင်း –

"ဘာလို့ တစ်ယောက်တည်း ထွက်စောင့်နေရတာလဲ သျှန်း ရယ်၊ ဖယ် ဖယ်၊ တို့ တွန်းခဲ့ပေးမယ်"

"ခြံထဲက ခုံတန်းလေးမှာပဲ ထိုင်ရအောင်နော် မ"

သျှန်းတောင်းဆိုသည့်အတိုင်း ခြံထဲက ခုံတန်းလေးဆီကိုပဲ သွေး ဝိုးချဲလ်လေးကို တွန်းခေါ်ခဲ့ပေးလိုက်သည်။

"မ တစ်ချက်လောက် ကူပါဦး၊ ခုံမှာ ထိုင်ချင်လို့"

"ဝိုးချဲလ်ပေါ်မှာပဲထိုင်လေ သျှန်း၊ ပိုပြီး သက်သောင့်သက် သာ ရှိတာပေါ့"

"ဟင့်အင်း၊ မနဲ့ပဲ အတူထိုင်ချင်တာ"

တစ်ခါတလေ သျှန်းရဲ့ ဒီလို တစ်ဖွတ်ထိုးဆန်မှုလေးတွေကို ပဲ သူမဘက်က လိုက်လျောကျေနပ်နေတာ ဘာကြောင့်မှန်းမသိပါ။

သျှန်းကိုတွဲကာ ခုံတန်းလေးမှာ ထိုင်စေလိုက်သည်။

"မ စောစောက စကားကို ဆက်ပါဦး"





"ဘာလဲ၊ ဘာကိုပြောတာလဲ"

"ဩော် မနဲ့ထက်ရှား ပြဿနာတက်တယ်ဆိုလို့ပါ၊ ဘာတွေ ဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီကိုလာဖို့ကိစ္စကြောင့်ပဲပေါ့"

"ဟုတ်လား၊ ကောင်းတယ်၊ သူ့ကိုဆန့်ကျင်ပြီး မ, ရောက် လာတာကိုပဲ ကျွန်တော် ကျေနပ်သွားပြီ"

သူ့စကားကြောင့် သွေးမျက်နှာလေး တည်သွားခဲ့ကာ အဝေး ကို ငေးငေးလေး မျှော်ကြည့်သည်။

သွေးနဲ့သျှန်းကြားမှာ ဒီလိုအခြေအနေတွေ မဖြစ်သင့်တာ ကောင်းဆုံး။

တကယ်ဆို လွှမ်းတောင်မှ တားမြစ်ခဲ့သေး၏။ သွေးဘက်က ဘာကြောင့် သံယောဇဉ်တွေ နှောင်ဖွဲ့နေရတာလဲ မသိပါ။

"ဘာပဲဖြစ်ဖြစ် ထက်ရှားကို တို့ လက်ထပ်မှာပါ၊ သူက ကိုချစ်သူလေ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့တာပဲ နှစ်နှစ်ကျော် နေပြီ"

"အချိန်ကာလနဲ့ အချစ်နဲ့ မဆိုင်ပါဘူး၊ မ ဘာလို့ သူ့ကို လက်ထပ်မှာလဲ"

"အနာဂတ်တစ်ခုအတွက်လေ၊ အဲဒီဘဝကိုပဲ ထက်ရှားရော ပါ ရည်ရွယ်ခဲ့တာပဲ"

"ဒါ ဒါဆို မ မ သူ့ကို လက်ထပ်မှာပေါ့"

"အင်း သူက အကြိမ်ကြိမ်တောင်းဆိုဖူးတယ်၊ မ,ဘက်က စိတ်တွေ အလုပ်ထဲနစ်နေလို့ ခေါင်းခါနေခဲ့တာ၊ ဒီတစ်ခါတော့ ခေါင်းညိတ်မှာပါ"

"မညိတ်ရဘူး မ"

"ဘာရယ်၊ ဘာလို့ မင်းတားရတာလဲ"

မေးပြီးခါမှ သွေး နောင်တရမိပြန်သည်။ သျှန်းရဲ့ခံစားချက်စကားတွေကို သွေး မကြားချင်ပါ။ မကြားသင့်ပါ။

"မ သိချင်ရင် ပြောပြမယ်"

"နေ မပြောနဲ့၊ မသိချင်ဘူး"

"ဒီလိုမပြောနဲ့လေ၊ မ,ပဲ မေးခဲ့တာ၊ ကျွန်တော်ကလည်း ပြောချင် အဲ"

ပြောနေရင်း သျှန်းမျက်ဝန်းတွေ မကျေမနပ် မှုန်ကုတ်သွားတာမို့ သွေးလည်း လှမ်းကြည့်မိ၏။

သွေး ကံကောင်းသွားတာပဲ ထင်၏။

သွေးတို့ဆီ လှမ်းလာနေတာ ငြိမ့်။

"သွေး ဘယ်တုန်းက ရောက်နေတာလဲ"

"မကြာသေးဘူး၊ အခုပဲ ရောက်တာပါ၊ ငြိမ့် ကားသံမကြားဘူးလား"





"မကြားဘူးလေ၊ ဘွားဆက် အခန်းထဲရောက်နေလို့၊ သွေး ရောက်မယ်လို့လည်း မထင်ဘူးလေ"

"ဒီမှာလေ ကိုယ်တော်ချောလှမ်းခေါ်လို့ လာတာပါ"

သျှန်းကို မေးငေါ့ကာ သွေးဆိုတော့ ငြိမ့်နှုတ်ခမ်းလေးတွေ လှစ်ခနဲပြုံးသွားကာ ခေါင်းညိတ်သည်။ ငြိမ့် ဘာကြောင့် ပြုံးလိုက်တာလဲ နားမလည်ပါ။ သျှန်းမျက်နှာကတော့ အလိုမကျမှုတွေနဲ့ မှုန်မှိုင်းလို့နေသည်။

"ငြိမ့် ဒီဆန်းဒေး ပြန်မှာလား"

"ပြန်မယ်လေ၊ ကိစ္စလေးတွေရှိလို့"

ငြိမ့်နှင့်ပဲ စကားတွေပြောနေတော့ သျှန်း တိတ်ဆိတ်ကာ မျက်နှာကြီး မာတင်းခက်ထန်နေလေသည်။ ဒါကို သတိထားမိသော ငြိမ့်က –

"သွေး မပြန်သေးဘူးမဟုတ်လား"

"ပြန်ရမှာ၊ ရုံးခန်းပြန်ရမှာလေ၊ နေဦး၊ ဘွားဆက်ကို တက်နှုတ်ဆက်ဦးမယ်"

သျှန်းနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့မှာစိုးတာကြောင့် သွေး ငြိမ့်နှင့်အတူလိုက်ဖို့ ထရပ်မိ၏။

"မ ကျွန်တော်နဲ့အတူ ထမင်းစားဖို့တော့ အချိန်ရပါတယ်နော်"

"အင်း စားမှာပါ သျှန်းရဲ့၊ ခဏလေးနော်၊ ဘွားဆက်ကို စကားပြော နှုတ်ဆက်ပြီးတာနဲ့ ထမင်းဝိုင်းလာခဲ့မယ်"

သျှန်းကိုပြောပြီး မြိမ့်နှင့်အတူ လိုက်ခဲ့တော့ မြိမ့်က တီးတိုး ပြောလာသေး၏။

"သွေးလူက မှန်ကုတ်နေတာပဲ၊ မြိမ့်ရောက်လာတာကြောင့် လားဟင်"

"မဟုတ်ပါဘူးကွာ၊ သူ့ဘာသာ ကစ်နေတာ၊ ဘာမှမဆိုင် ဘူး"

မြိမ့်ကို တမင်ပဲ ညာပစ်လိုက်သည်။ မြိမ့်က သွေးကို ငေးငေး လေး ငေးကြည့်နေရင်း –

"သွေး အခု ဒီကိုလာတာ ကိုထက်ရှား သိသလားဟင်"

"အင်း သိတယ်၊ ပြဿနာမတက်ချင်လို့ ဖွင့်ပြောမိတာ စကား တွေ များခဲ့ရသေးတယ်"

"အင်း သွေးမှာလည်း တစ်ဒုက္ခပဲနော်"

"သွေး စိတ်ညစ်တယ် မြိမ့်ရယ်၊ အဲ ထမင်းစားရင် မြိမ့်ပါ အတူလိုက်စားနော်"

"ဘာဖြစ်လို့လဲ"

"သျှန်းပြောမယ့်စကားတွေကို မကြားချင်လို့ကွာ"

မြိမ့် နားလည်သလို ခေါင်းညိတ်သည်။ ပင့်သက်လေး





ချသံကိုတော့ သွေး ကြားပါသည်။

သွေးကိစ္စအတွက် မြိမ့်တောင် ရင်မောစိတ်ညစ်နေပြီလား။

သွေးကပဲ မှားနေတာလားဟု ပထမဆုံးအကြိမ် နောင်တ လေး ရချင်မိသည်။

ခက်တော့ခက်နေပြီ သျှန်းရယ်။

✿ ✿ ✿

## အခန်း (၂၉)

ခံစားချက်တွေကို ရင်ဖွင့်ပြောပြနေရင်း မင်းထက်ရှားမျက်နှာ သွေးရောင်လွှမ်းနေခဲ့သည်။ မြို့ကတော့ တိတ်ဆိတ်စွာပဲ နားထောင်ပေးမိ၏။

"မြို့ စဉ်းစားကြည့်လေ၊ သွေးအစား မြို့ကို လွှတ်ရတဲ့အထိ ဖြစ်သင့်တာမဟုတ်ဘူး။ ထားတော့၊ ပိုဆိုးတာက ဒီကောင် မြို့ခြောက်ခေါ်တဲ့စကားကိုယုံပြီး သွေး ဆန့်ကျင်ထွက်သွားတာဆိုးတယ်"

ခံရက်ခက်လွန်းနေသော ထက်ရှားမျက်နှာက ဒေါသအရိပ်တွေနှင့် ပိုလို့နီမြန်းလာသလားထင်ရ၏။ မြို့ ဘယ်လိုနှစ်သိမ့်စကား ပြောပေးရမှန်းမသိ ဖြစ်နေဆဲ။





"ဒါ ကိုယ့်ကို အလေးမထားတဲ့သဘောလေ၊ သွေးက ဘာမှ မဟုတ်တဲ့ ဒီကောင့်ကိုမှ ဂရုစိုက်နေတာ လွန်တယ်"

"ဒါတော့ ကိုထက်ရှားရယ်၊ သွေးစိတ်ကို မြို့ နားလည်ပါတယ်၊ သူက သျှန်းကို သနားတာပါ။ သျှန်းကလည်း အိမ်မှာ ဘယ်သူနဲ့မှ သဟဇာတမဖြစ်ဘူးလေ၊ ဒီတော့ သူ့ကို စာနာပေးတဲ့ သွေးကိုပဲ ခင်တွယ်နေတာ"

"ခင်တွယ်တာက အတိုင်းအတာရှိသင့်တယ်လေ မြို့ရဲ့၊ အခုဟာက သွေး မလာရင်ဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေမလို ခြိမ်းခြောက်တာက ဖြစ်သင့်သလား"

ထက်ရှားပြောတာလည်း မှန်နေသည်။ မြို့ ဘာပြေရှင်းမှန်းမသိ။ သွေးနဲ့ထက်ရှားကြားမှာလည်း ပြဿနာတွေ မဖြစ်စေချင်ပါ။ နားခွင့်ရသည့် တနင်္ဂနွေရက်လေးမှာမှ ထက်ရှားနဲ့ လာတိုးနေတာ ဆိုးသည်။

မကျေနပ်ချက်တွေကို ဒီကဖေးဆိုင်လေးထဲ ဖိတ်ခေါ်ကာ ရင်ဖွင့်ပြနေတော့ မြို့ ခက်နေ၏။

သွေးဆိုတာကလည်း မြို့ရဲ့ အခင်ဆုံး အချစ်ဆုံးသူငယ်ချင်း ဖြစ်နေသည်။

"ကိုယ်က သွေးချစ်သူပါ၊ မကြာခင် လက်ထပ်တော့မယ့် ကိုယ့်ဇနီးလောင်းက သွေးမတော် သားမစပ်ယောကျ်ားကို ကိုယ့်ထက်

ဂရုစိုက်လိုက်လျှောပြနေတာတော့ ခံစားရတယ်၊ သိက္ခာလည်း ထိခိုက်တယ်''

''မဟုတ်သေးဘူး ကိုထက်ရှား၊ ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ ရှင်တို့ နားလည်မှု မလွဲစေချင်ဘူး''

''ကိုယ် နားလည်ပါတယ်၊ ဒါကြောင့်လည်း ခြိမ့်ကို ရှင်းပြတာပါ''

''ခြိမ့်က ဘာလုပ်ပေးနိုင်မှာလဲ ကိုထက်ရှားရယ်''

ခြိမ့် ညည်းညည်းညူညူလေးဆိုတော့ ထက်ရှား နှုတ်ခမ်းတွေ တင်းတင်းစေ့ထားရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။

''ဟုတ်တယ်၊ သွေးက ခေါင်းမာတယ်၊ ဘယ်သူ့စကားမှ လက်မခံတတ်တာလည်း သိတယ်''

ထက်ရှား ရင်ဆိုင်နေရသော အခြေအနေကိုကြည့်ပြီး ခြိမ့်လည်း စိတ်တော့မကောင်းပါ။ တကယ်ဆို ခြိမ့်က သွေးကို ခင်မင်သလို အထင်ကြီးလေးစားသူဖြစ်သည်။

ဒီတော့ သွေးကိုလည်း အကြံတွေပေးလို့ မသင့်ပါ။

''ခြိမ့် တစ်ခုကူညီနိုင်မလား''

''ဘာလဲဟင် ကိုထက်ရှား''

ထက်ရှား မသောက်ရသေးသော ဂျူစ့်ဖျော်ရည်ခွက်ကို ငေးစိုက်ကြည့်ကာ ငြိမ်သက်သွားပြန်သည်။ ထက်ရှား ဒီလောက် စိတ်





သောကရောက်နေတာမျိုး ခြိမ့် မမြင်ဖူးခဲ့။

''ခြိမ့် ကျွန်တော်တွေးမိတာ တစ်ခုရှိတယ်၊ သျှန်းဆိုတဲ့ ကောင်ရဲ့စိတ်က ရှုံးရှုံးဒိုင်းဒိုင်းကောင်ပါ၊ ဒီကောင် တွယ်မိတွယ်ရာရှိတဲ့သဘောမျိုးလေ၊ အဲဒါကြောင့် သူ့ရဲ့သံယောဇဉ်တွေ မြားဦးပြောင်းသွားအောင် လုပ်လိုက်ရင် ကောင်းမယ်''

''ဘယ်လို ခြိမ့် နားမလည်ဘူး''

''ကျွန်တော်ပြောတာ သဘောပေါက်မှာပါ၊ သျှန်းဆိုတဲ့ ကောင်ရဲ့စိတ်အာရုံတွေ မြားဦးပြောင်းအောင် လုပ်ချင်တယ်''

''ဘယ်လိုလုပ်မှာလဲ ထက်ရှား''

''အခု ခြိမ့်က ဒီကောင့်အိမ်ရောက်နေတယ်လေ၊ ခြိမ့်အပေါ် သူ အာရုံပြောင်းအောင်လုပ်ရင်ဖြစ်တယ်''

''ဘုရားရေ''

ခြိမ့်မျက်နှာလေးတောင် ပန်းနုရောင်သန်းသွားခဲ့တာ သေချာ၏။ သူတို့ပြဿနာထဲမှာ ကိုယ်က လက်ဝင်လျှိုရမည့်အဖြစ်။

''ရှင်က ဖြစ်ချင်တာပဲပြောနေ၊ ခြိမ့်ဘက်ကိုလည်း ကြည့်ဦးလေ''

''ခြိမ့် ကူညီနိုင်မလား၊ ပြောမိတာပါဗျာ''

ထက်ရှားစကားကို ခြိမ့် ခေါင်းခါပစ်လိုက်မိပေမယ့် အာရုံထဲမှာတော့ သျှန်းဆိုတဲ့ သူ့မျက်နှာကို မြင်ယောင်လာသည်။

သူ့စကားတွေက အမြဲတမ်း ရန်လိုမာန်ထန်နေတတ်ပေမယ့် မျက်နှာလေးကတော့ ရှင်းသန့်ချောမောလွန်းသည်။ လွှမ်းဆိုသည့် အစ်ကိုနှင့် ရုပ်ချင်းက တကယ့်ကို တခြားစီပါပဲ။

အမေတူတာဟု ကြားထားသော သျှန်းကို မြင်ရုံနှင့် သျှန်းရဲ့ မိခင် ဘယ်လောက်ချောမောမည်ဆိုတာ ခန့်မှန်းလို့ရ၏။

ဒါကြောင့်လည်း သျှန်းတို့ဖခင်က အရူးအမူး ချစ်သွားခဲ့တာ ထင်သည်။

ဒီလို အမေနှင့်တူကာ ချောမောလွန်းသောရုပ်ရည်ကြောင့် မိသားစုရဲ့အမုန်းတွေကို သျှန်း ခံယူရတာတော့ သနားစရာကောင်းလွန်းပါသည်။

သျှန်းက ဂျစ်ပေပေနိုင်တာထက်စာလျှင် ခင်မင်ဖို့ ကောင်းသည်။ လွှမ်းလို အတည်ပေါက်ကြီးနှင့် မာနရိပ်ထင်နေတာမျိုး မရှိ။

ဘာပဲဖြစ်ဖြစ် ခြိမ့်စိတ်ထဲမှာ သျှန်းကို အလိုလိုနားလည်နေမိသလိုပါပဲ။ သွေးရဲ့စကားတွေကြောင့်လည်း ပါသည်။

ပြီးတော့ ခြိမ့်ရဲ့စိတ်ထဲမှာလည်း သျှန်းကို လူဆိုးတစ်ယောက်လို့ မမြင်မိပါ။

စောစောက ထက်ရှားနှင့်သွေးတို့ရဲ့ စိတ်ညစ်စရာအကြောင်းတွေ ချက်ချင်းပျောက်ကာ ခြိမ့်အာရုံထဲ သျှန်းတိုးဝင်လာချိန်မှာ ခြိမ့်ရင်ထဲ နွေးထွေးလိုက်ဖိုနေတာ ဘာကြောင့်မှန်းမသိ။





အုံ့ညြစရာတော့ ကောင်းလွန်းသည်။

✿

"ဘာရယ် ခြိမ့်၊ သူနဲ့ ခြိမ့် တွေ့ခဲ့ကြလို့လား"

"အင်း ခြိမ့်က မြို့ထဲရောက်နေတာ၊ ထက်ရှား ဖုန်းလှမ်းဆက်ရင်း ပြောစရာရှိလို့ဆိုပြီး ဂျေဒိုးနတ်စ်ကိုချိန်းလို့ သွားလိုက်တာ"

"ခြိမ့်ရောက်တော့ သူ မကျေနပ်ချက်တွေ ပြောတော့တာပဲ မဟုတ်လား"

သွေး အငေါ်လေးတူးကာ မေးမိသည်။ ကိုယ့်ကို စိတ်တိုပြီး ဖုန်းတောင်မဆက်ဘဲ ခြိမ့်ကို ရင်ဖွင့်ပြောပြသည်ဆိုတော့ ထက်ရှားကို စိတ်တိုမိတာတော့ အမှန်။

"သူ ခြိမ့်ဆီ လှမ်းဖုန်းဆက်တာကလည်း မြို့ထဲမှာပဲဆိုတော့ တွေ့ဖြစ်ဖို့ လွယ်သွားတာပေါ့ သွေးရဲ့၊ သူက သူ့ခံစားချက်တွေ ပြောတယ်၊ ခြိမ့်က ဝင်ဖြေရှင်းပြတယ်၊ ချာလည်နေတာပေါ့"

ခြိမ့်စိတ်ဓာတ်ကို သွေး အသိဆုံးဖြစ်သည်။ ခြိမ့်က သွေးဘက်ကပဲ အစဉ်ရှိတတ်သူလေ။

"သွေးကို ခြိမ့် တစ်ခုအကြံပေးချင်တယ်"

''ပြောလေ မြိမ့်''

''သွေး ထက်ရှားကို လက်ထပ်ဖို့ ဆုံးဖြတ်ထားသလားဟင်''

''ဪ မြိမ့်ရယ် ဒီလောက်အထိ တွဲခဲ့ပြီးမှပဲဥစ္စာ''

''ဒါဆိုရင် ထက်ရှားခံစားချက်ကို သွေး နားလည်ပေးသင့် တယ်လေ၊ မြိမ့် ဆရာလုပ်တာ မဟုတ်ဘူးနော်''

မြိမ့်က သွေး အထင်လွဲမှာစိုးရိမ်ပြီး မဝံ့မရဲလေး ပြောသည် သွေး နားလည်စွာ ယဲ့ယဲ့လေးပြုံးရင်း –

''သွေး နားလည်ပါတယ် မြိမ့်ရဲ့၊ ကဲ ပြောလေ မြိမ့်ပေးတဲ့ အကြံဉာဏ်ကို သွေး အလေးအနက် နားထောင်ချင်ပါတယ်''

''ကိုထက်ရှားက သွေးကို တကယ်ချစ်တာတော့ သေချာပါ တယ်၊ သူ အခုကိစ္စမှာ တော်တော်ခံစားနေရပုံရတယ်၊ သျှန်းကို သူ မယုံဘူး၊ အဲဒါ သွေးကိုချစ်လို့ဆိုတာ သေချာတယ်၊ သွေးဘက်က လည်း သူ့ကို ပြန်နားလည်ပေးသင့်တယ်ထင်တယ်၊ ဘယ်ယောက်ျား ကိုယ့်ချစ်သူကို သံယောဇဉ်တွယ်နေတဲ့ယောက်ျားနဲ့ ပတ်သက်စေ ချင်မှာလဲ''

မြိမ့်စကားတွေကို သွေး ပြန်မချေပနိုင်ပါ။ တကယ်ဆို မြိမ့် ကိုလည်း အားလုံးပြောပြထားသည်။ သွေးကိုယ်တိုင်လည်း ပြ တွေးကြည့်လျှင် လွဲချော်နေတာ နားလည်ချင်၏။

''အင်း မြိမ့်သတိပေးတာ ကောင်းပါတယ်၊ သွေးလည်





သံယောဇဉ်တွေ ပြတ်တောက်သင့်ပါပြီ''

''မြိမ့်က သွေးကို အကြံပေးတာပါ''

''နားလည်တယ် မြိမ့်၊ ဘာပဲဖြစ်ဖြစ် တို့ ထက်ရှားကိုပဲ လက်ထပ်မှာပါ၊ အမြန်ဆုံး လက်ထပ်ဖြစ်ရင် ဒီကိစ္စပြီးသွားမှာပါ''

''အင်း သျှန်း ခံစားရင်လည်း ခဏပေါ့ သွေးရယ်''

မေ့ထားချင်သော သျှန်းခံစားချက်ကိုမှ မြိမ့်က မှန်းဆပြီး အစဖော်ပေးနေပြန်သည်။

တကယ်ပဲ သွေးဆုံးဖြတ်ချက်က သျှန်းအတွက် တစ်ခဏပဲ နာကျင်ခံစားစေမည်လား။ ဒါဆိုရင်တော့ သွေး ကျေနပ်ပါသည်။

သွေးနဲ့ပတ်သက်ပြီး သျှန်းရင်ထဲမှာ ဝေဒနာတွေ ထုထည် ရှည်ကြာစွာ မရှိစေချင်ပါ။ မြိမ့်ပြောသလိုပဲ တစ်ခဏနဲ့ပဲ ပြေစေချင် သည်။

သံယောဇဉ်တွေကို နာကျင်မှုတွေနဲ့ ဖြေလိုက်ပါတော့ သျှန်း ရယ်။ ကြာရင် မင်းကို သွေး ဒုက္ခတွေပေးသလို ဖြစ်မှာစိုးတယ်။

အဲဒီအတွက် တို့ကို နားလည်ပေးပါ။ နားမလည်နိုင်ဘဲ နာကြည်းမုန်းသွားတယ်ဆိုရင်လည်း တို့ ဝမ်းသာကျေနပ်ပါတယ်။

တွေဝေနေတဲ့ တို့စိတ်တွေကို တို့ကိုယ်တိုင်ပဲ ပြုပြင်မှ ဖြစ် တော့မယ်ထင်ရဲ့ သျှန်းရယ်။

✿ ✿ ✿

## အခန်း (၃၀)

"သွေး သွေး တကယ်ပြောတာလားဟင်"

ဝမ်းသာကျေနပ်မှုတွေနှင့် တောက်ပသွားသော ထက်ရှ
မျက်ဝန်းတွေမှာ အရောင်စဉ်လက်ဖြာသွားခဲ့သည်။ သွေး နွေးနွေးလေ
ပဲ ပြုံးပြရင်း –

"နောက်စရာမှမဟုတ်ဘဲ ထက်ရှားရဲ့၊ ဒါ သွေးနဲ့ထက်ရှ
တို့ရဲ့ အနာဂတ်ဘဝပဲလေ၊ အရင်တုန်းက သွေး ပြင်းခဲ့တာ၊ သွေးရဲ့
စီးပွားရေးလုပ်ငန်းတွေကို သွေး အာရုံစိုက်ထားချင်လို့ပါ"

"ဟား ဝမ်းသာလိုက်တာ သွေးရယ်"

"ဝမ်းသာတာ ထားဦး၊ ထက်ရှားမိဘတွေကို အသိပေး





ပြီလား"

"မပေးရသေးဘူးလေ၊ ဒါပေမဲ့ ပြဿနာမရှိပါဘူး၊ ကိုယ့်
အရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီပဲ၊ မာမီတို့က
လက်ခံမှာပါ"

ထက်ရှားပြောတော့ သွေး ပြုံးမိသည်။ ဒါကိုပဲ မြင်သွား
သော ထက်ရှားက –

"ဘာပြုံးတာလဲ သွေးရဲ့"

"အရွယ်တွေကို ပြောလို့ပါ၊ အပင်း သွေးတို့အသက်တွေက
အခုမှ နှစ်ဆယ့်ခြောက်တောင် မပြည့်သေးပါဘူး ထက်ရှားရဲ့"

"အဲဒါ လူငယ်တွေမှမဟုတ်တာ၊ တကယ်ဆို သားသားမီး
မီးတွေတောင် ပိုင်ဆိုင်သင့်နေပြီ"

ထက်ရှားစကားကြောင့် သွေး ရှက်ပြုံးလေး ပြုံးမိသည်။
နှစ်ဦးဘဝအတွက် ရည်မှန်းချက်တွေ အများကြီး ထားခဲ့ကြဖူးသည်။
သာယာသောမိသားစုဘဝလေးကို တောင့်တခဲ့ကြဖူးသည်။

အခုတော့ ဒီဘဝလေးကို မကြာခင် ပိုင်ဆိုင်ရတော့မည်။

"သွေး"

"ဟင် ဘာလဲထက်ရှား"

"ကိုယ်တို့ အရင်ဆုံး စေ့စပ်ထားကြမယ်ကွာ၊ မင်္ဂလာပွဲကို
တော့ တစ်လခွဲလောက်ကြာမှ ခမ်းခမ်းနားနား ကျင်းပချင်တယ်"

"ထက်ရှား အဆင်ပြေသလိုစီစဉ်လေ"

"ကိုယ်က ချက်ချင်းပဲ ပြေးလက်ထပ်ချင်တာ၊ ဒါပေမဲ့ ဒီလထဲမှာ ကိုယ့်ကုမ္ပဏီကို စင်ကာပူကညွှ်သည်တွေ လာကြမှာမို့ အလုပ်တွေ ရှုပ်မှာသေချာတယ်"

တကယ်ဆို သွေးရော ထက်ရှားပါ စီးပွားရေးလုပ်ငန်းတွေ နှင့် ချာလည်ရှုပ်ထွေးနေခဲ့ကြတာ ကြာပြီ။ ချစ်သူရည်းစားတွေဆိုပေ မယ့် အတူဆုံတွေ့ခွင့်ဆိုတာ ရှားပါးခဲ့ကြသည်။

ဒီကြားထဲမှာ ပြဿနာတွေနှင့် ကြုံရတော့ ပိုပြီးဆိုးသည်။ အခုတော့ ဒီအခြေအနေတွေကို သွေးဘက်က ဖြတ်ကျော်ပစ်လိုက် ချင်ပါပြီ။

"သွေးနဲ့ကိုယ် အနာဂတ်အတွက် ကိုယ့်မှာ အစီအစဉ်တွေ အများကြီးရှိပါတယ်၊ အကောင်းဆုံးဖြစ်စေရမယ် သွေး"

သွေးလက်ဖဝါးလေးကို ဆုပ်ကိုင်ကာ ထက်ရှားပြောတော့ သွေး ခေါင်းလေးညိတ်ပြမိ၏။

"သွေးရယ် အခုမှပဲ ကိုယ်စိတ်ချမ်းသာသွားတယ်၊ ဒါပဲနော် ဒီသတင်းကြားလို့ ဟိုကောင်က သူ့ကိုယ်သူ သတ်သေမယ်ဆိုရင် တောင် သွေး အာရုံမပြောင်းနဲ့တော့"

"ဟင်"

ထက်ရှားစကားကြောင့် သွေး တွန့်ခနဲဖြစ်ကာ အပြုံးရိပ်





တွေ ချက်ချင်းပဲ လွင့်ပြေးကုန်သည်။ ဒါကိုလည်း ထက်ရှားက အကဲခတ်မိသွားပြန်၏။

"ဘာဖြစ်တာလဲ သွေး"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး ထက်ရှားရယ်၊ ဒါ ကလေး ကစားစရာမှ မဟုတ်တာဘဲ၊ သွေးတို့အနာဂတ်ဘဝအတွက်ပါ၊ သွေး က ဘာလို့ ပြောင်းလဲပစ်ရမှာတဲ့လဲ"

"ကိုယ်က စိုးရိမ်လို့ ကြိုပြောထားတာလေ၊ သျှန်းဆိုတဲ့ ကောင် မိန်းမလိုမိန်းမရနဲ့ သွေးကို ခြိမ်းခြောက်အကျပ်ကိုင်မှာ စိုးလို့ ပါ"

ထက်ရှားရင်ထဲမှာ သျှန်းနှင့်ပတ်သက်ပြီး ဝန်တိုမှုတွေ, မကျေနပ်မှုတွေ ရှိနေဆဲပါလား။ ထို့အတွက် သွေးစိတ်ထဲမှာတော့ မကောင်းချင်ပါ။ ဒါပေမဲ့လည်း ဘာမှမပြောချင်တော့ပါ။

နှစ်ဦးဘဝ တည်ဆောက်ဖို့တောင် ရည်ရွယ်ပြီးခဲ့ပြီပဲ။ ထက် ရှားရဲ့ဝန်တိုတတ်သောစိတ်ကို သွေး နားလည်ပေးရမည်လေ။

သျှန်းအတွက်တော့ –

✿

စနေညမှာပဲ မြို့ဆီက ဖုန်းဝင်လာသည်။ သွေး ဖွင့်နား ထောင်တော့ ဒီတစ်ပတ်ဆန်းဒေး မြို့ ပြန်မလာဟုသိရ၏။

"အဲဒီနေ့ မြို့ လာဖြစ်မှာမဟုတ်ဘူး သွေးရေ၊ ဒီမှာ ဘွား ဆက်တို့က အလှူလုပ်မလို့တဲ့လေ၊ ဖွတ်နေခိုင်းနေလို့ နေပေးရမယ်"

"ဟုတ်လား"

"သေချာတာပေ့ါ၊ မြို့က သွေးသိပြီးပြီထင်နေတာ၊ ဒါဆို သျှန်း ဖုန်းမဆက်သေးဘူးထင်တယ်"

"ဟင့်အင်း မဆက်သေးပါဘူး"

"မပူနဲ့ သူ ဆက်မှာသေချာတယ်၊ အလှူက တနင်္ဂနွေနေ့ ဆိုတော့ သွေးကို သူ ခေါ်မှာပဲ"

မြို့စကားကြောင့် သွေး ပင့်သက်လေးရှိုက်လိုက်မိသည်။ ဟင့်အင်း ဒီတစ်ခါတော့ သွေး ထက်ရှားနှင့် အချင်းမများချင်တော့ပါ။

"သူခေါ်လည်း သွေး လာနိုင်မှာမဟုတ်ဘူး မြို့"

"ဟင် ဘာဖြစ်လို့လဲ သွေး"

"ဒီမနက်ပဲ သွေးနဲ့ထက်ရှား တွေ့ခဲ့တယ်၊ သွေးတို့ အနာ ဂတ်အတွက် ညှိနှိုင်းပြီးပြီ၊ နောက်တစ်ပတ်ထဲမှာပဲ သွေးတို့ စေ့စပ် ဖြစ်ကြမယ်"

"ဟင် မြန်လိုက်တာ"

မြို့ တအံ့တဩလေးပြောသည်။ မြို့ မမြင်နိုင်ပေမယ့်





သွေး ယဲ့ယဲ့လေးပြုံးရင်း –

"ဖြစ်သင့်တာကြာပြီလေ မြို့ရဲ့၊ လက်ထပ်ဖို့ကတော့ တစ်လ ကျော်တော့ လိုဦးမယ်၊ တခြားမဟုတ်ဘူး၊ ထက်ရှားအလုပ်ကိစ္စတွေ ရှုပ်နေလို့လေ"

"အင်း ကောင်းပါတယ်၊ ဒါနဲ့ သျှန်း သိပြီးပြီလား"

"မပြောတော့ဘူး မြို့၊ မြို့ပဲ ပြောပြလိုက်ပါ၊ အခုလည်း ပြီးတာနဲ့ သွေး ဖုန်းပိတ်ထားတော့မှာနော်"

"ဟင် ဘာလို့လဲ"

"သျှန်း ဖုန်းဆက်ပြီးခေါ်တာ မကြားချင်ဘူး၊ ဒီတစ်ခါတော့ ထက်ရှားဘက်ကို တို့ ငဲ့ရတော့မယ်လေ"

"အင်း ကောင်းပါတယ် သွေးရယ်"

မြို့အသံလေး တုန်ခါနေသည်။ မြို့ ဘာဖြစ်သွားတာလဲ။

"မြို့ အဲဒီကိစ္စကို မြို့ပဲ သူ့ကို အသိပေးလိုက်ပါနော်၊ ဘွားဆက်တို့ကိုတော့ နီးမှပဲ အသိပေးတော့မယ်"

"အင်း မြို့တောင် သျှန်းကို အသိပေးဖို့ မရဲဘူးဖြစ်နေ တယ်"

"ဘာလို့လဲ မြို့ရယ်"

"သူက ဒီရက်ပိုင်းမှာ ပျော်နေတာ၊ အလှူရှိတော့ သွေး ဖြစ်မနေလာမယ်ပဲ ထင်နေတာပေ့ါ၊ အသိပေးလိုက်ရင် ဘယ်လိုနေ

မလဲ ခြိမ့် မတွေးရဲဘူး''

ခြိမ့်ရင်ထဲမှာလည်း သျှန်းနဲ့ပတ်သက်ပြီးတောင် ခံစားတတ်နေခဲ့ပြီလား။ သွေး အံ့ဩမိ၏။ အချိန်တိုကာလလေးမှာပဲ ခြိမ့် သျှန်းကို နားလည်သွားခဲ့ပြီထင်ရဲ့။

''ကဲပါ သွေးရယ်၊ ခြိမ့် အဆင်ပြေသလို အသိပေးလိုက်မယ်ဒါပဲနော်''

ခြိမ့် ဖုန်းလေးချသွားတော့ သွေး တဒင်္ဂတော့ မှင်တက်နေမိသေးသည်။ ပြီးမှ ဖျတ်ခနဲ သတိရကာ ဖုန်းကို အပြီးပိတ်ပစ်လိုက်သည်။ သေချာသိနေတာတော့ ဒီညှ သျှန်း သူမဆီ ဖုန်းဆက်မှာသေချာသည်။

ဖုန်းခေါ်လို့မရလျှင် သျှန်း ဒေါသတွေဖြစ်ကာ အိပ်တောင်ပျော်ပါ့မည်လား။

တကယ်တမ်းကျ ထိုအတွေးမောတွေနှင့် တစ်ညလုံး အိပ်မပျော်နိုင်ခဲ့တာက သွေးပဲ ဖြစ်ခဲ့ပါသည်။

✿ ✿ ✿



## အခန်း (၃၁)

''ခြိမ့်''

''ဟင်''

မီးဖိုခန်းတံခါးဝအထိရောက်လာကာ လှမ်းခေါ်သော သျှန်းကို လှည့်ကြည့်ကာ ခြိမ့် အံ့ဩသွားမိသည်။ ဗိုးချဲလ်ပေါ်မှ သျှန်း၊ မျက်နှာက အလိုမကျမှုတွေနဲ့ မာတင်းနေကတည်းက ခြိမ့် ရိပ်မိ၏။

''ဘာလဲဟင် သျှန်း၊ ဘာလိုချင်လို့လဲ''

''ဘာမှမလိုပါဘူး၊ မေးစရာရှိလို့ပါ၊ မရဲ့ဖုန်းကို ကျွန်ဟော်ဆက်နေတာ မရဘူး၊ ဖုန်းပိတ်ထားသလား မသိဘူး''

ခြိမ့်ထင်သည့်အတိုင်း ဖြစ်နေ၏။

ခြိမ့် ဟန်ဆောင်ထားသော မျက်နှာကလေးနှင့်ပင် –

''အင်း ဟုတ်မယ်ထင်တယ်၊ ခြိမ့်လည်း ဆက်ကြည့်တာ မရဘူး၊ သွေးဖုန်း တစ်ခုခုဖြစ်နေသလားလို့၊ မနက်ကျမှ ထပ်ဆက်ကြည့်မလို့''

အလိုမကျသောမျက်နှာဖြင့် သျှန်း မှုန်ကုတ်နေခဲ့။ ကြီးနှင်းက အနားရောက်လာရင်း –

''တစ်ခုခုလွဲနေလို့ဖြစ်မှာပေါ့ ကလေးရယ်၊ ဒါမှမဟုတ် သွေး အိပ်ပျော်နေပြီလားမှ မသိတာ၊ မနက်ကျမှ ဆက်ကြည့်ပေါ့ကွယ်''

''ကျွတ်စ်၊ မနက်အထိစောင့်ရမှာ ကျွန်တော် စိတ်မရှည်ဘူး၊ အစောကြီး ရှိသေးတယ်ဗျာ''

သျှန်း မကျေမနပ်ရေရွတ်ကာ ဗိုးချဲလ်လေးကို မီးဖိုခန်းရှေ့က ပြန်လိုမ့်ထွက်သွားခဲ့သည်။ ကြီးနှင်း ပင့်သက်လေးရှိုက်ကာ ခြိမ့်ကို လှမ်းကြည့်သည်။

''မနက်ဖြန်အလှူကို သူ ခေါ်မလို့ထင်တယ်၊ ကလေး ဒီ တစ်ညလုံး အိပ်မှာမဟုတ်တော့ဘူး ထင်ပါရဲ့''

ကြီးနှင်းစကားကြောင့် ခြိမ့်စိတ်ထဲမှာ မကောင်းဖြစ်သွားမိသည်။

အမှန်ကို မပြောရက်သေးတာမို့ ခြိမ့် သိုဝှက်ထားမိတာပါ။ ဒါကို သျှန်းမသိ။





''သမီး အိပ်ချင်အိပ်တော့လေ၊ ဘာမှ မလိုတော့ပါဘူး''

တစ်နေ့လုံး ကြီးနှင်းနှင့် မီးဖိုထဲမှာကူရင်း ခြိမ့် အတူရှိနေခဲ့တာပဲဖြစ်သည်။ လိုအပ်တာအားလုံးလည်း ပြီးပြီ။ မနက်သုံးနာရီလောက်မှပဲ ကြီးနှင်း ထချက်ရမှာဖြစ်သည်။

''သမီး သွားအိပ်တော့လေ၊ ပြီးနေပြီ''

ခြိမ့် တွေတွေလေးရပ်နေတော့ ကြီးနှင်း ထပ်ပြော၏။ ခြိမ့်ရင်ထဲမှာ တစ်ယောက်တည်း မျိုသိပ်မထားချင်တာမို့ –

''ကြီးနှင်း''

''ဘာလဲဟင် သမီး''

''ညဦးပိုင်းကပဲ သွေးဆီ သမီး ဖုန်းဆက်ပြီးပြီ၊ သူ သျှန်းနဲ့ မဆုံချင်လို့ ဖုန်း တမင်ပိတ်ထားတာ''

''ဟင် ဘယ်လို''

ကြီးနှင်းကို ခြိမ့်သိထားသမျှ တိုးတိုးတိတ်တိတ် ပြောပြတော့ ကြီးနှင်း မျက်နှာပျက်ယွင်း ထိတ်လန့်သွားခဲ့တာ အထင်အရှား။

''ဒါ ဒါဆို သွေးလေးက လက်ထပ်တော့မှာပေါ့''

''အရင်ဆုံး စေ့စပ်မှာ ကြီးနှင်း၊ တစ်လကျော်လောက်မှ လက်ထပ်ပွဲက ကျင်းပဖြစ်မှာ''

ကြီးနှင်း ဘာမှမပြောနိုင်ဘဲ ငူငူကြီးရပ်နေတာ အကြာကြီး။ ပြီးမှ ပင့်သက်ကြီး ဟင်းခနဲရှိုက်ရင်း –

"ဒါကိုသိရင် ကလေးတော့ အတော်ခံစားရရှာမှာ သေချာတယ်"

"မြို့ သိပါတယ်၊ ဒါကြောင့် မပြောဘဲ သိုဝှက်နေတာ"

"တစ်ပတ်အတွင်းမှာပဲ စေ့စပ်တော့မှာ သမီးရယ်၊ ဘယ်လောက်အထိ သိုဝှက်ထားနိုင်မှာမို့လဲ၊ သူသိမှာပေါ့"

ကြီးနှင်းက သျှန်းကို သံယောဇဉ်အကြီးဆုံးဆိုတာ မြို့ ယုံပါသည်။ အခုလည်း မျက်ရည်တွေ ချက်ချင်းဝဲကာ သျှန်းအတွက် ခံစားပူလောင်သွားပုံရ၏။

"ကြီးနှင်း ဘာမှစိတ်ဆင်းမရဲပါနဲ့တော့၊ သျှန်းကို မနက်ကျမှ သမီးပဲ ကြည့်ပြောလိုက်မယ်"

"အင်း ကြီးနှင်းတော့ မပြောရက်ဘူးကွယ်၊ သမီးပဲ ကလေးကို ပြောပေးပါ"

"စိတ်ချပါ ကြီးနှင်းရယ်၊ ကြီးနှင်း အိပ်တော့နော်၊ မနက်ကျအစောကြီး ထ,ရဦးမှာ"

"အင်း အင်းပါကွယ်"

မျက်ဝန်းထောင့်က မျက်ရည်စတွေကို အင်္ကျီလက်မောင်းစနှင့် တို့သုတ်နေသော ကြီးနှင်းကို မြို့ သနားပါသည်။ ကြီးနှင်းရဲ့ သံယောဇဉ်က သျှန်းအပေါ်မှာ ကြီးမားလိုက်တာ။

ကြီးနှင်းကို နှစ်သိမ့်ခဲ့သူ မြို့ကိုယ်တိုင်လည်း အိပ်မပျော်





ဖြစ်သွားခဲ့တာအမှန်။

မနက်ကျလျှင် သျှန်းကို ဘယ်လိုအသိပေးရမည်လဲ။ တွေးရင်းနှင့်ပဲ မြို့ ပင့်သက်တွေပဲ အခါခါချမိနေခဲ့သည်။

မဆီမဆိုင် အပူသောကတွေကို မြို့ ဘာကြောင့် ဝေယူနေမိတာလဲ မသိပါ။ အာရုံထဲမှာ မြင်လာသော သျှန်းပုံရိပ်လေးက ကွယ်ပျောက်မသွားခဲ့ပါ။

သျှန်းကို သနားလိုက်တာ။ သွေးကို ထက်ရှားနှင့် အဆင်ပြေအောင် မြို့ တိုက်တွန်းအကြံပေးခဲ့တာ မှားသွားပြီလား။ မဆိုင်ဟုပဲ ထင်သည်။ သွေးနဲ့ ထက်ရှားက ချစ်သူတွေပဲလေ။

သျှန်းကိုက ကံဆိုးတာပဲဖြစ်မည်။ မဖြစ်နိုင်တာကိုမှ ဘာလို့ လိုချင်နေရတာလဲ သျှန်းရယ်။

သျှန်းအတွက် စာနာစိတ်တွေနှင့် သူမ စိတ်မကောင်းဖြစ်နေခဲ့တာကရော ဘာကြောင့်လဲ တွေးမိတော့ ရင်ထဲမှာ လှိုက်ခနဲ ခုန်မိသည်။ တစ်ခုခုတော့ တိမ်းချော်နေပြီ ထင်သည်။

သျှန်းက သူမနှင့် ဘာမှပတ်သက်တာ မဟုတ်ပါ။

ဒါပေမဲ့လည်း ထူးဆန်းနေတာက သျှန်းကို သွေးလိုပဲ မြို့ ခင်တွယ်သံယောဇဉ်ဖြစ် စာနာတတ်သွားခဲ့ခြင်းဟာ ဘာကြောင့်လဲ။

✿ ✿ ✿

## အခန်း (၃၂)

မနက်အစောကြီးထကာ ဝိုးချဲလ်နှင့် ခြံထဲရောက်နေသော သျှန်းကိုမြင်တော့ ခြိမ့် အံ့သြသွားမိ၏။ ဘယ်လိုမှ ဖုန်းဆက်သွယ် မရတော့ သူ သွေးကို အပြင်ထွက်မျှော်နေတာပဲ ထင်သည်။

ဒါကို သတိထားမိသော ကြီးနှင်းကလည်း စိတ်မကောင်း သလို ခြိမ့်အနားကပ်ပြော၏။

"သမီးရယ် သားမျှော်နေတာ ကြီးနှင်း မမြင်ရက်ဘူး။ သမီး သွားအသိပေးလိုက်ပါနော်"

"ဟုတ်ကဲ့ ကြီးနှင်း"

ခေါင်းညိတ်ပြီး ထွက်ခဲ့ရပေမယ့် ဖွင့်ပြောဖို့ ခြိမ့်နှုတ်က





အာစေးမိသလိုဖြစ်နေ၏။ မပြောရက်တာ အမှန်။

"ပြော ခြိမ့်၊ မကို ဖုန်းဆက်လို့ ရသေးလားဟင်"

"မရဘူး သျှန်း၊ ဟိုလေ ဟို"

ခြိမ့် တွန့်ဆုတ်ဆုတ်ဖြစ်နေတာကို သတိထားမိသွားသော သျှန်း မျက်မှောင်ကြီးကုတ်ကာ ကြည့်ရင်း –

"ခြိမ့် တစ်ခုခုသိနေသလိုပဲ၊ မ,ဆီ ဘာလို့ ဆက်သွယ်မရတာလဲ၊ ဒါကို ကျွန်တော် စဉ်းစားမရဘူး။ ဘာလို့လဲ၊ ခြိမ့် သိသလား"

"သျှန်းကို ခြိမ့် ပြောပြချင်လို့ လာခဲ့တာပါ"

ဝိုးချဲလ်မှာ မှီထိုင်နေရာမှ ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားကာ သျှန်းရှေ့ကို ကိုင်းညွတ်လာ၏။

"ဘာလဲဟင်၊ ခြိမ့်သိရင် ပြောစမ်းပါ"

"သွေး ဒီကိုလာနိုင်မှာ မဟုတ်ဘူး သျှန်း"

"ဗျာ ဘာလို့လဲ၊ ဘာလို့ မလာနိုင်ရတာလဲ"

"သွေးနဲ့ကိုထက်ရှားရဲ့ စေ့စပ်ပွဲက ဒီတစ်ပတ်အတွင်းမှာပဲ ရှိနေတာမို့ပါ"

"ဘာ"

အထိတ်တလန့် ထအော်သည့် သျှန်းအသံကြောင့် ခြိမ့် ဆတ်ခနဲ တုန်သွားမိ၏။ သျှန်းမျက်ဝန်းတွေ မယုံကြည်နိုင်သလို ခြိမ့်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း ခေါင်းကို ခါယမ်းသည်။

''သေ သေချာရဲ့လား ခြိမ့်၊ တကယ်ပဲလားဟင်၊ မ,တို့ တကယ်ပဲ လက်ထပ်ကြတော့မှာလား''

''ဟုတ်ပါတယ် သျှန်းရယ်၊ စေ့စပ်ပွဲက ဒီတစ်ပတ်အတွင်း ဖြစ်မှာ၊ လက်ထပ်ပွဲက တစ်လလောက် ကြာဦးမယ်''

''တောက်''

နာကျင်ခံပြင်းစွာ တက်ခေါက်ရင်း သျှန်းလက်တွေက ပိုးချဲလ်လေးရဲ့ လက်ကိုင်သံတန်းတွေကို တင်းတင်းဆုပ်ထား၏။ သျှန်းကို ကြည့်ရင်း ခြိမ့်ရင်ထဲမှာ တကယ်မကောင်းပါ။

သျှန်းခံစားချက်တွေကို ဝေမျှယူလို့ရရင်တောင် ခြိမ့် ယူလိုက်ချင်ပါသည်။

''သျှန်း''

မော့ကြည့်လာသောမျက်နှာက မေးရိုးတွေ တင်းနေသည်၊ ချောမွေ့ဝင်းမွတ်နေသော မျက်နှာက နီမြန်းနေတာ ဒေါသကြောင့်လား။

''ခြိမ့် ကျွန်တော့်ကို တစ်ခုကူညီပေးပါ''

''ဟို ဘာလဲဟင်''

''မကို ဒီကို အရောက်ခေါ်ခဲ့ပေးဗျာ၊ ဟာဗျာ၊ ခြိမ့်ကား ကျွန်တော့်ကို လိုက်ပို့ပေးနိုင်မလား''

''ဟင့်အင်း ဘယ်ဖြစ်မှာလဲ သျှန်းရယ်၊ ဒီမှာလည်း အလု





ပွဲကြီးနဲ့ ပြီးရင် ညေ့သည်တွေလာကြမှာ၊ ဟို သွေးကို ခြိမ့် ဘာပြောလို့ ရနိုင်မှာလဲ သျှန်းရဲ့''

ဟင်းခနဲ ပင့်သက်ကြီးရှိုက်ရင်း သျှန်း ခေါင်းကို ခါယမ်းနေ၏။ ပြီးမှ ခြိမ့်ကို မော့ကြည့်ရင်း –

''တစ်ဆိတ်လောက်ဗျာ၊ ခြိမ့် ကျွန်တော့်ကို အခန်းဝအထိ တွန်းပို့ပေးပါလား''

''ရပါတယ် သျှန်း''

ဒီသတင်းက သျှန်းကို အင်အားမဲ့သွားအောင် ခံစားစေသည်လားမသိ။ ပိုးချဲလ်ကို ဘယ်တုန်းကမှ တစ်ပါးသူတွန်းတာ လက်မခံဘဲ ခုတော့ ခြိမ့်ကိုတောင် အကူအညီတောင်းနေ၏။

ညေ့ခန်းထဲ လှမ်းအဝင်မှာ လွှမ်းနှင့်ဆုံသည်။

''သျှန်း ခဏနေရင် ဆရာတော်တွေ ကြွလာမှာ၊ မင်း တရားနာဦးမှာလား''

''ငါ့အတွက် ဘာမှမတွေးနဲ့ကွာ၊ ငါ တစ်ယောက်တည်း နေပါရစေ၊ ခြိမ့် ရပြီ''

ပြောရင်း ပိုးချဲလ်ကို သူ့အခန်းအထိ သျှန်း လိမ့်ဝင်သွားခဲ့၏။ လွှမ်း ငေးကြည့်နေရင်းက –

''ဒီကောင် ဘာဖြစ်တာလဲဟင် မခြိမ့်''

''ရှင်၊ ဟို ခြိမ့်လည်းမသိဘူး''

အမှန်ကို မပြောချင်တာမို့ မြိမ့် ရှောင်ထွက်သွားမိသည်။ လွှမ်းက ပခုံးတွန့်ခေါက်ရင်း –

"ဒီကောင်က တကယ့်ကန့်လန့်ကောင်၊ ထားလိုက်ဗျာ၊ ဒီကောင့်ကြောင့် ဘွားဆက်တို့ စိတ်ညစ်သွားဦးမယ်"

ဘာမှမသိရှာသော လွှမ်းကတော့ အပြစ်တင်သလို ပြောရင်း လှည့်ထွက်သွားသည်။ မြိမ့်မှာတော့ အခန်းတံခါးပိတ်သွားသော သျှန်း ကိုကြည့်ရင်း ရင်ထဲမှာ မောနေ၏။

အဲဒီလောက်အထိတောင် သွေးအပေါ် ရှင် တွယ်ငြိသလား သျှန်းရယ်။ ဖြစ်ခွင့်ရမယ်ဆိုရင် ရှင့်ဝေဒနာခံစားချက်တွေကို မြိမ့် စာနာစွာ နှစ်သိမ့်ပေးခွင့်ရချင်ပါတယ်။

ဒါပေမဲ့ ရှင့်နှလုံးသားက သွေးဆီပဲ ဦးတည်နေခဲ့တာလေ ထက်ရှားပြောသလို သံယောဇဉ်အာရုံတွေကို လမ်းလွှဲပစ်လို့ ရနိုင်ခဲ့ ဘယ်လောက်ကောင်းမလဲ။

နှလုံးသားထဲက ခံစားချက်အစစ်အမှန်ကို အာရုံလွှဲပြောင် မရနိုင်တာတော့ သိပ်ကိုသေချာတယ် ကိုထက်ရှား။

ဒါကို သျှန်းမျက်ဝန်းတွေထဲမှာ မြိမ့် မြင်ခဲ့ရပြီးပြီလေ။

✿ ✿ ✿



## အခန်း (၃၃)

"သျှန်း"

"ဘာလဲကွာ၊ ဘာကိစ္စလဲ"

ဘုဆတ်ဆတ်အသံမှာ အလိုမကျမှုတွေ အရိပ်ထင်နေမှန်း လွှမ်း သိပါသည်။

ဒီရက်တွေမှာ သျှန်းကို သူ သတိမထားမိခဲ့။

အခုတော့ မကြာသေးခင် အချိန်ပိုင်းလေးကပဲ ဘွားဆက်ဆီ က သူ သိခဲ့ရ၏။

"မင်း ဘာဖြစ်နေတာလဲ သျှန်း"

"လွှမ်း ငါ့ဘာသာ တစ်ယောက်တည်းနေပါရစေ"

"ဘာလဲ၊ မသွေး စေ့စပ်တော့မယ်ဆိုလို့ မင်း ခံစားနေရတာ လား သျှန်း"

"ဟင်"

"အေး၊ ငါတောင် စောစောကမှ ဘွားဆက်ပြောလို့ သိတာ လေ၊ သန်ဘက်ခါဆို မသွေး စေ့စပ်တော့မှာတဲ့"

"မင်းပြောချင်တာ ဒါပဲလား၊ ငါ တစ်ယောက်တည်း နေချင် လို့"

"ခဏနေဦး သျှန်း၊ ငါ အဓိကလာတာ မင်းကို ဘွားဆက် ခေါ်ခိုင်းလိုက်လို့"

"ကျွတ်စ် ငါအိပ်နေတယ် ပြောလိုက်ကွာ"

ပြောပြီး ခုတင်ပေါ်မှာ ပက်လက်ကြီး မျက်လုံးဖွင့်နေသော သျှန်းကို လွှမ်း ပခုံးတွန့်ကြည့်နေရင်း -

"မင်း ခဏလိုက်ခဲ့မှဖြစ်မယ်၊ ဘွားဆက်က မင်းအပေါ် ထပ် တက်လို့မရလို့၊ ဧည့်ခန်းအထိ ဆင်းစောင့်နေတာ"

"ဟား အေးအေးမနေရပါလားကွာ"

"အေး မင်းလိုပဲ ငါလည်း ခံစားရတာပဲ၊ ဘွားဆက်ခေါ်တာ မင်းနဲ့ငါ့အမေကိစ္စတဲ့"

"ဘာ ဘာရယ် လွှမ်း"

ချာခနဲ လှည့်ကြည့်ပြီး သျှန်း ပြန်မေးသည်။





သူ ပင့်သက်ရှိုက် ခေါင်းခါယမ်းရင်း -

"ငါတို့ကို တစ်သက်လုံးစွန့်ပစ်ကားတဲ့ အမေက ငါတို့ကို တွေ့ချင်လို့တဲ့"

"ဟင်"

"မင်း ဘယ်လိုခံစားရသလဲတော့မသိဘူး၊ ငါတော့ ခံစားလို့ ကို မရဘူး၊ အဖေ့ကို စွန့်ပစ်ပြေးတယ်၊ ပြီးတော့ ငါတို့ကို ဥပေက္ခာ ပြုပြီး ဘဝသစ်မှာ ဒီအချိန်ထိ ပျော်နေခဲ့ပြီးမှ အခုရောက်တာလာ ဘာသဘောလဲ"

"အမေ အမေ ဘယ်မှာလဲ"

သျှန်း ကုန်းထရင်း မေးသည်။ ဒီကောင့်စိတ်ကတော့ အမေ့ ကို တမ်းတနေသည် ထင်၏။

"ဘွားဆက်ဆီရောက်ရင် သိမှာပေါ့ကွာ၊ ကဲ မင်းပိုးချဲလ် ပေါ်တက်ရင် ငါတွဲခေါ်မယ်"

ဒီတစ်ခါတော့ သျှန်း ခေါင်းညိတ်သည်။

ဘယ်တုန်းကမှ သူတွဲလျှင် လက်မခံသည့်ကောင် အခုတော့ ဝှီးချဲလ်လေးကို သူ တွန်းခေါ်လာတော့ ငြိမ်သက်စွာပဲ လိုက်လာခဲ့ သည်။

ဧည့်ခန်းထဲမှာ ဘွားဆက်က တစ်ယောက်တည်း ထိုင်စောင့် နေ၏။

သျှန်းကို ငိုးချဲလ်ပေါ်မှာပဲ ထိုင်စေကာ သူကတော့ ဘွားဆက် အနားမှာ ဝင်ထိုင်လိုက်သည်။

''မြေးကြီးလွှမ်းက ပြောပြထားပြီပေါ့၊ ဟုတ်လား မြေး''

''ဟုတ်ပါတယ် ဘွား။ ဒါပေမဲ့ ဘာမှမသိရသေးဘူး။ ဘာလဲ ဟင်၊ အမေ့ကိစ္စက ဘာလဲ''

အလောတကြီးမေးလာသော သျှန်းကိုကြည့်ကာ ဘွားဆက် ပင့်သက်တစ်ချက်ချသည်။

ခင်နွဲ့ယိမ်းနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားနေသူက သျှန်း ဖြစ်နေ၏။ မြေးကြီးကတော့ အံ့ဩသွားတာကလွဲလို့ သူ့လောက် မလှုပ်ခတ်ခဲ့တာ တွေ့ခဲ့ပြီးပြီ။

''ပြောပြမယ် မြေး၊ နားထောင်ပါဦး၊ မနေ့ကပဲ မြေးတို့ အမေဆီက ဖုန်းအဆက်အသွယ် ရတယ်၊ သူ့သားနှစ်ယောက်နဲ့ ဆုံတွေ့ခွင့်ပြုဖို့ တောင်းတာပဲ''

သျှန်း မျက်မှောင်ကုတ်ပြီး နားထောင်နေ၏။ လွှမ်းကတော့ ခေါင်းကြီးငုံ့ကာ စိတ်မဝင်စားသလို ငြိမ်သက်လို့။

''ဟိုးအရင်ကတည်းက သူ နှစ်ကြိမ်လောက် ဘွားဆက်ဆီ ခွင့်တောင်းဖူးတယ်''

''ဟင်''

''မအံ့ဩနဲ့ မြေး၊ ဘွားဆက် တမင်မပြောခဲ့တာ၊ ဘာလို့လဲ





ဆိုတော့ ဘွားဆက်ရဲ့မြေးတွေကို သူနဲ့ မပတ်သက်စေချင်လို့ပဲ၊ အဲဒီ တုန်းက မင်းတို့က သိပ်ငယ်သေးတယ်၊ သူက ဆွဲခေါင်ခေါ်သွားမှာ ဘွားဆက် စိုးရိမ်လို့ပဲ၊ အခုတော့ သူ့ဘက်က မသေခင် တွေ့ပါရစေ လို့ တောင်းဆိုလာတော့ ဘွားဆက် ခွင့်ပြုပေးတာ''

ဘွားဆက်စကားတွေကို နားထောင်ရင်း သျှန်း ငြိမ်သက် နေမိဆဲ။

ငယ်စဉ်ကတည်းက ဖေဖေနဲ့ သူတို့ညီအစ်ကိုကို ပစ်သွားခဲ့ တဲ့အမေ။ အတ္တတွေ, မာနတွေ စစ်ခင်းပြီး ဥပေက္ခာပြုသွားသော အမေ။

အခုတော့ သူတို့ ညီအစ်ကိုကို တွေ့ချင်သတဲ့လား။

''အခု မြေးတို့လည်း ဆုံးဖြတ်နိုင်တဲ့ အရွယ်ရောက်နေကြပါ ပြီ၊ သူ့ဆန္ဒကို ဘွားဆက် မတားတော့ဘူး။ ဒါပေမဲ့ မြေးတို့ကိုတော့ ဘွားဆက် မှာထားချင်တယ်၊ မင်းတို့အမေက သူနဲ့နေဖို့ခေါ်ရင် လိုက် မသွားဖို့ပဲ''

''ကျွန်တော်က မလိုက်ပါဘူး။ ဖြစ်နိုင်ရင် မတွေ့ချင်တော့ တာ''

ဆတ်ခနဲ ခေါင်းမော့လာရင်း ယတိပြတ်သံယောဇဉ်မဲ့ စကား ပြောသူက လွှမ်းပဲဖြစ်သည်။

''အဲဒီလောက်ကြီး သံယောဇဉ်မမဲ့ရဘူး မြေးကြီး၊ ဘွားတို့

ကလည်း ကိုယ့်သား စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့ ချွေးမကို ဘယ်လက်ခံချင်ပါ့မလဲ၊ ဒါပေမဲ့ အမေဆိုတာတော့ လက်ခံရမယ်ကွဲ့၊ သူမွေးထုတ်ခဲ့တဲ့သားတွေကို သူ မြင်တွေ့သင့်ပါတယ်''

ဘွားရင်ထဲက ဒဏ်ရာတွေ အချိန်ကြာလို့ အသားမာ အမာရွတ်တက်သွားတာပဲလား၊ အသက်အရွယ်ကြောင့် နာကြည်းဒေါသတွေ သင်ပုန်းချေလိုက်တာလားတော့ မသိပါ။

သူတို့ညီအစ်ကို အမေနှင့် ဆုံတွေ့ခွင့်ပြုနေ၏။

''အခုအချိန်မှာ သမီးကြီးမမိုး မရှိတော့ သူ့ဆန္ဒကို ဘွား ခွင့်ပြုပေးချင်တယ်၊ မမိုးက မနှင်းလို မဟုတ်ဘူး၊ သူက မောင်အတွက် အရမ်းစိတ်နာနေတာ၊ ဒါပေမဲ့ မင်းတို့ကို ချစ်ပါတယ်၊ ဘယ်လောက်အထိ တူနှစ်ယောက်ကို ချစ်သလဲဆိုရင် သူတို့တာဝတွေကို အိမ်ထောင်မပြုဘဲ မင်းတို့အတွက် ပေးဆပ်ထားတာသက်သေပဲ''

ဘွားစကားကိုတော့ သျှန်း မငြင်းနိုင်ပါ။

ဒါပေမဲ့ ညီအစ်ကိုနှစ်ယောက်မှာ ဘွားနှင့်ကြီးမိုးက လွှမ်းအပေါ် သိသာစွာပိုတာတော့ သူသိ၏။

ထို့အတွက်လည်း ခံစားခဲ့ရဖူးသည်။

အခုချိန်ထိ စီးပွားရေးကိစ္စမှာ လွှမ်းကိုပဲ ယုံကြည်ကာ သူ့ကို ဥပေက္ခာပြုထားတာ သူ ခံစားရ၏။





''သျှန်း သားရင်ထဲမှာ ဒဏ်ရာတွေဖြစ်နေတာ ဘွားသိတယ်၊ မှန်လည်း မှန်ပါတယ်၊ မအေနဲ့တူတဲ့ မင်းကို ဘွားတို့ မျက်နှာသာ မပေးခဲ့ဘူး၊ ဒါပေမဲ့ မစွန့်နိုင်ခဲ့ပါဘူး၊ ပြောရရင် အခု မမိုးက အမေရိကားခရီးက ပြန်လာရင် မင်းတို့ညီအစ်ကိုကို အမွေအားလုံး ညီတူညီမျှ လွှဲပေးဖို့ စီစဉ်ထားတယ်''

သူလိုချင်တာ ငွေကြေးမဟုတ်။ နွေးထွေးသောမေတ္တာဟု ဘွားကို ပြောချင်သည်။ ဒါပေမဲ့ မပြောဖြစ်တော့ပါ။

''ကဲ ဒါတွေထားတော့၊ ဘွားမှာချင်တာက သားတို့ကို သားတို့အမေကခေါ်ရင် လိုက်မသွားဖို့ပဲ၊ မြေးကြီးကို ယုံပေမယ့် မြေးငယ်ကို စိတ်မချဘူး''

အခုမှ ဘွားဆက် သူ့ကို အသိပေးချင်လို့ အမိကခေါ်မှန်း သိလိုက်ရ၏။

''သားသျှန်း ရင်ထဲမှာ ဒဏ်ရာတွေရှိရင် ဖြေပေးပါ၊ ဘွားတို့ မိသားစုကို ခွဲမသွားပါနဲ့၊ မင်းတို့ညီအစ်ကို ဘွားတို့မရှိတဲ့အချိန်ထိ အတူရှိနေတာပဲ ဘွား မြင်တွေ့ပါရစေ၊ ပြော သျှန်း၊ ဘွားကို ကတိပေးနိုင်မလား''

ဘွားဆက်က သူ့ကို စူးစိုက်ကြည့်ကာ မေးလာ၏။ သူတွေဝေတိတ်ဆိတ်နေတော့ လွှမ်းက မချင့်မရဲ လှမ်းကြည့်သည်။

''ဟုတ်ကဲ့ပါ ဘွားဆက်''

ဘွားဆက် စိတ်ချမ်းသာအောင် သူ ဖြေလိုက်သည်။

ရင်ထဲမှာတော့ ခုချိန်ထိ တွေဝေနေတုန်းပဲ ဖြစ်သည်။

တစ်ခါမှ မမြင်ခဲ့ဖူးသော အမေ့မျက်နှာကို သူမြင်တွေ့ခွင့်တော့ ရချင်ပါသည်။ အမေရဲ့ဥပေက္ခာတွေအတွက် သူ့ဘက်က တုံ့ပြန်မှုအတွက်တော့ ကြိုတင်မခံစားချင်ပါ။

အမေ့ရင်ထဲကို သူ မြင်တွေ့ရှာဖွေကြည့်ချင်ပါသေးသည်။

✿ ✿ ✿



## အခန်း (၃၄)

တကယ်ကို ချောမောသော ယောက်ျားတစ်ယောက်ဟု မြိမ့် မှတ်ချက်ပြုမိတဲ့အထိ ငေးနေမိသည်။

ဗိုးချဲလ်အကူအညီမယူတော့ဘဲ သျှန်း ခြံထဲမှာ ချိုင်းထောက်နှင့်လျှောက်ပြီး လေ့ကျင့်ခန်းယူနေတာကို မြိမ့် ငေးနေမိတာဖြစ်၏။

ထင်ထားတာက အနက်ရောင်တီရှပ်လက်တိုနှင့် သရီးကွာတားဘောင်းဘီအညိုရောင်မို့ ဝင်းနှစ်နေသော အသားအရေက ပေါ်လွင်၏။

ဘေးတိုက်မြင်နေရသော မျက်နှာက နှာတံက စင်းနေ၏။ မျက်ခုံးမျက်ဝန်းတွေကလည်း အပြစ်ဆိုစရာမရှိ။

တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေက စွဲမက်ရင်ခုန်စရာပါပဲ။

ဒီလိုကြောင့်လည်း သွေး သံယောဇဉ်တွေ ကြာရှည်တွယ်ကာ တွေ့ဝေခဲ့သလားလို့တောင် တွေးမိသေး၏။

ဒါပေမဲ့လည်း သွေးဘက်က ယတိပြတ်ခဲ့တာ လွန်ခဲ့သော အပတ်ကတည်းကဟု ခြိမ့် ယုံသည်။ သွေးက ထက်ရှားနှင့် စေ့စပ်ပြီးခဲ့ပြီ။ စေ့စပ်ပွဲကို ကြီးနှင်းနှင့် ဘွားဆက် မသွားနိုင်ပေမယ့် ခြိမ့်ကတော့ ရောက်ခဲ့သည်။ လွှမ်းက အလုပ်ပိတ်ရက်ပေမယ့် အကြောင်းပြနေခဲ့၏။

သျှန်းကတော့ ဘာမှမပြောတော့ဘဲ ငြိမ်သက်ခံစားနေတာ မကြာခင် ရောက်လာမည့် အမေ့ဆီ အာရုံရောက်နေတာကြောင့်လားမသိပါ။

သျှန်းတို့ မိခင်ရောက်လာမည့်အကြောင်းကို ကြီးနှင်း ပြောပြလို့ ခြိမ့် သိခဲ့ရသည်။ ခြိမ့်ကိုယ်တိုင်လည်း မြင်တွေ့ချင်လှ၏။

သျှန်းနှင့်တူသည်ဆိုတော့ ချောမောမှာတော့ ယုံမှားစရာမရှိ။

"ခြိမ့်"

"အမေ့"

သျှန်းဆီ အာရုံရောက်ကာ အတွေးတွေလွင့်နေတာမို့ အနားက ကပ်ခေါ်သံက ခြိမ့်ကို ရင်ထိတ်သွားစေ၏။ လှည့်ကြည့်တော့





လွှမ်းဖြစ်နေ၏။

"ဆောရီး၊ လန့်သွားမယ် မထင်လို့"

"ရှင် ရပါတယ်၊ ရုတ်တရက်မို့ပါ လွှမ်း"

လွှမ်းက ရိပ်ခနဲပြုံးရင်း ခြိမ့်ကိုကြည့်ကာ ခေါင်းညိတ်နေပြန်သေး၏။ သျှန်းကို ငေးနေတာ မြင်သွားပုံပါပဲ။

"ခြိမ့် သျှန်းကိုကြည့်နေတာ ကျွန်တော် မြင်ပါတယ်"

"ရှင်"

မျက်နှာတစ်ခုလုံး ထူပူသွားကာ ခြိမ့်မျက်နှာ ပန်းသွေးရောင်လွှမ်းသွားခဲ့မှာတော့ သေချာပါသည်။

"ဟို သျှန်း လမ်းလျှောက်လေ့ကျင့်နေတာ စောင့်ကြည့်နေတာ"

"ပူမနေနဲ့၊ ဒီကောင်က ခြိမ့်ပူလည်း စေတနာကို နားလည်မယ့်ကောင် မဟုတ်ဘူး"

သျှန်းနဲ့ပတ်သက်လျှင် ဘာကြောင့်များ လွှမ်းစိတ်က အဆိုးတွေပဲ မြင်နေတာလဲမသိ။ သျှန်းကိုယ်တိုင်က လွှမ်းကို ခင်မင်ကျွမ်းဝင်ဟန်မပြလို့ သံယောဇဉ် အေးစက်နေတာလား။

"ဒီကောင့်အကြောင်း ခြိမ့် မသိလို့နေ၊ တော်တော် ပေါင်းသင်းရခက်တဲ့ကောင်"

"အဲဒီလောက် မဟုတ်ဘူးထင်တယ်၊ သျှန်းက စိတ်ရင်း

ဖြူပါတယ်''

ခြိမ့် ခေါင်းညိတ်မနေနိုင်ဘဲ ပြန်တုံ့ပြန်မိတော့ လွှမ်းမျက်နှာ မဲ့ခနဲဖြစ်သွားရင်း –

''ဘာလဲ ခြိမ့်က သျှန်းဘက်က မခံနိုင်ဖြစ်သွားတာလား''

''အို မဟုတ်တာ၊ မြင်တဲ့အတိုင်း ပြောတာပါ''

''အဟွန်း၊ မိန်းကလေးအတော်များများက ဒီကောင့်ကို နှစ်သက်ကြတာ ကျွန်တော်သိတယ်၊ အဲဒါ ဒီကောင့်ရုပ်ရည်ကြောင့် လေ''

လွှမ်းစကားတွေက ဝန်တိုသံပေါက်နေသည်။ သျှန်းရဲ့အခြေအနေကို ဘာကြောင့်များ လက်မခံနိုင်တာလဲ မသိပါ။ တကယ်ဆို သျှန်းက လွှမ်းထက် ဟန်ဆောင်မှုကင်းကာ ခင်စရာဖြစ်သည်ဟု ခြိမ့် ထင်သည်။

''မသွေးကိုပဲကြည့်၊ ဒီကောင့်ကို တော်တော်သံယောဇဉ်ရှိတာ၊ ဒီကောင်ကလည်း စည်းမထားဘူး၊ နောက်ဆုံးတော့ မသွေးဖွတ်အတင်း သံယောဇဉ်ဖြတ်ရတဲ့အထိပဲ''

ခြိမ့် ဆက်မကြားချင်တော့ပါ။ ညီအစ်ကိုချင်း အတင်းပြောနေတာကို နားကြားရတာ မသက်သာပါ။ သျှန်းကတော့ လွှမ်းမကောင်းကြောင်း တစ်ခါမှ မပြောဖူးခဲ့။

သူ စိတ်ထဲရှိတာကိုပဲ ပြောသည်။





''သျှန်းကို ခြိမ့် ဘယ်လိုမြင်သလဲ''

ခြိမ့်ကို လာမေးနေပြန်တော့လည်း ခြိမ့် တမင်သိအောင်ပဲ ပြောဖို့ ဆုံးဖြတ်လိုက်၏။

''သျှန်းကိုလား၊ ခင်မင်ပါတယ်၊ ယောကျ်ားပီသတဲ့သူပေါ့၊ ရင်ထဲရှိတဲ့အတိုင်း ပြောတယ်၊ ခံစားတတ်တယ်၊ ဒါကို လူတွေက နားလည်ဖို့ ခက်နေတာပါ၊ ခြိမ့်ကတော့ နားလည်တယ်''

''ဟာ ခြိမ့်ကလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲ နော်''

ခြိမ့်ကို လှောင်သလို ရယ်ဟာဟာကြည့်ကာ လွှမ်း မှတ်ချက်ချတော့ ခြိမ့် နှုတ်ခမ်းတွန့်ပြုံးမိရင်း –

''ဒါပေါ့ရှင်၊ မိန်းမပဲလေ၊ မိန်းမနဲ့တူတာ မဆန်းပါဘူး၊ အဲ တချို့ယောကျ်ားတွေက ယောကျ်ားမဆန်ဘူး၊ မိန်းမဆန်ပြီး အတင်းပြောတယ်၊ ဝေဖန်တယ်၊ ဒါတော့ ရှုံစရာပေါ့နော်''

လွှမ်းမျက်နှာကြီး ဟန်မဆောင်နိုင်အောင် မည်းညစ်သွားခဲ့သည်။ ခြိမ့်စကားတွေ သူ့ကို တိုက်ရိုက်တိုက်ခိုက်မှန်း နားလည်သွားပုံရသည်။

''အင်း ခြိမ့်နဲ့ စကားပြောလို့ကောင်းပါတယ်၊ ဒါပေမဲ့ ကိစ္စလေးရှိသေးလို့ ခွင့်ပြုဦးနော်''

''ဟုတ်ကဲ့ ကောင်းပါပြီ လွှမ်း''

နောက်ဆုံးတော့ ခြိမ့်အနားက လှမ်း သုတ်ခြေတင် ပြေ
တော့သည်။ ခြိမ့် ခွေးခွေးလေးပြုံးနေတုန်းမှာပဲ လဲပြိုသံနှင့်အတ
ညည်းညူသံသဲ့သဲ့ကိုကြားတာမို့ –

"ဟင် သျှန်း"

ချိုင်းထောက်ကြီးနှင့် ပြိုလဲကျသွားသော သျှန်းမျက်နှာက
နာကျင်မှုနှင့် ရှုံ့မဲ့ညည်းညူနေတာမို့ ခြိမ့် အပြေးလေး ရောက်သွာ
ခဲ့၏။

"သျှန်း သျှန်း ဘာဖြစ်သွားသေးလဲဟင်"

"ရ ရတယ်၊ ကျွန်တော့်ချိုင်းထောက်ပဲ ယူပေးပါ"

မြေပေါ်မှာကျနေသော သျှန်းချိုင်းထောက်ကို ခြိမ့် ယူပေ
ရင်း လူကိုပါ တွဲထူပေးလိုက်မိ၏။ ဒီတော့မှပဲ ထရပ်နိုင်တော့၏။

"ကျေးဇူးပဲ ခြိမ့်၊ ခဲလုံးပေါ် ထောက်မိသွားလို့"

"တော်သေးတာပေါ့ သျှန်းရယ်၊ ခြေထောက်တစ်ခုခုထ
ဖြစ်ရင် မလွယ်ဘူး"

"ကျွန်တော့်အတွက် ခြိမ့် ပူပန်နေတာလား"

"အင်းပေါ့၊ ခြေထောက်ကို ထိမိမှာစိုးလို့ပါ၊ တော်ကြ
အရိုးဆက်ခါနီးမှ ပြန်ခံနေရမှာစိုးလို့ပါ"

ခြိမ့်စကားတွေကို သျှန်း မျက်မှောင်ကြီးကုတ် နားထောင်
နှုတ်ခမ်းတွန့်ပြုံးသည်။ ပြီးမှ ခေါင်းကို ခါယမ်းရင်း –





"ကျွန်တော့်အတွက် ဘာမှမပူနဲ့ ခြိမ့်၊ မက ကိုယ်စားပူဖို့
လွှတ်လိုက်တာဆိုရင်လည်း ကျွန်တော် လက်မခံဘူး။ ကျွန်တော့်အနား
မှာ ခြိမ့် မစောင့်ရှောက်ပေးရင် ပိုကောင်းမယ်"

"ဟင်"

ပြောပြီး သျှန်း ချိုင်းထောက်ကိုအားပြုကာ အိမ်ဘက်သို့
လှမ်းသွားခဲ့သည်။

ခြိမ့် မှင်တက်စွာ ငေးငေးလေးရပ်နေရင်း ရင်ထဲမှာ လှိုက်ဖို
မ်းနည်းလာမိသည်။ ခြိမ့်စေတနာကို သူ ဘယ်လိုမြင်သွားသည်မသိ။
သွေးအပေါ်မှာ ဒေါသတွေမပြေလို့လား။

သွေးကို နာကြည်းနေသော ဒေါသတွေကြောင့်ဟုပဲ သျှန်းကို
စိတ်မဆိုးနိုင်ဘဲ ခြိမ့် နားလည်ပေးမိပြန်၏။

အဲဒီလောက်အထိ သျှန်းအပေါ် ခြိမ့် ခွင့်လွှတ်နိုင်စွမ်းက
ဘာကြောင့်လဲ။

သျှန်း မမြင်မသိချင်နေပါစေတော့။ ခြိမ့်ရင်ထဲမှာ တစ်သက်
မှာတစ်ကြိမ် ခံစားဖူးသော ခံစားမှုတစ်ခုတော့ ဖြစ်တည်နေခဲ့တာ
သေသေအချာ။

✿ ✿ ✿

## အခန်း (၃၅)

"ဟင့်အင်း မဟုတ်တာဘဲ ခြိမ့်ရယ်"

ခြိမ့်ပြောပြသမျှ ငြိမ်သက်စွာ နားထောင်ပြီးတော့ ခေ

ခေါင်းလေးခါကာ ငြင်းဆိုသည်။

ဒါပေမဲ့ ဝင်းဖန့်နေသော မျက်နှာလှလှလေးကတော့ ပ

ယွင်းနေချေသည်။

ခေါင်းလေးခါငြင်းပြီး ဘာစကားမှမဆိုနိုင်သေးဘဲ မ

တောင်ကော့ကြီးတွေကို တဖျပ်ဖျပ်ခတ်ကာ မျက်နှာလွှဲသွားသ

ပြီးမှ –

"အချိန်တွေအကြာကြီး သံယောဇဉ်တွေတွယ်ခဲ့လို့ သ





်စားနေရတာမျိုးပါ ခြိမ့်ရယ်၊ အချိန်တန်တော့လည်း ပြေဆေးရသွား

မှာပါ"

ပြေသိမ့်စကားတွေကို သွေး တမင်ပြောနေတာဟုပဲ ခြိမ့်

ယုံပါသည်။

စကားသံတွေမှာ ပြတ်သားမှုတို့ ကင်းစင်နေခဲ့သည်။

ဒါဟာ မကြာခင်မှာပဲ လက်ထပ်တော့မည့် သွေးသစ္စာဆို

သော သတို့သမီးလောင်းရဲ့ ပြတ်သားမှုတဲ့လား။

ခြိမ့်အာရုံထဲမှာတော့ သျှုန်းရဲ့အပေါ်မှာ သွေးရင်ထဲက သံ

ယောဇဉ်တွေကို ကြီးမားစွာပဲ မြင်နေတာမို့ –

"နင့်ဘက်ကတော့ သံယောဇဉ် တကယ်ပြတ်တယ်လား

သွေး"

"အင်း ငါ ဖြစ်သင့်တာကို လုပ်ပြခဲ့ပြီးပြီပဲ ခြိမ့်ရယ်"

သွေးကတော့ ရေရာတိကျစွာ မဖြေဘဲ ဘယ်အချိန်ထိ

ဖိုက်ထားဦးမှာလဲ မသိ။

ခြိမ့် ယဲ့ယဲ့ပြုံးရင်း စကားတစ်ခွန်းကို တည်ငြိမ်စွာပဲ ဆိုမိ၏။

"ကောင်းပြီလေ၊ သွေးဘက်က တကယ်ပြတ်သားပြီဆိုရင်

မို့ဘက်က သျှုန်းကို ကြိုးစားရတော့မှာပေါ့"

"ဟင် ဘယ်လိုခြိမ့်"

"ဟုတ်တယ် သွေး။ သျှုန်းရဲ့ သံယောဇဉ်တွေကို သွေးဆီက

အခန်း (၃၅)

"ဟင့်အင်း မဟုတ်တာဘဲ ခြိမ့်ရယ်"

ခြိမ့်ပြောပြသမျှ ငြိမ်သက်စွာ နားထောင်ပြီးတော့ သွေ
ခေါင်းလေးခါကာ ငြင်းဆိုသည်။

ဒါပေမဲ့ ဝင်းဖန့်နေသော မျက်နှာလှလှလေးကတော့ ပျ
ယွင်းနေချေသည်။

ခေါင်းလေးခါငြင်းပြီး ဘာစကားမှမဆိုနိုင်သေးဘဲ မျ
တောင်ကော့ကြီးတွေကို တဖျပ်ဖျပ်ခတ်ကာ မျက်နှာလွှဲသွားသည်
ပြီးမှ –

"အချိန်တွေအကြာကြီး သံယောဇဉ်တွေတွယ်ခဲ့လို့ သျှ





ခံစားနေရတာမျိုးပါ ခြိမ့်ရယ်၊ အချိန်တန်တော့လည်း ပြေဆေးရသွား
မှာပါ"

ပြေသိမ့်စကားတွေကို သွေး တမင်ပြောနေတာဟုပဲ ခြိမ့်
ယုံပါသည်။

စကားသံတွေမှာ ပြတ်သားမှုတို့ ကင်းစင်နေခဲ့သည်။

ဒါဟာ မကြာခင်မှာပဲ လက်ထပ်တော့မည့် သွေးသစ္စာဆို
သော သတို့သမီးလောင်းရဲ့ ပြတ်သားမှုတဲ့လား။

ခြိမ့်အာရုံထဲမှာတော့ သျှန်းရဲ့အပေါ်မှာ သွေးရင်ထဲက သံ
ယောဇဉ်တွေကို ကြီးမားစွာပဲ မြင်နေတာမို့ –

"နင့်ဘက်ကတော့ သံယောဇဉ် တကယ်ပြတ်တယ်လား
သွေး"

"အင်း ငါ ဖြစ်သင့်တာကို လုပ်ပြခဲ့ပြီးပြီပဲ ခြိမ့်ရယ်"

သွေးကတော့ ရေရာတိကျစွာ မပြောဘဲ ဘယ်အချိန်ထိ
သိုဝှက်ထားဦးမှာလဲ မသိ။

ခြိမ့် ယဲ့ယဲ့ပြုံးရင်း စကားတစ်ခွန်းကို တည်ငြိမ်စွာပဲ ဆိုမိ၏။

"ကောင်းပြီလေ၊ သွေးဘက်က တကယ်ပြတ်သားပြီဆိုရင်
ခြိမ့်ဘက်က သျှန်းကို ကြိုးစားရတော့မှာပေါ့"

"ဟင် ဘယ်လိုခြိမ့်"

"ဟုတ်တယ် သွေး၊ သျှန်းရဲ့ သံယောဇဉ်တွေကို သွေးဆီက

အာရုံလွှဲပေးဖို့ ထက်ရှားက အကူအညီတောင်းဖူးတယ်၊ အခု မြိမ့် အဲဒါကို စတင်အကောင်အထည်ဖော်ကြည့်မလို့"

"မြိမ့် မြိမ့် ဘယ်လိုပြောလိုက်တာတယ်"

သွေး လှုပ်လှုပ်ရှားရှားဖြစ်သွားတာကိုကြည့်ပြီး မြိမ့် နွေးနွေးကလေးပဲ ပြုံးလိုက်မိသည်။

"ဟုတ်တယ်လေ၊ မြိမ့် သျှန်းကိုလည်း သနားတယ်၊ သူ့ဝေဒနာတွေ လျော့ပါးသွားအောင် အာရုံပြောင်းပေးမလို့"

"ဟင်"

"ဒီနေ့ကစပြီး မြိမ့် ကြိုးစားကြည့်မယ် သွေး၊ သျှန်းက ဂျစ်ကန်ကန်နိုင်ပေမယ့် စွဲစွဲလမ်းလမ်းချစ်တတ်တဲ့ နှလုံးသားရှိတယ်လေ၊ အဲဒါကြောင့် မြိမ့် ရယူဖို့ ဆုံးဖြတ်လိုက်တာ"

"အို မဟုတ်သေးဘူးထင်တယ်"

သွေး လက်မခံနိုင်သလို ခေါင်းကလေး ခါယမ်းရင်းတားနေတာကို မြိမ့် မသိကျိုးကျွန် မျက်နှာလွှဲရင်း –

"မြိမ့် သွေးကို အသိပေးတာပါ၊ မြိမ့် သွားတော့မယ်"

"နေ နေဦး မြိမ့်၊ မြိမ့် ဘာလို့ သျှန်းကို ဒီလိုလုပ်မှာလဲဟင်"

မြိမ့် သွေးမျက်နှာလေးကို ရင်ဆိုင်စိုက်ကြည့်လိုက်သည်။ မသက်ဆိုင်တော့ဘူးဆိုသူအတွက် သွေး ဘာတွေ သွေးပျက်မေးနေတာလဲ။





"ဘာရယ်မှတော့ မဟုတ်ဘူး သွေး၊ ပတ်သက်ကြည့်ချင်တာပါ၊ သျှန်းရဲ့သံယောဇဉ်တွေကို သွေးဆီက လွှဲပြောင်းယူကြည့်မလို့"

"မြိမ့် နင် နင် သျှန်းကို ချစ်နေတာလားဟင်"

"ဟင့်အင်း၊ လက်ရှိမှာ အဲဒီလောက်အထိ မလေးနက်သေးပါဘူး၊ အဲ ဒါပေမဲ့ မပြောနိုင်ဘူးလေ၊ ကြာရင် ချစ်သွားနိုင်ပါတယ်"

"မ ဖြစ်သင့်ဘူး မြိမ့်"

သီသာစွာကို မျက်နှာတွေပျက်ယွင်းကာ သွေး ခေါင်းကိုခါယမ်းလို့နေခဲ့သည်။ မြိမ့် နှိုးဆွပေးလိုက်သည့် သွေးနှလုံးသားက သျှန်းအတွက် သံယောဇဉ် ပြီးပြတ်ခဲ့ပြီဆိုတာ ယုံနိုင်စရာတဲ့လား။

"မြိမ့် နေ နေပါဦး"

"ဘာလဲဟင် သွေး၊ ပြောလေ"

"နင် သျှန်းကို ဒီလိုမလုပ်ပါနဲ့နော်၊ သူ့စိတ်ကသာ ကြမ်းတမ်းခဲ့တာပါ၊ သူ့နှလုံးသားက ဖြူစင်ပါတယ်၊ သူ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဟာ၊ နော် မြိမ့်"

"သွေး ဘာဖြစ်နေတာလဲဟင်၊ သျှန်းကို သံယောဇဉ်ပြီးပြတ်ခဲ့ပြီဆိုပြီးမှ ဘာလို့ သွေးစိတ်တွေ မပြတ်သားတာလဲ"

"မြိမ့် မြိမ့်ရယ်၊ ငါ ငါလေ"

အမြဲတမ်း ပြတ်သားရဲရင့်သည်ဟု မြိမ့်ယုံကြည်သော၊ အား

ကျခဲ့သော သွေးသည် အခုတော့ ဘာကြောင့် မျက်ရည်တွေနှင့် တွေဝေသွားခဲ့တာလဲ မသိနိုင်တော့ပါ။ ဒါ အချစ်ကြောင့်လား။

"သွေး သျှန်းကို သွေး သံယောဇဉ်မပြတ်တာ ဘာကြောင့်လဲဟင်"

"ဟင့်အင်း၊ ခြိမ့် မမေးပါနဲ့၊ သွေးလည်း မဖြေတတ်ပါဘူး။ အခုတော့ အားလုံးပြီးသွားပြီ၊ သွေး ထက်ရှားကို မကြာခင် လက်ထပ်တော့မှာက သိပ်သေချာနေပြီ၊ သျှန်းကိုတော့ ခြိမ့် တကယ်မချစ်ဘဲ ဒုက္ခမပေးပါနဲ့နော်၊ သွေး ဒါအတွက် တောင်းပန်တာပါ ခြိမ့်ရယ်"

ဒီအချိန်ထိတောင် သွေး သိဂုက်ထားပြန်သည်လား။ ထက်ရှားကို သွေး ရွေးချယ်ခဲ့တာ အချစ်ဆိုတာ မပါဘူးလား။

သွေးကိုကြည့်ကာ ခြိမ့်ရင်ထဲမှာ တကယ်မကောင်းပါ။

တကယ်မချစ်ဘဲနဲ့ ဒုက္ခမပေးပါနဲ့တဲ့။

သွေးစကားက ခြိမ့်ရင်ထဲထိ စူးနစ်တိုးဝင်ထိရှစေခဲ့တာပါ။

အချစ်ဆိုတာ ကိုယ်က လက်ခံချင်ပေမယ့်လည်း ကျန်တဲ့သူက မပေးအပ်ရင် မရနိုင်တာ သွေး မသိဘူးလား။

ခြိမ့်ရင်ထဲမှာ အချစ်ကို ပိုင်ဆိုင်ခံစားတတ်ခဲ့ပေမယ့်လည်း အဲဒီချစ်ခြင်းက ဘယ်တော့မှ မရနိုင်တော့ဘူးဆိုတာ သိခဲ့ပြီးသားပါ သွေးရယ်။

✿ ✿ ✿



## အခန်း (၃၆)

မနှင့်ပတ်သက်သည့် ရင်ထဲက ဝေဒနာတွေကို သူ တစ်ရက်ပြီးတစ်ရက် တစ်ယောက်တည်း ကျိတ်ခံစားခဲ့ရတာ ကြာပြီ။ မကို ရင်ထဲမှာ နာကျင်ခဲ့တာလည်း မဟုတ်။

တစ်ခုပဲ ရှိသည်။ ဒီအချိန်ထိ သူ့ကို ယတိပြတ် ဥပေက္ခာပြုလိုက်တာတော့ ရင်မှာ ခံစားရပါသည်။ မ သူ့ကို လုံးဝဥပေက္ခာပြုခဲ့သည်။ သူ့ရဲ့နှောင်တွယ်မှုသံယောဇဉ်တွေကို အလေးမထားခဲ့ပါလား။

စေ့စပ်လိုက်ပြီတဲ့။ သတင်းတွေကပဲ ခံရခက်စွာ သူ့ဆီကို ဝင်ရောက်လာခဲ့သည်။ သူ့အဖြစ်ကတော့ ငိုးချဲလ်လေးပေါ်က ဆင်း

ခွင့်ရခဲ့ပြီဆိုပေမယ့်လည်း ချိုင်းထောက်နှင့် အားပြုလျှောက်နေရတုန်းပဲ ရှိ၏။

ခြေထောက်ဆီက အဖြူရောင်ကျောက်ပတ်တီးကြီးကို ငုံ့ကြည့်ပြီး သူ့အဖြစ်ကို သူ မချင့်မရဲ ဒေါသဖြစ်ရ၏။ တကယ်ဆို ဒီအချိန်မှာ သူ စိတ်တိုင်းကျ လွတ်လပ်စွာ သွားလာခွင့်ရလျှင် ဘယ်လောက်ကောင်းမလဲ။

အခုချက်ချင်း သွားခွင့်ရတာနဲ့ အရင်ဆုံးရောက်သွားမိမှာက မ,ဆီကိုပဲဖြစ်သည်။ သူ့ရဲ့ခံစားချက်ဆန္ဒတွေကို ဘယ်သူကမှ နားလည်ပေးနိုင်ကြမည် မဟုတ်ပါ။

သူ့ဘဝတစ်လျှောက်လုံး ဒီလိုပဲ ခံစားချက်တွေကို ရင်ထဲမှာပဲ မျိုသိပ်ခံစားခဲ့ရတာ ကြာပြီလေ။

"ဒေါက် ဒေါက်"

"သျှန်း"

အတွေးစတွေကို နှောင့်ယှက်လာသည့်အသံနှင့်အတူ အခန်းတံခါးပွင့်သွားတော့ ဝင်လာသောလွှမ်းကို မြင်သည်။

"ဟင် ဘာကိစ္စလဲ လွှမ်း"

"မင်းလေသံကလည်း အမြဲတမ်း ရန်လိုခက်ထန်နေတာပဲကွာ"

"ငါ ဒီလိုပဲ ပြောတတ်တာ၊ အခုမှ အဆန်းမလုပ်နဲ့ကွာ၊





ဘာကိစ္စလဲ"

စိတ်မရှည်နိုင်စွာဘဲ ခပ်ပြတ်ပြတ်မေးမိသည်။ အားလုံးက သူ ဒေါသကြီးတာ၊ ရိုင်းစိုင်းခက်ထန်တာကိုပဲ သိကြသည်။ သူ့ခံစားချက်ကိုတော့ ဘယ်တုန်းက အလေးထားဖူးလို့လဲ။

"မင်း မေ့နေပြီလား၊ ဘွားဆက်ပြောထားတဲ့ကိစ္စ"

"ဟင်"

သူ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ လွှမ်းမျက်နှာကို လှမ်းကြည့်မိ၏။ လွှမ်းမျက်နှာက စိတ်ညစ်ညူးမှုတွေ အရိပ်ထင်နေ၏။

"အမေ အမေရောက်လာပြီလား လွှမ်း"

"အေး ဒေါ်ခင်နွဲ့ယိမ်း ရောက်နေတယ်"

လွှမ်းစကားသံက မာထန်သည်။ အမေလို့ နှုတ်ကခေါ်ဖို့တောင် ဒီကောင့်နှလုံးသားက လက်မခံနိုင်ဘူးတဲ့လား။ သူကတော့ ရင်ထဲမှာ တလှပ်လှပ်နှင့် မေးလိုက်ချင်သလိုလို လှုပ်ရှားသွားတဲ့အထိ။

"သျှန်း မင်းက အမေ့ကို အရမ်းတွေ့ချင်နေတာပဲလား"

"အဲဒါ ငါ့ကိစ္စကွာ၊ ငါ့ကိုကွဲဦး"

ရင်ထဲက ခံစားချက်တွေကို သိုဝှက်ထိန်းချုပ်ထားတတ်တာပဲ သူ့အကျင့်ဖြစ်နေပြီထင်သည်။ အခုလည်း လှုပ်ရှားတုန်ခါနေသော စိတ်ကိုထိန်းကာ လွှမ်းကို အသံမာမာနှင့်ပဲ လက်ကမ်းမိ၏။

လွှမ်းက သူ့ကို ဖေးမတွဲရင်း နံရံမှာ မှီထောင်ထားသော

အလှူမီနီယံချိုင်းထောက်ကို လှမ်းယူပေးသည်။

"နေဦး သျှန်၊ ညည့်ခန်းထဲမှာ မင်း တွေ့ရမှာ ဒေါ်ခင်နွဲ့ယိမ်းတင် မကဘူး"

"ဘယ်သူတွေ ရှိနေသေးလို့လဲကွ"

"မသွေး"

"ဟင် မ မ,ရောက်နေတယ်"

"အေး တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ သူ့ သတို့သားလောင်းပါ ပါတယ်"

"ဘာ"

သူ ချောက်ချားတုန်လှုပ်စွာ အော်မိတော့ လွှမ်း တည်တည်ငြိမ်ငြိမ်ပဲ မှဲ့ပြုံးပြုံးရင်း –

"အံ့ဩမနေနဲ့ မင်းသိအောင် ငါ ကြိုပြောထားတာ၊ မသွေးရဲ့ခင်ပွန်းလောင်း မင်းထက်ရှားဆိုတာက ဒေါ်ခင်နွဲ့ယိမ်းရဲ့ တူတော်တယ်တဲ့၊ လက်ရှိ သူ့ယောက်ျားဘက်ကပေါ့ကွာ"

လွှမ်းဆီက သိရသမျှစကားတွေက သူ့ရင်ကို ထိရှစေသော စကားတွေပဲ ဖြစ်နေ၏။ သူ့နှလုံးသားကလည်း ဘာကြောင့် အရင်လို ခံနိုင်ရည်မရှိတော့တာလဲ မသိပါ။

အခုဆို အမြဲတမ်း ထိရှခံစားတတ်လွန်းသည်။ ရင်တွေ တလှပ်လှပ်နဲ့ တုန်ယင်မောလိုက်လာတဲ့အထိ ဖြစ်တတ်၏။





လွှမ်းရဲ့နောက်က ချိုင်းထောက်လေးကို အားပြုလှမ်းကာ လိုက်ခဲ့ပေမယ့် သူ့စိတ်တွေ လှုပ်ခတ်တုန်ယင်နေဆဲရှိသည်။ ရင်ဘတ်ထဲက တလှပ်လှပ်တုန်ယင်နေမှုက လျော့ကျမသွားဘဲ မောဟိုက်ချင်လာတဲ့အထိ။

"ဟော မြေးလေးတို့ လာကြ"

ဘွားဆက်ရဲ့ခေါ်သံကို ကြားသည်။ လှည့်ကြည့်ကြသော မျက်ဝန်းတွေထဲမှာ မနဲ့ထက်ရှားတို့ မျက်ဝန်းတွေ။ ပြီးတော့ သူ့ကို မှင်တက်ငေးမောစွာကြည့်နေတာ အ အမေ။

အမေ့မျက်နှာက သူ့ရဲ့မျက်နှာအသွင်အတိုင်းပါလား။ ရွှေကိုင်းမျက်မှန်နှင့် အမေ့မျက်ဝန်းတွေက သူ့ကို စူးနစ်ကြည့်လျက်။ ခပ်ဟဟပွင့်နေသော နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေသည်။

"အမေ အမေ"

အပြင်ကို ပွင့်ထွက်မလာသော ခေါ်သံတွေက သူ့ရင်ထဲမှာ ပဲ့တင်ထပ်လို့နေတာ ဘယ်သူသိနိုင်မှာလဲ။ ဟိုးငယ်ငယ်က အပြစ်တစ်ခု ကျူးလွန်ခဲ့မိတိုင်း အမေ့ရုပ်နဲ့ တူတဲ့သားဆိုပြီး ဆူပူမာန်မဲခံခဲ့ရတာတွေ သူ မမေ့ပါ။

အမေက အဲဒီလောက်တောင် နာကြည်းမုန်းတီးစရာကောင်းခဲ့သလား။ ရင်ထဲမှာ မွန်းကျပ်ဆို့နင့်လာရင်း သူ ငူငူကြီးရပ်နေတော့ လွှမ်းက လှည့်ကြည့်ရင်း –

"သျှန်း လာလေကွာ"

"သျှန်း သားငယ်လေး"

လွှမ်းရဲ့ခေါ်သံနောက်က တိုးလျှလျှကပ်ပေါ်ထွက်လာသော အမေ့ရဲ့အသံကို သူ ကြားလိုက်ရ၏။ ရင်ထဲမှာ နင့်ခနဲ ဝေဒနာနှင့် အတူ ပြာဝေမှုးမိုက်သွားသောအသိတို့ကို သူ မထိန်းချုပ်လိုက်နိုင်ပါ။

"ဟာ သျှန်း"

"အို ကလေး မြေးလေး"

"သားငယ်လေး"

"သျှန်း"

အသံတွေက တစ်ပြိုင်နက်တည်းနီးပါး ပေါ်ထွက်လာကြတာ ဟု သူ သတိမလစ်သေးခင်အချိန်လေးမှာ နောက်ဆုံး ကြားသိလိုက် သည်။

အသိအာရုံတွေအားလုံးက အမှောင်ရဲ့တိတ်ဆိတ်ခြင်းနယ် ပယ်ထဲမှာ လွင့်မျောသွားခဲ့သည့် နောက်ပိုင်း။

✿

"ရှင် သား သားငယ်လေးမှာ နှလုံးရောဂါရှိနေပြီ ဟုတ်လား





မမနှင်း"

ဒေါ်ခင်နွဲ့ယိမ်း မယုံနိုင်စွာ အထိတ်တလန့် ရေရွတ်မေးမိ သည်။ ဒေါ်နှင်းနှင်းဆက်ကတော့ မျက်ရည်စတွေဝဲလျက် ခေါင်းညိတ် ရှာသည်။

"ဟုတ်တယ် ယိမ်း၊ သားသျှန်းက ငယ်ငယ်ကတည်းက ဒေါသတွေ ကြီးခဲ့တယ်၊ အရမ်းလည်း ခံစားထိရှလွယ်ခဲ့တယ်၊ ဒါပေမဲ့ သူ့ခံစားချက်တွေကို သိုဝှက်ပြီး တစ်ယောက်တည်းနေတတ်တဲ့ အဲဒါ တွေက သူ့ကို ရောဂါရစေဖို့ ဖန်တီးလာခဲ့တာ ထင်ပါရဲ့"

"သား သားငယ်လေးရယ်"

သူမ ရှိုက်သံမထွက်အောင် လက်ဝါးလေးနှင့်ပိတ်ကာ ကျိတ် ငိုကြွေးမိသည်။ မမနှင်းရဲ့စကားတွေကတော့ ကြားနေရတုန်း။

"သားငယ်ခမျာ စိတ်ဖိစီးမှုတွေ အများဆုံး ခံစားခဲ့ရတာပေါ့၊ ပြောရရင် ယိမ်းနဲ့ ခွဲမရအောင်တူနေတဲ့ သူ့ရုပ်သွင်ကြောင့် မယ်မယ် တို့ မမိုးတို့ရဲ့အချစ်ကို သားကြီးလွှမ်းလောက် သူ မပိုင်ဆိုင်ခဲ့ရဘူး၊ ဒါကြောင့်လည်း နှင်းက သားငယ်ကို စာနာပိုခင်တွယ်တာပေါ့ ယိမ်း ရယ်"

မမနှင်းစကားလုံးတွေက သူမနှလုံးသားကို စူးနင့်စွာစိုက်ဝင် စေသော မြားချက်တွေပဲ ဖြစ်သည်။ ဒါတွေအားလုံးရဲ့တရားခံက သူကလွဲလို့ ဘယ်သူဖြစ်နိုင်မှာတဲ့လဲ။

အခုတော့ သားလေးခမျာ အရွယ်နှင့်မမျှအောင် နှလုံးရောဂါဝေဒနာကို ခံစားနေရသည်တဲ့။

"သားငယ်လေးကို မမနှင်း ဂရုစိုက်ပါ့မယ် ယိမ်းရယ်၊ မမနှင်း ရင်ခွင်ကတော့ ခေါ်ထုတ်မသွားပါနဲ့နော်၊ သားလေးဝေဒနာအတွက် မမနှင်း ဘယ်လောက်ကုန်ကုန် ကုသမယ်၊ သားလေး စိတ်ချမ်းသာဖို့ အမြဲတမ်း မမနှင်း လိုက်လျောပေးမှာပါ"

"မမနှင်းရယ် ယိမ်း ဒီကိုလာခဲ့တဲ့ရည်ရွယ်ချက်က ယိမ်း နှစ်ပေါင်းများစွာ စွန့်လွှတ်ခဲ့တဲ့ သားတွေထဲက တစ်ယောက်ကို ပိုင်ဆိုင်ဖို့ပါ၊ ယိမ်းနဲ့အတူ ဩစတေးလျကို ခေါ်သွားဖို့ပါ"

"ဟင်"

"မစိုးရိမ်ပါနဲ့ မမနှင်းရယ်၊ ယိမ်းလေ မမနှင်းရဲ့နှလုံးသားကို မခွဲရက်ပါဘူး၊ သားကြီးက ယိမ်းကို မခင်တွယ်တာ သားကြီး မျက်ဝန်းတွေက သက်သေပါပဲ၊ ဒီအတွက် ယိမ်း ဝမ်းနည်းမိတယ်၊ သားကြီးကို အပြစ်မမြင်ပါဘူး။ ယိမ်းကိုက မှားခဲ့တာပဲလေ၊ သားငယ်ကတော့ ယိမ်းကိုလက်ခံတာ ယုံတယ်၊ ယိမ်း သားနှစ်ယောက်အတွက် ယိမ်းပိုင်ဆိုင်ထားမှုတွေ ပေးပြီးရင် ထွက်သွားတော့မှာပါ"

သည်တော့မှ မမနှင်း စိုးရိမ်စိတ်တွေပြေသွားသော မျက်ဝန်းတွေနှင့် သူမကိုကြည့်ရင်း –

"ယိမ်းက ဘယ်သွားမှာလဲဟင်"





"ဩစတေးလျကို လိုက်သွားရမှာပေါ့ မမနှင်းရယ်၊ ယိမ်းမှာက နောက်ထပ်တွယ်မိတဲ့ သံယောဇဉ်ကြိုးတွေ ရှိသေးတယ်လေ၊ အခု ယိမ်းတို့မှာ သမီးလေးနှစ်ယောက်ရှိတယ်၊ သမီးတို့ရဲ့အဖေကတော့ ဟိုကို အရင်သွားနှင့်ကြတယ်၊ စင်ကာပူမှာလည်းပတ်ရင်း ယိမ်းကို စောင့်နေကြမှာ၊ ယိမ်းက တစ်လအတွင်း လိုက်သွားရမှာလေ"

ယိမ်းစကားတွေကို နားထောင်ပြီး မမနှင်း ခေါင်းလေးညိတ်သည်။ ထိုအခိုက်မှာပဲ လွှမ်းရောက်လာ၏။

"သား သားကြီး သားငယ်လေးအခြေအနေ ဘယ်လိုလဲဟင်"

"ကြီးနှင်း သျှန်း သတိပြန်ရနေပါပြီ"

သားကြီးက သူမနှင့် မျက်နှာချင်းမဆိုင်ဘဲ မမနှင်းကိုပဲ ဦးတည်ပြောကာ မျက်နှာလွှဲထား၏။ ထို့အတွက် သူမရင်မှာ မကောင်းပါ။

အဖေနှင့်တူသည့် သားကြီးက သူမကို မိခင်တစ်ယောက်ဟုတောင် လက်ခံချင်ပုံမရပါ။ တကယ်ဆို ကိုမောင်မောင်ဆက်က ယိမ်းအပေါ်မှာ နှစ်နှစ်ကာကာချစ်ခဲ့တာပဲဖြစ်သည်။ ဒါပေမဲ့ –

အဲဒီချစ်ခြင်းတွေအားလုံးက အမုန်းတွေအဖြစ် ပြောင်းလဲသွားအောင်လည်း သူမကပဲ ပြုခဲ့တာဖြစ်သည်။

ကိုမောင်မောင်ဆက်ရဲ့အမုန်းတွေက သားကြီးရင်ထဲအထိ

ထည့်ပေးသွားခဲ့တာလား။

"ဒေါ်ခင်နဲ့ ယိမ်း သျှန်းကို ချက်ချင်းတွေ့လို့ မဖြစ်ဘူးနော်၊ သူ့ဝေဒနာက စိတ်ခံစားမှုပြင်းထန်လို့မရတာ နားလည်မှာပါ"

သားက သူမကိုမကြည့်ဘဲ ပြောသည်။ သားငယ် သတိရလာချိန်မှာ သူမနှင့်မတွေ့ချင်သေးပုံရ၏။

"အင်း အင်းပါ သားကြီးရယ်၊ အမေ နားလည်ပါတယ်"

"ဒီမှာ တစ်ခုတောင်းပန်ပါရစေ၊ ကျွန်တော့်ကို သားလို့ ဘယ်တော့မှ မခေါ်ပါနဲ့ဗျာ"

"ဟဲ့ သားကြီးလွှမ်း ဘယ်လိုပြောလိုက်တာလဲ"

မမနှင်းက ကသောကမျောဝင်တားပေမယ့် သားကြီးက ချာခနဲ လှည့်ထွက်သွားခဲ့သည်။ ယိမ်း မျက်ရည်စတွေကို ပွတ်သုတ်သိမ်းဆည်းရင်း –

"ရတယ် မမနှင်း၊ ယိမ်း ခွင့်လွှတ်နားလည်နိုင်ပါတယ်၊ သားကြီးရင်ထဲက ခံစားချက်တွေကို ယိမ်း မြင်သိပါတယ်၊ မမနှင်း သွားပါ၊ ယိမ်း ဒီမှာပဲရှိမယ်"

"အင်း ခဏလေးနော်၊ သားငယ်ကို နှင်းသွားကြည့်ဦးမယ်၊ သားက မနှင်းကိုပဲ အားလုံးထဲမှာ တွယ်တာတာ"

ပြောပြီး မမနှင်းထွက်သွားသည်။ ယိမ်းမျက်ရည်စတွေ ပုတ်ခတ်သိမ်းနေတုန်း မင်းထက်ရှားတို့စုံတွဲ ရောက်လာသည်။





"အန်တီယိမ်း မပြန်သေးဘူးဆိုရင် သားတို့ အရင်ပြန်ချင်လို့"

"ဪ ပြန်နှင့်လေ သား၊ ရတယ်၊ အန်တီခဏနေဦးမယ်"

"ကျွန်တော် နေပေးချင်ပါတယ် အန်တီနှင်း၊ ဒါပေမဲ့ မဖြစ်ဘူး၊ သွေးလည်း ပြန်လိုက်ခဲ့နော်"

"အင်း အင်းပါ ထက်ရှားရယ်၊ အန်တီယိမ်း သမီးပြန်မယ်နော်၊ သျှန်းကိုတော့ ဂရုစိုက်လိုက်ပါနော်"

"အင်း သမီး စိတ်ချ၊ သားလေး သတိပြန်ရနေပြီတဲ့၊ အန်တီ့ကိုမြင်ရင် ဝေဒနာတိုးမှာစိုးလို့ ဒီကပဲ စောင့်ပေးနေတာ"

သွေးသစ္စာမျက်နှာလေး ညှိုးနေတာကြည့်ရင်း သူမ အံ့ဩမိသည်။

တူဖြစ်သူ မင်းထက်ရှားကတော့ ခေါင်းကြီးငုံ့ကာ တည်ငြိမ်နေသည်။

နှစ်ဦး နှုတ်ဆက်ထွက်သွားတာငေးရင်း ယိမ်း ပင့်သက်ရှိုက်မိ၏။

ခင်ပွန်းသည်ရဲ့တူတော်မောင် မင်္ဂလာပွဲကိုတော့ ယိမ်း မီမည် မထင်ပါ။ ဒါပေမဲ့ ထိုက်တန်သောလက်ဖွဲ့တစ်ခုတော့ စီစဉ်ပေးခဲ့မည်ဟု စိတ်ကူးထားမိသည်။

"ယိမ်း"

“ဟင် မနှင်း ဘာလဲ သား ဘာဖြစ်လို့လဲဟင်”

“ဘာမှမဖြစ်ဘူး။ ဿျှန်း သတိရသက်သာနေပါပြီ၊ အခု သားက ယိမ်းကိုတွေ့ချင်တယ်ဆိုလို့ လာခေါ်တာ”

“ဟင် သားငယ်က ယိမ်းကိုတွေ့ချင်လို့”

“ဟုတ်တယ်၊ ယိမ်း သွားနှင့်လိုက်နော်၊ မမနှင်း မယ်မယ့်ကို အကျိုးအကြောင်း ဖုန်းဆက်ချင်လို့၊ ပြီးရင် ပြန်ခဲ့မယ်”

မမနှင်းကို ခေါင်းညိတ်ပြရင်း သားလေးရဲ့အခန်းရှိရာသို့ ယိမ်း မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ထွက်ခဲ့မိ၏။

သားအခန်းထဲရောက်တော့ သားက ခုတင်မှာ ကျောမှီကာ ငြိမ်ငြိမ်လေး ထိုင်နေ၏။

ခုတင်နံဘေးက ထိုင်ခုံမှာ သားကြီးကတော့ ခေါင်းငြိုး‌ငုံ့ ထိုင်နေသည်။

“သား သက်သာတယ်နော်”

ဿျှန်း ခေါင်းညိတ်ရင်း ယိမ်းကို ငေးစိုက်ကြည့်နေခဲ့သည်။ ယိမ်းလည်း သားခုတင်စွန်းမှာ ဝင်ထိုင်ရင်း ဘာစကားတွေဆိုရမှန်း မသိပါ။

သားငယ်ရဲ့ အသိအမှတ်ပြုမှုတစ်ခုနဲ့တင် သူမရင်တွေ ချမ်းမြေ့ခဲ့ရ၏။

“သက်သာပါတယ် မေမေ”





“အို သားရယ်၊ သားဆီက မေမေခေါ်သံလေးနဲ့တင် မေမေ သေပျော်ပါပြီ သားရယ်”

သားခေါင်းက ဆံနွယ်တွေကို သပ်တင်ပေးရင်း သူ့ဆိုတော့ သားနှုတ်ခမ်းက အပြုံးတွေ ပွင့်ဖူးသည်။

“သားရင်ထဲမှာ မေမေ့ကို စိတ်နာခဲ့ဖူးတယ်၊ ဒါပေမဲ့ မေမေ့ကို မေမေ့လို့ စိတ်ကူးထဲမှာ ခေါ်ခဲ့ဖူးတာ အကြိမ်ကြိမ်ပါ”

“သားရယ်”

သားစကားကြောင့် ထိန်းချုပ်ထားသောမျက်ရည်တွေ စီးကျလာတော့ သားက သူမမျက်ရည်တွေကို လက်ချောင်းတွေနှင့် ပွတ်သုတ်ပေး၏။

“လွှမ်း”

“ဘာလဲ ဿျှန်း၊ ဘာပြောမလို့လဲ”

“မင်း အပြင်ကို ခဏထွက်ပေးပါ၊ ငါ မေမေနဲ့ စကားပြောစရာရှိလို့”

လွှမ်း မျက်မှောင်ကြီးကုတ်ကာ ကြည့်နေပြီးမှ ထရပ်ရင်း–

“ရတယ်လေ၊ ငါ အခန်းအပြင်မှာ ရှိမယ်”

ပြောပြီး သားကြီးထွက်သွားတော့ သူမ စိတ်မကောင်းစွာ သားငယ်ကို မော့ကြည့်ရင်း –

“သားငယ်ရယ် အစ်ကိုတစ်ယောက်ကို ဒီလိုမပြောရဘူး

လေကွယ်၊ သားရဲ့ဆက်ဆံမှုတွေက စိမ်းကားလိုက်တာ''

''မေမေ မသိပါဘူး၊ သူကလည်း သံယောဇဉ်ကင်းခဲ့သူပဲ လေ၊ မေမေ့ကိုတောင် မိခင်လို့ မသတ်မှတ်ခဲ့ဘူးလေ''

''သားငယ်ရယ် သားကြီးကို မေမေ နားလည်ပါတယ်၊ မေမေ့ရဲ့အမှားတွေကို သားငယ် ခွင့်လွှတ်ပေးတာနဲ့ မေမေ ကျေနပ် ဝမ်းသာနေပါပြီ၊ ကဲ သား မေမေ့ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမလို့ လဲ''

သားက သူမကို ငေးငေးလေးစိုက်ကြည့်နေပြီးမှ –

''မေမေ ကျွန်တော့်ကို ကူညီပါ၊ ကျွန်တော် မေမေ့ရဲ့အကူ အညီတစ်ခု လိုတယ်''

''အို သားရယ်၊ သားလိုချင်တာမှန်သမျှ မေမေပေးမှာပါ၊ မေမေ မြန်မာပြည်မှာ ချန်ထားခဲ့တဲ့ ကုမ္ပဏီနဲ့ ဘဏ်ကငွေတွေအပြင် အင်းလျားလမ်းထဲက ခြံနဲ့တိုက်ကိုလည်း သားတို့နှစ်ယောက်အတွက် ပေးခဲ့မှာပါ''

''ဟင့်အင်း ကျွန်တော်လိုချင်တာ အဲဒါမဟုတ်ဘူး''

''ဟင် သားက ဘာလိုချင်တာလဲ''

''သွေးကိုပါ မေမေ၊ သွေးသစ္စာကို သားသိပ်ချစ်တယ်၊ လက်ထပ်ချင်ပါတယ်''

''ဘယ်သူ၊ ဒီနာမည် မေမေ ကြားဖူးသလိုပဲ''





''မေမေ မြင်ဖူးပါတယ်၊ မင်းထက်ရှားနဲ့ အတူပါလာတဲ့ မပါ၊ မနဲ့ကျွန်တော့်ကြားမှာ သံယောဇဉ် ခိုင်မာပြီးသားပါ၊ ထက်ရှား က ကြားဝင်လုယူသွားတာ''

''ထက်ရှား ဟုတ်လား၊ သူက မေမေရဲ့တူတစ်ယောက်ပဲ''

''ဟုတ်တယ် မေမေ၊ သားကလည်း မေမေ့ရဲ့သားတစ် ယောက်ပဲလေ၊ သားဆန္ဒကို မေမေ မဖြည့်ဆည်းနိုင်ဘူးလားဟင်''

''သားရယ် သူတို့က စေ့စပ်ထားတာမဟုတ်လား''

''စေ့စပ်ထားတာပါ မေမေရယ်၊ လက်ထပ်ကြတာမှ မဟုတ် ဘဲ၊ သားဘဝမှာ ဘယ်တုန်းကမှ မေတ္တာတရားနဲ့ပတ်သက်ရင် ပြည့်စုံ ပိုင်ဆိုင်မှု မရှိခဲ့ဘူး၊ အခုလည်း မေမေ့ကို ပြန်ဆုံရပေမယ့် ပြည့်ဝစွာ ပိုင်ဆိုင်ခွင့်မရပြန်ဘူးလေ''

''သားရယ်''

''မေမေ့မှာ သံယောဇဉ်အစွယ်အပွားတွေ ရှိနေတာ သား နားလည်ပါတယ်၊ သွေးကို သား ပိုင်ဆိုင်ပါရစေနော် မေမေ''

သားရင်ထဲက အတောင့်တဆုံးအရာဟာ ဒါပဲလား။ ယိမ်း ဘဝမှာ သားရဲ့အလိုဆန္ဒတွေကို ဘယ်တုန်းကမှ ဖြည့်ဆည်းပေးခွင့် မရှိပါ။ ဒီအတွက် ရင်ထဲမှာ ဘယ်တုန်းကမှ မကောင်းခဲ့။

''မေမေ ကတိပေးတယ် သား၊ သားအတွက် မေမေ ဖြစ် အောင် စီစဉ်ပေးမယ်''

"ဝမ်းသာလိုက်တာ မေမေရယ်"

သျှန်းက မိခင်ဖြစ်သူကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ရင်း ရေရွတ်သည်။

သားကို ရင်ခွင်ထဲမှာပွေ့ထားရင်း ယိမ်းရင်ထဲမှာ မိခင်တစ်ယောက်ရဲ့အနှိုင်းမဲ့ချစ်ခြင်းတို့ ယိုစိမ့်လျက်။

✿ ✿ ✿



## အခန်း (၃၇)

"ဟင့်အင်း မဖြစ်နိုင်ဘူး အန်တီယိမ်း၊ ဒါ မဖြစ်ပါဘူး"

သွေး အကြောက်အကန် အထိတ်တလန့် ငြင်းတော့ ဒေါ်ခင်နဲ့ယိမ်းမျက်နှာ ညှိုးကျသွားခဲ့သည်။

"သားနဲ့သမီးကြားမှာ ခိုင်မာတဲ့သံယောဇဉ်တွေ နှောင်တွယ်ခဲ့ဖူးကြတာ အန်တီသိတယ်၊ သားအတွက် သမီးစဉ်းစားပေးပါ"

"ဟင့်အင်း အန်တီ၊ ထက်ရှားနဲ့သမီးက စေ့စပ်ထားပြီလေ၊ ဒါကို အန်တီသိလျက်နဲ့"

သွေးဆိုတော့ ယိမ်း ပင့်သက်ရှိုက် ခေါင်းခါရင်း –

"ဒါကို အန်တီသိတယ်၊ သားကလည်း သိတယ်၊ စေ့စပ်တာ

မနိုင်မြဲသေးပါဘူး သမီးရယ်၊ သားက သမီးရဲ့မေတ္တာကို အပြည့်ဝဆုံး လိုချင်နေခဲ့တာ၊ အိုကွယ် သမီးနဲ့ထက်ရှား ဘာပဲဖြစ်နေနေ သားက သမီးကို မစွန့်ရဲအောင် မြတ်နိုးရှာတာ''

''အန်တီရယ် သွေးလေ သျှန်းကို တကယ်သံယောဇဉ်ကြီး ခဲ့ပါတယ်၊ အဲဒီသံယောဇဉ်တွေကြောင့်ပဲ သွေး တွေဝေခဲ့ဖူးတယ်၊ အခု သွေး အဲဒီဘဝကြီးကို လွန်မြောက်ခဲ့ပြီးပြီ၊ သွေး ထက်ရှားကိုပဲ လက်ထပ်မှာပါ''

''ဟင် ဒါ သမီးဆုံးဖြတ်ချက်လား၊ သားအတွက် သမီးရင် ထဲမှာ တကယ်ပဲ သံယောဇဉ်တွေ ကုန်ခန်းခဲ့ပြီလား''

ယိမ်းမေးတော့ သွေး မျက်ရည်လေးဝဲကာ ငြိမ်သက်နေ သည်။ ပြီးမှ ပင့်သက်ရှိုက်ကာ ခေါင်းခါရင်း –

''သံယောဇဉ်တွေထက် သွေးရဲ့သိက္ခာနဲ့ ထက်ရှားရဲ့ သစ္စာ တရားကို အလေးထားရမယ် အန်တီ''

''သမီးဆိုလိုတာ အဲဒီအရာတွေအတွက် သားလေးကို ဥပေက္ခာပြုလိုက်တာမျိုးလား၊ အန်တို့သားလေးခမျာ ခံစားချက်တွေနဲ့ နှလုံးရောဂါကိုတောင် ခံစားပိုင်ဆိုင်နေရသူပါ''

''တော် တော်ပါတယ် အန်တီရယ်၊ သွေး မကြားပါရစေနဲ့''

ခေါင်းခါငြင်းရင်း ပေါက်ခနဲကျလာသော မျက်ရည်တွေကို သွေးမမြင်အောင် မျက်နှာလွှဲလိုက်တာ သူမ မြင်ပါသည်။ သွေးရဲ့





ရင်ထဲမှာ သားရှိနေတာတော့ သေချာ၏။

''သမီးရယ် အန်တို့သားလေးကို သနားပါ''

''အန်တီ သျှန်းက အန်တို့ဆီက တောင်းဆိုခဲ့သလား။ အန် တီကရော သျှန်းအတွက် အတ္တဆန်စွာ သွေးဆီ လာတောင်းဆိုနေ တာလား''

''သမီးရယ်''

''အန်တီမဖြေပေမယ့် သွေး သိနေပါတယ်၊ အန်တို့ရဲ့ဆန္ဒ တွေက သိပ်ကို အတ္တဆန်လွန်းနေတယ်၊ သွေးယုံထားတာ မေတ္တာ တရားနဲ့ချစ်ခြင်းမှာ အတ္တမပါဘူး၊ အန်တီသားနေရာမှာ သွေး, ဒါမှ မဟုတ် ထက်ရှားဆိုရင် အန်တီ ဒီလိုပြောမှာလားဟင်''

သွေးရဲ့ထိရှလွန်းသော စကားတွေကို သူမ မတုံ့ပြန်နိုင်ခဲ့ ပါ။ တကယ်လည်း သူမဆန္ဒတွေ အတ္တဆန်နေတာ သိပါသည်။ ဒီအတ္တတွေကြောင့်ပဲ သားတွေနဲ့ ဝေးခဲ့ပြီးပြီ။

အခုတော့ ဒီအတ္တကြောင့်ပဲ သားဆန္ဒတွေကို ဖြည့်ဆည်းပေး ချင်နေမိပြန်သည်။ သူမ မမှားဟု ယုံသည်။

''သွေး သျှန်းကို သံယောဇဉ်ရှိတယ်၊ ဒါပေမဲ့ အန်တို့ဆန္ဒ တွေကို လက်မခံနိုင်တာ ခွင့်လွှတ်ပါ၊ နောက်နှစ်ပတ်ကျရင် သွေး ထက်ရှားကိုပဲ လက်ထပ်မှာပါ''

သွေးစကားကြောင့် သူမရင်ထဲ စူးခနဲ နင့်သွားဏ်။ သား

အတွက် ဆန္ဒတွေက တကယ်ပဲ မပြည့်ဝတော့ဘူးလား။ သနားစရာကောင်းလိုက်တဲ့ သားဘဝမှာ တစ်ခါမှ မေတ္တာကို ပြည့်ဝစွာ မပိုင်ဆိုင်ဖူးခဲ့။

အခုလည်း သိပ်ချစ်တဲ့မိန်းကလေးကို ချစ်လျက်နဲ့ ဆုံးရှုံးရတော့မှာပါလား။

ဟင့်အင်း။ မေမေ့ရဲ့သားလေး ဘယ်တော့မှ အချစ်ကို မဆုံးရှုံးစေရပါဘူး။ သွေးသစ္စာရဲ့မျက်ဝန်းတွေထဲမှာ သိုဝှက်ထားတဲ့ သံယောဇဉ်တွေ မေမေ မြင်ခဲ့ပြီးပြီ။

မေမေ့သားအတွက် မေမေ အတ္တဆန်ဖို့ ဝန်မလေးဘူးဆိုတာ။

✿ ✿ ✿



## အခန်း (၃၈)

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ သျှန်း၊ မင်းခြေထောက်ဒဏ်ရာက အရှင်းမပျောက်သေးဘဲ ဘာလို့ကျောက်ပတ်တီးကို ဖြည်ပစ်တာလဲ"

လွှမ်း ကရုဏာဒေါသနှင့် သူ့ကိုပြောလာတော့ သူ ဘာမှ မပြောဘဲ ငြိမ်သက်နေလိုက်၏။ တကယ်ဆို ပတ်တီးဖြည်ဖို့က နှစ်ပတ်ကျော်လောက်လိုသေးသည်။ ဒါပေမဲ့ –

သူ စိတ်ရှည်စွာ စောင့်ဖို့ အချိန်မရှိတာမို့ ဖွတ်ဖြည်ခဲ့၏။

"သျှန်း မင်း တော်တော်ဒုက္ခပေးတာပဲ"

"လွှမ်း မင်းလစ်တော့ကွာ၊ ငါ ဘယ်သူ့ကို ဒုက္ခပေးနေ

သလဲ၊ ငါ့ဘာသာ ငါ့ခြေထောက်ကို ဖြတ်ပစ်ပစ်၊ ဘာလုပ်ပစ်ပစ် မင်းနဲ့ ဘာဆိုင်လဲ''

''တော်ပြီ သျှန်း၊ မင်းလုပ်ချင်တာ လုပ်တော့''

''အေး မင်းမျက်လုံးတွေ မှိတ်ထား၊ ငါ့အသံ မကြားချင် နားတွေပိတ်ထား၊ ဆရာ လာမလုပ်နဲ့ကွာ''

ပြောပြီး သူ တုတ်ကောက်လေး ကောက်ယူကာ ခြံထဲ ဆင်းခဲ့၏။ ခြေထောက်ဒဏ်ရာက မနာကျင်တော့ပေမယ့် ရှုတတမျက်နေတုန်းပဲရှိသည်။

ဒါပေမဲ့ သူ့သဘောနှင့်သူ ကျောက်ပတ်တီးကို ဖြည်နိုင်းခဲ့တာအတွက် လွှမ်း ဒေါသဖြစ်နေ၏။

''သျှန်း ဘယ်သွားမလို့လဲ''

လာပြန်ပြီ တစ်ယောက်။ သူ့ကို အရိပ်လို လိုက်ကြည့်နေသော ခြိမ့်ကို ဘုဆတ်ဆတ်ပြန်ကြည့်ရင်း –

''ကျွန်တော့်ဘာသာ လမ်းလျှောက်ချင်လို့၊ ခြိမ့် လိုက်မလာပါနဲ့''

ခြိမ့် မျက်နှာလေးညှိုးသွားတာကို ဥပေက္ခာပြုပြီး သူ ထွက်ခဲ့သည်။ ရင်ထဲမှာ အလိုမကျမှုတွေ ဆင့်ကဲနေသည်။ ပြီးတော့ မျှော်လင့်နေမိတာ မေမေ့ရဲ့ဆက်သွယ်မှု။

မေမေ သူ့ကို တကယ်ပဲ ကူညီနိုင်မည်လား။ သူ သိချင်





သည်။ သွေးဘက်ကသာ သူ့အပေါ် သံယောဇဉ်မကုန်သေးရင်တော့။

အတွေးတို့မဆုံးခင် ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းလေးက ထမြည်သည်။

''ဟဲလို သျှန်းပါ''

''သားငယ်လား၊ မေမေပါ''

''မေမေ အဆင်ပြေလား၊ မ မ ဘာပြောလဲဟင်''

''သား စိတ်ချမ်းသာတော့''

''ဗျာ''

''ဟုတ်တယ်၊ မနက်ဖြန် နေ့လယ်တစ်နာရီ သား အင်းလျားလမ်းထဲက မေမေ့အိမ်ကို လာခဲ့၊ ဟုတ်လား''

''ဘာ ဘာအတွက်လဲ မေမေ''

''မေးစရာလိုသေးသလား သားရယ်၊ သားသိပ်ချစ်တဲ့ သွေးသစ္စာပါ ရှိနေမှာလေ၊ သူ့ကို သား ပိုင်ဆိုင်ရပြီပေါ့''

''ဟာ တကယ်လား မေမေ၊ သား သား ဝမ်းသာလိုက်တာ''

''သိပ်ဝမ်းသာလွန်းတာလည်း သားဝေဒနာနဲ့ မတည့်ဘူး သားရဲ့၊ စိတ်အေးအေးထားနော်၊ မနက်ဖြန် နေ့လယ်တစ်နာရီနော်''

''ဟုတ်ကဲ့ မေမေ၊ သား ကျေးဇူးတင်ပါတယ်''

✿ ✿ ✿

## အခန်း (၃၉)

''သမီး ဆင်းလေ၊ အန်တီ့အိမ်ရောက်ပြီ''

အင်းလျားလမ်းထဲက အန်တီယိမ်းအိမ်ကိုရောက်တော့ သွေး မှတ်ချက်ချမိသည်က အန်တီယိမ်းရဲ့ချမ်းသာကြွယ်ဝမှုက ပေါ့သေး သေးမဟုတ်ပါ။

''ဆင်းနော် သမီး၊ ဒီအိမ်ကြီးကို အန်တီ့သားနှစ်ယောက် အတွက် ထားရစ်ခဲ့တော့မှာ၊ နောက်နှစ်ရက်လောက်ဆို အန်တီ သွား ရတော့မှာလေ၊ ဒါကြောင့် သမီးကို နှုတ်ဆက်ရင်း စကားပြောချင် လို့ ခေါ်ခဲ့တာ''

သျှန်းရဲ့မိခင်ဆိုသောအသိနှင့် သွေး မငြင်းပယ်နိုင်ဘဲ လိုက်





ခဲ့တာဖြစ်သည်။ ညွှန့်ခန်းကြီးကလည်း ခမ်းနားထည်ဝါပါသည်။

''ထိုင် သမီး၊ ဒေါ်ညို့ရေ ဂျူ့စ်တစ်ခုခုလုပ်ပါ၊ သမီး လိမ္မော် ပဲ သောက်မလား''

''ရတယ် အန်တီ၊ ရပါတယ်''

အန်တီယိမ်းက မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်ရင်း လက် ကိုင်ဆလင်းဘက်အိတ်ထဲက သတ္တုစီးကရက်ဘူးလေးကို ထုတ်သည်။

''အန်တီ စီးကရက်တစ်လိပ်လောက် သောက်ချင်လို့ ခွင့် ပြုပါနော်''

''ဟုတ်ကဲ့၊ သောက်ပါ အန်တီ၊ ရပါတယ်''

အန်တီယိမ်း စီးကရက်တစ်လိပ် ထုတ်ယူကာ ရွှေရောင် ဂက်စ်မီးခြစ်ပြားလေးနှင့် မီးညှိနေ၏။

ရွှေကိုင်းမျက်မှန်နှင့်ရှ င်းသန့်ချောမောလွန်းသော အန်တီ ယိမ်းသည် မျက်ဝန်း၊ နှုတ်ခမ်းနှင့် နှာတံစင်းပုံကအစ သျှန်းနဲ့တူနိုင် လွန်းသည်။ ဒါကြောင့်လည်း သျှန်း ချောမောလွန်းတာဟု သွေး တွေးမိ၏။

''သမီးက မမနှင်းတို့မောင်ဘက်ကတောင် ဆွေမျိုးတော် တယ်ဆို''

''ဪ ကြီးနှင်းမောင်က သွေးရဲ့ပထွေးဆိုပါတော့၊ သွေး အပေါ်မှာတော့ အဖေရင်းလို ကောင်းပါတယ်၊ ဒါကြောင့်လည်း သွေး

ဖေဖေဆုံးတဲ့အထိ ဘွားဆက်တို့, ကြီးမိုး, ကြီးနှင်းတို့နဲ့ ဆက်ခင်မင်
သံယောဇဉ်ဖြစ်နေခဲ့တာပါ''

''အင်း ဒါကြောင့်လည်း သားက သမီးကို သံယောဇဉ်တွယ်
သွားတာကိုး''

သျှန်းအကြောင်း စကားလမ်းကြောင်းပြောင်းတော့ သွေ
မျက်နှာလေး ညှိုးသွားသည်။ ဒါကို ရိပ်မိသော အန်တီယိမ်းက
ဘာမှမဆက်မပြောဘဲ စီးကရက်ကို ဖန်ခွက်လှလှလေးထဲ ထိုးခြေ
မီးသတ်သည်။

''အင်း သမီးသွေးကလည်း အရမ်းလှတာကိုး၊ ဒါကြောင့်
သားငယ်က ပိုခင်တွယ်သွားတာ ထင်တယ်''

မကြားလိုသောစကားတွေကို ကြားနေရပြန်တာမို့ သွေ
စိတ်ညစ်ချင်လာ၏။ တကယ်ဆို သျှန်းနှင့်ပက်သက်သမျှ မေ့ထားချ
သည်။ မေ့နိုင်အောင်လည်း ကြိုးစားနေမိ၏။

''ဒီအိမ်ကြီးကို သားနဲ့ မင်္ဂလာဆောင်တဲ့ ချွေးမကို လက်ဖွဲ့
ပေးမယ်လို့ အန်တီ ရည်ရွယ်ထားတာ''

သွေးကို ဒီစကားတွေနှင့် ဆွေးနွေးဖို့ အန်တီယိမ်း ခေါ်လာ
တာဟုတွေးနေမိတုန်းမှာ အိမ်ဖော်အဘွားကြီးက ဂျူစ်ဖျော်ရည်တွေ
ကို ဖန်ခွက်လှလှလေးနှင့် ချပေးလာ၏။

''အန်တီ့မျှော်လင့်ချက်တွေ ဖြစ်မလာတော့ဘူးကွယ်၊ ဂ





သမီး သောက်လိုက်ဦးနော်''

လိမ္မော်ရည်ခွက်ကို လှမ်းယူပြီး သွေးဆီ ကမ်းပေးနေတာမို့
လှမ်းယူပြီး တစိမ့်စိမ့်သောက်နေလိုက်၏။

''အန်တီ့ဘဝမှာ သားနှစ်ယောက်အပေါ်မှာ မေတ္တာတွေ
ခေါင်းပါးခဲ့တယ်၊ အဲဒါတွေအတွက် တွေးမိတိုင်း စိတ်မကောင်းခဲ့ဘူး၊
အခု မသေခင်လေးမှာ ပြန်ဆုံရတာ ဝမ်းသာကျေနပ်စရာပါ၊ ဒါပေမဲ့
သားကြီးကတော့ ခွင့်မလွှတ်နိုင်အောင် မုန်းနေတယ်၊ သားငယ်
အတွက်တော့ အန်တီ ဝမ်းသာရတယ် သမီးရယ်''

စကားတွေမပြတ်အောင် ပြောရင်း သွေးကို စိုက်ကြည့်နေ
သော အန်တီယိမ်းမျက်နှာက ခံစားချက်တွေနှင့် မှိုင်းညို့နေသည်။

သွေး ကြည့်ရင်း ခေါင်းတွေ တရိပ်ရိပ်မူးချင်လာ၏။

''သားငယ်အတွက် အန်တီ ဘာမဆိုပေးဆပ်ဖို့ အသင့်ပဲ၊
အတ္တကြီးမိန်းမကြီးလို့ သွေးထင်သလားဟင်''

သွေး ခေါင်းခါပြဖို့ ကြိုးစားရင်း ခွေခနဲ ဆိုဖာကြီးပေါ် ပြို
လဲကျသွားခဲ့၏။

✿

"ဟင် သွေး"

အခန်းတံခါးကို မေမေဖွင့်ပြတော့ ခုတင်ပေါ်မှာ သွေး အိ
ပျော်နေခဲ့တာလား မသိပါ။ ခွေခွေကလေး ငြိမ်သက်နေ၏။

"ဟုတ်တယ် သား၊ သားအတွက် သွေးကို မေမေခေါ်ခဲ့တ
မေမေ သားဆန္ဒကို ဖြည့်နိုင်ပါတယ်နော်"

မေမေက ပြုံးပြီး သူ့ကိုပြောသည်။ သူ မယုံမရဲကြည့်ရ
မှင်တက်တွေဝေနေမိတုန်း –

"သွေး သွေးကို မေမေ ဘယ်လိုခေါ်လာတာလဲဟင်"

"မမေးနဲ့ သား၊ အရေးကြီးတာ သွေးကို သား မဆုံးရှုံး
မဟုတ်လား။ သွေးကလည်း သားကိုချစ်တာ မေမေ သိတယ်၊ သိ
တွေ, သစ္စာတွေကို သူ အလေးထားပြီး သားကိုစွန့်ခွာဖို့ ကြိုးစား
တာပါ၊ သားကို သူ သိပ်ချစ်တာယုံပြီး နေခဲ့နော်"

"မေမေ ဘယ်သွားမှာလဲ"

"သားနဲ့သွေးကိစ္စ စီစဉ်ရဦးမယ်လေ၊ မောင်ထက်ရှား
လည်း အသိပေးရဦးမယ်၊ သွေး သားနဲ့ နိုးရာလိုက်သွားပြီလို့ အဟ
ဟင်း၊ ဘာမှမပူနဲ့သား၊ မေမေ အားလုံးရှင်းနိုင်တယ်"

"မေမေ ကျွန်တော်"

"သား စိတ်ချမ်းသာအောင်နေပါ၊ ကျန်တာတွေ မေ့ထ
ဒီအိမ်ကြီးက သားနဲ့သွေးအတွက် မေမေ လက်ဖွဲ့မှာ၊ ပြီးရင် သ





ရှင်သန်ရပ်တည်ဖို့ လုပ်ငန်းတွေပါ မေမေ လွှဲပေးမယ်၊ ဟုတ်ပြီလား၊
သမီးလေးနိုးရင် သားပြောပြလိုက်ကွယ်"

ပြောပြီး မေမေထွက်သွားတော့ သူ အခန်းထဲကို လှမ်းဝင်
မိ၏။ သွေး အိပ်မောကျနေသော ခုတင်စွန်းလေးမှာ သူ ဝင်ထိုင်
၏။

မြတ်နိုးစရာကောင်းလိုက်တဲ့ မ,မျက်နှာလေးက ရှင်းသန့်
မောနေလိုက်တာ။ ပန်းနုရောင်လက်ပြတ်အင်္ကျီလေးနှင့် ပန်းရောင်
နေသော အသားရောင်လေးတွေက အစ မြတ်နိုးစုံမက်ချင်စရာ။

မရယ် မကို ကျွန်တော် မစွန့်လွှတ်ရတော့ဘူးပေါ့။ ဒါ
အိပ်မက်မဟုတ်ပါရစေနဲ့။

နှစ်ခြိုက်စွာ အိပ်မောကျနေသော ချစ်သူလေးကို သူ မနမ်း
က်၊ မထိရက်ဘဲ ငေးမောထိုင်ကြည့်နေမိတာ စက္ကန့်မိနစ်တွေ တရွေ့
ရွေ့။

✿

"ဟင် သျှန်း"

"မ"

"မင်း မင်း ဒါ ဘာလုပ်တာလဲ၊ ဒါ ဒါ"

သွေး အထိတ်တလန့် ထထိုင်ရင်း အခန်းထဲ ဝေ့ဝဲကြည့်သည်။ သေသပ်ခမ်းနားသော အိပ်ခန်းတစ်ခုထဲမှာ သွေးရောက်နေတာပါလား။ အာရုံထဲမှာ အဖြစ်အပျက်မှန်တွေကို အပြေးအလွှား စဉ်းစားကြည့်တော့ –

"အန်တီယိမ်း"

"မေမေ အပြင်ထွက်သွားတာ ကြာပြီ မ"

"မ မဖြစ်သင့်ဘူး။ ဒါ မင်းတို့သားအမိ ပူးပေါင်းကြံစည်လိုက်တာ မဟုတ်လား သျှန်း"

"မကို မစွန့်လွှတ်နိုင်လို့ပါ၊ ကျွန်တော် မကို တကယ်မြတ်နိုးပိုင်ဆိုင်ချင်တာပါ"

"ဟင့်အင်း၊ မင်း ဒီလိုမလုပ်နဲ့ သျှန်း၊ ဒါ အတ္တတွေနဲ့ အနိုင်ယူတာပဲ၊ ငါ လက်မခံဘူး၊ ငါ့ကို ပြန်ပို့စမ်း"

"ဘာကြောင့်ပြန်ပို့ရမှာလဲ မ၊ မကို မစွန့်လွှတ်နိုင်လို့ မေမေ့ကို အကူအညီတောင်းခဲ့ရတာ"

သွေး ခုတင်ပေါ်က ဝုန်းခနဲ ခုန်ဆင်းလိုက်မိသည်။

"မ"

သျှန်းက သွေးလက်ကို လှမ်းဆွဲပေမယ့် မမီမကမ်းဖြစ်ကာ ဘိုင်းခနဲ ပြုံလဲကျ၏။





"အ ကျွတ် ကျွတ်"

"ဟင် သျှန်း မင်း မင်းခြေထောက်က"

"ပတ်တီးဖြည်ပစ်လိုက်တာလေ၊ ကျွန်တော် မဆီ လာခွင့်မရှိအောင် ချုပ်နှောင်ထားသမျှ အရာအားလုံးကို မုန်းတယ်"

"သျှန်း မဖြစ်နိုင်ပါဘူး။ တို့က ထက်ရှားနဲ့ စေ့စပ်ထားပြီးပြီ"

"သိတယ် မ၊ စေ့စပ်ရုံမက လက်ထပ်ပြီးလည်း ကျွန်တော် ဂရုမစိုက်ဘူး၊ မ,သံယောဇဉ်တွေက ကျွန်တော့်ဆီမှာ ရှိနေတာပဲ၊ အခုတောင် ကျွန်တော်လဲသွားတော့ မ စိုးရိမ်သွားတာ သက်သေလေ"

သူ အပိုင်ပြုံးပြီးပြောတော့ သွေး ခေါင်းကိုခါယမ်းပြီး သူ့ကို စူးစူးရဲရဲကြည့်၏။

"တော်တော့ သျှန်း၊ မင်းက ငါ့ရဲ့မေတ္တာစေတနာတွေကို ခုတုံးလုပ် အနိုင်ယူနေတာပဲ၊ ငါ့ကို အတ္တဆန်စွာ ပိုင်ဆိုင်ချင်နေတာ၊ ဘယ်တော့မှမရဘူး သျှန်း"

"အခု မကို ကျွန်တော် ပိုင်နေပြီလေ"

"သေလိုက်စမ်း၊ သျှန်း မင်းပိုင်ဆိုင်တာ ငါ့ခန္ဓာကိုယ်ပဲ ဖြစ်လိမ့်မယ်၊ ဒီလိုအတ္တဆန်လွန်းတဲ့ အချစ်အတွက် ငါ့နှလုံးသားကို မင်း ရမယ်ထင်သလား"

"ဟင်"

"သေချာတယ်၊ မင်းပိုင်ဆိုင်ရမှာ ငါ့တစ်သက် မုန်းတီးမယ့် အမုန်းတွေပဲလေ"

"ဟင့်အင်း မ မပြောနဲ့၊ မပြောနဲ့"

"ပြောရမယ် သျှန်း၊ မင်း ငါ့ကို ပြန်ပို့ပေးပါ၊ သွေးသစ္စာဆိုတဲ့ မိန်းမတစ်ယောက်ကို အားလုံးက လက်ညှိုးထိုးကဲ့ရဲ့ဝေဖန်အောင် မင်းလုပ်မှာ မင်းရဲ့ ငါ့အပေါ်ထားတဲ့ ချစ်ခြင်းလားဟင်"

မ,စကားတွေက သူ့ရင်ထဲအထိ ထိရှနာကျင်စေသော မြားချက်တွေပါပဲ။ မ,စကားတွေက ပြင်းထန်လိုက်တာ။ ဒါပေမဲ့ မမျက်ဝန်းတွေထဲမှာ မျက်ရည်စတွေလား။

"မ တစ်ခုပဲ ကျွန်တော့်ကို အမှန်ပြောခဲ့ပါ၊ မရင်ထဲမှာ သျှန်းဆိုတဲ့ကောင် တကယ်ရှိနေသလားဟင်"

"....."

"ဖြေပါ မရယ်၊ အဲဒီစကားလေးတစ်ခွန်းကြားရရင် ကျွန်တော် ကျေနပ်ပါပြီ"

သွေး သူ့ကို ငေးစိုက်ကြည့်နေဆဲ။ သူလည်း သွေးရဲ့မျက်ဝန်းနက်နက်တွေထဲအထိ စူးနစ်ကြည့်နေဆဲ။ တိတ်ဆိတ်ခြင်းမှာ နှစ်ယောက်စလုံး နှစ်မျောရင်း အသံမဲ့စကားတွေ ဆိုနေမိသည်လား။

မ,နှုတ်ခမ်းလေးတွေ လှုပ်ခတ်ကာ အသံလေးကြည်လင်ပီသစွာ ထွက်လာ၏။



"သျှန်းရယ် မင်းကို တို့ချစ်နေတာ မညာရက်ပါဘူး"

✿

ကားလေးကို သွေးကိုယ်တိုင်ပဲ မောင်းခဲ့သည်။ နံဘေးမှာ တိတ်ဆိတ်စွာ ငြိမ်သက်ပါလာသော သျှန်းကိုမြင်တော့ သွေးရင်ထဲမှာ ဝမ်းနည်းနေသည်။

ဒီတစ်ခါတော့ တကယ်ပဲ ဝေးခဲ့ပြီလား။ သျှန်းရဲ့နှလုံးသားကို သွေး ရက်စက်စွာ ခွဲခဲ့သလိုဖြစ်ခဲ့ပြီလား။

"တူတူ တူ တူ"

အတွေးတွေကို သျှန်းဆီက ဟင်းန်ဖုန်းလေးက လှုပ်နှိုးပစ်လိုက်၏။ သျှန်း ဖုန်းလေးကို ဖွင့်နားထောင်ရင်း –

"မေမေ"

"....."

"မဟုတ်ဘူး မေမေ၊ အခု သား မကို ပြန်ပို့ပေးနေတာ"

"....."

"ဟင့်အင်း သား ဆုံးဖြတ်ပြီးပြီ မေမေ၊ သား ကျေနပ်ပါတယ်၊ မကို ပိုင်ဆိုင်ခွင့်မရလည်း ကျေနပ်တယ်"

စိုးမိုးစာပေ

သွေး ကြားနေရသည့်အသံတွေကြောင့် အန်တီယိမ်းဆီက ဖုန်းဟု နားလည်လိုက်သည်။

''ဟင့်အင်း မေမေ၊ သားကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါ။ မ,ကို ကျွန်တော်ပိုင်ဆိုင်ချင်တာ မရဲ့အချစ်ပါ။ မေမေ နားလည်ပေးပါ၊ သား ကျေနပ်တယ်''

''.....''

သျှန်း သူမဘက် လှည့်ကြည့်ကာ ဖုန်းကို ထိုးပေးသည်။

''မေမေ မဆီ လွှဲပေးခိုင်းလို့''

သွေး ဖုန်းကို လှမ်းယူနားထောင်လိုက်တော့ အန်တီယိမ်း အသံတွေကို ကြားသည်။

''သမီး သားကို မထားရစ်ခဲ့ပါနဲ့ အန်တီ တောင်းပန်ပါတယ်၊ သားရဲ့အချစ်ကို နားလည်ပေးလိုက်ပါနော် သမီး''

''အန်တီ သျှန်းနဲ့သွေး နားလည်မှု ရသွားပါပြီ၊ အခု သွေး ထက်ရှားဆီ ပြန်မှဖြစ်မှာ''

''ဟင့်အင်း မလုပ်နဲ့၊ မဖြစ်တော့ဘူး၊ မောင်ထက်ရှားနဲ့ တွေ့ပြီး အန်တီ အခုပဲပြန်လာတာ၊ သမီးကို သား ခိုးသွားပြီလို့ အန်တီ အသိပေးလိုက်ပြီ''

''ဟင်''

''ဟုတ်တယ်၊ ဒါကြောင့် သမီး သားနဲ့ နေပါတော့နော်





သမီး''

''ဟင့်အင်း ကျွန်မ လက်မခံနိုင်ဘူး အန်တီ''

''သမီး အန်တီ တီ တီ''

နားထဲမှာ ကားဟွန်းသံတွေ စူးရှကျယ်လောင်သွားခဲ့သည်။ အန်တီယိမ်းအသံကို မကြားပေမယ့် ပြင်းထန်သော ထိခိုက်မိသံတွေ ကားမှန်ကွဲသံတွေကို သွေး ထိတ်လန့်စွာ ကြားလိုက်ရ၏။

''သျှန်း အန်တီ တစ်ခုခုဖြစ်ပြီထင်တယ်''

''ဟင် ဘယ်လို''

သွေး ဘာမှဆက်မပြောနိုင်ဘဲ ကားကို စက်ရှိန်မြှင့်မောင်းလိုက်သည်။ ကားမောင်းရင်း အန်တီယိမ်း ဖုန်းဆက်နေတာလား။ ဒါဆိုရင်တော့ ကြားခဲ့ရသောအသံတွေက -

ဟင့်အင်း ဘာမှမဖြစ်ပါစေနဲ့။

✿ ✿ ✿

## အခန်း (၄၀)

''ဒါတော့ ကိုထက်ရှား လွန်တယ် သွေး''

ခြိမ့် မခံမရပ်နိုင်စွာ ရေရွတ်သည်။ သွေး နှုတ်ဆိတ်စွာပဲ ငြိမ်သက်နေမိဆဲ။

''သူ့ဘက်က တစ်ဖက်သတ် စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း သတင်းကြေညာတာတော့ လွန်တယ် သွေး၊ အခုကိစ္စမှာ အမှန်တရားကို သူ သိလျက်နဲ့''

''သူ သိပေမယ့် လက်မခံနိုင်ဘူးတဲ့၊ ငါ့ကို ငြိတွယ်နေတဲ့ ယောက်ျားတစ်ယောက်နဲ့ မိနစ်ပိုင်းလေးရှိနေတယ်ဆိုတဲ့ သံသယကြီးကို သူ အမြဲမခံစားနိုင်ဘူးတဲ့''





''ဟယ် ဒီလောက်အထိ သွေးကို မယုံဘူးလား''

''သူ မယုံတာ ငါ ဘယ်လိုရှင်းမလဲ၊ ငါ့ဘက်က ဝန်ခံပြီးပြီ၊ ဒါပေမဲ့ သူက လက်မခံဘူး၊ အင်းလေ သျှန်းနဲ့ ငါ့ကြားက အခြေအနေတွေက သူယုံနိုင်စရာမှ မဟုတ်ဘဲ''

သွေး ဆိုတော့ လက်ထဲက သတင်းစာကို ခြိမ့်က အောက်ချရင်း –

''သွေး ထက်ရှားအတွက် ခံစားနေရသလားဟင်''

''ဟင့်အင်း ရင်ထဲမှာ ဘာမှမရှိတော့ဘူး၊ သူဆုံးဖြတ်တဲ့အတိုင်း လက်ခံလိုက်ပြီ၊ သူလည်း သူ့မိဘတွေကြည်ဖြူတဲ့ မိန်းကလေးနဲ့ မကြာခင် လက်ထပ်တော့မယ်တဲ့''

သွေးစကားက ယတိပြတ်ပြီးဆုံးနေပြီ။ ခြိမ့် ပင့်သက်မှုတ်ရှိုက်ရင်း –

''ဒါဆို သွေးဘက်ကရောဟင်''

''သွေး အရမ်းခံစားဝမ်းနည်းနေတာ အန်တီယိမ်း ဆုံးသွားလို့ပါ ခြိမ့်၊ အဲဒီတုန်းက သွေးနဲ့ ဖုန်းပြောနေတာ၊ အန်တီယိမ်း အာရုံတွေလွင့်ပြီး ကားအက်ဆီးဒင့်ဖြစ်သွားတာ၊ သွေး တကယ် စိတ်မကောင်းဘူး''

''ဖြစ်ပြီးသွားခဲ့တာတွေ ပြီးဆုံးပြီလေ၊ အခု သွေးရင်ထဲမှာ ဘာဖြစ်နေလဲ သိချင်တာ''

"ဘာဖြစ်ရမှာလဲဟင်"

"သျှန်းအတွက် ဘာမှမကျန်ဘူးလား၊ သူ တစ်ယောက်တည်း အထီးကျန်နေတယ်"

"ဟင်"

"ဟုတ်တယ်၊ အင်းလျားလမ်းက အန်တီယိမ်းအိမ်မှာ သူ တစ်ယောက်တည်းနေနေတာ"

ခြိမ့်စကားကြောင့် သွေးရင်ထဲမှာ ဝမ်းနည်းစိတ်မကောင်း ဖြစ်သွားမိသည်။

သျှန်း

တကယ်ပဲ အထီးကျန်ခံစားနေရပြီလား။

သျှန်းအနားမှာ ဘယ်သူမှမရှိနိုင်တော့ဘူးလား။

"သွေး တွေဝေငေးမောနေရပေမယ့်အချိန် မဟုတ်တော့ဘူး"

"ကျေးဇူးတင်တယ် ခြိမ့်၊ သျှန်းအတွက် သွေး တစ်သက်လုံး အနားမှာ ရှိနေမှာပါ"

ဒါ သွေးရင်ထဲ နှလုံးသားထဲက ခိုင်မာသော စကားတစ်ခွန်းပဲ ဖြစ်သည်။

ခြိမ့် နားလည်စွာ ပြုံးသည်။

မျက်ဝန်းတွေထဲမှာတော့ ဝေဒနာအရိပ်တွေ။





ဒါကို

သွေး မမြင်နိုင်အောင်ဘဲ သျှန်းကိုတမ်းတစိတ်က ကြီးစိုးနေခဲ့ပြီမို့ –

"သျှန်း"

"ဟင် မ"

တိတ်ဆိတ်ခြင်းမှာ နှစ်ယောက်စလုံး မှင်တက်ကြောင်တွေစွာ ရပ်နေမိရင်း ရှိနေခဲ့ကြသည်။

"သျှန်း အရမ်းခံစားနေရသလားဟင်"

"ကျွန်တော့်ဘဝမှာ အရှုံးတွေက မထူးဆန်းတော့ပါဘူး မရယ်"

"ဟင့်အင်း သျှန်း ဘယ်တော့မှ အထီးမကျန်စေရဘူး"

"မ လာနှစ်သိမ့်နေတာလားဟင်"

"နှစ်သိမ့်ဖို့ မဟုတ်ပါဘူး သျှန်းရယ်၊ သျှန်းအနားမှာ အတူခံစားနားလည်ပေးဖို့ လာခဲ့တာပါ"

"မ, ရင်ထဲမှာ ကျွန်တော် အမြဲတမ်းရှိချင်တာ"

"သျှန်းရယ် အမြဲတမ်း ထာဝရရှိပါတယ်"

"မရယ်"

နှလုံးသားက ချစ်ခြင်းတွေ ဖြည်လွှတ်ပေးမိတော့ ရင်ခွင်နှစ်ခု ပူးကပ်သွားခဲ့သည်။

တစ်ဦးကိုတစ်ဦး တင်းတင်းပွေ့ဖက်ထားသော လက်တွေရဲ့ နိုင်မြဲမှုထက် နှလုံးသားက ချစ်ခြင်းတို့က ပိုလို့ခိုင်မြဲနေမှာ သေချာပါသည်။

ပရိသတ်အတွက် အမြဲတမ်း

ဗျူး